www.burmeseclassic.com



# မိုးဝေ

တင်မောင်ချေ

နှင့်

# ရုပ်ရှင်လူသတ်မှု

စုံထောက်ရန်ကင်းနှင့်မော်တင်ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်အစီအစဉ်ပြည့်ပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# မိုးဝေ

## တင်မောင်ဆွေ

နှင့်

# ရူပါရုံရှင်လူသတ်မှု

စုံထောက်ရန်ကင်းနှင့်မော်တင်ပါဝင်သည်။

၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ
ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်၏ ထူးခြားချက်မှာ
အခါတိုင်းကဲ့သို့
အလွတ်စုံထောက်တစ်မောင်ဆွေက
အမိကဇာတ်ကောင်မဟုတ်ဘဲ
စုံထောက်ရန်ကင်းက အဓိကဇာတ်ဆောင် ဖြစ်နေခြင်းဖြစ်သည်၊
ပြီးတော့ ဒီဇာတ်လမ်းက ထူးခြားသည်၊
ဒီဇာတ်အိမ်က ဆန်းကြယ်သည်၊
ဆရာမိုးဝေ၏
လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုတောင်းတစ်အုပ်ပါ။

ရှုပ်ရှုပ်ရှင်လူသတ်မှု

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၉၁၀/၂၀၀၄ (၈) [illegible]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [illegible]
မျက်နှာဖုံးဒီဇိုင်းကို [illegible] ထုတ်ဝေသူ - [illegible]
စိတ်ကူးချိုချိုစာအုပ်တိုက် [illegible]
ပုံနှိပ်သူ- ဦးထွန်းထွန်း [illegible]
ရန်ကုန်မြို့ [illegible] ၂၀၀၅
မှ [illegible] အုပ်ရေ ၅၀၀ [illegible] ပြီးသည်။
([illegible])

စာအုပ်ချုပ် - ကိုမြင့်

"ကိုရဲသန်းဟာ ကျွန်မရဲ့ အရင်လင်ယောကျ်ား ဖြစ်ဖူးပါတယ်။ ဒါပေမဲ့ သူနဲ့ကျွန်မ ကွဲနေတာ ကြာပါပြီ၊ သူနဲ့ အဆက်အသွယ်လည်း ကျွန်မ မရှိတော့ပါဘူး"

အဲဒါက သူ့အပြော

www.burmeseclassic.com

www.burmeseclassic.com

“ဘာပဲဖြစ်ဖြစ်လေ လူတစ်ယောက်ကို သေအောင် သတ်မိတဲ့လူဟာတော့ ရာဇဝတ်မှုတရားခံ ဖြစ်နေတာ အမှန်ပါပဲ”

“ဇာတ်ကောင် ၂၀ ကျော်ခန့်နှင့် ကျယ်ဝန်းသော ဇာတ်အိမ်တစ်နည်းကို ငုံမိအောင် အကွက်စေ့စေ့ ရေးထားသူက-

နာမည်ကျော်ဆရာ...

မိုးဝေ

တစ်ယောက်ပါ...

## (၁)

တိုက်ကတုံး ခေါင်မိုးထက်မှ တစ်ကိုယ်လုံးတွင် ထဘီရင်ရှားသာ ဝတ်ဆင်ထားသည့် အမျိုးသမီးကလေးသည် စောစောကကဲ့သို့ တုန်လှုပ်ချောက်ချားစွာ အော်ဟစ်နေခြင်း မရှိတော့ချေ။

သူမသည် တိုက်ကတုံး ခေါင်မိုးကို ကာရံထားသည့် ခါးဝတ်လောက်မျှသာ မြင့်သော အုတ်တံတိုင်းကို မှီလျက် တိတ်ဆိတ်ငြိမ်သက်စွာ ရပ်နေသည်။ သူမသည် ဆံပင်ဖားလျားကျနေသော ဦးခေါင်းကို မော့ထားကာ လည်တိုင်က တောင့်တင်းနေပြီး သူမ၏ရင်အုံထက်ဝယ် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလျက်ရှိနေသည်။ အမှန်စင်စစ် သူမ၏ တစ်ကိုယ်လုံးသည် ကြောက်ရွံ့မှု ပကတိဖြင့် ကျောက်ရုပ်တုတစ်ခုအလား မလှုပ်မရှား ငြိမ်သက်လျက် ရှိနေတော့သည်။ ဝိုင်းဝိုင်းလည်လျက်ရှိနေသော သူမ၏မျက်လုံးအစုံကသာလျှင် သူမ၏ အသက်ရှင်နေသေးခြင်းကို သရုပ်ဆောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ဖားလျားကျနေသော ဆံပင်များသည် နက်မှောင်လှသော်လည်း ဖြတ်ပြီး ကောက်ထားသဖြင့် သူမ၏ ပခုံးထက်ဝယ်သာ ဝဲကျနေသည်။ အသက်ကတော့ (၁၈)နှစ် (၁၉)နှစ်မျှသာဟု ခန့်မှန်းရသည်။ ထဘီရင်ရှားထက်ဝယ် သူမ၏ ခုန်းမို့သော ရင်သားတစ်ဝက်က ပေါ်နေသည်။ ခါးကလေးက သေးကျင်ကာ တင်က ကားစွင့်နေပြီး၊ ပေါင်တံတွေက ဆင်နှာမောင်းတွေအလား အောက်မေ့ရသည်။ တကယ်တော့ ကိုယ်လုံးကိုယ်ပေါက် တော်တော်လှသည့် မိန်းကလေးတစ်ယောက်ပင် ဖြစ်ချေ၏။

ကိုရန်ကင်းက တိုက်ကတုံး ခေါင်မိုးသို့တက်သည့် အပေါက်ဝမှ ကိုယ်တစ်ပိုင်း ပြူထွက်နေရာက တစ်ကိုယ်လုံးရောက်အောင် လှမ်းတက်လိုက်သည်။ သူ့နောက်ဘက်ကတော့ သူ့တွဲဖက်ဖြစ်သည့် မော်တင်က ထက်ချပ်မကွာ လိုက်ပါလာ၏။

ကိုရန်ကင်းနှင့် မော်တင်တို့ကာ မြို့မစုံထောက် ဗဟိုမှုခင်း စစ်ဆေးရေးဌာနတွင် အတူတကွ တာဝန်ကျနေသော ရဲစုံထောက် အရာရှိနှစ်ဦးဖြစ်ကြသည်။ ရန်ကုန်တွင် လတ်တလောဖြစ်ပွားသည့် ရာဇဝတ်မှုခင်း မှန်သမျှကို သက်ဆိုင်ရာ နယ်ပယ်ရဲဌာနမှ တာဝန်ကျ ရဲအရာရှိများနှင့် ပူးပေါင်းလျက် ကိုင်တွယ်စစ်ဆေးရသော တာဝန်များကို သူတို့နှစ်ယောက်က ယူထားကြရသည်။

ကိုရန်ကင်းက အမျိုးသမီးနားသို့ မကပ်သေးဘဲ မော်တင့်ကို လက်တစ်ဖက်နှင့် အသာ အချက်ပေးလိုက်ရာ မော်တင်က ချက်ချင်းပင် တိုက်ကတုံးခေါင်မိုး၏ ရင်တားတံတိုင်းကို ကျောမှီရပ်နေသော အမျိုးသမီးကလေး၏ ဘေးတစ်ဘက်သို့ လျင်မြန်စွာ ပန်းတက်သွားလိုက်သည်။





တိုက်ကတုံးမှာ (၃) ထပ်မြင့်၏။ ကိုရန်ကင်း၏ ရုံးသို့ တယ်လီဖုန်းဆက်၍ သတင်းပို့လိုက်သူက ထိုတိုက်ကတုံးခေါင်မိုးထက်ဝယ် အမျိုးသမီးတစ်ယောက် ရောက်ရှိနေကာ အောက်သို့ ခုန်ချပြီး သေကြောင်းကြံစည်ဖို့ ဟန်ပြင်နေပါသည်ဟု ဆိုခဲ့၏။ ထို့ကြောင့်ပင် ကိုရန်ကင်းနှင့် မော်တင်တို့က တိုက်ကတုံးဆီသို့ အမြန်ဆုံး လိုက်လာခဲ့ရခြင်းဖြစ်သည်။

ယခု အမျိုးသမီးကလေးအား တိုက်ကတုံးခေါင်မိုးထက် ရင်တားတံတိုင်းအစွန်းကို မှီရက်သားဖြင့် အင်မတန်မှ ထိတ်လန့်တုန်လှုပ်နေသော အခြေအနေတွင် တွေ့လိုက်ရသည့်အခါတွင် ကိုရန်ကင်းက သူမအား သတိထား၍ ချဉ်းကပ်ဖို့ ဆုံးဖြတ်လိုက်သည်။

သူမသည် တကယ်ပဲ တိုက်အောက်သို့ ခုန်ချလျက် ကိုယ့်ကိုယ်ကို အဆုံးစီရင်ပစ်ရန် ရည်ရွယ်ထားနေပါက သူမအား မိမိတို့က ရုတ်တရက် ချဉ်းကပ်လိုက်သည်နှင့်တစ်ပြိုင်နက် ရင်တားကိုကျော်ကာ အောက်သို့ ခုန်ချလိုက်မည့်အရေးက ရှိနေပေသည်။ ထို့ကြောင့်ပင် ကိုရန်ကင်းက သူမအား မျက်ခြည်မပြတ်အကဲခတ်ကြည့်ရာကပင် သူမထံပါးသို့ တစ်လှမ်းချင်း တိုးကပ်သွားလိုက်သည်။

အမျိုးသမီးက သူတို့အား ကြားသွားသည်။ မှောထားသော သူမ၏ခေါင်းသည် တဖြည်းဖြည်း အောက်သို့ နိမ့်ကျလာပြီး ကြောက်ရွံ့ခြင်း လွှမ်းမိုးနေသော သူမ၏ မျက်လုံးအစုံက သူတို့နှစ်ယောက်ထံသို့ လှမ်းကြည့်လိုက်သည်။

သို့သော် မျက်လုံးများသည် သူတို့နှစ်ယောက်အား မြင်ပုံမရ၊ ထိုမျက်လုံးများသည် သူတို့အား ထွင်းဖောက်ကာ အဝေး



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ လှမ်းကြည့်နေသည်ဟု ထင်မှတ်ရသည်။

ကိုရန်ကင်းက အမျိုးသမီးလေးထံသို့ တစ်လှမ်းချင်း ချဉ်းကပ်သွားလိုက်သည်။ အမျိုးသမီးက ဘယ်လိုမှ လှုပ်ရှားခြင်း မပြု။ သူမ၏ မျက်လုံးများကသာ ကိုရန်ကင်းအား မျက်တောင်မခတ် စိမ်းစိမ်းကြီး စူးစိုက်ကြည့်ရှုလျက် ရှိနေသည်။

သူမ၏ ဘေးမှ ပန်းတက်၍ သူမအပါးသို့ ချဉ်းကပ်လာနေသော မော်တင့်ကိုတော့ သူမက သတိပြုမိသေးပုံ မရချေ။

မော်တင်သည် အမျိုးသမီး၏ ဘေး ၁၀ ပေအကွာခန့်သို့ ရောက်နေပြီဖြစ်ရာ ကိုရန်ကင်းက တုံ့ဆိုင်း၍ နေဖို့မသင့်တော့ဟု ဆုံးဖြတ်လိုက်သည်။ အမျိုးသမီးအား ယုံကြည်စိတ်ချစေမည့် အပြုံးမျိုးကို သူက ပြုံးပြလိုက်ရင်းက ကိုရန်ကင်းလည်း မနှေးမမြန် ခြေလှမ်း ခပ်မှန်မှန်ဖြင့် အမျိုးသမီးရှေ့တည့်တည့်သို့ ချဉ်းကပ်သွားလိုက်သည်။

သူတို့နှစ်ယောက်စလုံးက အမျိုးသမီးနှင့် ငါးပေအကွာခန့်သို့ ရောက်သွားကြစဉ်မှာပင် အမျိုးသမီးသည် အောင့်ထားသော အသက်ကို ဟင်းခနဲ မှုတ်ထုတ်ပစ်လိုက်ကာ မျက်လုံးများ အထက်သို့ လန်တက်သွားတော့သည်။ ပြီးတော့ သူမ၏ ကိုယ်ခန္ဓာကလည်း အရုပ်ကြိုး ဖြတ်ချလိုက်သလို ပျော့ခွေ၍ လဲကျသွားရာ တိုက်ကတုံးခေါင်မိုးစွန်း ရင်တားတံတိုင်းပေါ်သို့ လန်ကျသွားလေ၏။

ကိုရန်ကင်းသည် သူ၏ကြီးမားတုတ်ခိုင်သော ကိုယ်ခန္ဓာနှင့် မလိုက်အောင်ပင် အံ့မတန်မှ သွက်လက် လျင်မြန်လှစွာ လှုပ်ရှားလိုက်သည်။ သူသည် ရှေ့သို့ တစ်ဟုန်ထိုး ခုန်တိုးလိုက်ပြီး အမျိုးသမီးကလေး၏ ခါးကို လက်နှစ်ဖက်ဖြင့် သိမ်းကျုံးဖက်





ထားလိုက်ရ၏။

ကိုရန်ကင်း၏ ကိုယ်အထက်ပိုင်းသည် အမျိုးသမီး၏ နောက်လန်ကျသွားသော ကိုယ်ခန္ဓာနှင့်အတူ ရင်တားတံတိုင်းအပြင်ဘက်သို့ ကျော်ပါသွားသည်။ ကိုရန်ကင်းသည် တခဏအားဖြင့်တော့ အောက်ပလက်ဖောင်းတွင် စုဝေးလျက် မော့ကြည့်နေသော လူအုပ်ကြီးကို အပေါ်ကစီး၍ တွေ့လိုက်ရသည်။ ဟာခနဲ ထိတ်လန့်တကြား ဝိုင်းအော်လိုက်ကြသံများကိုလည်း ကြားလိုက်ရ၏။

အကယ်၍သာ ထိုအချိန်တွင် မော်တင်၏ သန်မာသော လက်နှစ်ဖက်က သူ့အား လှမ်းဆွဲမထားလိုက်ပါက သူရော အမျိုးသမီးပါ တိုက်အောက် ပလက်ဖောင်းအုတ်ခုံပေါ်သို့ ခေါက်ထိုးမိုးမျှော် ကျသွားတော့မည်ဟု ကိုရန်ကင်းက တွေးလိုက်မိသည်။ ယခုတော့ သူတို့သုံးယောက်စလုံးသည် ရင်တားတံတိုင်း၏ အတွင်းဘက် အင်္ဂတေပေါ်သို့ စုပုံရက်သား လဲကျသွားကြလေ၏။

ကိုရန်ကင်းသည် မသိမသာ တုန်ယင်နေသော လက်များဖြင့် အမျိုးသမီးကို မေးကိုင်ထားရာမှ ဟူးခနဲ သက်ပြင်းကြီး ချစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ သူ့ရင်ဘတ်အတွင်းမှ နှလုံးသားသည် အင်ဂျင်စက်ကြီးတစ်ခုအလား တဒုန်းဒုန်းမြည်လျက် ပြင်းထန်ကျယ်လောင်စွာ ခုတ်နေတော့၏။

'ဒီတစ်ခါတော့ အစ်ကိုကြီးသွားပြီလို့ ကျွန်တော် ထင်လိုက်မိတာဗျာ၊ ကံကြီးပေလို့ပဲပေါ့'

မော်တင်က မသိမသာ မတည်မငြိမ်ဖြစ်နေသော အသံဖြင့် ပြောလိုက်သည်။ သူ၏ညိုညာသော နဖူးပြင်ပေါ်တွင်တော့ ချွေးသီးချွေးပေါက်ကလေးတွေက အစီအရီ စို့တက်နေကြ၏။

'အေး… မော်တင်၊ မင်းလက်မြန်ပေလို့သာပေါ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ ဒီဟာမကလေးနဲ့ တစ်ခါတည်း အောက်ကို ပါသွားပြီလို့ ထင်လိုက်မိတာကွ'

သူတို့နှစ်ယောက်စလုံးက အမျိုးသမီးကလေးကို ကြည့်လိုက်ကြသည်။ အမျိုးသမီးကလေး၏ ထဘီရင်ရှားက ပြုတ်ကျနေရာ ထဘီစသည် ခါးပေါ်တွင် စုပုံကျနေ၏။ သူမ၏ ဝင်းဝါလုံးကျစ်သော ရင်သားများက အတိုင်းသား ပေါ်နေကြသည်။

ကိုရန်ကင်းက ခါးထက်မှထဘီစကို ကပျာကယာ ဆွဲယူကာ ရင်ဘတ်ကို ဖုံးပေးလိုက်သည်။

'အင်း… ဝေါမကလေးက တော်တော်လှတာပဲ အစ်ကိုကြီး'ဟု မော်တင်က စပ်ဖြဲဖြဲ မှတ်ချက်ချလိုက်သည်။

'အေး… လှတာတော့ အမှန်ပဲ မော်တင်၊ ဒါကြောင့်လည်း ပြဿနာပေါ်တာဖြစ်မှာပဲ၊ အများအားဖြင့် လှတဲ့ မိန်းမတွေဟာ အမြဲတမ်းလိုလို ပြဿနာတစ်ခုမဟုတ် တစ်ခု ပေါ်လာတတ်တယ်၊ လူတော်တော်များများကိုလည်း ဒုက္ခပေးတတ်တယ်။ အခုပဲ ကြည့်ပါလား၊ တို့နှစ်ယောက်ကို သူ ဘယ်လောက် ဒုက္ခပေးခဲ့ပြီလဲလို့'

ကိုရန်ကင်းက မှတ်ချက် ချလိုက်ရာက အမျိုးသမီး၏ လုံးကျစ်သော ကိုယ်ခန္ဓာကလေးကို သူ၏သန်မာသော လက်မောင်းကြီးများကြားတွင် ဇွေ့ခနဲဝါလာအောင် ပွေ့ချီလိုက်သည်။

မော်တင်က ကိုရန်ကင်းအားမှ လိုက်ပါလာကာ သူတို့နှစ်ယောက်စလုံး တိုက်ကတုံးခေါင်မိုးပေါ်မှ ပြန်ဆင်းခဲ့ကြသည်။ မော်တင်သည် ကိုရန်ကင်းထက် အသက် ငါးနှစ်ငယ်ကာ ကိုယ်လုံးကိုယ်ထည် ကျစ်လစ်သလောက်လည်း သန်မာဖျတ်လတ်လှသူတစ်ယောက် ဖြစ်၏။ ထို့ပြင် ရန်ကုန်မြို့တွင် အထက်မြက်ဆုံး





သော စုံထောက်တစ်ယောက်လည်းဖြစ်ရာ ရဲမင်းကြီး၏ အထူးစုံထောက်အရာရှိအဖြစ်နှင့် ဆောင်ရွက်နေရာမှ ယခုတွင် ကိုရန်ကင်းနှင့် ပူးတွဲတာဝန်ချထားခြင်း ခံနေရ၏။

ယခင်ကလည်း သူသည် ကိုရန်ကင်းနှင့် အတူတကွ မကြာမကြာ အမှုများကို ပူးတွဲတာဝန်ယူ စုံစမ်း စစ်ဆေးခဲ့ဖူးပြီဖြစ်ကာ နာမည်ကျော် တင်မောင်ဆွေ၏ တွဲဖက်တစ်ဦးလည်း ဖြစ်ပေသည်။

ယခု သူသည် ကိုရန်ကင်းအား၄ လိုက်ပါလာရာက နှာခေါင်းကို တရှုံ့ရှုံ့လုပ်လိုက်သည်။

'အမျိုးသမီးက လှရုံတင် မကဘူး၊ မွှေးလည်း တော်တော်မွှေးတာပဲဗျ၊ ကျုန်တော့်အထင်တော့ ဂိုယာရေမွှေးနံ့ပဲ'

'အမျိုးသမီးဆီက ငံပြာရည်အနံ့ရလည်း မင်းက မွှေးတယ်လို့ ပြောမှာပါ မော်တင်ရာ'

'ကဲ… ရှေ့က တံခါးကို တို့ဝင်သာအောင် ခပ်ကျယ်ကျယ် ဖွင့်ပေးစမ်းကွာ'

မော်တင်က လှေကားခြေရင်းရှိ တံခါးဆီသို့ ခပ်သုတ်သုတ်ဆင်းလာကာ အမျိုးသမီးကို ပွေ့ချီဆင်းလာသော ကိုရန်ကင်းအတွက် တွန်းဖွင့်ပေးထားလိုက်သည်။ ထိုတံခါးပေါက်ဝမှ ထွက်လိုက်ကြလျှင် သူတို့သည် သုံးထပ်၏ စင်္ကြံရှည်ကြီးထဲသို့ ရောက်သွားကြသည်။

'ကဲ… ဒီအမျိုးသမီးက ဘယ်ကလာတယ်ဆိုတာ ငါတို့ ရှာကြရအောင်'

ကိုရန်ကင်းက အမျိုးသမီးအား စင်္ကြံကြမ်းပြင်ပေါ်တွင် ချထားလိုက်ပြီး စင်္ကြံတစ်လျှောက် ကြည့်လိုက်ရာက ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

'ပြီးတော့ ဒီတိုက်မှာနေတဲ့လူတွေလည်း အကုန် ဘယ်ရောက်ကုန်ကြပြီလဲ…၊ အခုလောက်ရှိ ဒီကို စုပြုံရောက်နေကြပြီလို့ ငါက ထင်နေတာကွ'

အမှန်ပင် အံ့သြဖို့ကောင်းနေသည်။ သာမန်အားဖြင့်ဆိုလျှင် ဤလိုအဖြစ်မျိုး ဖြစ်လာပါက ဝိုင်းအုံစုပြုံကြည့်ကြမည့် လူတွေက စင်္ကြံတစ်ခုလုံး ပြည့်ကျပ်နေရမည် ဖြစ်သည်။ ယခုတော့ စင်္ကြံထဲတွင် သူတို့သုံးယောက်မှအပ ပကတိ လူရှင်းလျက်ရှိနေသည်။

'သူတို့က လာကြည့်ဖို့ ကြောက်နေကြတယ် ထင်ပါရဲ့ဗျာ…'

ကိုရန်ကင်းက သူ့အပေါ်အင်္ကျီကိုချွတ်ကာ အမျိုးသမီး၏ ရင်ဘတ်ပေါ်တွင် အသာ ဖုံးလွှမ်းပေးထားလိုက်သည်။

'သူတို့က ဘာကြောင့်များ ကြောက်နေကြတာလဲကွ'

'မပြောတတ်ဘူးလေ၊ အမျိုးသမီးကို ကြောက်လန့်တကြား ဖြစ်သွားစေခဲ့တဲ့ အကြောင်းအရာပဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒီအမျိုးသမီးဟာ လူမှန်းမသိအောင် ကြောက်လန့်ချောက်ချားနေခဲ့တာကတော့ အမှန်ပဲ မဟုတ်လား အစ်ကိုကြီး'

မော်တင်က စကားအဆုံးတွင် ကြမ်းပြင်ပေါ်မှ အမျိုးသမီးကို ငုံ့၍ကြည့်လိုက်သည်။

'ဟော… အစ်ကိုကြီး၊ မျက်ခွံကလေးတွေကတော့ လှုပ်လာကြပြီ၊ သူ သတိရလာတော့မယ်'

သူတို့ ရှေ့ဘက်စင်္ကြံ အလယ်မကျတကျဆီတွင် ပွင့်နေသော တိုက်ခန်းတံခါးတစ်ခုကို ကိုရန်ကင်းက သတိပြုမိသည်။





'ဟိုမှာတော့ တိုက်ခန်းတံခါး ပွင့်နေတာပဲ မော်တင်၊ ငါ သွားကြည့်လိုက်ဦးမယ်၊ မင်း အမျိုးသမီးကို စောင့်ကြည့်နေခဲ့ကွာ'

'သွားသာ သွားပါ အစ်ကိုကြီး၊ ကြာချင် ကြာပါစေ၊ ကိစ္စမရှိဘူး'

မော်တင်က ခပ်ဖြည်းဖြည်း ပြောလိုက်ပြန်ရာက အမျိုးသမီးဘေးတွင် ဒူးထောက်ချလိုက်ကာ သူ၏ ဂျာကင်အကောက်ဝတ်တစ်ဖက်ကို ကောက်ယူပြီးသွေးစမ်းကြည့်ရာက လက်ခုံကို အသာတဖတ်ဖတ် ပုတ်ပေးနေလိုက်သည်။

ကိုရန်ကင်းက ပွင့်နေသော တံခါးဆီသို့ လျှောက်ခဲ့ကာ တံခါးဝတွင်ရပ်လျက် အထဲသို့ လှမ်းကြည့်လိုက်သည်။ ဧည့်ခန်းတစ်ခန်းကို သူက တွေ့လိုက်ရသည်။ သို့ရာတွင် အခန်းထဲတွင်တော့ လူတစ်ယောက်မျှ မရှိချေ။

ကိုရန်ကင်းက ထိုဧည့်ခန်းထဲသို့ လှမ်းဝင်လိုက်ကာ အခန်းကို လှည့်ပတ်ကြည့်ရှုနေလိုက်သည်။

တကယ်တော့ အခန်းသည် တော်တော် ထူးခြားသော ဧည့်ခန်းတစ်ခန်းဖြစ်သည်ကို ကိုရန်ကင်းက သတိပြုလိုက်မိသည်။ အခန်းနံရံလေးဘက်အနက် နှစ်ဘက်ကို လိမ္မော်ရောင် ရဲရဲကြီး ဆေးခြယ်ထားကာ ကျန်နှစ်ဘက်ကိုတော့ သွေးနီရောင်နှင့် အနက်ရောင်ခြယ်ထား၏။

ဧည့်ခန်းထဲတွင် ရှိနေသော အိမ်ထောင်ပရိဘောဂတွေကလည်း ခေတ်ဆန်လှတော့သည်။ ကြိမ်နှင့်ပြီးသော ခုံပုကလေးတွေနှင့်အတူ ထိုင်ခုံစားပွဲ ဗီရိုတွေနှင့် ပြည့်ကျပ်နေ၏။ တကယ်တော့ ဧည့်ခန်းကား ဆေးရောင်စုံကို ပန်းချီဆရာတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပေါက်ပေါက်နှင့် လျှောက်ခြစ်ထားသလိုပင် ဖြစ်နေပေတော့သည်။

အခန်းထောင့်တစ်ထောင့်တွင်ကား အဖြူရောင် ခြယ်ထားသည့် စီရိုပုပု ရှည်ရှည်တစ်လုံးနှင့် ရေဒီယိုဂရမ်ကြီးတစ်လုံး ရှိနေသည်။

ကိုရန်ကင်း၏ မျက်လုံးများက အခန်း၏ ကြမ်းပြင်ပေါ်သို့ ရောက်သွားပြန်သည်။ အခန်း၏ကြမ်းပြင်ကား ကျားကွက်လို အဖြူနှင့်အနက် ခြယ်ထားသည့် လင်နိုလပ် ဖယောင်းပုဆိုးများကို ကွက်ကြားပုံသဏ္ဍာန် ခင်းထားလျက်ရှိနေသည်။ ထိုဖယောင်းပုဆိုး ကွက်ကျားများပေါ်တွင်တော့ အမျိုးသမီးတစ်ယောက်၏ အဝတ်အစားအမျိုးမျိုးကို ပြန့်ကျဲနေရက်သား တွေ့ရလေသည်။

တစ်နေရာတွင် အနီရင့်ရောင် ရှီးယားနိုင်လွန် လက်စကအင်္ကျီကလေးက ပုံရက်သား ကျနေသည်။

ထိုအင်္ကျီကလေးနှင့် မလှမ်းမကမ်းတွင်တော့ အနက်ရောင် ရှင့်မီးအင်္ကျီလေးကို လုံးထွေးရက်သား တွေ့ရသည်။ တစ်နေရာတွင်တော့ ဘရာစီယာတစ်ခု···

လိမ္မော်ရောင်ခြယ်ထားသော နံရံတစ်ခုတွင်တော့ အပြာနုရောင် ပိုးခန်းဆီးကာထားသော အပေါက်တစ်ပေါက်က ရှိနေသည်။ အပြာနုရောင် ပိုးခန်းဆီးကြားမှနေ၍ ကိုရန်ကင်းက တစ်ဘက်ခန်းမှာ အိပ်ခန်းတစ်ခန်းဖြစ်သည်ကို တွေ့လိုက်ရသည်။

"ကျုပ်ဟာ ရဲအရာရှိ တစ်ယောက်ပါပဲ၊ အထဲမှာ ဘယ်သူရှိသလဲ ထွက်ခဲ့ပါ"

ကိုရန်ကင်းက အိပ်ခန်းဆီသို့ လှမ်း၍ အသံပြုလိုက်သည်။ သို့ရာတွင် အိပ်ခန်းထဲမှ သူ့အား ဘယ်သူကမှ ပြန်၍





မထူး၊ တစ်ဦးတစ်ယောက်ကမှလည်း ထွက်မလာချေ။

ရေဒီယိုဂရမ်ကြီးဆီမှ ဓာတ်ပြားပေါ်တွင် ဓာတ်စက်အပ် တဂျစ်ဂျစ် လည်နေသံမှအပ တိုက်ခန်းတစ်ခန်းလုံးသည် ပကတိ တိတ်ဆိတ်လျက် ရှိနေတော့သည်။

ကိုရန်ကင်းက ရေဒီယိုဂရမ်ကြီးဆီသို့ လျှောက်ခဲ့ကာ ဓာတ်စက်ခေါင်းကို ဓာတ်ပြားပေါ်မှ ပြန်ချထားလိုက်ပြီး ဓာတ်စက်ကိုလည်း ပိတ်လိုက်သည်။ ထိုအခါတွင် တိတ်ဆိတ်မှုက ပို၍သာ နက်ရှိုင်းသွားတော့သည်။

ကိုရန်ကင်းက အပြာနုရောင် ပိုးခန်းဆီးကို လက်တစ်ဖက်ဖြင့် အသာဆွဲဖယ်ကာ လက်တစ်ဖက်က သူ့ခါးဆီမှ သေနတ်ဒင်တွင် တင်ထားရင်း အိပ်ခန်းထဲသို့ လှမ်းဝင်လိုက်သည်။

အပြင် ဧည့်ခန်းသည် အဆင်အပြင် ထူးခြားလှသလောက် အတွင်းအိပ်ခန်းကတော့ သာမန်အတိုင်းသာ ဖြစ်နေသည်ကို ကိုရန်ကင်းက မသိမသာ အံ့ဩမှုဖြင့် တွေ့လိုက်ရသည်။

အိပ်ခန်း၏ တစ်ဘက်စီတွင် ရေချိုးခန်းနှင့် အိမ်သာ တွဲရက်သား အခန်းငယ်ကလေးက ရှိနေ၏။ အခြားတစ်ဘက်တွင်မှာတော့ မီးဖိုနှင့် ထမင်းစားခန်းက တွဲရက်သား ရှိနေပြန်၏။ အခန်းတိုင်းတွင် လူတစ်ဦးတစ်ယောက်၏ အရိပ်အရောင်ကိုမှ မတွေ့ရချေ။

ကိုရန်ကင်းက အိပ်ခန်းဆီသို့ ပြန်လှည့်ခဲ့သည်။ အကယ်၍ တိုက်ခန်းထဲတွင် လူတစ်ဦးတစ်ယောက် ရှိနေမည်ဆိုပါက ဆိုလှသည် ခုတင်ခေါင်းရင်းရှိ အဝတ်အစားထည့်သော မတ်တတ်ဗီရိုကြီးထဲတွင်သော်လည်းကောင်း သို့မဟုတ် ခုတင်အောက်တွင်သော်လည်းကောင်းမှာသာ ရှိနေရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကိုရန်ကင်းက ထိုနေရာနှစ်ခုစလုံးတွင် ဘယ်သူ့ကိုမှ မတွေ့ရ။ တွေ့မယ့်တွေ့တော့ ခုတင်ကြီးနှင့် အတွင်းဘက်နံရံကြားမှ ကြမ်းပြင်ပေါ်တွင်သာ ရှာတွေ့ရလေ၏။

ထိုလူကား ယောကျ်ားတစ်ယောက် ဖြစ်လေသည်။

ကြမ်းပြင်ပေါ်တွင် ပက်လက်ကြီးဖြစ်နေသည်။ ဥပမိရှပ်တော်တော် ကောင်းမွန်ကာ အသက် (၄၀) ခန့်ရှိပြီဟု ခန့်မှန်းရသည်။ ဆံပင်တွေက မည်းနက်ပြောင်လက်နေကာ လည်ကုတ်တွင် ဝဲကျလုမတတ် ရှည်လျားလှသည်။ နှုတ်ခမ်းထက်ဝယ် သေးသွယ်သော နှုတ်ခမ်းမွေးကလေးက ရှိနေသည်။

သူ့မျက်လုံးတွေက ပွင့်နေသော်လည်း မျက်နှာကြက်ဆီသို့ မမြင်နိုင်တော့မည့် မျက်စိ သူငယ်အိမ်များနှင့် စူးစိုက် ကြည့်ရှုနေကြသည်။

သူ့လက်နှစ်ဖက်ကတော့ သူ့ဝမ်းဗိုက်ပေါ်တွင် တင်းကျပ်စွာ ယှက်ထားလျက်ရှိနေသည်။ ထိုသို့ယှက်ထားသော လက်နှစ်ဖက်၏ ဘေးတစ်ဖက်တစ်ချက်တွင်တော့ နီညိုသော သွေးကွက်ကြီးတွေက ဖြူဖွေးသော ရှပ်အင်္ကျီပေါ်တွင် စွန်းထင်နေကြသည်ကို ကိုရန်ကင်းက တွေ့ရသည်။

ကိုရန်ကင်း သူ့ဘေးတွင် အသာဒူးထောက်ချလိုက်ကာ ယှက်ထားသော လက်နှစ်ဖက်ကို အသာမ၍ ကြည့်လိုက်သည်။

ရင်ညွန့်တစ်ဝိုက်ဆီတွင် ကျည်ဆံဝင်သွားသော အပေါက်က လေးပေါက်တိတိ ရှိနေသည်။ ကျည်ဆံတစ်ပေါက်နှင့် တစ်ပေါက်မှာလည်း နှစ်လက်မပင် မကွာချေ။

သေနတ်နှင့် အနီးတော့ကပ်၍ ပစ်သွားသဖြင့်လည်း ရှပ်အင်္ကျီတွင် သေနတ်ပြောင်းဝမှထွက်သော မီးပွင့် ဟပ်သွားသဖြင့်





ညိုမည်း ကျန်နေခဲ့ပေသည်။

သို့ရာတွင် ကျည်ဆန်ဝင်ပေါက်တွေမှာ သေးငယ်လှပေရာ၊ မှိုင့် ၂၂ သေနတ်နှင့် ပစ်သွားခြင်းဖြစ်ရမည်ဟု ကိုရန်ကင်းက တွက်လိုက်မိသည်။

ကိုရန်ကင်းက အလောင်း၏လက်များကို မူလကတွေ့ရသည့်အတိုင်း ပြန်ထားလိုက်ကာ ဒူးထောက်နေရာမှ ပြန်ထလိုက်သည်။ အိပ်ခန်းထဲမှ ထွက်လာခဲ့ပြီး ဧည့်ခန်းထဲသို့ ပြန်ရောက်လျှင် ကိုရန်ကင်းက ကြမ်းပြင်ပေါ်တွင် ပြန့်ကြဲကျနေသော အမျိုးသမီး အဝတ်အစားတွေကို တစ်ခုချင်း ကောက်ယူလိုက်ကာ မော်တင်နှင့် ထဘီရင်ရှားအမျိုးသမီး ကျန်နေရစ်ရာ စကြံဆီသို့ ပြန်ထွက်လာခဲ့လေ၏။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com



'အင်း... သူဟာ ခုနကလို ရှော့(က) ဖြစ်မနေတော့တာကတော့ အမှန်ပါပဲ'

ကိုရန်ကင်းက မှတ်ချက်ချလိုက်ရာက သူ့လက်ထဲက အဝတ်အစားတွေကို အမျိုးသမီး၏ ပေါင်ပေါ်သို့ အသာပစ်ချပေးလိုက်သည်။

အမျိုးသမီးက အဝတ်အစားမတွေကို နဖူးရေကလေးတွေ တွန့်လျက် ငုံ့ကြည့်လိုက်ပြီး တစ်ဖန် ကိုရန်ကင်းအား မော့ကြည့်လိုက်ပြန်သည်။

'ဒီအဝတ်အစားတွေဟာ ခင်ဗျားဟာတွေ မဟုတ်လား'

ကိုရန်ကင်းက မေးလိုက်လျှင် အမျိုးသမီးက ခေါင်းကို မသိမသာ ညိတ်လိုက်သည်။

'ဒီလိုဆိုလည်း ပြန်ဝတ်ထားလိုက်လေ၊ တော်ကြာ လူတွေ အများကြီး ဒီကိုရောက်လာကြတော့မှာ'

အမျိုးသမီး၏ ဖြူရော်နေသော မျက်နှာတွင် သွေးရောင်ကလေးက မဆိုသာရုံ လျှမ်းတက်လာသည်။ သူမ၏ မျက်လုံးများသည် ပွင့်နေသော တိုက်ခန်းတံခါးဆီသို့ ရောက်သွားပြီး လျှင်မြန်စွာ ပြန်လွှဲသွားကြသည်။

သူမသည် ပေါင်ပေါ်မှ အဝတ်အစားတွေကို လက်တစ်ဖက်တွင် ဆုပ်ကိုင်လိုက်ပြီး ထရပ်ရန် ကြိုးစားလိုက်သည်။

'ရှင်တို့ ကျွန်မကို မကြည့်ကြပါနဲ့၊ ကျွန်မ ဒီမှာပဲ အဝတ်ဝတ်မလို့...'

အမျိုးသမီးကလေး၏ အသံသည် မသိမသာ တုန်ယင်နေဆဲသာ ဖြစ်သည်။ သူမသည် တိုက်ခန်းထဲသို့ ပြန်သွားဝံ့ဟန်လည်း မတူပေ။



(၂)

အမျိုးသမီးက ပြန်သတိရနေပြီ ဖြစ်သည်။

သူမသည် စကြိုန်ရုံကို ကျောမှီထိုင်လျက်ရှိနေသည်။ ထဘီကိုလည်း ခိုင်မြဲစွာ ပြန်၍ ရင်ရှားထားပြီးနေပြီ ဖြစ်သည်။ ပခုံးပေါ်တွင်တော့ ကိုရန်ကင်း၏ အပေါ်အင်္ကျီကို ခြုံထားကာ ရင်ဖုံးနှစ်ဖက်ကို လက်ကလေးတစ်ဖက်ဖြင့် တင်းကျပ်စွာ စုဆွဲထားလျက် ရှိနေသည်။

သို့ရာတွင် သူမသည် စိတ်ကောင်းကောင်း တည်ငြိမ်သေးပုံတော့ မရချေ။ သူမ၏ အသက်ရှူသံသည် သိပ် မမှန်လှသေးဘဲ နှုတ်ခမ်းကလေးများနှင့် မေးစေ့ကလေးက တဆတ်ဆတ်တုန်ယင်လျက်ပင် ရှိနေသေးပေသည်။

မော်တင်ကတော့ သူမရှေ့တွင် နံရံကို မှီလျက်ရပ်ကာ သူမအား စိတ်ဝင်စားစွာ အကဲခတ် ကြည့်ရှုလျက် ရှိနေသည်။

'သူ... ခုနကပဲ သတိရလာတယ် အစ်ကိုကြီး၊ သူ့ ကြည့်ရတာ သူ့ကိုယ်သူ ကောင်းကောင်း ပြန်သိနေပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



ကိုရန်ကင်းနှင့် မော်တင်တို့က စကြံအတိုင်း သူမအား တွေ့ရပေးလျက် လျှောက်ခဲ့ကြကာ တိုက်ခန်းတံခါးကို မျက်နှာပြုလျက် ရပ်နေလိုက်ကြသည်။

'ဒီအထဲမှာ ဘယ်သူ့ကိုများ တွေ့ခဲ့ရသလဲ အစ်ကိုကြီး'

မော်တင်က တိုက်ခန်းတွင်းသို့ မေးငေါ့ပြလိုက်ရာက မေးလိုက်သည်။

'လူတစ်ယောက်တော့ တွေ့ခဲ့ရတယ်၊ ဒါပေမဲ့ ဒီလူက တို့ကို ဘယ်လိုမှ အကူအညီ ပေးနိုင်တော့မှာ မဟုတ်ဘူး မော်တင်'

ဤတွင် မော်တင်က မျက်ခုံးတစ်ဖက် ပင့်လိုက်သည်။

'ဘာလဲ အစ်ကိုကြီး၊ အဲဒီလူက သေနေလို့လား'

'ဒါပေါ့ မော်တင်၊ အနားကပ်ပြီး သေနတ် အသေးစား ငါတော့ ပွိုင့်တစ်လုံးပြူး ထင်တာပဲ၊ အေး··· အဲဒီသေနတ်နဲ့ လေးချက်တိတိ ပစ်သတ်သွားခဲ့တာပဲကွ၊ သေနတ်ပြောင်းဝက ဘာလပ်စ်အရှိန်ကြောင့် ရှပ်အင်္ကျီတောင် မီးကျွမ်းကျန်နေရစ်ခဲ့တယ်၊ ကျည်ဆံဝင်ပေါက်တွေကလည်း တစ်ပေါက်နဲ့တစ်ပေါက် ကပ်ရက်သားပဲ'

ကိုရန်ကင်းက စကားကို ခေတ္တရပ်လိုက်ကာ သူ့ကျောဘက်မှ အမျိုးသမီးဆီသို့ လက်မတစ်ဖက် ထိုးပြလိုက်သည်။

'သူက ဘာများပြောသေးသလဲ'

'သူ့နာမည်ကိုပဲ ပြောပြသေးတယ် အစ်ကိုကြီး၊ ဒိုရာလွင်တဲ့'

'တခြားကော'

မော်တင်က နှုတ်ခမ်းကို မသိမသာ မဲ့ပြလိုက်၏။





'တခြား ဘာမှမေးလို့ မရဘူး၊ သူ့နာမည်ကိုတောင် အစ်ကိုကြီး ပြန်ရောက်မလာခင်ကလေးကမှ ပြောပြတာ၊ ပြီးတော့ ကျွန်တော်ကလည်း မေးဖို့ သိပ်အချိန်မရခဲ့ပါဘူးလေ'

ကိုရန်ကင်းသည် မော်တင့်စကားကို နားထောင်နေရင်းကလည်း သူ့နောက်ဘက်မှ အမျိုးသမီး၏ လှုပ်ရှားသံများကို နားစွင့်ထားခဲ့သည်။ ယခုတော့ အမျိုးသမီးထံမှ ဘာလှုပ်ရှားသံကိုမှ မကြားရတော့ချေ။

'ကဲ··· အဝတ်ဝတ်ပြီးပြီလား'

ကိုရန်ကင်းက မျက်နှာကို တစ်ဖက်လှည့်ကာ လှမ်းမေးလိုက်သည်။

'ဟုတ်ကဲ့ ပြီးပါပြီ'

ကိုရန်ကင်းနှင့် မော်တင်တို့က သူမဘက်သို့ ပြန်လှည့်ကြည့်လိုက်ကြသည်။

အမျိုးသမီးသည် အဝတ်အစား အပြည့်အစုံ ဝတ်ဆင်ထားပြီး ဖြစ်နေသည်။ သူမသည် ကိုရန်ကင်းတို့ထံ ဖြည်းညင်းစွာ လျှောက်လာပြီး သူမ၏ လက်ထဲမှ ကိုရန်ကင်း၏ အပေါ်အင်္ကျီကို ကိုရန်ကင်းအား လှမ်းပေးလိုက်သည်။

အဝတ်အစား အပြည့်အစုံ ဝတ်ထားပြန်တော့ သူမသည် ပို၍သာ ကြည့်ကောင်းနေပြန်တော့သည်။ အနက်ရောင် ရှင့်မီးအင်္ကျီအောက်ခံနှင့် အနီရောင်အင်္ကျီ လက်စကသည် သူမ၏ဝင်းဝါသော အသားနှင့် ပနံရလှတော့သည်။ သူမသည် ဖားလျားဖြေကျခဲ့သော ဆံပင်ကို နောက်တွဲကလေး ပြန်ထုံးထား၏။

'ဘယ့်နှယ်လဲ၊ ခင်ဗျား တော်တော် နေကောင်းသွားပြီ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ဒိုရာလွင်ခေါ် အမျိုးသမီးက ခေါင်းကလေး မသိမသာ ညိတ်လိုက်ကာ သူမ၏ လက်ယာလက်ကို မြှောက်ပြီး နဖူးတွင် ဝဲကျနေသော ဆံနွယ်ခွေတစ်ခွေကို ဘေးသို့ တိမ်းဖယ်ပစ်လိုက်သည်။

'ကျွန်မ… ကျွန်မ… ရှင်တို့ကို သိပ်အားနာမိတာပဲရှင်၊ စောစောတုန်းက ကျွန်မစိတ်တွေ ဘယ်လိုဖြစ်သွားမှန်း မသိပါဘူး… ကျွန်မ…'

အမျိုးသမီးက စကားမဆက်ဘဲ ရပ်ထားလိုက်ကာ မျက်တောင်ကော့ကြီးများ စင်းကျသွားအောင် မျက်လွှာချထားလိုက်သည်။

'အင်း… စိတ်တုန်လှုပ်ချောက်ချားအားကြီးရင် ဒီလိုပဲ ကိုယ့်ကိုယ်ကို ထိန်းမရအောင် ဖြစ်သွားတတ်တာပေါ့လေ'

ကိုရန်ကင်းက အမျိုးသမီးအား နှစ်သိမ့်သောအသံဖြင့် ပြောလိုက်ပြီးမှ သူ့မျက်နှာက ရုတ်တရက် လေးနက်တည်ကြည်သွားသည်။

'ကျွန်တော်တို့ဟာ ဗဟိုမှုခင်း ထောက်လှမ်းစစ်ဆေးရေးကပဲ၊ ကျွန်တော့်နာမည်က ရန်ကင်းတဲ့… သူကတော့ ကျွန်တော့်တွဲဖက် မော်တင်တဲ့၊ အခု ဖြစ်ပွားတဲ့ လူသတ်မှုကို ကျွန်တော်တို့ကပဲ တာဝန်ယူ စစ်ဆေးရမှာပါ'

'လူသတ်မှု ဟုတ်လား'

ဒိုရာလွင်က ရှိုက်သံကလေးဖြင့် မေးလိုက်သည်။ သူမ၏မျက်လုံးများကလည်း ကြီးမား ဝိုင်းစက်သွားကြသည်။ ထိုအခါတွင် သူမ၏ မျက်နှာကလေးက ပို၍ နုပျိုသွားလေတော့သည်။

'ဒီ… ဒီလိုဆို… သူ သေခဲ့ပြီပေါ့နော်'

ကိုရန်ကင်းက ရုတ်တရက် ပြန်မပြောသေးဘဲ သူမ၏





မျက်နှာကလေးကို ခေတ္တမျှ စူးစိုက် အကဲခတ်နေလိုက်သည်။ မော်တင်ကလည်း ထို့အတူပင် ဒိုရာလွင်အား ကြည့်နေလိုက်၏။

ပြီးမှ ကိုရန်ကင်းက ဖြည်းညှင်းစွာ ပြန်ဖြေလိုက်သည်။

'သူသေပြီဆိုတာ ခင်ဗျား မသိသေးဘူးလား ဒိုရာလွင်'

ဒိုရာလွင်က တိုက်ခန်းတံခါးအတွင်းသို့ လှမ်းကြည့်လိုက်သည်။

'ဟင့်အင်း… ကျွန်မ မသိခဲ့ပါဘူး၊ ကျွန်မက မျှော်လင့်နေခဲ့တာ မဟုတ်ဘူး'

ဒိုရာလွင်က စကားကို တစ်ပိုင်းတစ်စနှင့် ရပ်ပစ်လိုက်သည်။ သူမ၏မျက်လုံးများကတော့ စိုစွတ် တောက်ပလာကြသည်။

'ဒါနဲ့ သူ့ကို ဘယ်သူက သေနတ်နဲ့ ပစ်ခဲ့တာလဲ၊ ခင်ဗျားလား ဒိုရာလွင်'

ကိုရန်ကင်းက သံမှန်နှင့်ပင် မေးလိုက်သည်။ ဒိုရာလွင်က မျက်လုံးများပြူးလျက် ကိုရန်ကင်းအား ကြည့်လိုက်သည်။

'ကျွန်မ… ဟုတ်လား၊ အို… မဟုတ်ရပါဘူးရှင်၊ ဘာလဲ သူ့ကို ကျွန်မက သတ်ပစ်တယ်လို့ ရှင်တို့ ထင်နေကြတာလား၊ ဘုရားသခင်'

ဒိုရာလွင်၏ မျက်လုံးများတွင် ထိတ်လန့်တုန်လှုပ်မှု အရိပ်အယောင်များ ယှက်သန်းလာကြပြန်သည်။

'ဒီလိုဆို ဘယ်သူက ပစ်သတ်သွားတာလဲ'

ကိုရန်ကင်းက ခပ်မြန်မြန်ကြီး ဆက်မေးလိုက်သည်။ သူ၏ စူးရှသော မျက်လုံးအစုံကတော့ ဒိုရာလွင်၏ မျက်နှာရိပ်မျက်နှာကဲကို မလွှတ်တမ်း အကဲခတ် လေ့လာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း… ကျွန်မလည်း မသိပါဘူးရှင်'

'ဘာဖြစ်လို့ မသိရမှာလဲ၊ အဲဒီတုန်းက ခင်ဗျားဟာ တိုက်ခန်းထဲမှာပဲ ရှိနေခဲ့တာ မဟုတ်လား'

ဒိုရာလွင်က ရုတ်တရက် ကိုရန်ကင်းအား ပြန်မဖြေသေးဘဲ ခပ်ကြောင်ကြောင် ပြန်ကြည့်နေလိုက်၏။ ပြီးမှ ခေါင်းကလေးကို ဖြည်းညင်းစွာ ညိတ်လိုက်သည်။

'ဟုတ်ကဲ့… ရှိနေခဲ့တာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်မက အိပ်ခန်းထဲမှာပဲ ရှိနေခဲ့တာပါ'

ကိုရန်ကင်းက မျက်ခုံးတစ်ဖက်ပင့်ကာ ဒိုရာလွင်အား ကြည့်လိုက်သည်။

'ကျုပ်ကလည်း သူ့အလောင်းကို အဲဒီ အိပ်ခန်းထဲမှာပဲ တွေ့ခဲ့ရတာပဲ ဒိုရာလွင်'

ဒိုရာလွင်မှာ ခပ်ကြောင်ကြောင်ကလေး ဖြစ်သွားပြန်တော့သည်။ သူမသည် စိတ်ရှုပ်ထွေးသွားသည့် အမူအရာကလေးဖြင့် ကိုရန်ကင်းအား ပြန်ကြည့်လိုက်သည်။

'အို… မဖြစ်နိုင်တာပဲရှင်… သေနတ်သံတွေ ကြားရတော့ သူက အိမ်ရှေ့ခန်းထဲမှာ ရှိနေခဲ့တာပဲရှင့်'

ကိုရန်ကင်းက မော်တင့်အား လှမ်းကြည့်လိုက်ရာ မော်တင်က သူ့ပခုံးများကို မသိမသာ ပင့်ပြလိုက်သည်။ ကိုရန်ကင်းက ထိုပြဿနာကို ခေတ္တ ဘေးဖယ်ထားလိုက်သည်။

'သေနတ်နဲ့ ပစ်သွားတဲ့လူကိုကော ဒိုရာလွင်က တွေ့လိုက်ရသေးသလား'

ဒိုရာလွင်က ခေါင်းကလေးကို ခပ်သွက်သွက် ယမ်းခါပြလိုက်သည်။





'ဟင့်အင်း… မတွေ့လိုက်ရပါဘူး၊ ကျွန်မ ရှင့်ကို ပြောထားသားပဲ၊ အဲဒီတုန်းက ကျွန်မက အိပ်ခန်းထဲမှာ ရှိနေခဲ့ပါတယ်လို့…'

'ဘယ်သူများ ဖြစ်နိုင်သလဲလို့ကော ဒိုရာလွင် မစဉ်းစားတတ်ဘူးလား'

ဒိုရာလွင်သည် မျက်မှောင်ကလေး ကုတ်လျက် တွေတွေကလေး ဖြစ်သွားသည်။ ပြီးမှ နဖူးကလေးကို လက်တစ်ဖက်ဖြင့် သပ်ရင်း ပြန်ဖြေလိုက်၏။

'ကျွန်မလည်း မတွေးတတ်တော့ပါဘူးရှင်… ဘယ်သူမဆို ဖြစ်နိုင်တာပါပဲ'

မော်တင်က ချောင်းတစ်ချက် ဟန့်လိုက်ကာ ရုတ်တရက် ဝင်၍ စကားပြောလိုက်သည်။

'ဒီမှာ ဒိုရာလွင်… ကျွန်တော်'

'နေဦး မော်တင်၊ တို့ ဒီမှာရပ်ပြီး စကားပြောနေလို့ မပြီးသေးဘူးကွ၊ ဌာနချုပ်နဲ့ သက်ဆိုင်ရာ ရဲဌာနကို ဖုန်းဆက် အကြောင်းကြားရဦးမယ်'

ကိုရန်ကင်းက ဒိုရာလွင်ဘက်သို့ လှည့်ကြည့်လိုက်သည်။

'ဒိုရာလွင် ဒီတိုက်ခန်းက ဘယ်သူ့တိုက်ခန်းလဲ၊ ခင်ဗျားနေတာလား၊ သူနေတာလား'

'သူ့တိုက်ခန်းပါ'

'တိုက်ခန်းထဲမှာ တယ်လီဖုန်းကော ရှိသလား၊ ကျွန်တော်တော့ မတွေ့ခဲ့ရဘူး'

'ရှိပါတယ်၊ ရေဒီယိုဂရမ်နောက်ဘက်က ပါးစားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကလေးပေါ်မှာပါ'

ကိုရန်ကင်းက ခေါင်းညိတ်လိုက်ကာ တိုက်ခန်းထဲ တံခါးဝဆီသို့ ခြေလှမ်းလိုက်သည်။

'ကဲ... ဒီလိုဆိုလည်း ကျွန်တော်တို့ အထဲဝင်ကြပါစို့၊ ပြောစရာရှိတာတွေကို ဆက်ပြောကြတာပေါ့'

ဒိုရာလွင်သည် ခပ်ဆိုင်းဆိုင်း ဖြစ်နေသည်။ သူမက ရွံ့တွန့်တွန့် အမူအရာကလေးဖြင့် တိုက်ခန်းတွင်းသို့ လှမ်းကြည့် လိုက်သည်။

'ကျွန်မ... ကျွန်မ... ဒီတိုက်ခန်းထဲကို မဝင်လို့ မရဘူး လားရှင်'

ကိုရန်ကင်းက သူမအား နှစ်သိမ့်သောအပြုံးဖြင့် ကြည့် လိုက်သည်။

'အခု အထဲမှာ ကြောက်စရာဆိုလို့ ဘာမှမရှိတော့ပါဘူး။ ကဲ... လာပါ ဒိုရာလွင်'

ဒိုရာလွင်က ခပ်တုံ့တုံ့ ဖြစ်နေသေးသည်။ ပြီးမှ စိတ်တင်း လိုက်ဟန်ဖြင့် ပခုံးကလေးများကို နောက်သို့ပစ်လိုက်ကာ တိုက် ခန်းတံခါးအတွင်းသို့ လှမ်းဝင်လိုက်သည်။ သူမသည် ခြေလှမ်း များ တုံ့သွားပြန်ပြီးမှ လျင်မြန်စွာ ဧည့်ခန်းထဲသို့ လျှောက်ဝင်သွား ကာ အနီးဆုံးကုလားထိုင်တစ်လုံးတွင် ကပျာကယာ ဝင်ထိုင်ချလိုက် ၏။

ကိုရန်ကင်းက ကြိမ်ကုလားထိုင်ပုကလေး တစ်လုံးကို ဆွဲယူလိုက်ကာ သူမ၏ ကုလားထိုင်နှင့် ကပ်ရက်ဘေးတွင်ချပြီး ဝင်ထိုင်လိုက်သည်။ မော်တင်ကတော့ ဧည့်ခန်းကို လှည့်ပတ် ကြည့်ရှုလျက် လေတစ်ချက်ချွန်လိုက်ပြီးနောက်မှ အတွင်းဘက်သို့





အပြာနုရောင် ပိုးခန်းဆီးကြားမှ ဝင်ရောက်သွားလေသည်။

ကိုရန်ကင်းက သူ့မှတ်စု စာအုပ်ကလေးကို ဖွင့်ကာ အသင့်စောင့်နေလိုက်သည်။ မော်တင် ပြန်ရောက်လာသည့်အခါ တွင်တော့ သူက ဒိုရာလွင်အား စတင်၍ မေးခွန်းထုတ်ပြန်၏။

'သေသူရဲ့ နာမည်က ဘယ်သူတဲ့လဲ ဒိုရာလွင်'

'ကို... ကိုရဲသန်းတဲ့ရှင့်'

ဒိုရာလွင်က ခပ်ဆိုင်းဆိုင်း အသံကလေးဖြင့် ပြန်ဖြေလိုက် သည်။ ကိုရန်ကင်းက သူ့မှတ်စုစာအုပ်ထဲတွင် ထိုအမည်ကို ရေး မှတ်ထားလိုက်သည်။ ပြီးနောက် မော်တင်အား မော့ကြည့်လိုက် သည်။

'ကဲ... မော်တင်၊ ဦးဘနီဆီကို ဖုန်းဆက်လိုက်ရင် ကောင်းမယ်ကွာ၊ အဲဒီကတစ်ဆင့် သက်ဆိုင်ရာ ရဲဌာနကိုလည်း အကြောင်းကြားခိုင်းပေါ့'

ဦးဘနီမှာ ကိုကိုရန်ကင်းတို့ဌာနကို ကြီးကြပ်ရသော အထက်အရာရှိ ဖြစ်သည်။ (ထိုစဉ်က ကိုရန်ကင်းသည် ရဲမှူးဘဝ၌သာ ရှိနေသေး၏။)

မော်တင်က ခေါင်းညိတ်လိုက်ကာ ရေဒီယိုဂရမ်ကြီးဆီ သို့ လျှောက်သွားပြီး နောက်ဘက်တွင် ရှိနေသည့် ဝါးစားပွဲခင်း ကလေးပေါ်တွင် တင်ထားသည့် တယ်လီဖုန်းကို ကောက်ယူလိုက် သည်။ သို့ရာတွင် တယ်လီဖုန်းတွင် ရှိနေသော လက်ဗွေများ ပျောက်ရန်အတွက် သူ့ဘယ်လက်ညှိုးဖြင့် တယ်လီဖုန်းစကားပြော ခွက်အောက်မှနေ၍ အသာ ချိတ်ဆွဲယူလိုက်ခြင်း ဖြစ်၏။ ထို့နောက် ဒိုင်ခွက်နံပါတ်တွေကို လျှောက်လှည့်နေလိုက်သည်။

ဦးဘနီထံသို့ တိုက်ရိုက် အကြောင်းကြားလိုက်ခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုရန်ကင်းတို့အတွက် အချိန်တန် သက်သာလေသည်။ အမှန်အတိုင်းဆိုလျှင်တော့ သူတို့သည် လူသတ်မှုကို သက်ဆိုင်ရာ ရဲဌာနတွင် တိုင်ကြား၍ အမှုဖွင့်ကြရမည်ဖြစ်၏။ သို့သော် ဦးဘနီက ယခုဆောင်ရွက်စရာရှိသည်တို့ကို ဆောင်ရွက်ပေးပေမည်။

ထိုအတောအတွင်း၀ယ် ဒိုရာလွှင်ကတော့ သူမ၏ ကုလားထိုင်ပေါ်တွင် ခေါင်းကလေးငုံ့လျက် ငြိမ်သက် တိတ်ဆိတ်စွာ ထိုင်နေသည်။ သူမသည် ယခုမှပင် သူမကျရောက်နေသော အခြေအနေကို ကောင်းကောင်းနားလည် သဘောပေါက်လာခဲ့ပုံရသည်။ သူမ၏မျက်နှာကလေးသည် ဖြူရော်နေကာ လက်နှစ်ဖက်ကိုလည်း တစ်ဖက်နှင့်တစ်ဖက် ယှက်ပြီး တင်းကျပ်စွာ ဆုပ်ကိုင်ထားလျက်ရှိနေသည်။

ကိုရန်ကင်းက သူမအား ခေတ္တမျှ အကဲခတ်ကြည့်နေလိုက်ပြီးနောက်မှ သူ မေးစရာရှိသည်တို့ကို စတင် မေးမြန်းလိုက်တော့သည်။

'ကဲ… ပထမဦးဆုံး သေသူနဲ့ ခင်ဗျားတို့ရဲ့ ဆက်ဆံမှု အခြေအနေကို ကျွန်တော် သိချင်တယ် ဒိုရာလွှင်'

ဒိုရာလွှင်က ထိုအခါမှ ကိုရန်ကင်းအား ဆတ်ခနဲ မော့ကြည့်လိုက်သည်။

'ဆက်ဆံမှု အခြေအနေ ဟုတ်လား'

'ဟုတ်တယ်လေ၊ သေသူ ကိုရဲသန်းနဲ့ ခင်ဗျားတို့ဟာ ဘယ်လို အခြေအနေမှာ ဆက်ဆံနေကြတာလဲ၊ သူနဲ့ခင်ဗျား ဘယ်လို တော်စပ်ကြသလဲ၊ ဒါမှမဟုတ် မိတ်ဆွေပဲလား ဆိုတာပေါ့'

ဒိုရာလွှင်က သူမ၏ နှုတ်ခမ်းများ ရုတ်တရက် ခြောက်သွေ့သွားသည့်အလား လျှာကလေးဖြင့် ပွတ်သိမ်းလိုက်သည်။





သူမ၏ မျက်လုံးများတွင် ထိတ်လန့်စိုးရွံ့သည့် အရိပ်အယောင်များက ယှက်သန်းလာကြပြန်သည်။

'ဟုတ်ကဲ့… ကိုရဲသန်းနဲ့ ကျွန်မဟာ ဘယ်လိုမှ မတော်စပ်ပါဘူး၊ မိတ်ဆွေတွေပဲ ဆိုကြပါစို့'

'မိတ်ဆွေဆိုတာ ဘယ်လောက် ရင်းနှီးကြသလဲ၊ ခင်ဗျားက ဒီမှာ သူနဲ့အတူတူနေနေသလား'

ကိုရန်ကင်းက မေးစရာရှိသည်ကို ခပ်ရှင်းရှင်းပင် မေးချလိုက်သည်။ ဒိုရာလွှင်၏ မျက်နှာကလေးမှာ ရဲခနဲ ဖြစ်သွားတော့သည်။

'အို… မဟုတ်တာဘဲရှင်၊ ကျွန်မက သူနဲ့ ဘာဖြစ်လို့ အတူတူနေရမှာလဲ'

'ဒီလိုဆို ခင်ဗျား အခု သူ့ဆီကို အလည်လာတာပဲ ဆိုပါတော့'

ဒိုရာလွှင်က ခေါင်းကလေးကို အသာညိတ်လိုက်သည်။

'မှန်ပါတယ်ရှင်၊ ကျွန်မ သူ့ဆီကို အလည်လာတာပါ'

'ခင်ဗျား ဘယ်တုန်းက ဒီကို ရောက်လာတာလဲ'

ဒိုရာလွှင်က ရုတ်တရက် ပြန်မဖြေ၊ နှုတ်ခမ်းကလေးကို ကိုက်လျက် ခပ်တွေတွေကလေး ဖြစ်သွားသည်။

'မနက်ကတည်းကလား'

ကိုရန်ကင်းက ထပ်မေးလိုက်မှ ဒိုရာလွှင်ထံမှ ခပ်ဆိုင်းဆိုင်းအသံ ထွက်လာသည်။

'မ… မဟုတ်ပါဘူး'

'ဒီလိုဆိုရင် ဘယ်တုံးကလဲ'

'ညကတည်းကရှင့်'



www.burmeseclassic.com

www.burmeseclassic.com



ဒိုရာလွှင်၏ အသံကလေးက မပွင့်တပွင့် ထွက်လာသည်။ သူမ၏ မျက်လုံးများကတော့ ကြမ်းပြင်ကိုသာ စူးစိုက်ကြည့်ရှုလျက် ရှိနေသည်။

'ညဆိုတာက ဘယ်အချိန်လဲ'

'ကဲ… ညလို့လည်း မဆိုနိုင်ပါဘူးရှင်၊ မနက်အစောကြီးကဆိုပါတော့'

'မနက်အစောကြီးဆိုတာက ဘယ်လောက်စောသလဲဗျ'

ကိုရန်ကင်းက စိတ်ရှည်လက်ရှည်ပင် ထပ်မေးလိုက်သည်။ ဒိုရာလွှင်သည် ပြောစရာရှိသည်ကို ပြောတော့မည်ဟူသော အမူအရာနှင့် မျက်နှာကို ဆတ်ခနဲ မော့ပစ်လိုက်သည်။

'မနက် မိုးမလင်းခင် (၅)နာရီလောက်က ဆိုပါတော့ရှင်။ ကျွန်မတို့က ဒန်နီစ်သွားနေခဲ့တာရှင့်။ မြို့ထဲက နိုက်ကလပ်တွေ စုံရောပဲ၊ နောက်ဆုံး မေဖဲယားမှာ စခန်းချပြီး မေဖဲယားပိတ်တော့မှ ကျွန်မတို့ ဒီကို ပြန်လာကြတာပဲ'

ဒိုရာလွှင်သည် အဘယ်သို့သော မိန်းမစားမျိုးဖြစ်သည်ကို ကိုရန်ကင်းက ပို၍ သဘောပေါက်လာမိသည်။ ယောကျ်ားတစ်ယောက်နှင့် တစ်ညလုံး နိုက်ကလပ်ဟိုတယ်တွေ လျှောက်တက်ခဲ့သော မိန်းမသည် မိန်းမပျက်တစ်ယောက် မဟုတ်ဘူးထားဦးတော့ အကျင့်စာရိတ္တတော့ တော်တော်လျော့ရဲနေသော မိန်းမတစ်ယောက် ဖြစ်ရပေမည်။ နာမည်ကလည်း ဒိုရာဟု အင်္ဂလိပ်နာမည်ကို ယူထားပေရာ အနောက်တိုင်း၏ ဖောက်ပြန်ရဲတင်းသော ယဉ်ကျေးမှုထုံးစံကို အထင်ကြီးပြီး ကိုယ့်ကိုယ်ကိုယ် ခေတ်မီပါသည်ဟု အသင်ရောက်နေသည့် မိန်းမစားတစ်ယောက် ဖြစ်ရမည်ကား သေချာနေပေတော့၏။





ဤသို့သော မိန်းမစားမျိုးတွေပင် နောက်ဆုံးတော့ ရှုပ်ရှုပ်ပွေပွေ ကိစ္စတွေကို တွေ့ကြုံရကာ ဒုက္ခလှလှကြီး ရောက်တတ်ကြပေ၏။ ကိုရန်ကင်းက သက်ပြင်းကလေးတစ်ချက်ချလိုက်ပြီး မေးခွန်းဆက်ထုတ်လိုက်ပြန်သည်။

'ဒီလိုဆို မနက် (၅)နာရီကတည်းက ခင်ဗျား ဒီမှာရောက်နေခဲ့တာပေါ့ ဒိုရာလွှင်'

ဒိုရာလွှင်က မျက်ခုံးကလေးတစ်ဖက်ချီကာ ကိုရန်ကင်းအား ကြည့်လိုက်သည်။

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲရှင့်'

မော်တင်က ဖုန်းဆက်ပြီးသွားကာ ဖုန်းကို သူ့နေရာတွင် ပြန်ထားလိုက်ပြီး ကိုရန်ကင်းနှင့် ဒိုရာလွှင်အနီးသို့ လျှောက်လာကာ ဆိုဖာရှည်ကြီးတစ်လုံးတွင် ဝင်ထိုင်လိုက်၏။

ကိုရန်ကင်းက သူ့ဘက်သို့ လှည့်ကြည့်လိုက်ရာ မော်တင်က ခေါင်းညိတ်ပြလိုက်သည်။

'အစ်ကိုကြီးတို့ ပြောနေကြတာတွေကို ကျွန်တော် နားတစ်ဖက်စွင့်ထားခဲ့ပါတယ်၊ ဆက်သာမေးပါ အစ်ကိုကြီး'

ကိုရန်ကင်းက ဒိုရာလွှင်ဘက်သို့ ပြန်လှည့်လိုက်သည်။

'ကဲ… ဒိုရာလွှင်၊ ဖြစ်ပျက်ပုံကို အစအဆုံး ပြန်ပြောပြရင် ကောင်းမယ်ထင်တယ်'

ဒိုရာလွှင်က ပင့်သက်တစ်ချက်ရှိုက်လိုက်ကာ ကုလားထိုင်ပေါ်တွင် သူမ၏ကိုယ်ကို အသာရွှေ့ထိုင်လိုက်သည်။ ပြီးတော့ ဒူးချင်းချိတ်လိုက်ရာ ထဘီစက အပေါ်သို့ ပင့်တက်သွားပြီး ဖြူဝင်းသော ခြေသလုံးသားကလေးက ပေါ်လာ၏။

'အေးရှင်… ကျွန်မတော့ ဘယ်လိုပြောရမှန်းတောင်



www.burmeseclassic.com

www.burmeseclassic.com



မသိတော့ပါဘူး။ တိုက်ကတုံးပေါ်မှာတုန်းက ကျွန်မဟာ ကိုယ့်ကိုယ်ကို ဘာဖြစ်မှန်းတောင် မသိခဲ့ပါဘူးရှင်'

မော်တင်က ကိုရန်ကင်းကို မျက်ခုံးတစ်ဖက်ပင့်၍ ကြည့်လိုက်သည်။ သူတို့နှစ်ယောက်စလုံးက ဘာမှ မပြောကြ။ ဒိုရာလွှင် စကားဆက်မည်ကိုသာ စောင့်နေလိုက်ကြသည်။

'အင်း… အစက ပြောရမယ်ဆိုရင် ကျွန်မတို့ဒီအထဲမှာ ရှိနေတုန်း အပြင်က တံခါးလာခေါက်တယ်ရှင့်၊ ကျွန်မတို့ထင်တာက စတိုးဆိုင်က ကောင်ကလေး ကျွန်မတို့ မှာထားတဲ့ အရက်ပုလင်းလာပို့တာပဲပေါ့'

'အဲဒါ ဘယ်တုန်းကလဲ'

'ဘယ်အချိန်လဲလို့ မေးတာလား'

ကိုရန်ကင်းသည် ဒိုရာလွှင်အား စိတ်တိုမိသလို ဖြစ်လာသည်။ သူမသည် တကယ်ပဲ ထုံအလေသလား၊ သို့မဟုတ် ထုံအချင်ယောင် ဆောင်နေတာများလား။

'ဟုတ်တယ်၊ တံခါးလာခေါက်တာ ဘယ်အချိန်တုန်းကလဲလို့ ကျွန်တော် မေးနေတာပါ'

'အဲ… ကိုရဲသန်း အသတ်မခံရမီကလေးကပဲပေါ့ရှင်'

'အချိန်အတိအကျ ပြောမပြနိုင်ဘူးလား'

ဒိုရာလွှင်က မသိမသာ မျက်မှောင်ကလေး ကုပ်လိုက်သည်။

'အဲ… ၁၂ နာရီမထိုးမီ ၁၀ မိနစ်လောက်ပဲ ထင်ပါရဲ့ရှင်၊ ကိုရဲသန်းက သူဝယ်နေကျ စတိုးဆိုင်ကို ဖုန်းဆက်ပြီး ဂျင်တစ်လုံးပို့ပေးဖို့ မှာထားတော့ တံခါးလာခေါက်တဲ့အခါမှာ စတိုးဆိုင်က လာပို့နေကျ ကောင်ကလေးပဲလို့ ကျွန်မတို့က ထင်မိ





တာပေါ့လေ'

'ဟုတ်ပြီ၊ တံခါးလာခေါက်တော့ ကိုရဲသန်းက ဘယ်မှာလဲ'

'ဒီမှာပဲပေါ့ရှင်၊ ကျွန်မ အခုထိုင်နေတဲ့ ကုလားထိုင်မှာပဲ ထိုင်နေပါတယ်'

ဒိုရာလွှင်က သူမ၏ ကုလားထိုင်လက်ရန်းကို ပုတ်ပြလျက် ပြန်ဖြေလိုက်သည်။

'ကောင်းပြီ၊ ခင်ဗျားကကော'

'ကျွန်မကလည်း ဒီအခန်းထဲမှာပေါ့ရှင်'

'ခင်ဗျား ခုနကပြောတော့ ခင်ဗျားဟာ အိပ်ခန်းထဲမှာ ရှိနေတယ်ဆို'

'အဲဒါက နောက်မှပါ၊ တံခါးလာခေါက်တော့ ကျွန်မက ကိုရဲသန်းနဲ့ အတူတူရှိနေခဲ့တာရှင့်'

ဒိုရာလွှင်သည် စကားကို ခေတ္တရပ်နားကာ ကိုရန်ကင်းအား အကဲခတ်သည့် အမူအရာဖြင့် ကြည့်လိုက်သည်။ သူမသည် တစ်စုံတစ်ရာကို ပြောရကောင်းမည်လားဟု ချင့်ချိန်နေပုံရ၏။ ပြီးမှ သူမသည် စိတ်ဆုံးဖြတ်လိုက်ဟန်ဖြင့် စကားဆက်ပြန်သည်။

'ဒီမှာ… ဘာဖြစ်တယ်ဆိုတာကို ကျွန်မက အတိအကျ ပြောပြပါ့မယ်ရှင်၊ မပြောရင် ရှင်တို့က ကျွန်မကို သံသယဖြစ်နေကြမှာ မဟုတ်လား'

ကိုရန်ကင်းက နှုတ်မှ ပြန်မဖြေဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

'ဒီလိုဆိုလည်း ကျွန်မပြောပြပါ့မယ်၊ ရှင်တို့က ကျွန်မကို အထင်သေးသွားရင်လည်း မတတ်နိုင်ဘူး၊ ကိုရဲသန်းနဲ့ ကျွန်မဟာ



www.burmeseclassic.com

www.burmeseclassic.com



အတော့်ကို ရင်းနှီးပါတယ်၊ အဲ… တံခါးလာခေါက်တော့ ကျွန်မ ကိုယ်မှာ အဝတ်အစားဆိုလို့ ထဘီတစ်ထည်သာ ရှိတယ်ရှင့်'

ကိုရန်ကင်းက မျက်နှာကို ခပ်တည်တည်ပင်ထားကာ ခေါင်းညိတ်ပြလိုက်ပြန်သည်။ ဒိုရာလွင်သည် ကိုရန်ကင်းက ဘယ်လိုမှ မှတ်ချက်မချသည်ကို ကျေးဇူးတင်သွားဟန်ဖြင့် စကားဆက်ပြန်၏။

'အဲ… တံခါးလာခေါက်တော့ အရက်မှာထားတာ လာပို့တာပဲလို့ ကျွန်မတို့ကထင်ပြီး၊ ကျွန်မက အိပ်ခန်းထဲမှာ ဝင်နေလိုက်တယ်၊ ကောင်လေးက ကျွန်မကို တွေ့မသွားရအောင်ပေါ့လေ၊ ကိုရဲသန်းခများကတော့ တံခါးသွားဖွင့်ပေးတာပေါ့'

'ကိုရဲသန်း တံခါးသွားဖွင့်ပေးတာကို ခင်ဗျား အိပ်ခန်းထဲက တွေ့ရနိုင်သလား'

'ဟင့်အင်း မတွေ့ရပါဘူး'

'ကောင်းပြီလေ၊ ဆက်ပြောပါဦး'

'ကျွန်မလည်း အိပ်ခန်းထဲရောက်ရော၊ ကိုရဲသန်းက တံခါးသွားဖွင့်ပေးလိုက်သံနဲ့အတူ သေနတ်သံတွေကိုပါ တစ်ပြိုင်နက်တည်းလိုလို ကြားရတော့တာပါပဲရှင်၊ ဒါပေမဲ့ သေနတ်သံတွေက သိပ်တော့ မကျယ်လှဘူး၊ ဖျောက်အိုး အငယ်စားကလေးတွေ ဖောက်သလောက် ရှိပါတယ်၊ ကျွန်မတောင် အစကတော့ သေနတ်သံလို့ မထင်မိပါဘူး၊ ဒါပေမဲ့…'

'ခဏကလေးဗျာ'ဟု ကိုရန်ကင်းက စကားဝင်ဖြတ်လိုက်သည်။ 'သေနတ်သံတွေကို မကြားရခင် ကိုရဲသန်းက ဘာပြောသံများ ကြားရသေးလဲဟင်၊ တံခါးလာခေါက်တဲ့လူကို နှုတ်ဆက်သံ ဒါမှမဟုတ် မေးသံများ ကြားရသေးသလား'





ဒိုရာလွင်က ဦးခေါင်းကလေးကို ယမ်းခါလိုက်သည်။

'ဟင့်အင်း… ကိုရဲသန်းခမျာ စကားတစ်ခွန်းမှတောင် ပြောခွင့် မရခဲ့ရှာပါဘူး'

'နို့… တံခါးလာခေါက်တဲ့လူကကော'

'ဘယ်သူကမှ စကားမပြောပါဘူး၊ ကျွန်မ ကြားရတာက ကိုရဲသန်း တံခါးချက်ဖြုတ်ဖွင့်ပေးလိုက်သံနဲ့ သေနတ်သံတွေပါပဲရှင်၊ သေနတ်သံတွေကလည်း ဖျောက်အိုးကလေးတွေ အတွဲလိုက် ဖောက်သလို ဆက်တိုက်ကြီး ထွက်ပေါ်လာတာရှင့်'

'ကောင်းပြီ၊ သေနတ်သံကြားရပြီးတော့ ခင်ဗျား ဘာလုပ်သလဲ'

'ကျွန်မ… ကျွန်မ ဘာလုပ်ရမှန်း ဘယ်သိမလဲရှင်၊ အသက်ထွက်လုမတတ် ကြောက်လန့်သွားမိတာကတော့ အမှန်ပဲ၊ ကျွန်မ အိပ်ခန်းထဲမှာပဲ မှင်တက်မိပြီး ကျောက်ရုပ်တစ်ခုလို ရပ်နေမိတာပေါ့ရှင်၊ ကိုရဲသန်းကို သေနတ်နဲ့ ပစ်ခတ်သွားတဲ့လူဟာ အိပ်ခန်းထဲကို လိုက်ဝင်လာပြီး ကျွန်မကိုပါ ပစ်သတ်တော့မှာပဲလို့ ထင်မိတာကလားရှင့်'

'ဘာဖြစ်လို့လဲ'

ဒိုရာလွင်က ကိုရန်ကင်းအား မျက်လုံးကလေးများ ပြူး၍ကြည့်လိုက်၏။

'ဘာဖြစ်လို့ရမှာလဲရှင်၊ ဧည့်ခန်းထဲမှာ ဒီလူက ကျွန်မ အဝတ်အစားတွေကို တွေ့ရမှာကိုး၊ ဒီတော့ ကျွန်မတိုက်ခန်းထဲမှာ ရှိနေတာကို ဒီလူ သိရမှာပေါ့၊ သူက ကိုရဲသန်းကို ပစ်သတ်တာ ကျွန်မ တွေ့သွားရပြီး ကျွန်မကိုပါ တစ်ခါတည်း နှုတ်ပိတ်ပစ်လိုက်တော့မှာပဲလို့ ကျွန်မ ထင်မိတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားက ဒီလူလို့ ပြောတယ်၊ ဒီတော့ သေနတ်ပစ်တဲ့လူဟာ ယောကျ်ားတစ်ယောက်လို့ ခင်ဗျားက ဆိုရတာပေါ့၊ ဟုတ်စ'

ဒိုရာလွင်သည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ ခေါင်းကလေးကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

'ဟင့်အင်း… ယောကျ်ားတစ်ယောက်ရယ်လို့ ကျွန်မက အတိအကျ မဆိုလိုပါဘူး၊ ကျွန်မက သူ့ကို တွေ့လိုက်ရတာမှ မဟုတ်တာ၊ ဒါပေမဲ့ ကျွန်မစိတ်ထဲမှာတော့ ယောကျ်ားတစ်ယောက်ပဲလို့ ထင်လိုက်မိတာပေါ့ရှင်'

'ဒါပေမဲ့ ခင်ဗျားက လူသတ်တရားခံကို မတွေ့လိုက်ရ မကြားလိုက်ရဘူးဆိုတော့ သူဟာ မိန်းမတစ်ယောက်လည်း ဖြစ်နိုင်တာပေါ့'

ဒိုရာလွင်က ခေါင်းကလေးကို ဖြည်းညင်းစွာ ညိတ်လိုက်သည်။

'မှန်ပါတယ်၊ မိန်းမတစ်ယောက်လည်း ဖြစ်နိုင်တာပါပဲ'

'ခင်ဗျား ဘယ်လောက်ကြာတော့မှ တိုက်ခေါင်မိုးပေါ်ကို တက်ပြေးခဲ့တာလဲ'

ရုတ်တရက် မော်တင်က ဝင်၍မေးလိုက်ခြင်း ဖြစ်သည်။

'သိပ်မကြာပါဘူး၊ ကျွန်မ အိပ်ခန်းထဲမှာ တစ်မိနစ်နှစ်မိနစ်လောက်ပဲ ကြောက်ကြောက်နဲ့ ရပ်နေမိပြီး ခေါင်မိုးပေါ် တက်ပြေးခဲ့တော့တာပဲ'

'ခေါင်မိုးပေါ် တက်ပြေးခဲ့တယ်ဆိုတော့ ခင်ဗျား ညှိခန်းကို ဖြတ်သွားရမှာပေါ့၊ ညှိခန်းထဲမှာ လူသတ်သမားနဲ့ ခင်ဗျားရင်ဆိုင်တိုးမှာကိုတော့ ခင်ဗျား မကြောက်ခဲ့ဘူးလား ဒိုရာ'





မော်တင်က ထပ်မေးလိုက်ပြန်ခြင်း ဖြစ်သည်။

'ကျွန်မက ညှိခန်းကို ဖြတ်ပြေးတာမှ မဟုတ်တာ၊ ဒီတိုက်က ဘေးမှာ မီးဘေးကြုံရင် အသုံးပြုဖို့ တပ်ထားတဲ့ သံလှေကားတစ်ခု ရှိသေးတယ်လေ၊ ဒါနဲ့ ကျွန်မက အိပ်ခန်းပြတင်းပေါက်က အဲဒီ သံလှေကားပေါ်ကို ကျော်ထွက်ပြီး တိုက်ခေါင်မိုးပေါ် တက်ပြေးတာပေါ့ရှင်'

ဒိုရာလွင်က စကားရပ်လိုက်ကာ နှုတ်ခမ်းကလေးကို ကိုက်ထားလိုက်သည်။ ပြီးမှ စကားဆက်ပြန်သည်။

'တိုက်ခေါင်မိုးပေါ်ရောက်တော့ ကြောက်ကြောက်လန့်လန့်နဲ့ ကျွန်မ ဘာတွေ လုပ်မိတယ်ဆိုတာ မမှတ်မိတော့ပါဘူးရှင်၊ ကျွန်မကလည်း ပကတိ စိတ်ချောက်ချားသွားတာကလား၊ အသံကုန်ပဲ အော်ဟစ်နေမိတာပဲ ထင်ပါရဲ့'

ကိုရန်ကင်းက သူမအား ခေါင်းမှ အကဲခတ်ကြည့်နေလိုက်သည်။ ပြီးမှ မေးခွန်းတစ်ခုကို ထုတ်လိုက်ပြန်သည်။

'ဒါနဲ့ ဒိုရာလွင် ခင်ဗျား အသက်မွေးဝမ်းကျောင်းမှုက ဘာများလဲ'

'ရှင်… ကျွန်မ အသက်မွေးဝမ်းကျောင်းမှု ဟုတ်လား'

'ခင်ဗျားမှာ အလုပ်ရှိသလား၊ ရှိရင် ဘာအလုပ်လုပ်သလဲ'

ကိုရန်ကင်းက, စိတ်ရှည်လက်ရှည်ပင် ထပ်မေးလိုက်သည်။

'ဩော်… ကျွန်မ အလုပ်လား၊ ကျွန်မက အဲ… ရုပ်ရှင်ထဲမှာဆိုပါတော့ရှင်၊ ရုပ်ရှင် နှစ်ကားသုံးကားမှာ အရံမင်းသမီးအဖြစ်နဲ့ ပါဖူးပါတယ်၊ ရုပ်ရှင်မင်းသမီးဖြစ်ဖို့ ကြိုးစားနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုကြပါစို့ရှင်'

'ခင်ဗျားအသက်ကကော ဘယ်လောက်ရှိပြီလဲ'

'ဆယ့်ကိုးနှစ်ရှိပါပြီ၊ ဘာဖြစ်လို့ မေးတာလဲရှင့်'

'ခင်ဗျား အရင်က ရဲအဖွဲ့လက်ထဲကို ရောက်ဖူးသလား'

'အို... ဘယ်ကလာ ရောက်ဖူးရမှာလဲရှင်၊ ရှင်က ကျွန်မကို ဘယ်လိုမိန်းမစားမျိုး ထင်နေလို့လဲ'

ဒိုရာလွင်က ရုတ်တရက် ခံပြင်းသွားသော အမူအရာကလေးဖြင့် ပြန်ပြောလိုက်သည်။

'ခင်ဗျားက ဘယ်ဇာတိလဲ၊ အရင် ဘယ်မှာနေခဲ့သလဲ'

'ကျွန်မ ရန်ကုန်ဇာတိ မဟုတ်ဘူးလို့ ရှင်က ဆိုချင်တာပေါ့လေ'

'ခင်ဗျား နယ်ကလာတာ မဟုတ်ဘူးလား'

ဒိုရာလွင်က ခေါင်းကလေးကို ဖြည်းညင်းစွာညိတ်ပြလိုက်သည်။

'ကျွန်မဇာတိက ပုသိမ်ကပါ၊ အဲဒါ ဘာဖြစ်သလဲရှင်'

'ခင်ဗျား ရန်ကုန်မှာရောက်နေတာ ဘယ်လောက် ကြာပြီလဲ'

'တစ်နှစ်ကျော်သွားပါပြီ'

ဦရန်ကင်းက မော်တင်အား လှမ်းကြည့်လိုက်ပြန်သည်။

'မော်တင် မင်း အနီးအနားက တိုက်ခန်းတွေကို သွားမေးကြည့်ပါဦးလားကွ၊ အနီးအနားတိုက်ခန်းက လူတွေအထဲမှာ လူသတ်တရားခံကို တွေ့ချင် တွေ့လိုက်ရတဲ့လူ ရှိချင် ရှိနေမယ်'

'အနီးအနားက တိုက်ခန်းတွေထဲမှာ ဘယ်သူမှ မရှိပါဘူး'





ဒိုရာလွင်က ဝင်၍ ပြောလိုက်ခြင်းဖြစ်သည်။ ကိုရန်ကင်းက သူမအား မျက်ခုံးများပင့်လျက် ကြည့်လိုက်၏။

'ဒီတိုက်ကြီး တစ်တိုက်လုံးမှာ တခြားနေတဲ့လူတွေ မရှိတော့ဘူး ဟုတ်လား'

'ဒီတိုက်မှာ ကိုရဲသန်းတစ်ယောက်တည်း နေနေတာရှင့်'

'တခြားတိုက်ခန်း အငှားတွေကော မရှိတော့ဘူးလား'

'အို... ဒီတိုက်က တိုက်ခန်းငှားထားတာမှ မဟုတ်တာ၊ ဒီလိုရှင့်၊ ဒီတိုက်ကို အဘွားကြီးတစ်ယောက်ပိုင်တယ်၊ သူဋ္ဌေးမကြီးပဲဆိုပါတော့၊ အခု အဘွားကြီးက အိန္ဒိယနဲ့ သီဟိုဠ်ကို ဘုရားဖူးသွားနေတယ်၊ အဘွားကြီးက မိန်းမတစ်မျိုးကြီးရှင့်၊ ဒီတိုက်ခန်းကို ပြင်ဆင်ထားတာကိုပဲ ကြည့်တော့လေ'

ဒိုရာလွင်က လက်တစ်ဖက်ကို ဝှေ့ယမ်းပြလိုက်သည်။

'အဘွားကြီးရဲ့ နာမည်က ဘယ်သူတဲ့လဲ'

'အဲဒါတော့ ကျွန်မလည်း မသိဘူး၊ ကိုရဲသန်းကတော့ အဘွားကြီးလို့သာ ခေါ်တာပဲ၊ အဘွားကြီးက သူ့ကို ဒီတိုက်ခန်း အလကား ပေးထားတာတဲ့၊ ဒီတိုက်ကြီးတစ်တိုက်လုံးကို ကိုရဲသန်းက စောင့်ကြည့်ပေးနေရတာဆိုပါတော့ရှင်'

ကိုရန်ကင်းက မှတ်စုစာအုပ်မှ စာရွက်အလွတ် တစ်ရွက်တွင် သေသူ ကိုရဲသန်း၏ နာမည်ကို ရေးမှတ်လိုက်ပြန်သည်။

'ကဲ... ကိုရဲသန်းအကြောင်းကို ကျွန်တော်တို့ သိပါရစေဦး၊ သူ့မှာ အိမ်ထောင်ရှိသလား'

'မရှိပါဘူး'

'အရင်ကကော ရှိဖူးသလား'

'ကျွန်မ သိသလောက်တော့ မရှိခဲ့ဖူးပါဘူး၊ သူက



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လို့ ပြောတာ ကျွန်မတစ်ခါမှ မကြားဖူးဘူး'

'အခု သူ အသတ်ခံရကြောင်းကို ကျွန်တော်တို့က ဘယ်သူ့ကို ဘာအသိပေးရမလဲ၊ သူ့ရဲ့ အနီးကပ်ဆုံး ဆွေမျိုးက ဘယ်သူလဲ'

ဒိုရာလွင်က ခေါင်းကို ယမ်းခါလိုက်ပြန်၏။

'သူ့မှာ ဆွေမျိုးဉာတိဆိုလို့ တစ်ယောက်မှ မရှိဘူး၊ သူဟာ လောကကြီးထဲမှာ တစ်ကောင်ကြွက်စစ်စစ်ပဲလို့ ကျွန်မကို ပြောဖူးတဲ့ယ်၊ သူ့မိဘတွေက ဆုံးကုန်ပြီတဲ့၊ ညီအစ်ကိုမောင်နှမလည်း တစ်ယောက်မှ မရှိဘူးတဲ့'

'သူကကော ဘာအလုပ်လုပ်သလဲ'

'သူကလည်း ရုပ်ရှင်ထဲကပဲ'

ကိုရန်ကင်းက မျက်ခုံးတစ်ဖက် ပင့်လိုက်၏။

'ရုပ်ရှင်ထဲကဆိုတာက ဘယ်လိုလဲ၊ သူက ရုပ်ရှင်ထဲမှာ ဘာလုပ်သလဲ'

'သူက အရံမင်းသားပဲဆိုပါတော့၊ ကာရိုက်တာရိုးလ်တွေမှာ အများအားဖြင့် ပါရတယ်'

'သူ့နာမည်ကို ကျွန်တော်တို့တော့ မကြားဖူးပါကလားဗျာ'

မော်တင်က ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

'သူက အခုတစ်လော ရုပ်ရှင်ထဲမှာ မပါခဲ့ရတာ ကြာပြီလေ၊ နယ်လှည့်ပြဇာတ်တွေမှာသာ ခေါင်းဆောင်မင်းသားအဖြစ်နဲ့ လျှောက်လိုက်နေခဲ့ရတယ်ရှင့်၊ ဒါပေမဲ့ အခုတော့ ရုပ်ရှင်ကားတစ်ကားမှာ သူက ဒုတိယခေါင်းဆောင် မင်းသားအဖြစ်နဲ့ ပါရတော့မယ်လေ၊ အဲဒီ ရုပ်ရှင်ကားက ကန်တော့ပွဲတောင် ပေးပြီးလို့





စ,ရိုက်တော့မှာရှင့်၊ သူက ကျွန်မလည်း ပါရဖို့ ကြိုးစားခဲ့ရှာပါသေးတယ်၊ ဒါပေမဲ့ မရခဲ့ပါဘူးရှင်'

'ဒီမတိုင်မီကကော သူ ရုပ်ရှင်တွေမှာ မပါခဲ့ရတာ ကြာပြီပေါ့'

ဒိုရာလွင်က မေးလိုက်သော မော်တင်အား ခေါင်းကလေး ညိတ်ပြလိုက်၏။

'ဟုတ်ကဲ့၊ ရုပ်ရှင်နယ်ဆိုတာကလည်း အခက်သားကလားရှင်၊ ပညာ ဘယ်လောက်ရှိရှိ မတည့်ရင် မနှာလိုရင် ဝိုင်းနှိမ်တတ်ကြတာရှင့်၊ ကိုရဲသန်းဟာ အနုပညာရှိပေမယ့် လူတကာက သူ့ကို ဝိုင်းမနှာလိုဖြစ်ပြီး အခွင့်အရေးမပေးဘဲ ပိတ်ပင်ထားခဲ့ကြတာပဲ၊ အခု ရုပ်ရှင်ကားကျမှ သူ့အတွက် အခွင့်အရေး ရခဲ့တာပဲ'

'သူ အလုပ်မလုပ်ခဲ့ရတာ ကြာပေမယ့် သူဟာ ငွေကြေးတော့ တော်တော်ရွှင်ပုံရပါကလား'

'ဟုတ်တယ်လေ၊ သူ့မှာ ငွေကတော့ အလုံအလောက်ရှိနေပါတယ်'

'ကြည့်ရတာက ငွေကြေး လုံလောက်ရုံထက် ပိုနေပါသေးတယ်လေ'

မော်တင်က တိုက်ခန်းကို လက်တစ်ဖက်ယမ်းလျက် မှတ်ချက်ချလိုက်သည်။

'ငွေဆိုတာ လောက်တာထက် ပိုတယ်လို့များ ရှိသေးလို့လားရှင်'

'ထားပါတော့၊ သူက ဒီငွေတွေကို ဘယ်ကရသလဲ၊ သူ့မှာ တခြား ငွေဝင်လမ်း ဘာရှိသလဲ'

ကိုရန်ကင်းက ဝင်မေးလိုက်ပြန်ခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတော့ ကျွန်မလည်း မပြောတတ်ဘူးလေ၊ သူ့မှာ တခြားငွေဝင်လမ်းကတော့ ရှိရမှာပဲ၊ ကျွန်မ သိသလောက်က တော့ သူဟာ ငွေကို တော်တော် သုံးနိုင်တယ်၊ အဝတ်အစားတွေ ဆို အကောင်းဆုံး ဝယ်တတ်တယ်၊ အရက်ဆိုလည်း အကောင်း စားမှသောက်တယ်၊ ဒီတော့ ဒီလိုသုံးနိုင်ဖို့ ငွေတွေကို သူတစ် နေရာရာက ရနေရမှာပေါ့ရှင်၊ မဟုတ်ဘူးလား'

'ဟုတ်ပြီ၊ သူ ဘယ်နေရာက ဒီငွေတွေ ရနေတယ်ဆို တာကို ခင်ဗျား မသိဘူးလား ဒိုရာလွင်'

ဒိုရာလွင်က လက်ကလေးနှစ်ဖက် ဖြန့်ပြလိုက်သည်။

'ဒါတော့ ကျွန်မလည်း ဘယ်ပြောတတ်မှာလဲရှင်၊ သူက ကျွန်မကို ဘာမှ ပြောပြခဲ့တာမှ မဟုတ်တာ'

'အရက်ဆိုလို့ ခင်ဗျားတို့ စတိုးဆိုင်က မှာထားတဲ့ အရက် ကို အခုထက်ထိ လာမပို့သေးပါလား၊ ခင်ဗျားတို့မှာတဲ့ စတိုးဆိုင် က ဘယ်ဆိုင်လဲ'

ကိုရန်ကင်းက ဒိုရာလွင်အား မေးလိုက်ပြန်ခြင်းဖြစ်သည်။

'မြစတိုးပါ'

'ဖုန်းနံပါတ်ကော သိသလား'

'သိပါတယ်'

ဒိုရာလွင်က ဖုန်းနံပါတ်ကို သွက်လက်စွာပင် ပြောပြ လိုက်သည်။ မော်တင်က ကိုရန်ကင်းအား ခေါင်းညိတ်ပြလိုက် ပြီး၊ ဖုန်းရှိရာသို့ လျှောက်သွားကာ ခုနကနည်းအတိုင်း မ,ယူလျက် ဒိုရာလွင်ပြောသော နံပါတ်ကို ဒိုင်ခွက်တွင် လှည့်လိုက်သည်။

'ဟလို... မြစတိုးကလား၊ အခု စကားပြောနေတာ ဗဟိုမှုခင်း စစ်ဆေးရေးက စုံထောက်အရာရှိ မော်တင်ပါ၊ ခုန





ခပ်စောစောက ကိုရဲသန်းဆိုတဲ့ လူက ခင်ဗျားတို့ စတိုးကိုတယ်လီ ဖုန်းဆက်ပြီး အရက်ပုလင်းတစ်လုံး လာပို့ဖို့ မှာထားတယ်လို့ သိရတယ်၊ အဲဒါ လာပို့ပြီးပြီလား၊ ပို့ပြီးရင် လာပို့တဲ့လူနဲ့ ကျုပ် စကားပြောချင်ပါတယ်၊ ဗျာ... မပို့ရသေးဘူး၊ ဟုတ်လား၊ အင်း... အင်း... ဒီလိုဆိုလည်း လာပို့ဖို့ မလိုတော့ပါဘူး၊ ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်'

မော်တင်က တယ်လီဖုန်းကို ပြန်ချထားလိုက်ကာ ကိုရန် ကင်းအား လှမ်းကြည့်ပြီး သူ့ပခုံးကို တွန့်ပြလိုက်သည်။

'ဆိုင်မှာ လူအားမရှိလို့ အခုထက်ထိ လာမပို့ရသေးဘူး တဲ့ အစ်ကိုကြီး၊ ခါတိုင်း အပြင်ထွက်နေကျ လူက ဒီကနေ့ နေ မကောင်းလို့ ဆိုင်ကို မလာဘူးတဲ့'

'ဒီလိုဆိုလည်း ပြီးတာပေါ့ကွာ၊ ကဲ... ဒိုရာလွင်'

ကိုရန်ကင်း၏ စကားကို ရုတ်တရက် မြည်လာသော တယ်လီဖုန်း ခေါင်းလောင်းသံက ဖြတ်ပစ်လိုက်သည်။ မော်တင် က နောက်တစ်ခါ တယ်လီဖုန်းဆီသို့ လျှောက်သွားရပြန်၏။

'ဟလို... ဩော်... ဆရာလား၊ ဟုတ်ကဲ့... ဟာ... တယ်မြန်လိုက်ပါကလား ဆရာရဲ့၊ ကိုရဲသန်းက အင်း... ဟုတ်ပြီ ဆရာ၊ မကြွယ်ကြွယ် ဟုတ်ရဲ့... ရတနာဘောဂ အဆောက်အဦ ကျေးဇူးပါပဲ ဆရာ'

မော်တင်က တယ်လီဖုန်းကို ပြန်ချထားလိုက်လျှင် ကိုရန် ကင်းက ၎င်းအား မျက်ခုံးပင့်၍ ကြည့်လိုက်သည်။

'ဦးဘနီဆီကပဲ ဆရာ၊ သူက ဗဟိုကနေချက်ကင်တွေ တတ်နိုင်သမျှ လုပ်ပေးခဲ့တယ်'

'ဦးဘနီဆိုတာက ဘယ်သူလဲရှင်'



www.burmeseclassic.com

www.burmeseclassic.com



ဒိုရာလွှင်က စပ်စပ်စုစု ဝင်မေးလိုက်ခြင်း ဖြစ်သည်။

'ဦးဘနီဆိုတာက ကျွန်တော်တို့ အထက်အရာရှိပဲ၊ ကိုရဲသန်း အသတ်ခံရတဲ့ အမှုကို သူက သက်ဆိုင်ရာရဲဌာနကို တိုင်ပြီးပြီ၊ ပြီးတော့ ခင်ဗျားနဲ့ ကိုရဲသန်းတို့ကိုလည်း သူက သက်ဆိုင်ရာမှာ မှတ်တမ်း ရှိမရှိ ချက်ကင် လုပ်ကြည့်ခဲ့တယ်'

'ချက်ကင် လုပ်ကြည့်တော့ ဘာသိရသလဲကွ'

ကိုရန်ကင်းက မော်တင်အား မေးလိုက်၏။

'ဒိုရာလွှင်ကတော့ ရက်ကော့ဒ် ဘယ်လိုမှ မရှိပါဘူး အစ်ကိုကြီး၊ ကိုရဲသန်းကတော့ တစ်ခါ အဖမ်းခံရဖူးတယ်'

'ဟုတ်လား၊ ဘာမှုနဲ့လဲကွ'

'အမှုကတော့ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ တစ်ခါက သူ့မိန်းမကို ရိုက်မှုနဲ့ အဖမ်းခံရတာပါ'

'ဘာရှင့်၊ ကိုရဲသန်းမိန်းမ ဟုတ်လား'

ဒိုရာလွှင်က တော်တော် အံ့အားသင့်သွားသော အမူအရာဖြင့် ဝင်မေးလိုက်ခြင်း ဖြစ်၏။

'ဟုတ်တယ်၊ သူ့မိန်းမ အဲဒါက ၁၉၅၀ ခုနှစ်တုန်းက အစ်ကိုကြီးရဲ့၊ သူ့မိန်းမနဲ့ သူက သူတို့ တိုက်ခန်းထဲမှာ အကြီးအကျယ် ရန်ဖြစ်ကြပြီး ကိုရဲသန်းက သူ့မိန်းမကို ရိုက်နေတဲ့အတွက် အခန်းနီးနားချင်းတွေက ဂါတ်ကို အကြောင်းကြား အကူအညီတောင်းခံရတယ်၊ ဂါတ်က လိုက်လာတော့ ကိုရဲသန်းဟာ တော်တော်အရက်မူးနေတာကို တွေ့ရတယ်၊ လိုက်လာတဲ့ ရဲအုပ်ကိုလည်း လက်သီးနဲ့ထိုးခဲ့လို့ ဂါတ်မှာ ဖမ်းအချုပ်ခံခဲ့ရတယ်၊ ဒါနဲ့ သူဟာ ရက်ကော့ဒ်ထဲ ရောက်လာခဲ့ရတာပဲ၊ သူ့ကို ရုံးတင်တော့ ဒဏ်ရိုက်ခံခဲ့ရတယ်တဲ့ အစ်ကိုကြီး'



'သူ့မိန်းမဆိုတာက ဘယ်သူတဲ့လဲရှင့်'

ဒိုရာလွှင်က မနေသာလို့သကလေးနှင့် ဝင်မေးလိုက်သည်။ မော်တင်က သူမအား ဂရုမစိုက်ဘဲ ကိုရန်ကင်းကိုသာ ဆက်ပြောလိုက်သည်။

'ဦးဘနီက ကိုရဲသန်းမှာ မိန်းမရှိကြောင်းကိုလည်း သိရရော နောက်ထပ် ချက်ကင်လုပ်ကြည့်တော့ အဲဒီ မိန်းမနာမည်က ကြွယ်ကြွယ်ဆိုတာရယ်၊ သူဟာ ကိုရဲသန်းနဲ့ကွာပြီး ဦးအောင်မင်း ဆိုတဲ့ ကန်ထရိုက်တာ တစ်ယောက်နဲ့ ထပ်အိမ်ထောင်ပြုခဲ့ပြီး အခု ဦးအောင်မင်းနဲ့လည်း ကွဲနေတယ်ဆိုတာကို သိခဲ့ရတယ်၊ အခုတော့ သူဟာ ရတနာဘောဂ အဆောက်အဦက တိုက်ခန်း တစ်ခန်းမှာ နေနေတယ်တဲ့'

'ရက်ကော့ဒ်ထဲမှာ ကိုရဲသန်းဟာ သူ့မယားကို ရိုက်မှုကလွဲလို့ တခြား ဘာမှုမှ မရှိဘူးပေါ့'

မော်တင်က ခေါင်းကို ယမ်းခါပြလိုက်၏။ ကိုရန်ကင်းက သူ့မှတ်စုစာအုပ်ထဲတွင် ကြွယ်ကြွယ်၏ နာမည်နှင့် ရတနာဘောဂ အဆောက်အဦ အမည်တို့ကို ဖြည့်စွက်ရေးသားလိုက်ပြန်သည်။ ပြီးမှ သူက ဒိုရာလွှင်အား မော့ကြည့်လိုက်၏။

'ဒီမှာ ဒိုရာလွှင်၊ ကိုရဲသန်းမှာ အခုတလော ရှုပ်ရှုပ်ယှက်ယှက်ကိစ္စတွေများ တွေ့နေခဲ့သလား'

'အို… သူက ဘာဖြစ်လို့ ရှုပ်ရှုပ်ယှက်ယှက်ကိစ္စတွေ တွေ့နေရမှာလဲရှင့်၊ သူဟာ လူကောင်းတစ်ယောက်ပါ'

'ကိုရဲသန်းဟာ အခုတလော ခါတိုင်းထက်ကော အမူအရာ ထူးခြားခဲ့သလား၊ ဥပမာ စိတ်အနှောင့်အယှက် တစ်ခုခု တွေ့နေခဲ့ပုံရသလား'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ သိရသလောက်တော့ သူ့မှာ ဒိတ်အနှောင့်အယှက်တွေ့စရာ အကြောင်း ဘာမှမရှိခဲ့ပါဘူးရှင်၊ သူ့အမှုအရာကလည်း ခါတိုင်းလိုပါပဲ'

'သူ့မှာ ရန်သူများကော ရှိသလား'

သည်တစ်ခါတော့ ဒိုရာလွင်က ရုတ်တရက် ပြန်မဖြေဘဲ ခပ်ဆိုင်းဆိုင်းကလေး ဖြစ်သွား၏။ ပြီးမှ…

'ရန်သူရယ်လို့ မပြောနိုင်ပါဘူး၊ ဒါပေမဲ့ ဆရာမိုးညွန့်နဲ့တော့ သိပ်မတည့်ခဲ့ဘူးရှင့်'

ကိုရန်ကင်းက မျက်ခုံးတစ်ဖက် ပင့်လိုက်၏။

'ဆရာမိုးညွန့်ဆိုတာက ဘယ်သူလဲ'

'ကျွန်မ ခုနက ပြောခဲ့တယ် မဟုတ်လား၊ ကိုရဲသန်းဟာ ရုပ်ရှင်ကား တစ်ခုထဲမှာ ဝင်ပါရမယ်လို့။ ဆရာမိုးညွန့်ဆိုတာက ဒီကားရဲ့ ရုပ်ရှင်ဇာတ်ညွှန်းကိုရေးတဲ့ စာရေးဆရာပေါ့၊ သူတို့နှစ်ယောက် ဘာကြောင့်မတည့်ကြဘူးဆိုတာကိုတော့ ကျွန်မလည်း အတိအကျ မသိပါဘူး၊ တစ်နေ့မှာ ကိုရဲသန်းက တယ်လီဖုန်းနဲ့ စကားပြောနေရင်းနဲ့ အဲဒီ ဆရာမိုးညွန့်ကို အဲ… ဆဲနေတာ ကျွန်မ ကြားခဲ့ရတယ်။ ဆဲတာကတော့ ပက်ပက်စက်စက်ကို ဆဲတာပဲရှင်၊ ကိုရဲသန်း ဒါလောက် ဒေါသထွက်နေတာကို ကျွန်မ တစ်ခါမှ မတွေ့ဖူးသေးဘူး'

ဒိုရာလွင်က ပြောပြောဆိုဆို နှုတ်ခမ်းကလေးများကို ပြုံးယောင်ယောင် တွန့်လိုက်၏။

'နောက်ကော ရှိသေးသလား'

'ဘာရှိတာလဲရှင်'

'ကိုရဲသန်းနဲ့ မသင့်မမြတ် ဖြစ်နေတဲ့လူလေ'





ဒိုရာလွင်သည် ခေတ္တမျှ တွေတွေကလေး ဖြစ်သွား၏။ သူမသည် ကိုရန်ကင်းကို တစ်လှည့်၊ မော်တင့်ကိုတစ်လှည့် ကြည့်လိုက်ပြီး၊ နောက်မှ နှုတ်ခမ်းကလေးများကို မဲ့ပြုံးပြုံးလိုက်၏။

'အင်း… ကိုယောဟန်ကို ထည့်တွက်မယ်ဆိုလည်း တွက်နိုင်တာပါပဲလေ၊ ဒါပေမဲ့ ဒီလူကတော့ တော်တော်ကိုတုံးတဲ့ လူပါပဲရှင်'

ကိုယောဟန်ဆိုသော လူကို ထည့်တွက်ရခြင်းမှာ ဒိုရာလွင်အတွက်တော့ ရယ်စရာကောင်းနေဟန် တူသည်။

'ဘယ်လောက်ပဲ တုံးတဲ့လူဖြစ်ဖြစ် လူကတော့ သတ်နိုင်တာပဲဗျ၊ ကဲ… ဆိုစမ်းပါဦး၊ ဒီ ကိုယောဟန်နဲ့ ကိုရဲသန်းက ဘယ်လိုသက်ဆိုင်တာလဲ'

ကိုရန်ကင်းက ဒိုရာလွင့်အား စိတ်ဝင်စားစွာ မေးလိုက်သည်။

'အို… ကိုယောဟန်တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးရှင်၊ ဒီလူ့လို ဘုရားရှူး ကျမ်းစာရူးက…'

'ပြောစမ်းပါဦးလေ၊ ကိုရဲသန်းနဲ့ ဒီကိုယောဟန်က ဘယ်လိုများ မသင့်မမြတ် ဖြစ်နေခဲ့တာလဲ'

ဒိုရာလွင်က ခဏနဲ့ တစ်ချက်ရယ်လိုက်ပြီးမှ ပြန်ဖြေ၏။

'ကျွန်မနဲ့ ပတ်သက်နေလို့ပေါ့ရှင့်၊ ကိုယောဟန်က ကျွန်မတို့ ပုသိမ်ကပဲရှင့်၊ ပုသိမ်တုန်းကတော့ သူနဲ့ ကျွန်မက တော်တော်ရင်းနှီးခဲ့ကြပါတယ်၊ သူက ကျွန်မကို အဲ… တစ်ဖက်သတ် စွဲလမ်းနေတယ်ဆိုပါတော့ရှင်'

ဒိုရာလွင်က မျက်တောင်များကို ဟန်မူပါပါ တဖျပ်ဖျပ် ခပ်လိုက်သည်။ ပြီးမှ စကားဆက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



'လွန်ခဲ့တဲ့ နှစ်လကတော့ ဘိုးစောက ရန်ကုန်ကို လိုက်လာတယ်လေ၊ သူက ခရစ်ယာန်ရှင့်၊ သူ လောကမှာ စိတ်ဝင်စားတာက နှစ်ခုပဲရှိတယ်။ သူ့ရဲ့ သမ္မာကျမ်းစာအုပ်နဲ့ အလေးမ,ဖို့ ပါပဲ၊ အဲဒါ သူက သူ့သမ္မာကျမ်းစာအုပ်ကို ပိုက်ပြီး ကျွန်မကို ဒုစရိုက်လောကက ကယ်တင်ရအောင်ဆိုပြီး လိုက်လာတာတဲ့လေ၊ ကြည့်စမ်းပါဦးရှင်၊ ဘယ်လောက်များ ကြောင်လိုက်တဲ့လူလဲဆိုတာ၊ သူက ကျွန်မ ရန်ကုန်မြို့ကြီးမှာ လာနေတာဟာ ဒုစရိုက်လောကထဲမှာ ကျင်လည်နေတယ်လို့ ထင်နေတာကလား၊ သူ့ရည်ရွယ်ချက်က ကျွန်မကို သူနဲ့အတူ ပုသိမ်ပြန်ခေါ်သွားပြီး ကျွန်မကို ကယ်တင်တဲ့အနေနဲ့ လက်ထပ်ယူမတဲ့လေ··· ဟင်း··· လာပဲလာချေသေးတော့'

ဒိုရာလွင်က သူ့အပေါ် စေတနာထားရှာသော ရည်းစားဟောင်း ကိုယောဟန်ဆိုသည့်လူကို တကယ့်လူကြောင်ကြီး တစ်ယောက်ဟု ယူမှတ်ထားပုံရလေသည်။

'ဒီလိုဆိုရင် ဒီကိုယောဟန်က ခင်ဗျား ကိုရဲသန်းနဲ့ရင်းရင်းနှီးနှီး အပေါင်းအသင်း လုပ်နေတာကို သဘောမကျဘူး ဆိုပါတော့'

ကိုရန်ကင်းက စကားထောက်ရင်း ဝင်မေးလိုက်သည်။

'ဟုတ်လိုက်လေရှင်၊ ကိုယောဟန်က သဘောမကျရုံတင် မကဘူး၊ ဆတ်ဆတ်ခါ ဖြစ်နေတာရှင့်၊ ကိုရဲသန်းနဲ့ ကျွန်မပေါင်းနေတာဟာ ငရဲပြည်ကို သွားနေတာပဲလို့ သူက မှတ်ယူထားနေတာ၊ သူဟာ တကယ်တော့ ဘာသာရေးရူးကြီး တစ်ယောက်ပဲပေါ့ရှင်၊ သူတစ်ယောက်သာ ကောင်းကင်ဘုံကို သွားရပြီး ကျန်လူတွေကတော့ ငရဲလားရမယ်ဆိုတဲ့ လူစားမျိုးပေါ့ရှင်၊ ဒါကြောင့်





လူကြောင်ကြီးသက်သက်ပါလို့ ကျွန်မက ပြောတာပေါ့'

'သူက ကိုရဲသန်းကို ခြိမ်းခြောက်ခဲ့သေးသလား'

မော်တင်က ဝင်မေးလိုက်ခြင်းဖြစ်သည်။

'ဟင့်အင်း··· ခြိမ်းခြောက်တာရယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ တစ်နေ့မှာတော့ ကျွန်မနဲ့ ကိုရဲသန်းကို လမ်းပေါ်မှာ ဖြတ်တားပြီး လူပုံအလယ်မှာ အော်ကျယ်အော်ကျယ်နဲ့ တရားဟောတော့တာပဲရှင်၊ သူက ကိုရဲသန်းကို အပြစ်ကင်းစင်တဲ့ မိန်းကလေးတစ်ယောက်ကို မကောင်းမှုလုပ်ဖို့ သွေးဆောင်ဖြားယောင်းနေတဲ့ မာရ်နတ်ဆိုးကြီးရဲ့ တပည့်တဲ့၊ ငရဲကိုသွားရမှာ မကြောက်ဘူးလားတဲ့၊ ပြီးတော့ သူ့ကျမ်းစာအုပ်ကြီးကို ဖွင့်ပြီး ကျမ်းချက်တွေကို ကိုးကားဖတ်ပြသွားခဲ့သေးတယ်လေ၊ ကိုရဲသန်းခမျာတော့ ဘာပြန်ပြောရမှန်းမသိဘဲ ပါးစပ်အဟောင်းသားကြီး ဖြစ်နေခဲ့တာပေါ့ရှင်၊ ကျွန်မလည်း မျက်နှာကို ဘယ်လိုထားရမှန်း မသိတော့ဘူး၊ သူ့ကို စိတ်ဆိုးလိုက်တာလည်း မပြောပါနဲ့တော့ရှင်၊ ဘေးကလူတွေကလည်း မျောက်ပွဲကျနေတာပဲ၊ ဝိုင်းအုံကြည့်နေလိုက်ကြတာ၊ နောက်ဆုံးတော့ ကျွန်မက သူ့ကို အတင်းတွန်းပစ်ပြီး ကိုရဲသန်းကိုဆွဲလို့ ထွက်ပြေးလာခဲ့ရတယ်ရှင့်'

ကိုရန်ကင်းနှင့် မော်တင်တို့က တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ သည်အတိုင်းဆိုပါက အဆိုပါ ကိုယောဟန်ဆိုသည့် ကျမ်းစာရူး ဘာသာရေးရူးသည် သူ့ချစ်သူအား မကောင်းမှုလုပ်ဖို့ သွေးဆောင်ဖြားယောင်းနေသူဟု သူက မှတ်ယူထားသော ကိုရဲသန်းအား သုတ်သင် ရှင်းလင်းပစ်လိုက်လေသလောဟု စဉ်းစားစရာက အမှန်ဖြစ်ပေါ်လာတော့၏။

'အဲဒီလိုဖြစ်တာက ဘယ်တုန်းကလဲ ဒိုရာလွင်'



www.burmeseclassic.com

www.burmeseclassic.com



'လွန်ခဲ့တဲ့ တစ်ပတ်လောက်ပါပဲ ထင်ပါရဲ့'

'အဲဒီနောက်မှာ ခင်ဗျား ကိုယောဟန်နဲ့ ထပ်တွေ့ရသေးသလား'

'ဟင့်အင်း'

'ကိုယောဟန် အခု ဘယ်မှာနေနေတယ်ဆိုတာကိုကော ခင်ဗျားသိသလား'

မော်တင့်အမေး…

ဒိုရာလွင်က ကိုယောဟန် နေထိုင်သည့်နေရာကို ပြောပြလိုက်သည်။ ဘင်္ဂါလီစု ရပ်ကွက်ထဲမှ လမ်းတစ်လမ်းပင် ဖြစ်သည်။ ကိုရန်ကင်းက ထိုလိပ်စာကို သူ့မှတ်စုစာအုပ်ထဲတွင် ရေးမှတ်လိုက်၏။

'သူ့ဆီမှာ တယ်လီဖုန်းကော ရှိသလား'

'ဘယ်မှာရှိသလဲရှင်၊ သူနေတာက အိမ်တန်းလျားတစ်ခုက အခန်းတစ်ခန်းရှင့်၊ သိပ်ကို အောက်တန်းကျတဲ့ နေရာပါပဲရှင်'

'ဒီလိုဆို ခင်ဗျား အဲဒီကို ရောက်ဖူးပြီးပြီပေါ့'

ဒိုရာလွင်က သွက်လက်စွာ ခေါင်းခါပြလိုက်သည်။

'ဘယ်ကလာ ရောက်ဖူးရမှာလဲရှင်၊ သူ ပြောပြလို့ သိရတာပါ'

ကိုရန်ကင်းက မေးခွန်းထပ်မထုတ်သေးဘဲ မှတ်စုစာအုပ်ထဲတွင် သူ ရေးမှတ်ထားသည်တို့ကို ဖတ်ကြည့်နေလိုက်သည်။ မော်တင်ကတော့ ဒိုရာလွင့်ကိုသာ စိမ်းစိမ်းကြီး စူးစိုက်ကြည့်နေလိုက်သည်။

ဒိုရာလွင်သည် ပါးနှစ်ဖက်တွင် ရတ်တရက် သွေးရောင်လွှမ်းတက်လာရာက မော်တင့်အား မျက်စောင်းကြီးတစ်ချက် ပစ်





ထိုးလိုက်၏။

'ဒီမှာရှင့်၊ ရှင့်လူက ကျွန်မကို ဘာဖြစ်လို့ ဒါလောက်ကြည့်နေရတာလဲ၊ သူက မိန်းကလေးတစ်ယောက်ကို အရင်တုန်းက မမြင်ဖူး မတွေ့ဖူးဘူးလား'

ဒိုရာလွင်က ကိုရန်ကင်းအား ခပ်ငေါ့ငေါ့ကလေး မေးလိုက်သည်။ ထိုအခါကျမှ မော်တင်က ခပ်သဲ့သဲ့ကလေး ပြုံးလိုက်၏။

'မြင်ခဲ့ဖူးပါတယ်ဗျာ၊ ဒါပေမဲ့ ခင်ဗျားကတော့ တော်တော်ကလေး ထူးခြားနေလို့ပါ'

'ထူးခြားတယ် ဟုတ်လား၊ ဘယ်လိုများ ထူးခြားတာတုန်းရှင့်'

'ဩော်… ခင်ဗျားဟာ သိပ်ကို အေးဆေးလွန်းတဲ့ မိန်းမတစ်ယောက်မို့ပါ'

ဒိုရာလွင်က မသိမသာ မျက်မှောင်ကလေး ကုတ်လျှက် မော်တင့်အား ကြည့်လိုက်သည်။

'ရှင်က ဘာဆိုလိုတာလဲ'

'ခင်ဗျားဟာ လွန်ခဲ့တဲ့ နာရီဝက်လောက်တုန်းကတော့ စိတ်တွေ တုန်လှုပ်ချောက်ချားပြီး တိုက်ခေါင်မိုးပေါ်ကနေ တက်အော်နေခဲ့တယ်။ အခုကျတော့ ခင်ဗျားရဲ့အဆက်ဟောင်းအလောင်းကြီးကို ဟိုဘက်ခန်းမှာထားပြီး သူ့အကြောင်းတွေကို အေးအေးဆေးဆေး ကရားရေလွှတ် တတွတ်တွတ် ပြောနေနိုင်တယ်'

'ဟော့… မော်တင် တော်တော့ကွာ'

ကိုရန်ကင်းက ဝင်၍ ဟန့်တားလိုက်ခြင်း ဖြစ်သည်။ တစ်ဆက်တည်းပင် သူက ထိုင်နေရာမှထကာ မှတ်စုစာအုပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို အိတ်ကပ်ထဲ ပြန်ထည့်လိုက်သည်။

'လာကွာ… မော်တင်၊ တို့ ရှာကြည့်ကြရအောင်'

သူတို့နှစ်ယောက်က ဒိုရာလွင့်အား ဧည့်ခန်းထဲတွင်ထားခဲ့ပြီး ကိုရဲသန်း၏ အလောင်းရှိရာ အိပ်ခန်းထဲသို့ ဝင်ခဲ့ကြသည်။

'မင်းက အဝတ်ဗီရိုကြီးကို ရှာကွာ၊ ငါက မှန်တင်ခုံကို ရှာမယ်'

'အပြင်ဂါ ကြမ်းခင်းထားတဲ့ ဖယောင်းပုဆိုးပေါ်မှာ သွေးကွက်တွေ မတွေ့ရတာ တော်တော်ဆန်းတာပဲ အစ်ကိုကြီး'

မော်တင်က အဝတ်ဗီရိုကို ဖွင့်ရှာနေရာမှ ကိုရန်ကင်းအား သူ့စိတ်ထဲတွင် မကျေမနပ်ဖြစ်နေသော အချက်ကို ထုတ်ဖော်ပြောလိုက်သည်။

'သေနတ်နဲ့ လေးချက်တိတိ အပစ်ခံရပြီး အိပ်ခန်းထဲအထိ လျှောက်လာနိုင်တဲ့လူတစ်ယောက်ဟာ သွေးဒါလောက်မှ မထွက်ဘူးတဲ့လားဗျာ'

'အင်တာနယ်ဘလိဒင်း (ကိုယ်တွင်း၌ သွေးထွက်ခြင်း) ဖြစ်ချင် ဖြစ်နိုင်တာပေါ့ မော်တင်ရာ၊ သေနတ်ကျည်ဆန် လေးချက်မှန်ပြီး အိပ်ခန်းထဲအထိ ပြန်လျှောက်နိုင်တယ်ဆိုတာကလည်း ဖြစ်နိုင်ပါတယ်။ နှလုံးထဲမှာ ကျည်ဆန်နှစ်တောင့် ဝင်နေတာတောင် နှစ်မိုင်အထိ လမ်းလျှောက်နိုင်တဲ့ လူတစ်ယောက်ကို ငါ တွေ့ခဲ့ရတာပဲ'

မော်တင်က အဝတ်ဗီရိုကြီး၏အပေါ်တွင် တင်ထားသော ခရီးဆောင် သားရေသေတ္တာကို ဆွဲယူဖွင့်ကြည့်လိုက်ပြီး မူလထားနေရာတွင် ပြန်တင်ထားလိုက်ကာ၊ ဗီရိုတံခါးကို ပြန်ပိတ်လိုက်၏။





'ဘာမှ ထူးထူးထွေထွေ မတွေ့ရဘူး အစ်ကိုကြီးရေ၊ အဝတ်အစားတွေချည်းပါပဲ၊ အစ်ကိုကြီးရဲ့ မှန်တင်ခုံကို ကူရှာပေးရဦးမလား'

'မလိုပါဘူးကွာ၊ မင်း ဧည့်ခန်းမှာ နောက်တစ်ခါ ပြန်ကြည့်ချင် ကြည့်ဦးလေကွာ'

မော်တင်က ခေါင်းညိတ်လိုက်ကာ ဧည့်ခန်းထဲသို့ ပြန်ထွက်သွားသည်။ ကိုရန်ကင်းက မှန်တင်ခုံကြီး၏ အံဆွဲများကို တစ်ခုချင်းဖွင့်၍ ဆက်လက် ရှာဖွေကြည့်ရှုလိုက်၏။ သို့ရာတွင် ရှိနေကျ ပစ္စည်းများမှအပ ဘာမှ ထူးထူးခြားခြား စိတ်ဝင်စားစရာ မတွေ့ရချေ။

ထိုစဉ် မော်တင်၏အသံက ဧည့်ခန်းထဲမှ ထွက်ပေါ်လာသည်။

'အစ်ကိုကြီးရေ… ခဏ'

ကိုရန်ကင်းက ခုတင်ကြီးအောက်သို့ ငုံ့ကြည့်လိုက်သည်။ ခင်းတက်နေသော ကြမ်းပြင်မှအပ အခြား ဘာကိုမှ မတွေ့ရ။ ထို့ကြောင့် မော်တင်ရှိရာ ဧည့်ခန်းသို့ ပြန်ထွက်ခဲ့တော့သည်။

မော်တင်မှာ တိုက်ခန်းတံခါးမကြီး၏ လက်ဝဲဘက် ဘေး (၂)ပေအကွာလောက်တွင် ကြမ်းပြင်ပေါ်တွင် လေးဘက်ထောက်ထား တစ်စုံတစ်ရာကို ငုံ့ကြည့်လျက်ရှိနေသည်။

'အစ်ကိုကြီး၊ ဒီမှာ ကြည့်ပါဦး'

မော်တင်က မော့ကြည့်လိုက်ကာ ကိုရန်ကင်းအား ကြမ်းပြင်ပေါ်၌ သူရှာထားသော အရာဝတ္ထုကို လက်ညှိုးညွှန်ပြလိုက်သည်။ ထိုအရာဝတ္ထုကား အစိမ်းရင့်ရောင် မှန်ကွဲစ တစ်စ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒိုရာလွင်က ပြောတယ်၊ သူ ဒီကနေ့မနက် တံမြက်စည်း ကျကျနန လှည်းခဲ့ပါတယ်တဲ့၊ အဲဒီတုန်းက ဒီမှန်ကွဲစကို မတွေ့ခဲ့ရပါဘူးလို့ ပြောတာပဲ'

ကိုရန်ကင်းက မော်တင့်ဘေးတွင် ဒူးထောက်လိုက်ကာ ကြမ်းပြင်ပေါ်မှ မှန်ကွဲစကို ကောက်ယူကြည့်ရှုလိုက်သည်။

'အင်း… နေကာမျက်မှန်က မှန်ကွဲစတစ်စနဲ့တော့ တူတာပဲကွာ'

မော်တင်က ခေါင်းညိတ် သဘောတူလိုက်ကာ ပြန်၍ ရပ်လိုက်ပြီး သူ့ဘောင်းဘီဒူးကို ဖုတ်ခါပစ်လိုက်သည်။

'ဒီမျက်မှန်အကွဲစဟာ လူသတ်တရားခံရဲ့ ဥစ္စာနဲ့တူတယ် အစ်ကိုကြီး၊ ကိုရဲသန်းက တံခါးခေါက်သံကြားရတော့ စတိုးဆိုင်က အရက်လာပို့တာ ထင်ပြီး သွားဖွင့်ပေးလိုက်တယ်။ ဒါပေမဲ့ လူသတ်တရားခံကို တွေ့ရတယ်။ လူသတ်တရားခံကလည်း သေနတ်အသင့်ထုတ်ချိန်ထားပါလိမ့်မယ်၊ ဒါနဲ့ ကိုရဲသန်းက သေနတ်ကို လုယူဖို့ ကြိုးစားရာမှာ လူသတ်တရားခံရဲ့ နေကာမျက်မှန်က ကျွတ်ကျပြီး မှန်ကွဲသွားတာ ဖြစ်လိမ့်မယ်၊ လူသတ်တရားခံက ကိုရဲသန်းကို သေနတ်နဲ့ပစ်ပြီး သူ့မျက်မှန်အကွဲကို ပြန်ကောက်ယူလို့ လစ်သွားရာမှာ ဒီမှန်ကွဲအစကလေးက ကျန်နေရစ်ခဲ့တာပဲ'

ကိုရန်ကင်းက ခေါင်းညိတ်လိုက်ကာ သူ့အိတ်ကပ်ထဲတွင် ဆောင်ထားသော စာအိတ်တစ်အိတ်ကိုထုတ်ယူလျက် မှန်ကွဲအစကလေးကို ထည့်သိမ်းထားလိုက်သည်။ ထို့နောက် သူတို့အား တိတ်ဆိတ်စွာ ထိုင်ကြည့်နေသော ဒိုရာလွင်ဘက်သို့ လှည့်ကြည့်လိုက်၏။

'ဒီမှာ ဒိုရာလွင်၊ ကိုရဲသန်းဆီမှာ သူ့ရဲ့ ကိုယ်ရေးကိုယ်





တာ စာရွက်စာတမ်းတွေများ မရှိဘူးလားဗျာ၊ ရှိရင်ကော သူဘယ်မှာထားတယ်ဆိုတာ ခင်ဗျားသိသလား'

ဒိုရာလွင်က နှာခေါင်းကလေး တစ်ချက် ရှုံ့လိုက်ကာ ခေါင်းခါပြလိုက်သည်။

'ဒါတော့ ကျွန်မ ဘယ်သိပါ့မလဲရှင်၊ ကျွန်မက သူ့အိမ်ရှင်မမှ မဟုတ်တာပဲ'

'ကိုရဲသန်းက သူ့ငွေတွေကို ဘဏ်တွေ ဘာတွေမှာကော အပ်ထားသေးသလား'

မော်တင်က ဝင်မေးလိုက်ခြင်း ဖြစ်ရာ ဒိုရာလွင်က သူ့အား မျက်စောင်းကလေး တစ်ချက်ချိတ်လိုက်ပြီး…

'အို… ဒါကော ကျွန်မ ဘယ်သိမှာလဲရှင်၊ တကယ်တော့ ကိုရဲသန်းရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို ကျွန်မက ဘယ်လိုမှ ကျကျနန သိထားရတာ မဟုတ်ပါဘူး'

ထိုစဉ် အပြင်ဘက်ဆီမှ စကားပြောသံများနှင့် လှေကားပေါ်သို့ တက်လာကြသည့် ဖိနပ်သံများကို သူတို့က ကြားလိုက်ကြရ၏။ ကိုရန်ကင်းက သူ့လက်ပတ်နာရီကို မြှောက်ကြည့်လိုက်သည်။

'အခုမှပဲ ရောက်လာကြတယ်၊ ဘယ်ကများ လှည့်လာကြတယ် မသိဘူးဗျာ'

ကိုရန်ကင်းက ပြုံးလိုက်ကာ တိုက်ခန်းတံခါးဆီသို့ လျှောက်သွားလိုက်ပြီး တံခါးကို ဖွင့်ပေးလိုက်သည်။ သက်ဆိုင်ရာ ရဲဌာနမှ အမှုစစ် ရဲအုပ်ခေါင်းဆောင်သော ရဲသားတစ်စုက တိုက်ခန်းအတွင်းသို့ စုပြုံဝင်ရောက်လာကြ၏။

ကိုရန်ကင်းက ၎င်းတို့ကို နှုတ်ဆက်နေစဉ် မော်တင်က



www.burmeseclassic.com

www.burmeseclassic.com



တော့ စီးကရက်တစ်လိပ်ကို အေးအေးဆေးဆေး မီးညှိကာ ဒိုရာ လွင်အား မျက်လုံးများ မှေးကြည့်နေလိုက်သည်။

နောက်များမကြာမီမှာပင် ကိုရန်ကင်းတို့၏ မှုခင်းစစ်ဆေးရေးဌာနချုပ်မှ လူတွေလည်း နောက်ထပ် ရောက်လာကြပြန်ရာ ကိုရဲသန်း၏ တိုက်ခန်းတစ်ခန်းလုံးမှာ ရဲအဖွဲ့ဝင်များ စုံထောက်အဖွဲ့ဝင်များနှင့် ပြည့်သွားလေတော့သည်။

စုံထောက်များက သေသူ ကိုရဲသန်း၏ အလောင်းကို ဓာတ်ပုံရိုက် ပုံစံယူကြကာ အခြားအဖွဲ့ဝင်များကလည်း လက်ပုံစံရှာယူနေကြစဉ် ကိုရန်ကင်းကတော့ တယ်လီဖုန်းနှင့် အလုပ်ရှုပ်နေလေသည်။

သူက တယ်လီဖုန်းတွင်ရှိနေသည့် လက်ရာတွေမပျောက်ပျက်ရအောင် တယ်လီဖုန်းနားခွက်အောက်မှ လက်ချောင်းတစ်ချောင်းဖြင့် အသာအယာကိုင်လိုက်ပြီး ပထမဦးဆုံး ဌာနချုပ်သို့ ဖုန်းဆက်လိုက်ကာ အခြေအနေကို သတင်းပို့ အစီရင်ခံလိုက်သည်။ ထို့နောက် အမှုဖြစ်ပွားရာ အဆောက်အဦ၏ ပတ်ဝန်းကျင်အနီးအနားတစ်ဝိုက်တွင် လူသတ်တရားခံက ပစ်ချင်ပစ်ထားခဲ့မည်ဖြစ်သော လူသတ်သေနတ်ကို ရှာဖွေရန် သက်ဆိုင်ရာ ရဲဌာနမှ အမှုစစ်ရဲအုပ်နှင့် တိုင်ပင်လျက် ရဲသားတစ်စုကို တာဝန်ပေးလိုက်ရသည်။

ထို့နောက် ဌာနချုပ်မှ မှတ်တမ်းဌာနသို့ ဖုန်းဆက်ကာ ဒိုရာလွင်၏ အဆက်ဟောင်း ပုသိမ်မြို့သား ကျမ်းစာရူး ကိုယောဟန်နှင့် ဓာတ်ညွှန်းရေးဆရာ ကိုမိုးညွန့်တို့နှင့် ပတ်သက်၍ ရာဇဝတ်ပြစ်မှု ရှိမရှိ ပြန်လည်၍ ချက်ကင် လုပ်ခိုင်းရပြန်သည်။ ခေတ္တကြာလျှင် ဌာနချုပ်မှ တယ်လီဖုန်းဖြင့် ပြန်၍ သတင်းပို့ရ





လေသည်။

ကျမ်းစာရူး ကိုယောဟန်တွင်လည်းကောင်း၊ ဓာတ်ညွှန်းရေးဆရာ ကိုမိုးညွန့်ထံတွင်လည်းကောင်း ရာဇဝတ်မှု ပြစ်ချက်များ ဘယ်လိုမှမရှိကြောင်းဟူ၍ ဖြစ်လေ၏။

ကိုရန်ကင်းက ဌာနချုပ်သို့ ပြန်ဖုန်းဆက်ကာ သေသူကိုရဲသန်းထံတွင် ဘဏ်အပ်ငွေ စာရင်းရှိမရှိနှင့် ဘဏ်တိုက်တွင် ဆေ့ဖတီဒီပိုဇင်ဘောက်စ်ခေါ် ကိုယ်ပိုင်အဖိုးတန် ပစ္စည်းများ သိမ်းဆည်းထားနိုင်သည့် မီးခံသေတ္တာများ ငှားရမ်းထားခြင်း ရှိမရှိ ဘဏ်တိုက်များတွင် လိုက်လံ စုံစမ်းဖို့ လူများစေလွှတ်ရန် ညွှန်ကြားလိုက်လေသည်။

လက်ပုံစံယူသူများက တယ်လီဖုန်းတွင် လက်ပုံစံများ ယူဖို့ အခွင့်သင့်ဖြစ်လာသဖြင့် ကိုရန်ကင်းက တယ်လီဖုန်းကို ၄င်းတို့ထံ အပ်လိုက်ပြီး မော်တင်အား ဧည့်ခန်းထောင့်တစ်ထောင့်ဆီသို့ ဆွဲခေါ်သွားပြီး တိုင်ပင်နှီးနှောပြန်လေသည်။

'မင်း ခုနက ကြမ်းပြင်ပေါ်မှာ ရှာတွေ့ရတဲ့ မျက်မှန်အကွဲစနဲ့ ပတ်သက်ပြီး ငါ စဉ်းစားနေတယ်ကွ'

မော်တင်က ကိုရန်ကင်းအား ဒီမျက်မှန်အကွဲစဟာဖြင့် အရေးကြီးတဲ့ သဲလွန်စ တစ်ခုပါပဲ၊ ဒါပေမဲ့ ဘယ်သူ့မျက်မှန်ဆိုတာ ပြန်ခြေရာခံဖို့တော့ တော်တော် ခက်လိမ့်မယ်'

'ငါလည်း အဲဒါကိုပဲ စဉ်းစားနေတာပဲ မော်တင်၊ တစ်ခုတော့ ရှိတယ်၊ ဒီမျက်မှန်ဟာ ဆရာဝန်ဆေးစာနဲ့ တပ်ရတဲ့ မျက်မှန်ဆိုရင်တော့ ခြေရာခံနိုင်တဲ့ နည်းတစ်နည်း ရှိနေတယ်ကွ'

မော်တင်က ကိုရန်ကင်းအား စူးစမ်းသော အမူအရာဖြင့် ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား အစ်ကိုကြီး၊ ဘယ်လိုနည်းနဲ့ ခြေရာခံမှာလဲ'

'ဒီလိုလေကွာ၊ လူသတ်တရားခံဟာ ကွဲသွားတဲ့ သူ့မျက်မှန်ကို အသစ်ပြန်လဲချင် လဲလိမ့်မယ်၊ ဒီတော့ သူလုပ်ရမှာက သူ့မျက်မှန်ကို နဂိုက ဆေးစာရေးပေးတဲ့ ဆရာဝန်ဆီကို သွားဖို့ပဲ အဲဒီဆေးစာရေးပေးတဲ့ ဆရာဝန်ဟာ သူ ရေးပေးတဲ့ ဆေးစာကို သူ မှတ်တမ်းမှာ ထားမှာပဲ ဒီတော့ လူသတ်တရားခံဟာ အဲဒီ ဆေးစာကို ယူသွားပြီး မျက်မှန်ဆိုင်ကို သွားရုံပဲရှိတယ်၊ ဒီတော့ တို့အနေနဲ့ မျက်မှန်ဆိုင်တွေ အကုန်လုံးကို စောင့်ကြည့်နေပြီး…'

မော်တင်က လက်တစ်ဖက် ထောင်ပြလိုက်၏။

'နေပါဦး အစ်ကိုကြီးရဲ့၊ မျက်မှန်ဆိုင်တွေကို စောင့်ကြည့်တာကတော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ လူသတ်တရားခံရဲ့ မျက်မှန်ဆေးစာကို ကျွန်တော်တို့က ဘယ်လိုလုပ်သိနိုင်မှာလဲ'

'အင်းစိန်က စီအိုင်ဒီ ဓာတ်ခွဲခန်းမှာ မျက်မှန်ပါရဂူတစ်ယောက် ရှိနေတယ်လေကွာ၊ ဒေါက်တာ ဦးချိန်တိုးဆိုတာပဲ မင်းလည်း ကြားဖူးမှာပေါ့'

မော်တင်က ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်၏။ ကိုရန်ကင်းက စကားဆက်ပြန်သည်။

'ဒီတော့ကွာ၊ မင်းရှာတွေ့ခဲ့တဲ့ မျက်မှန်အကွဲစကို သူ့ကို ပြကြည့်ရင် ဒီမျက်မှန်ဟာ ဒီဂရီဘယ်လောက်ရှိတယ်ဆိုတာ ရယ်၊ မျက်မှန်အမျိုးအစားရယ်ကို သူက ပြန်ပြောနိုင်မှာပဲလို့ ထင်တယ်၊ အဲဒီအတိုင်းဆိုရင် ဒီမျက်မှန်အမျိုးအစားနဲ့ ဒီဂရီအားရှိတဲ့ မျက်မှန်ကို အခုလောလောဆယ်အတွင်း လာဝယ်တဲ့လူတွေကို မျက်မှန်ဆိုင်တွေမှာ လျှောက်ချက်ကင်လုပ်ကြည့်ရမှာပဲပေါ့'

'အင်း… အစ်ကိုကြီး၊ အိုင်ဒီယာကမဆိုးပါဘူး၊ ဒါပေမဲ့





လက်တွေ့ဖြစ်ဖို့ဆိုတာကတော့ တော်တော် ခဲယဉ်းလိမ့်မယ် ထင်တယ်'

ကိုရန်ကင်း သူ့ပခုံးများကို တွန့်လိုက်သည်။

'ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ကြိုးစားကြည့်ရင်တော့ မမှားနိုင်ပါဘူး'

ကိုရန်ကင်းက ပြောပြောဆိုဆိုပင် တိုက်ခန်းထဲတွင် ရှိနေသော ဌာနချုပ်မှ သူ့လက်အောက် အမှုထမ်းတစ်ယောက်ကို ခေါ်လိုက်ပြီး မှန်ကွဲစထည့်ထားသည့်စာအိတ်ကို ၄င်းလက်တွင်အပ်ကာ အင်းစိန်မှ စီအိုင်ဒီ ဓာတ်ခွဲခန်းသို့သွားပို့ပြီး ဒေါက်တာချိန်တိုး၏ လက်သို့အပ်လျက် သူလိုချင်သည့်အတိုင်း မျက်မှန်အကွဲစကို စစ်ဆေးပေးဖို့ပြောရန် အသေးစိတ် ညွှန်ကြားလိုက်လေသည်။

ကိုရန်ကင်းက ၄င်းထံမှ ပြန်လှည့်လာစဉ် ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ထိုင်နေရသော ဒိုရာလွင်က သူ့အား လှမ်းခေါ်လိုက်လေသည်။

'ဒီမှာရှင့် စုံထောက်ကြီး၊ ကျွန်မက ဒီမှာ ဒီလိုပဲနေနေရမှာလား'

ကိုရန်ကင်းအစား ဒိုရာလွင်အား မော်တင်ကဝင်၍ ဖြေလိုက်သည်။

'ခင်ဗျား အသာနေပါဦးလေ၊ နောက်ကျတော့ ခင်ဗျားကိစ္စကို ကျုပ်တို့ ကြည့်စီစဉ်ပါ့မယ်'

'နောက်တော့ဆိုတာ ဘယ်တော့လဲရှင့်၊ ကျွန်မက ဘယ်လောက်ကြာအောင် စောင့်နေရဦးမှာလဲ'

ဒိုရာလွင်က မကျေမနပ်ဖြင့် မော်တင့်အား ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မော်တင်က သူမအား ဘာမှပြန်မပြောတော့ဘဲ ကိုရန်ကင်းထံပါးသို့ လျှောက်လာ၏။ ထို့နောက် အသံကိုနှိမ့်လျက် စကားပြောလိုက်သည်။

'အစ်ကိုကြီး၊ ဒီအမျိုးသမီးကို ဘယ်လိုလုပ်မလဲဟင်၊ သူ့ကို ဆွဲထားမလို့လား'

ကိုရန်ကင်းက ဒိုရာလွင့်ထံသို့ စဉ်းစဉ်းစားစားအမူအရာဖြင့် ဖမ်းကြည့်လိုက်ပြီးနောက် ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏။

'အေး… မော်တင်၊ သူ့ကိုတော့ ဆွဲထားရဦးမှာပဲ၊ တကယ်တော့ သူဟာ ဒီအမှုမှာ အရေးပါတဲ့ သော့ချက်လူတစ်ယောက်ပဲ'

မော်တင်က ကျေနပ်သွားသော အမူအရာဖြင့် ခေါင်းညိတ်ပြလိုက်၏။

'ကျွန်တော်ကလည်း ဒါကို ပြောမလို့ပါဘဲ၊ ဒါပေမဲ့ သူ့ကို ဘယ်လိုဆွဲထားရမှာလဲ၊ အရေးပါ အရာရောက်တဲ့ သက်သေတစ်ယောက်အနေနဲ့လား၊ ဒါမှမဟုတ် လူသတ်မှုနဲ့ မသင်္ကာတဲ့ တရားခံတစ်ယောက် အနေနဲ့လား'

ကိုရန်ကင်းက မော်တင့်အား ပြုံး၍ကြည့်လိုက်၏။

'သူ့ကို ကာကွယ်တဲ့အနေနဲ့ ထိန်းသိမ်းထားလိုက်မယ်လို့ ဆိုကြပါစို့ကွာ၊ တကယ်လို့ ကိုရဲသန်းကို သတ်ခဲ့တဲ့လူဟာ သူပဲဖြစ်နေတယ်ဆိုရင်လည်း သူ့ကို တို့က ဝေးဝေးရှာနေစရာ မလိုတော့ဘူးပေါ့၊ ဒါမှမဟုတ်လည်း သူ့ပုသိမ်သား ကိုယောဟန်က ကိုရဲသန်းကို သတ်ခဲ့တာဆိုရင်လည်း သူဟာ ကာကွယ်ပြီးသား ဖြစ်နေရောပေါ့'





မော်တင်က မေးစေ့ကို လက်နှင့်ပွတ်ကာ ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ် အစ်ကိုကြီး၊ တကယ်လို့ ကိုယောဟန်က ကိုရဲသန်းကို ဒီအမျိုးသမီးအတွက် သတ်ခဲ့တာဆိုရင် ဒီအမျိုးသမီးကိုလည်း သူက သတ်ဖို့ ရည်ရွယ်ထားချင် ထားမှာပဲ'

'ဟုတ်တယ်လေ'ဟု ကိုရန်ကင်းက မော်တင်၏ ယူဆချက်ကို ထောက်ခံလိုက်၏။

'ကိုယောဟန်ဟာ ကိုရဲသန်းကို မကျေနပ်ခဲ့ရင် ဒိုရာလွင့်ကိုလည်း ဒီလိုပဲ ဖြစ်ချင်ဖြစ်နေမှာပါပဲ၊ ဒိုရာလွင်က သူ့စကားကို နားမထောင်ဘဲ သူ့ကို ပစ်ပယ်ခဲ့တယ် မဟုတ်လား'

မော်တင်က ဒိုရာလွင်အား လှမ်းကြည့်ပြီးနောက် ကိုရန်ကင်းအား ပြုံးစေ့စေ့ဖြင့် ပြန်ကြည့်လိုက်၏။

'သူ့ကို ဆွဲထားမယ်ဆိုရင် ဒီအမျိုးသမီးက ငြိမ်ခံနေမယ်တော့ မထင်ဘူး အစ်ကိုကြီး၊ နားပူဖို့သာ ပြင်ထားပေတော့၊ အစ်ကိုကြီးကို သူက ကက်ကက်လန်အောင် ရန်တွေ့မှာတော့ သေချာပါတယ်'

ကိုရန်ကင်းက မော်တင့်အား ပြန်၍ သွားဖြီးပြုံးပြလိုက်၏။

'ငါတော့ နားပူရမှာ မဟုတ်ပါဘူး၊ ပူမယ့်ပူရင် မင်းပူရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ဆွဲထားမယ်လို့ မင်းက အသိပေးရမှာကိုး'

မော်တင်မှာ အတော်ပင် အောင့်သက်သက်ဖြစ်သွားပုံရလေ၏။

'ဟား… အစ်ကိုကြီးကလည်းဗျာ၊ အစ်ကိုကြီးဟာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သွားမလို့လဲ'

'ငါက ကိုယောဟာန်ဆီကို လိုက်သွားရဦးမယ်လေ'

'ဖြစ်ရမယ်လေ'

ကိုရန်ကင်းက အပြုံးနှင့် မော်တင့်ပခုံးကို ဖက်လိုက်၏။

'ငါ ကိုယောဟာန်ကို သွားတွေ့ပြီးတဲ့နောက် ကိုရဲသန်းနဲ့ စကားများခဲ့တယ်ဆိုတဲ့ ဖာတ်ညွှန်းရေးဆရာ မိုးညွန့်ကိုလည်း သွားတွေ့လိုက်ပါဦးမယ်လေ'

'ဒီယောဟာန်ဆိုတဲ့ လူကို သွားတွေ့ပြီးတဲ့နောက် အစ်ကိုကြီး နောက်ထပ် ဘယ်သူ့ကိုမှ သွားတွေ့စရာ လိုမယ် မထင်ပါဘူးဗျာ၊ တကယ်တော့ ဒီကိုယောဟာန်ဆိုတဲ့လူဟာ ကိုရဲသန်းအပေါ်မှာ ဒိုရာလွင်နဲ့ပတ်သက်ပြီး အတော်ကြီးကို မကျေမနပ်ဖြစ်နေတာ မဟုတ်လား၊ ပြီးတော့ ဒီလူက ကျမ်းစာရှူး ဘုရားရှူးဆိုတော့ ကိုရဲသန်းကို အပြစ်ဒဏ်ခတ်တဲ့အနေနဲ့ လာပစ်သတ်သွားတာ အများကြီးဖြစ်နိုင်တာပဲ'

ထိုစဉ်မှာပင် ဒိုရာလွင်၏ အသံက ခပ်စူးစူး ထွက်ပေါ်လာပြန်၏။

'ဒီမှာရှင့် စုံထောက်ကြီးတို့၊ ကျွန်မက ဘယ်လောက်ကြာအောင် စောင့်နေရဦးမှာလဲရှင့်'

'ကဲ... မော်တင်၊ သူ ပြန်ရမယ်မဟုတ်ဘူးဆိုတာ မင်းသွားပြောလိုက်ပါ၊ ငါတော့ လစ်တော့မယ်'

မော်တင်၏ မျက်နှာမှာ ရှုံ့မဲ့မဲ့ ဖြစ်သွားလေ၏။ ကိုရန်ကင်းက အားပေးသည့်အနေဖြင့် သူ့ပခုံးကို ပုတ်လိုက်၏။

'ငါ နောက်တစ်နာရီလောက်ကြာရင် မင်းနဲ့ ကွန်တက်လုပ်ပါဦးမယ်'





ကိုရန်ကင်းက ပြောပြောဆိုဆို ဒိုရာလွင့်အား လှည့်မကြည့်တော့ဘဲ တံခါးပေါက်ဆီသို့ ထွက်ခဲ့၏။ တိုက်အောက်ထပ်သို့ရောက်လျှင် သူ့ကိုယ်ပိုင်ဂျစ်ကားကလေးပေါ်သို့ တက်၍ မောင်းထွက်ခဲ့လေသည်။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## (၃)

ကိုယောဟန်နေထိုင်သော အိမ်တန်းလျားကြီးကား ဒိုရာလွင်ပြောသည့်အတိုင်း အိမ်အို အိမ်ဟောင်းကြီး တစ်ဆောင်ဖြစ်ကာ အတော်စုတ်ချာလှပေသည်။ ရပ်ကွက်ကလည်း လက်လုပ်လက်စား ဆင်းရဲသားများ နေထိုင်ရာ ကွက်သစ်ရပ်ကွက်ပင် ဖြစ်လေ၏။

ကိုရန်ကင်းက တန်းလျားရှေ့တွင် သူ့ဂျစ်ကားကို စက်သတ်ရပ်လိုက်ပြီး ကားပေါ်မှဆင်းကာ တန်းလျားကြီးဆီသို့ ရှေ့မှ (၆)ပေမျှကျယ်သော မြေကွက်လပ်ကို ဖြတ်လျက် လျှောက်ခဲ့သည်။ တန်းလျားကြီးမှာ သုံးခန်းတွဲဖြစ်လျက် ဘေးအစွန် (၂) ခန်းသာ တံခါးဖွင့်ထားပြီး အလယ်ခန်းကတော့ တံခါးတွေပိတ်လျက်ရှိနေသည်ကို တွေ့ရ၏။

ကိုရန်ကင်းက လက်ယာဘက်ရှိ အခန်းတံခါးဝသို့ လျှောက်ခဲ့ပြီး အထဲသို့ ခေါင်းပြူကြည့်လိုက်သည်။ အိမ်ရှေ့ခန်းတွင် လူတစ်ယောက်ကိုမှ မတွေ့ရ။ ပက်လက်ကုလားထိုင်တစ်လုံးနှင့် ကွပ်ပျစ်ခပ်ကြီးကြီး တစ်လုံးကိုသာ ခင်းထား၏။ နံရံများတွင်





တော့ စီးကရက်ကြော်ငြာ သုံးလေးခု ချိတ်ဆွဲထားကာ နံရံတစ်ဖက်တွင်တော့ ဘုရားကားတစ်ချပ် ရှိ၏။

ကိုရန်ကင်းက ချောင်းဟန့်လျက် အသံသုံးလေးခါ ပြုလိုက်ပြီးမှ အတွင်းခန်းထဲမှ ခြေသံတရှပ်ရှပ် ထွက်ပေါ်လာကာ မိန်းမတစ်ယောက်ကထွက်လာပြီး ကိုရန်ကင်းအား မျက်မှောင်ကုတ်လျက် ကြည့်လိုက်သည်။

'ရှင် ဘာလိုချင်လို့လဲ၊ အခန်းငှားချင်လို့လား'

သူမမှာ အသက် (၄၀)ကျော်ခန့်ရှိကာ မျက်နှာပေါက်တော်တော်ဆိုးလှသည်။

'အစ်မကြီးက ဒီအိမ်ရှင်လား'

'ဟုတ်တယ် ဆိုပါတော့၊ အိမ်ရှင်က ကျုပ်ကို လွှဲထားတယ်'

'ကျွန်တော် အခန်းငှားဖို့လာတာ မဟုတ်ပါဘူး၊ ဒီမှာ အိမ်ခန်းငှားနေတဲ့ ကိုယောဟန်ဆိုတဲ့ လူနဲ့ တွေ့ချင်လို့ပါ သူ့အခန်း'

'ကိုယောဟန်က ဒီမှာ မနေတော့ဘူး'

မိန်းမကြီးက ကိုရန်ကင်းအား စကားဖြတ်၍ ပြောလိုက်ကာ အတွင်းခန်းဘက်သို့ ပြန်လှည့်သွားမည်ပြုလိုက်သည်။

'ဒီမှာ ခဏနေပါဦးဗျာ၊ အစ်မကြီးကို ကျွန်တော် နည်းနည်းပါးပါး မေးချင်ပါသေးတယ်'

မိန်းမကြီးက မျက်မှောင်ကြုတ်လျက် ကိုရန်ကင်းအား ပြန်လှည့်ကြည့်လိုက်၏။

'ရှင်က ဘာများမေးချင်တာတုန်း၊ ရှင်က ဘယ်ကလဲ'

'ကျွန်တော်ဟာ ရဲဘက်က စုံထောက်အရာရှိ တစ်ယောက်ပါ အစ်မကြီး၊ စုံထောက်ရဲမှူး ရန်ကင်းလို့ ခေါ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီး၏မျက်နှာမှာ သိသိသာသာကြီး မှုန်ကုပ်သွားလေတော့သည်။

'လက်စသတ်တော့ ရှင်က ပုလိပ်ကိုး၊ ကျုပ်က ပုလိပ်တွေနဲ့ ကင်းကင်းရှင်းရှင်းနေချင်တယ်'

'ကျွန်တော်မေးတာတွေကို ပြန်ဖြေရင် ကင်းကင်းရှင်းရှင်းနေရပါမယ်'

မိန်းမကြီးက သက်ပြင်းတစ်ချက်ချလိုက်ကာ ကွပ်ပျစ်ပေါ်တွင် ဝင်ထိုင်လိုက်သည်။

'ကောင်းပြီလေ၊ ရှင်က ဘာမေးချင်တာပဲ့ ၊ မြန်မြန်ဆန်ဆန်လုပ်နော်၊ ကျုပ်မှာ အလုပ်တွေရှိသေးတယ်'

ကိုရန်ကင်းက အိမ်ခန်းထဲသို့ လှမ်းဝင်လိုက်ကာ ပတ်လက်ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။

'ကောင်းပြီလေ၊ ကိုယောဟန်နဲ့ ပတ်သက်လို့ ရှင်က ဘာသိချင်တာလဲ'

'သူ့ကို ကျွန်တော်က စစ်မေးစရာလေးတွေ ရှိနေတယ်'

'ဟုတ်လား၊ သူက ဘာများလုပ်ခဲ့လို့တုန်း'

'ကျွန်တော် သိရသလောက်ဆိုရင်တော့ သူက ဘာမှ မလုပ်ခဲ့သေးပါဘူး'

'ဒါနဲ့များ ရှင်က သူ့ကို ဘာကြောင့် စစ်ဆေးမေးမြန်းချင်ရတာလဲတော်'

မိန်းမကြီးက နှုတ်ခမ်းများချွန်လျက် ပြောလိုက်သည်။

'ဒါနဲ့ အစ်မကြီးနာမည်က ဘယ်လိုခေါ်သလဲ'

မိန်းမကြီးသည် ခေတ္တမျှ တုံ့ဆိုင်းနေလိုက်ပြီးမှ ပြန်၍ အဖြေပေးလိုက်၏။





'အေးမေတဲ့'

'ဒေါ်အေးမေက ဒီအိမ်တန်းလျားပိုင်ရှင်ရဲ့ ကိုယ်စားလှယ်ဆိုပါတော့'

'ကိုယ်စားလှယ်လား ဘာလားတော့ မသိဘူး၊ ဒါပေမဲ့ သူတို့ခိုင်းတာကိုတော့ လုပ်ရတာပဲ၊ သူတို့ရဲ့ လူယုံလို့ဆိုကြပါစို့ရှင်'

'ကိုယောဟန်က ဒီမှာ အိမ်ခန်းလာငှားနေတာ ဘယ်လောက်ကြာသွားပြီလဲ'

မိန်းမကြီးသည် စဉ်းစားသည့်အနေဖြင့် သူ့ဆံပင် ခပ်ကျဲကျဲကို လက်တစ်ဖက်ဖြင့် တဖျစ်ဖျစ် ကုတ်နေလိုက်သည်။ ပြီးမှ–

'သူ အိမ်ခန်းလာငှားနေတာ နှစ်လကျော်ကျော်လောက်တော့ ရှိသွားပြီထင်ပါရဲ့'ဟု ပြန်ဖြေလိုက်လေသည်။

'သူထွက်သွားတာ ဘယ်လောက်ကြာပြီလဲ'

'လွန်ခဲ့တဲ့ နှစ်ရက်လောက်ကပဲ'

သည်တစ်ခါတော့ မိန်းမကြီးက မဆိုင်းမတွ ပြန်ဖြေလိုက်ပါ၏။

'ရုတ်တရက် ထွက်သွားတာလား'

'အေးတော့... မပြောမဆို ထွက်သွားတော့တာပဲ၊ သူ့အတွက်က ဒီလို ထွက်သွားဖို့ လွယ်တယ်လေ၊ သူ့မှာ ဝန်စည်စလယ်ဆိုလို့ လက်ဆွဲသားရေသေတ္တာတစ်လုံးပဲ ပါတာပဲ'

'သူ ဒီမှာ ဆက်မနေတော့ဘူးလို့ ခင်ဗျားကို ကြိုပြောသေးသလား'

'မပြောပါဘူးတော်၊ သူ့ဘာသာသူ အခန်းသော့ လာအပ်ပြီး ထွက်သွားခဲ့တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးက နှုတ်ခမ်းစူလျက် ပြန်ဖြေလိုက်၏။

'ဒီလိုဆိုရင် သူ့အိမ်လခ ကျန်ရစ်ခဲ့သလား'

'ဟင့်အင်း… မကျန်ပါဘူး၊ သူက ဒါတော့ အတော်သား သူနေတဲ့ရက်အတွက် ကြိုပေးသွားခဲ့တယ်'

'သူ ဘယ်မှာပြောင်းနေမယ် ဆိုတာကော ပြောသွားသေးသလား'

မိန်းမကြီးက ခေါင်းခါပြလိုက်သည်။

'ဘယ်ပြောသွားလိမ့်မလဲရှင်၊ ကျုပ်ကလည်း မမေးလိုက်မိပါဘူး'

'သူ့အိပ်ခန်းထဲမှာ ဘာပစ္စည်းတွေများ ကျန်ရစ်ခဲ့သေးသလဲ'

'ဘာမှ မကျန်ပါဘူး'

မိန်းမကြီးက စကားမဆက်ဘဲ ကိုရန်ကင်းအား မော့ကြည့်လိုက်၏။

'အဲ… စာအုပ်တွေတော့ ကျန်ရစ်ခဲ့တယ်'

'စာအုပ်တွေ ဟုတ်လား၊ ဘယ်လို ဘုတ်အုပ်တွေမျိုးလဲ'

ကိုရန်ကင်းက ကိုယောဟန်၏ မှတ်တမ်းစာအုပ်များ ဖြစ်နေမလားဟူသော မျှော်လင့်ချက်ဖြင့် မေးလိုက်၏။

'သူက ခရစ်ယာန်ရှင့်၊ သူကျန်ခဲ့တဲ့ စာအုပ်တွေက သူတို့ဘုရား ယေရှုကျမ်းစာတွေပဲ၊ သူက သူ့ဘာသာကိုတော့ တော်တော် ကိုင်းရှိုင်းပုံရတယ်၊ သူက ကျုပ်ကိုတောင် ပြောသွားသေးတယ်။ ဒီစာအုပ်တွေကို ဒေါ်အေးမေ ဖတ်ကြည့်ပါတဲ့၊ ဒီကျမ်းစာတွေကို ဖတ်လို့ရှိရင် ဒေါ်အေးမေဟာ ဒီဒုစရိုက်လောကကြီးက ကယ်တင်ခြင်း ခံရလိမ့်မယ်လို့တောင် ကျုပ်ကို တရားဟောသွား





သေးတယ်'

မိန်းမကြီးက ခြောက်ကပ်ကပ်အသံဖြင့် တဟဲဟဲ ရယ်လိုက်၏။ ပြီးမှ စကားဆက်ပြန်သည်။

'ဒါပေမဲ့ ကျွန်မက ဘယ်ဖတ်လိမ့်မလဲရှင်၊ ပေါ်တယ်ကုလားခေါ်ပြီး ချိန်ရောင်းပစ်လိုက်တာပေါ့။ ငါးမတ်သောက်တောင် ရလိုက်သေးတယ်'

'သူ ဒီမှာနေတုန်းက သူ့ဆီကို လာလည်ပတ်တဲ့ လူတွေများ ရှိသလား'

'လာလည်ပတ်တဲ့ လူတွေဆိုတာက ဘာကိုဆိုလိုတာလဲ၊ မိန်းမတွေကို ပြောတာလား၊ မိန်းမတွေဆိုရင်တော့ သူ့ဆီကို တစ်ယောက်မှ မလာခဲ့ပါဘူး၊ ဒါမျိုးကျရင် ကျုပ်ကလည်း နားအပါး မျက်စိအရှင်သားရှင့်'

'နို့… ယောကျ်ားချည့်သည်တွေကော'

မိန်းမကြီးက ရုတ်တရက် ပြန်မဖြေ၊ သူ့ဆံပင်ကို တဗျစ် ဗျစ်ကုတ်လိုက်ပြန်၏။

'အဲဒါကိုတော့ ကျုပ်လည်း မပြောတတ်ဘူး၊ ကျုပ်က ယောကျ်ားဧည့်သည်တွေကို သိပ်ဂရုစိုက်တာ မဟုတ်ဘူး၊ မိန်းမဧည့်သည်တွေကိုသာ ဂရုစိုက် စောင့်ကြည့်တတ်တာ'

'ကိုရဲသန်းဆိုတဲ့ လူတစ်ယောက်အကြောင်းကို သူက ခင်ဗျားကို ပြောပြခဲ့သလား'

'ဘယ်ကလာ ပြောရမှာလဲရှင်၊ သူက ကျုပ်ကို ဘယ်သူ့အကြောင်းမှ မပြောဖူးပါဘူး၊ သူနဲ့ ကျုပ်ကလည်း ဟုတ်ဟုတ် ဆာပ်ဟာပ် စကားပြောဖူးတာမှ မဟုတ်တာဘဲ'

'အခု သူဘယ်မှာရှိတယ်ဆိုတာကို ခင်ဗျား ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့တတ်ဘူးလား’

ကိုရန်ကင်းက ထိုမေးခွန်းကို သိပ်မျှော်လင့်ချက် မရှိဘဲ မေးလိုက်ရ၏။

‘ဘယ်တွေ့ကြည့်နိုင်မှာလဲရှင်၊ သူ့အကြောင်းကို ကျုပ်က ဘာမှသိတာမှ မဟုတ်တာဘဲ’

‘သူ အခု ဘယ်မှာရှိနေတယ်ဆိုတာကို ကျုပ်တို့သိရဖို့ သိပ်အရေးကြီးနေတယ် ဒေါ်အေးမေ’

‘ရှင့်ဟာရှင် အရေးကြီးချင်ကြီး မကြီးချင်နေလေ၊ ကျုပ်ကတော့ သိမှမသိတာဘဲ’

ကိုရန်ကင်းလည်း သူမအား ဆက်မေးနေ၍ ဘာမှ အကြောင်းထူးတော့မည် မဟုတ်သည်ကို နားလည်မိရာက သူမအား ကျေးဇူးတင်စကားပြောပြီး အိမ်ခန်းထဲမှ ထွက်ခဲ့လေ၏။ ထို့နောက် ကားပေါ်သို့ ပြန်တက်လျက် ထိုရပ်ကွက်ထဲမှနေ၍ အနီးဆုံးတယ်လီဖုန်းရှိရာသို့ မောင်းထွက်ခဲ့လေ၏။ တယ်လီဖုန်းရှာတွေ့လျှင် ဌာနချုပ်ဆီသို့ ပြန်ဆက်လိုက်၏။

ကိုယောဟန်သည် ယနေ့တွင်မှ သူနေထိုင်သော အိမ်ခန်းမှ ရုတ်တရက် ထွက်ခွာသွားသည်ဆိုပါက ကိုရန်ကင်းအတွက် ပို၍ စိတ်ဝင်စားဖို့ ကောင်းနေ၏။ သို့သော်လည်း ကိုရဲသန်း အသတ်မခံရမီ ယင်းအခန်းက ကြိုတင်၍ ထွက်ခွာသွားသည်ကိုလည်း ကိုရန်ကင်းက ထည့်စဉ်းစားရပေမည်။

ထို့ကြောင့် ယခု သူက ကိုယောဟန်၏ ပုံပန်းသဏ္ဌာန်ကို ပြောပြကာ ၎င်းအား ရန်ကုန်မြို့အတွင်း၌ ပိုက်စိပ်တိုက်လိုက်ရှာရန် ညွှန်ကြားလိုက်ရပြန်၏။ ထို့ပြင် သူ၏ နေရပ်ဇာတိဖြစ်သော ပုသိမ်မြို့မှ ရဲအဖွဲ့အား သူ့အကြောင်း စုံစမ်းထားရန်ကိုလည်း





ထပ်၍ ညွှန်ကြားလိုက်ပြန်သည်။

ဖုန်းဆက်ပြီးသည့်အခါတွင် ပြဇာတ်ရေးဆရာ မိုးညွန့်၏ တယ်လီဖုန်းနံပါတ်ကို လမ်းညွှန်စာအုပ်တွင် ရှာဖွေကြည့်လိုက်ပြန်သည်။ ရှာတွေ့လျှင် ဖုန်းဆက်လိုက်ရာ မိုးညွန့်နှင့် မတွေ့ရသော်လည်း မိုးညွန့်ရှိနေမည့်နေရာ တယ်လီဖုန်းနံပါတ်ကို သိရပြန်၏။

ကိုရန်ကင်းက ထိုတယ်လီဖုန်းနံပါတ်ကို ဆက်ကြည့်လိုက်သည်။ တစ်ဖက်မှ တယ်လီဖုန်းကို ကောက်ယူလိုက်သံက ပေါ်လာပြီးနောက် လူတွေ စကားပြောနေသံ၊ ဖန်ခွက်သံ၊ ပုလင်းသံတွေက နားခွက်ထဲသို့ ဝင်လာရကား သူ တယ်လီဖုန်း ဆက်ခေါ်နေရာမှာ ဘားတစ်ခုခုဖြစ်နေသည်ကို ကိုရန်ကင်းက သိလိုက်ရသည်။

‘ဟယ်လို… နေပြည်တော်ဘားက စကားပြောနေပါတယ်’

‘နေပြည်တော်ဘားမှာ ကျွန်တော့်မိတ်ဆွေတစ်ယောက်က ကျွန်တော့်ကို ချိန်းထားပါတယ်။ ဒါပေမဲ့ အဲဒီဘားဟာ ဘယ်မှာရှိတယ်ဆိုတာ မသိလို့ မေးတာပါ’

ဤတွင် တယ်လီဖုန်း နားခွက်ထဲမှ ပြန်ဖြေသံ ထွက်ပေါ်လာ၏။ နေပြည်တော်ဘား ဘယ်လမ်း ဘယ်အရပ်၌ ရှိသည်ကို အတိအကျ ညွှန်ပြသော အသံပင်ဖြစ်၏။

ကိုရန်ကင်းက ကျေးဇူးတင်လှပါသည်ဟု ပြောပြီး ဖုန်းကို ပြန်ချထားလိုက်၏။ ထို့နောက် သူ့ဂျစ်ကားဆီသို့ ပြန်လျှောက်ခဲ့လေ၏။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## (၄)

နေပြည်တော်ဘားမှာ ရန်ကုန်မြို့လယ်အတွင်းရှိ ဘားများနှင့်မတူဘဲ သီးသန့်ရပ်ကွက်တစ်ခုထဲမှ သီးသန့်ဘားတစ်ခု ဖြစ်လေသည်။

ထိုဘားထဲသို့ ရောက်သွားသောအခါတွင် လူတွေစည်ကားလျက် ရှိနေသည်ကို ကိုရန်ကင်းက တွေ့ရသည်။

သီးသန့် ဘားတစ်ခုဖြစ်သည့်တိုင် ဖောက်သည်တော့ အတော်ကောင်းဟန်ရှိသည့် ဘားတစ်ဘားဖြစ်နေသည်။

ကိုရန်ကင်းက ကောင်တာဆီသို့ လျှောက်သွားကာ ကောင်တာနောက်ဘက်တွင်ထိုင်လျက် စာရင်းမှတ်နေသော လူကြီးအား 'စာရေးဆရာ မိုးညွန့် ရောက်ပြီလားဗျာ' ဟု မေးကြည့်လိုက်သည်။

ဤတွင် လူကြီးက ဆိုင်နောက်ဘက်ပိုင်းတွင် ရှိနေသော သီးသန့် အခန်းကလေးတွေဆီသို့ ညွှန်ပြလိုက်သည်။

'အစွန်ဆုံး မရောက်ခင် အခန်းပဲ'





တယ်လီဖုန်းမှ ပြန်ဖြေသော အသံပင် ဖြစ်နေသည်ကို ကိုရန်ကင်းက တွက်လိုက်မိသည်။

'ကျွန်တော့်ကို ပေးအေးလ်တစ်လုံးပေးပါဗျာ'

လူကြီးက သူ့နောက်ရှိ ရေခဲသေတ္တာကြီးထဲမှ ပေးအေးလ် ဘီယာတစ်လုံးထုတ်ကာ အဖုံးဖွင့်လျက် ကိုရန်ကင်းရှေ့တွင် ချပေးလိုက်သည်။ ထို့နောက် ဘီယာမတ်ခွက်ကြီး တစ်ခွက်ကို စင်ပေါ်မှ လှမ်းယူပေးလိုက်ပြန်သည်။

ကိုရန်ကင်းက မတ်ခွက်ထဲသို့ ဘီယာလောင်းထည့်ကာ ဘီယာပုလင်းနှင့် မတ်ခွက်ကို လက်တစ်ဖက်စီတွင် ကိုင်လျက် အစွန်ဆုံးမရောက်ခင် သီးသန့်ခန်းဆီသို့ လျှောက်ခဲ့လေသည်။

အခန်းမှာ ဆင်နွားရွက်တံခါး တပ်ဆင်ထားရာ ကိုရန်ကင်းက ရင်ဘတ်နှင့်တွန်းဖွင့်လျက် အခန်းထဲသို့ လှမ်းဝင်လိုက်သည်။

အသက် (၃၅)နှစ်ခန့်ရှိ အသားနီစပ်စပ်နှင့် ခပ်ဝဝ လူတစ်ယောက်သည် အမျိုးသမီးတစ်ဦးနှင့် ဘေးချင်း ယှဉ်ကပ်၍ ထိုင်နေသည်။ သူတို့နှစ်ယောက်သည် ခေါင်းချင်းဆိုင်၍ တစ်စုံတစ်ရာကို ရင်းရင်းနှီးနှီး စကားပြောနေကြသည်။

အမျိုးသမီးကတော့ အသက် အစိတ်ခန့်ရှိပြီဟု ခန့်မှန်းရ၏။ သူမသည် စံရှားတင်ကဲ့သို့ နဖူးပေါ်တွင် ဆံပင်များ ဘုတ်သိုက်ချထားကာ ရုပ်ရည် ကြည့်ပျော်ရှုပျော်ရှိပြီး ကိုယ်လုံးကိုယ်ပေါက်လည်း တော်တော် တောင့်တင်းပုံရလေသည်။

ကိုရန်ကင်းက ဘီယာပုလင်းနှင့် မတ်ခွက်ကို စားပွဲပေါ်တွင် တင်လိုက်ပြီး သူတို့နှစ်ယောက်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ ထိုအခါမှ လူဝဝက ကိုရန်ကင်း



www.burmeseclassic.com

www.burmeseclassic.com



အား သတိပြုမိဟန်ဖြင့် မော့ကြည့်လိုက်ကာ မျက်မှောင်ကုတ်လိုက်၏။ တစ်ဖန် အမျိုးသမီးဘက်သို့ လှည့်ကြည့်လိုက်ပြန်သည်။

'အေးအေး သူ့ကို သိသလား'

အမျိုးသမီးက ခေါင်းကိုခါကာ ပြလိုက်၏။ အမျိုးသားက ကိုရန်ကင်းအား မျက်မှောင်ကြီးကြုတ်လျက် ကြည့်လိုက်ပြန်သည်။

'ကိုယ့်လူ… ဘာလာရှုပ်တာလဲ၊ ဒီသီးသန့်ခန်းကို ကျုပ်တို့ ယူထားပြီးသားဗျ'

'ခင်ဗျားဟာ စာရေးဆရာ မိုးညွန့်မဟုတ်လား'

'ဟုတ်တယ်၊ ခင်ဗျားကကော ဘယ်သူလဲ'

ကိုရန်ကင်းက သူ့ပိုက်ဆံအိတ်ကိုထုတ်ကာ သူ့နာမည်နှင့် ရာထူးပါသော ကတ်ပြားကလေးကို ထုတ်ပြလိုက်သည်။ အမျိုးသားက ကတ်ပြားကလေးပေါ်ပါ စာများကို ဖတ်ကြည့်လိုက်ပြီးနောက် ကိုယ်ကို မတ်မတ်ပြန်ထား၍ ထိုင်လိုက်သည်။ သူ့မျက်နှာမှ တင်းမာမှုမှာလည်း ပျောက်ကွယ်သွား၏။

'ခင်ဗျားက မှုခင်းစစ်ဆေးရေးဌာနချုပ်က ရဲမှူး ဦးရန်ကင်းပဲ၊ ဒါဆို ကျွန်တော်နဲ့ ဘာဆိုင်သလဲဗျ'

'ခင်ဗျားဟာ စာရေးဆရာ မိုးညွန့် မဟုတ်လား'

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲဗျ'

ကိုရန်ကင်းက စာရေးဆရာမိုးညွန့်၏ အဖော် အေးအေးဆိုသော အမျိုးသမီးအား လှည့်ကြည့်လိုက်သည်။

'ပြောရမှာလည်း အားနာပါရဲ့ဗျာ၊ ခင်ဗျား ခဏရှောင်ပေးပါလား၊ ကျွန်တော် ကိုမိုးညွန့်နဲ့ တစ်ယောက်ချင်း စကားပြောစရာ ရှိနေလို့ပါ'





'နေပါစေ အေးအေး'ဟု ကိုမိုးညွန့်က ဝင်ပြောလိုက်ပြီး ကိုရန်ကင်းအား မျက်မှောင်ကြုတ် ကြည့်လိုက်ပြန်သည်။

'သူဟာ ကျွန်တော်နဲ့ လက်ထပ်ဖို့ စေ့စပ်ထားတဲ့ အေးမြင့်ဆိုတာပဲ၊ ခင်ဗျား ကျုပ်ကို ပြောစရာရှိတာ သူ့ရှေ့မှာ လွတ်လွတ်လပ်လပ် ပြောနိုင်ပါတယ်'

ကိုရန်ကင်းက ရုတ်တရက် ဘာမှမပြောသေးဘဲ သူ့ဆေးတံကို ထုတ်ယူကာ ဆေးခံ့ထဲတွင် ဆေးထည့်နေလိုက်သည်။

'ကဲ… ခင်ဗျားပြောစရာရှိတာကို မြန်မြန်ပြောစမ်းဗျာ'

စာရေးဆရာ မိုးညွန့်က စိတ်မရှည်သလို ပြောလိုက်ပြန်သည်။ ထိုအခါမှ ကိုရန်ကင်းက ၎င်းအား မေးခွန်းထုတ်လိုက်၏။

'ခင်ဗျား ကိုရဲသန်းဆိုတဲ့လူကို သိသလား'

ထိုအခါမှ ကိုရန်ကင်းက စတင်၍ မေးခွန်းထုတ်လိုက်သည်။ ကိုမိုးညွန့်က နှာခေါင်းကို မသိမသာ ရှုံ့လိုက်၏။

'ဒီလူလား၊ သိသားပဲဗျ ဘာဖြစ်လို့လဲ'

'သူနဲ့ ခင်ဗျားဟာ ကောင်းကောင်း မသင့်မြတ်ကြဘူး မဟုတ်လား'

'အဲဒါ ခင်ဗျားကို ဘယ်သူကပြောသလဲ'

စာရေးဆရာ မိုးညွန့်က ပြန်၍ မေးခွန်းထုတ်နေလိုက်ပြန်သည်။

'ကျုပ်မေးတာတွေကိုသာ ဖြေပါ ကိုမိုးညွန့်'

'ခင်ဗျားက ကျုပ်ကို ဘာမေးသေးလို့လဲဗျ'စာရေးဆရာ မိုးညွန့်က စာရေးဆရာပီပီ အတွန့်တက်လိုက်သည်။

'ခင်ဗျားနဲ့ ကိုရဲသန်း မသင့်မမြတ် ဖြစ်နေတာဟာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းနဲ့ ပတ်သက်သလဲဗျာ’

‘နေပါဦးဗျ၊ ကျုပ်နဲ့ ရဲသန်း မသင့်မမြတ် ဖြစ်နေတယ်လို့ ခင်ဗျားကို ဘယ်သူပြောသလဲ’

‘ဒီမှာ ကိုမိုးညွန့်၊ ကျွန်တော်က ဝတ္ထုရေး ထမ်းရွက်နေတာပါ၊ ခင်ဗျားက ကျွန်တော့်ကို ဒီမှာပဲ စကားပြောချင် ပြောပါ၊ ဒီမှာ မပြောချင်ဘူးဆိုရင်လည်း ကျွန်တော်က ဝတ္ထုရေးရှိတဲ့အတိုင်း ခင်ဗျားကို ဌာနချုပ်ကို ခေါ်သွားပြီး စစ်ရလိမ့်မယ်’

ကိုမိုးညွန့်၏ မျက်နှာသည် ပို၍နီရဲလာသည်ဟု ထင်မှတ်ရ၏။ သူက ကိုရန်ကင်းအား မျက်လုံးကြီးများပြူးလျက် ကြည့်လိုက်ပြီးမှ သူ့ရှေ့မှ ရမ်အရက်ခွက်ကို ဆွဲယူလျက် မော့ချလိုက်သည်။ ပြီးလျှင် ဖန်ခွက်ကို ဆောင့်ချလျက် ကိုရန်ကင်းအား မျက်နှာခပ်ရှုရှုဖြင့် ကြည့်လိုက်ပြန်၏။

‘ဒီမောင်က သူ့အတွက် အခန်းတွေ ပိုလိုချင်ခဲ့တယ်လေ’

‘ဘယ်လိုအခန်းတွေကို ပြောတာလဲ’

‘ပြဇာတ်မှာ သူပါရမယ့် အခန်းတွေကို ပြောတာပေါ့ဗျ၊ သူက ကျွန်တော်ရေးတဲ့ ပြဇာတ်မှာ ဝင်ပါရမယ်၊ ဒါပေမဲ့ ကျွန်တော်က သူ့အတွက် ရေးထားတဲ့ အခန်းတွေနဲ့ ပတ်သက်ပြီး သူက မကျေနပ်ဘူး၊ သူ့အတွက် အခန်းတွေ ပိုလိုချင်ခဲ့တယ်’

‘ဒါပေမဲ့ရှင်၊ သူ့တောင်းဆိုချက်ကိုလည်း ကျွန်မတို့က ဘယ်လိုမှ မလိုက်လျောနိုင်ဘူးလေ’ဟု အမျိုးသမီးက ပြောလိုက်သည်။ သူမက နှုတ်ခမ်းကလေးများမဲ့လျက် စကားဆက်ပြန်၏။

‘အခုတောင်မှ သူ့အတွက်ပေးထားတဲ့ အခန်းတွေက များနေပါပြီ’

ကိုမိုးညွန့်က အေးအေးမြင့်ပင် စကားကို ဝင်၍ ထောက်ခံလိုက်ပြန်သည်။

‘တကယ်တော့ ကိုရဲသန်းဟာ အနုပညာရယ်လို့ သိပ်ရှိလှတာ မဟုတ်ပါဘူးဗျာ၊ ဒါနဲ့တောင် သူက သူ့ကိုယ်သူ ရုပ်ရှင် ပြဇာတ်မင်းသားကြီး တစ်ယောက်လို့ ထင်နေတာဗျ’

‘အို… သူ့မှာ အနုပညာရယ်လို့ ရှိကို ရှိတာမဟုတ်ပါဘူး၊ တကယ်တော့ သူဟာ အချောင်သမားသက်သက်တစ်ယောက်ပါ’

အေးအေးမြင့်က အင်မတန်မှ အထင်သေးလှသော အသံဖြင့် ထပ်မံ ဖြည့်စွက်လိုက်ပြန်သည်။

‘ဒီလိုဆိုရင် ကိုမိုးညွန့်နဲ့ ကိုရဲသန်းတို့ မသင့်မတင့် ဖြစ်နေရတဲ့ကိစ္စဟာ ကိုမိုးညွန့်ရဲ့ ပြဇာတ်ထဲမှာ သူမပါရတဲ့ ကိစ္စပဲပေါ့’

‘ဟုတ်ပါတယ် ရဲမှူးမင်းခင်ဗျား၊ ဒီကိစ္စသက်သက် တင်ပါပဲ၊ တခြား ဘာကိစ္စမှမရှိပါဘူး၊ ဘာလဲ ခင်ဗျားကို သူက လာတိုင်ထားလို့လား’

ကိုမိုးညွန့်က ကိုရန်ကင်းအား ခပ်ငေါ့ငေါ့ပြောလိုက်၏။ သို့ရာတွင် ကိုရန်ကင်းက သူ့စကားများကို ဘယ်လိုမှ ဂရုမစိုက်ဘဲ မေးစရာရှိသည်ကိုသာ ဆက်၍ မေးလိုက်၏။

‘ပြဇာတ်တစ်ခုထဲမှာ ဘယ်သူပါရမယ်၊ ဘယ်သူမပါရဘူးလို့ ဆုံးဖြတ်တာမှာ ပြဇာတ်ပရိုဂျူဆာနဲ့ ဒါရိုက်တာတို့က ဆုံးဖြတ်ရတာ မဟုတ်လား’

‘မှန်ပါတယ်လေ၊ ပြဇာတ် ပရိုဂျူဆာက ဟောဒီက အေးအေးမြင့်ပါပဲ’

စာရေးဆရာမိုးညွန့်က သူ့ဘေးမှ အမျိုးသမီးဘက်သို့







www.burmeseclassic.com

www.burmeseclassic.com



မေးငေါ့ပြလိုက်သည်။ အေးအေးမြင့်က ကိုရန်ကင်းအား ခပ်ပြုံးပြုံး ကြည့်လိုက်၏။

'ဒီလိုပါလေ ရဲမှူးကြီးရဲ့၊ ကျွန်မရဲ့ အဖေက ဒီပြဇာတ် ထုတ်နိုင်ဖို့အတွက် ငွေအရင်းထုတ်ပေးခဲ့တာကလား။ ဒီတော့ကာ သူ့သမီး ကျွန်မက ပရိုဂျူဆာလုပ်တာပေါ့'

'အို… ဘာပဲဖြစ်ဖြစ် အေးအေးမြင့်ရဲ့ အဘိုးကြီးက အင်မတန်မှ စိတ်ကောင်းရှိတဲ့ လူတစ်ယောက်ပါဗျာ'

စာရေးဆရာ မိုးညွန့်က သူ့ယောက္ခမလောင်းကြီးအား ချီးကျူးခန်း ဖွင့်လိုက်၏။ ကိုရန်ကင်းက နောက်ထပ် မေးခွန်း မထုတ်သေးဘဲ ဆေးအပြည့်ထည့်ထားသော ဆေးတံကို မီးစွဲအောင် မီးညှိနေလိုက်၏။ ဆေးတံ မီးစွဲသွားမှ သူက ပါးစပ်မှချွတ်လိုက်ကာ သူ့ရှေ့မှဖန်ခွက်ကို ကောက်ယူလျက် ဘီယာတစ်စုပ် စုပ်လိုက်ပါသည်။

စာရေးဆရာ မိုးညွန့်နှင့် အေးအေးမြင့်တို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက် ကိုရန်ကင်း မျက်နှာကြည့်လိုက်နှင့် ရှိနေကြ၏။ ကိုရန်ကင်းက ဘီယာဖန်ခွက်ကို ပြန်ချထားလိုက်ပြီးမှ မေးခွန်းတစ်ခု ထုတ်လိုက်ပြန်သည်။

'ကိုရဲသန်းဟာ ခင်ဗျားတို့ ပြောကြသလို အနုပညာ ဒီလောက်ခေါင်းပါးနေရင် ခင်ဗျားတို့ အစက သူ့ကို ဘာကြောင့် ငှားခဲ့ကြသေးသလဲ'

ထိုမေးခွန်းကို စာရေးဆရာ မိုးညွန့်ကလည်းကောင်း၊ အေးအေးမြင့်ကလည်းကောင်း ရုတ်တရက် ပြန်မဖြေဘဲ တစ်ယောက် မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ ပြီးမှ စာရေးဆရာမိုးညွန့်က အရက်ခွက်ကို ကောက်ယူလျက် ငုပ်ခနဲ သောက်





လိုက်ကာ ကိုရန်ကင်းအား မသာမယာ မျက်နှာကြီးဖြင့် ကြည့်လိုက်၏။

'အဲဒါကိုပဲ ကျုပ်တို့က ကိုယ့်ကိုယ်ကို ပြန်မေးနေမိတာပဲ၊ တကယ်လို့ ကျုပ်တို့ မိုက်မဲခဲ့မိတယ်ဆိုပါစို့ဗျာ၊ သူက အပြောတော့ တော်တော်ကောင်းတဲ့လူပဲဗျ၊ လက်တွေ့ကျရင်သာ ဘာမှ မဟုတ်တာဗျ'

'ခက်တာက သူ့ကို ကျွန်မတို့က ပြန်ဖြုတ်ပစ်လို့လည်း မရဘူး၊ သူ့ကို ကျွန်မတို့က ပြဇာတ်ရုံက မဆင်းမချင်း ငှားပါမယ်လို့ ကန်ထရိုက်စာချုပ် မိထားခဲ့တယ်ရှင့်'

အေးအေးမြင့်က ဝင်၍ ဖြည့်စွက် ပြောလိုက်ပြန်သည်။

'ကျုပ် ခုနက ပြောသလိုပေါ့ဗျာ၊ ကျုပ်တို့က သိပ်ကို မိုက်မဲမိခဲ့ကြတာပဲ'

စာရေးဆရာ မိုးညွန့်က သူ့နဖူးကို လက်နှင့်သပ်လျက် ရှုံ့မဲ့မဲ့ ပြောလိုက်ပြန်သည်။

'တကယ်တော့ရှင်၊ ဒီလူဟာ တော်တော့်ကို စိတ်ပျက်စရာကောင်းတဲ့ လူတစ်ယောက်ပါ'

ကိုရန်ကင်းက ပြောလိုက်သော အေးအေးမြင့်အား မျက်ခုံးတစ်ဖက်ပင့်လျက် ကြည့်လိုက်၏။

'ဟုတ်လား၊ ဘယ်လိုများ စိတ်ပျက်စရာကောင်းတာလဲဗျာ'

'ဒီလူက စိတ်ထားလုံးလုံးကောင်းတာ မဟုတ်ဘူးရှင့်၊ အင်မတန်မှ ယုတ်မာစုတ်ပွဲချင်တဲ့ လူတစ်ယောက်ပဲ'

'ဟုတ်တယ် ရဲမှူးကြီး၊ ခပ်ရိုင်းရိုင်းစကားပြောရရင်ဖြင့် ဒီကိုရဲသန်းဆိုတဲ့လူဟာ ခွေးမသား စစ်စစ်တစ်ယောက်ပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ မိုးညွန့်က ရှင့်ရှင့်သီးသီး စကားများဖြင့် ဝင်၍ မှတ်ချက် ချလိုက်ပြန်သည်။ ကိုရန်ကင်းက ဘာမှမပြော ဘဲ ၎င်းအား စူးစိုက်ကြည့်နေရာ စာရေးဆရာ မိုးညွန့်က ၎င်း၏ စကားများကို ဆက်၍ ရှင်းလင်းလိုက်ပြန်သည်။

'ကျွန်တော်က သူ့ကို တမင်သက်သက် စွပ်စွဲပြောဆို တာလည်း မဟုတ်ရပါဘူးဗျာ၊ တကယ်တော့ ဒီလူဟာ အမျိုးမျိုး ကြံဖန်ပြီး ဒုက္ခပေးတတ်တဲ့ လူဗျ။ လူတစ်ယောက်ယောက်ကို သူက စိတ်ဒုက္ခပေးနိုင်ပြီဆိုရင် ဖြစ်ဖြစ်မြောက်မြောက်ကို ပေးတော့ တာပါပဲ၊ သူဟာ လူတစ်ယောက်ယောက်ကို အကျဉ်းအကျပ်တွေ့ စေနိုင်ပြီဆိုရင် သူဟာ ဒီအခွင့်အရေးကို မိမိရရ အသုံးချတော့ တာပဲ၊ မိတ်ဆွေနှစ်ယောက်ကို တစ်ယောက်ကို တစ်ယောက် မုန်းတီးသွားအောင် သူက လုပ်နိုင်တယ်ဆိုရင်လည်း ဘယ်တော့မှ လက်မနှေးတတ်ဘူး'

'အို… ကိုမိုးကလည်း ဒီထိအောင်လည်း မပြောနဲ့လေ'

အေးအေးမြင့်က သတိပေးသောအသံဖြင့် ကိုမိုးညွန့်အား ပြောလိုက်၏။

'အို… ဘာဖြစ်သလဲ၊ ကိုယ်က အမှန်အတိုင်း ပြော တာပဲ၊ ဒီရဲသန်းတစ်ယောက်ကိုတော့ ကိုယ်စိတ်ကုန်နေတာ ကြာလှ ပြီ၊ သူဟာ လူတစ်ယောက်ကို မသိမသာ သွယ်ဝိုက်စော်ကား ရမယ်ဆိုရင်လည်း ပါရဂူကြီးတစ်ယောက် ဖြစ်နေတော့တာပဲ ဘယ်သူ့ကိုမှ မစော်ကားနိုင်ရင် သူဟာ ကိုယ့်ကိုယ်ကို ပြန်စော် ကားရမှ ကျေနပ်တဲ့လူဗျ။ သူ့ကို ကျုပ်တို့က ပထမတန်းစားထဲမှာ ထည့်သုံးမိတာကစပြီး…'

'ပထမတန်းစားဆိုတာက ခင်ဗျားတို့ ပြဇာတ်ရဲ့ နာမည်





လား'

'ဟုတ်တယ်လေ၊ အခုလောလောဆယ် ရွေးထားတဲ့ နာမည်ပါပဲ၊ နောက်ကျတော့ ပြင်ရင်ပြင်ရဦးမယ်'

'ဇာတ်လမ်းကတော့ တော်တော်ကောင်းတာပဲ၊ ကိုမိုး ညွန့်ရေးခဲ့သမျှတွေထဲမှာ အကောင်းဆုံးပဲ ဆိုပါတော့၊ ဇာတ်လမ်း က မြို့ပေါ်ကလူတွေကို သရော်ထားတာ'

အေးအေးမြင့်က စိတ်အားထက်သန်စွာ ဝင်၍ ပြောလိုက် စဉ် စာရေးဆရာမိုးညွန့်က လက်ကာပြလိုက်သည်။

'ရှိပါစေတော့ အေးရာ၊ ရဲမှူးမင်းက ဒါကို စိတ်ဝင်စား မယ် မဟုတ်ပါဘူး၊ သူ မေးစရာရှိတာတွေကို ပြီးအောင်မေးပါစေ'

မိုးညွန့်က ပြောပြီးနောက် ကိုရန်ကင်း၏ဘက်သို့ လှည့် ကြည့်လိုက်သည်။

'ကဲ… ရဲမှူးမင်း၊ နောက်ဘာများ မေးစရာရှိသေးသလဲ ဗျာ…'

'ခင်ဗျားပြောသလို ကိုရဲသန်းဟာ အမြင်ကပ်စရာ ကောင်းတာက အပထားလို့ သူ့မှာ တကယ့်ရန်သူတွေ ဘာတွေ ကော ရှိသေးသလားဗျ'

'တကယ့်ရန်သူဆိုတာက ဘယ်လိုဟာမျိုးလဲဗျ' ဟု စာရေးဆရာ မိုးညွန့်က မျက်မှောင် မသိမသာ ကုတ်လျက် ပြန် မေးလိုက်သည်။

'သူ့ကို သတ်ပစ်ချင်လောက်အောင်မုန်းတဲ့ ရန်သူမျိုးဆို ပါတော့ဗျာ'

စာရေးဆရာ မိုးညွန့်က ရုတ်တရက် ပြန်မဖြေ၊ ကိုရန် ကင်းကိုသာ ခေတ္တမျှကြာအောင် စူးစိုက်ကြည့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဦးခေါင်းကို မသိမသာ ညိတ်ပြလိုက်၏။

'လက်စသတ်တော့ ဒီလိုကိုး၊ ရဲသန်းတစ်ယောက်တော့ ကြွသွားပြီကိုး'

အေးအေးမြင့်ကတော့ မိုးညွန့်ကိုတစ်လှည့်၊ ကိုရန်ကင်းကို တစ်လှည့် ကြည့်လိုက်သည်။ သူမသည် တစ်စုံတစ်ခု ပြောတော့မည်လုပ်ပြီးမှ မပြောဘဲ သူမရှေ့မှဖန်ခွက်ကို ကောက်ယူကာ လိမ္မော်ရည်ကို တစ်ကျိုက် ကျိုက်ချလိုက်၏။

ကိုရန်ကင်းက တိတ်ဆိတ်နေလျှင် မိုးညွန့်က ပြုံးရန် ကြိုးစားလိုက်သည်။

'ဒါကြောင့်မို့ ခင်ဗျားက ကျုပ်ကို လာစစ်နေတာကိုး၊ ခင်ဗျားက မိုးညွန့်ကို ကျုပ်က…'

စာရေးဆရာ မိုးညွန့်က စကားမဆက်ဘဲ သူ့ရှေ့မှ အရက်ဖန်ခွက်ကို ကောက်မော့လိုက်၏။

'ကျုပ်က ဘယ်လိုမှ မထင်သေးပါဘူး ကိုမိုးညွန့်၊ ကိုရဲသန်းမှာ ရန်သူတွေများ ရှိသလားလို့သာ ကျုပ်က မေးနေတာပါ'

'ရဲသန်းတစ်ယောက် သေပြီရယ်လို့ ခင်ဗျား ပထမဘာလို့ ဖွင့်မပြောခဲ့ရသလဲ၊ ခင်ဗျားက ကျုပ်ကို ကြောင် ကြွက်ကစားသလို ကစားနေတာလား'

စာရေးဆရာ မိုးညွန့်က သိပ်မကျေနပ်လှသော အသံဖြင့် မေးလိုက်ပြန်သည်။ ကိုရန်ကင်းက သူ့မေးခွန်းကို အဖြေမပေး ကိုယ်မေးလိုသည့် မေးခွန်းကိုသာ ထပ်မေးလိုက်ပြန်၏။

'ကဲ… ပြောပါဦး ကိုမိုးညွန့်၊ ကိုရဲသန်းမှာ သူ့ကို သတ်ပစ်ချင်အောင်မုန်းတဲ့ ရန်သူများကော ရှိခဲ့သလားဗျာ'

စာရေးဆရာ မိုးညွန့်က လက်ဝါးနှစ်ဖက်ကို ဖြန့်ပြလိုက်





သည်။

'ဒါတော့ ပြောရခက်သားကလားဗျာ၊ သူဟာ မြင်မြင်းကတ်စရာကောင်းတဲ့ လူတစ်ယောက်တော့ အမှန်ပဲ၊ ဒါပေမဲ့ သူ့ကို သတ်ပစ်ချင်လောက်အောင် မုန်းတဲ့ ရန်သူဆိုတာကတော့ ကျွန်တော်လည်း မပြောတတ်ဘူးလေ'

ကိုရန်ကင်းက အေးအေးမြင့်အား လှည့်ကြည့်လိုက်၏။

'ကဲ… မအေးအေးမြင့်ကကော ဘယ်လိုသဘောရသလဲ'

အေးအေးမြင့်က ခေါင်းကိုခါယမ်းကာ ပြလိုက်သည်။ ထို့နောက် သူမ၏ လိမ္မော်ရည်ဖန်ခွက်ကို လက်တစ်ဖက်ဖြင့်လှည့်ကာ ငုံ့ကြည့်နေလိုက်၏။

မိုးညွန့်က ရုတ်တရက် အသံထွက်အောင် ရယ်မောလိုက်၏။

'အို… အေးအေး၊ ကိုယ်တို့က ဘာလုပ်နေကြတာလဲ၊ ရဲသန်းတစ်ယောက် အနိစ္စသဘော ကိစ္စချောသွားပြီဆိုတာ ကိုယ်တို့အတွက်တော့ မင်္ဂလာသတင်းပဲ မဟုတ်လား၊ ကိုယ်တို့အတွက် သူပြဿနာက မရှိတော့ဘူးလေ၊ ဒီအတွက် ကိုယ်တော့ အရက်ကောင်းကောင်းတစ်ခွက် မှာသောက်ရဦးမယ်'

'အေးအတွက်လည်း ဂျင်ဝမ်းပက် မှာပေး ကိုမိုး၊ အေးပါ သောက်မှာပေါ့'

ကိုမိုးညွန့်က စားပွဲထိုးအား ခေါင်းလောင်းတီးလျက်ခေါ်လိုက်ကာ သူ့အတွက် ဗိုက်လေဘယ်လ်ဝမ်းပက်နှင့် အေးအေးမြင့်အတွက် ဂျင်နှင့် လိုင်းမ်ခေတ်ဒါ မှာလိုက်ပြီး ကိုရန်ကင်းအား လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ရဲမှူးကြီးကကော ဘာသောက်မလဲ၊ ကျွန်တော် တိုက်ပါရစေ'

ကိုရန်ကင်းက သူ၏မကုန်သေးသော ဘီယာပုလင်း ကို မေးငေါ့ပြလိုက်သည်။

'နေပါစေတော့ဗျာ၊ ကျွန်တော်က ခင်ဗျားတို့အတွက် ဒီလောက်သတင်းကောင်း ယူလာမိမှန်း မသိဘူးဗျ'

အေးအေးမြင့်က ကိုရန်ကင်းအား ပြုံးပြလိုက်သည်။

'သိပ်ကောင်းတဲ့ သတင်းပေါ့ရှင်၊ ရဲသန်း မရှိတော့တဲ့ နောက်မှာ လူတိုင်းအတွက် ကောင်းဖို့ချည်းပဲပေါ့ရှင်'

'ဟုတ်တယ် ရဲမှူးကြီး၊ ကျုပ်ပြဇာတ်ကို ကျုပ်သဘော ကျ ရိုက်တင်နိုင်တော့မယ်လေ၊ ကြားက ဝင်ရှုပ်မယ့် လူဆိုလို့ မရှိတော့ဘူးပေါ့'

ကိုရန်ကင်းက ရဲသန်းတစ်ယောက် သေပြီဆို၍ ပွင့်ပွင့် လင်းလင်းပင် ကျေနပ်အားရမှု ပြနေကြသော သူတို့နှစ်ယောက်တို့ ခေတ္တမျှ အကဲခတ်ကြည့်နေရင်းက သူ့ဘီယာလက်ကျန်ကို ရှိုက် နေလိုက်သည်။ စားပွဲထိုးကလည်း မိုးညွန့်မှာလိုက်သော အရက် တွေ လာပို့ရာ မိုးညွန့်က သူ့ဖန်ခွက်ကို အေးအေးမြင့်၏ ဖန်ခွက် နှင့် ခွပ်ခနဲမြည်အောင် ထိလိုက်ပြီး–

'ကိုယ်တို့ ပြဇာတ်အတွက် အေး'ဟု ရည်ညွှန်းလိုက် သည်ကို–

'ကိုမိုး ပြဇာတ် အောင်မြင်ပါစေ'ဟု အေးအေးမြင့်က ဆုတောင်း ဆန္ဒပြုလိုက်ပြီး နှစ်ဦးစလုံး အရက်တစ်ကျိုက်စီ ကျိုက် လိုက်ကြလေ၏။

ကိုရန်ကင်းက သူ့ဘီယာဖန်ခွက်ကို စားပွဲတွင် ချလိုက်





ပြီးသည့်နောက် ထိုင်ရာက ထလိုက်သည်။

'ကဲ… ခင်ဗျားတို့ စယ်လီဘရိတ် လုပ်ကျန်ရစ်ခဲ့ပေ တော့၊ ကျွန်တော်တော့ ပြန်လိုက်ဦးမယ်'

စာရေးဆရာ မိုးညွန့်က ပြုံးပြုံးကြီးဖြင့် သူ့ဖန်ခွက်ကို ကိုရန်ကင်းအား မြှောက်ပြလိုက်သည်။

'သွားပေဦးတော့ ကိုရန်ကင်းရေ၊ ကျွန်တော်တို့ပြဇာတ် ရိုက်တင်တော့ ခင်ဗျားဆီကို လက်မှတ်ပို့လိုက်ပါ့မယ်'

'ကျေးဇူးပါပဲ စာရေးဆရာကြီးရယ်'

ကိုရန်ကင်းက ဘားထဲမှထွက်ခဲ့ကာ ဂျစ်ကားပေါ်သို့ တက်လိုက်သည်။ သို့ရာတွင် ကားကိုစက်မနှိုးသေးဘဲ ခေတ္တမျှ ထိုင်လျက် ရှေ့ဘာလုပ်ရမှာလဲဟု စဉ်းစားနေလိုက်မိသည်။

သူတွေ့စရာလူကား တစ်ယောက် ကျန်နေပေသေးသည်။ သေဆုံးသူ ကိုရဲသန်း၏ ဇနီးဟောင်း ကြွယ်ကြွယ်ပင် ဖြစ်လေ၏။

ကြွယ်ကြွယ်နေထိုင်သော ရတနာဘောဂ အဆောက်အဦ မှာ သူ ယခုရောက်နေသော အရပ်နှင့် သိပ်ကွာဝေးလှသည် မဟုတ်။ နှစ်ဖာလုံမျှသာ ဝေးကွာလေသည်။

ကိုရန်ကင်းက သူ့မှတ်စုစာအုပ်ကို ထုတ်ယူကာ ကြွယ် ကြွယ်နှင့်ပတ်သက်၍ သူမှတ်ထားသော မှတ်ချက်များကို ပြန်၍ ဖတ်ကြည့်လိုက်သည်။ သူမသည် ကိုရဲသန်းနှင့်ကွာရှင်းခဲ့ပြီးနောက် ဘဏ်ထရိုက်တာ ဦးအောင်မင်းဆိုသူနှင့် နောက်ထပ် အိမ်ထောင် ပြုခဲ့သည်။ သို့ရာတွင် ဦးအောင်မင်းနှင့်လည်း ကွာရှင်းခဲ့ပြန်ကာ ယခုတော့ ရတနာဘောဂ အဆောက်အဦတွင် တိုက်ခန်းငှားလျက် အတွက်လပ်စွာ နေထိုင်လျက်ရှိနေ၏။

ကိုရန်ကင်းက မှတ်စုစာအုပ်ကို ပြန်ထည့်လိုက်ကာ ဂျစ်



www.burmeseclassic.com

www.burmeseclassic.com



ကားကို စက်နှိုးလျက် ရတနာဘောဂ အဆောက်အဦးဆီ...
မောင်းထွက်ခဲ့လေ၏။

★ ★ ★

# (၅)

ရတနာဘောဂ အဆောက်အဦ တိုက်ခန်းအမှတ် (၄)၏
...ခါးကို လာဖွင့်ပေးသော အမျိုးသမီးမှာ ကိုရန်ကင်းတွေ့ဖူးသမျှ
...မျိုးသမီးထဲတွင် ရုပ်ါအဆင်း ထူးခြားစွာလှသော မိန်းမတစ်
...ယောက် ဖြစ်နေသည်။ အသက်ကတော့ (၃၀)မျှရှိပြီဟု ခန့်မှန်း
...ရသည်။

အသား မသိမသာကလေး ညိုသော်လည်း ထိုညိုပုံ
...လေးကပင် ဆွဲဆောင်မှုတစ်မျိုး ဖြစ်နေ၏။ မျက်လုံးကြီးတွေက
...ကြည်လင်နက်မှောင်ပြီး မျက်တောင်ရှည်ကော့ကြီးများဖြင့် ညို့
...တ်ပါလှသော အကြည့်ရှိလေသည်။

ကိုယ်ခန္ဓာကလည်း အမျိုးအဆက်ကျလှစွာ တောင့်တင်း
...ဘာ ထွားမှိုလှသော ရင်အုံ၊ သေးကျစ်သော ခါး၊ ရှင့်ကားသော
...င်ပါးဆုံနှင့် ရှည်လျားလုံးကျစ်သော ပေါင်တံကြီးများ ရှိလေ
...သည်။ ဝတ်စားထားသည်ကတော့ သပ်သပ်ရပ်ရပ် ရှိပေ၏။

'ဟုတ်ကဲ့… ဘာကိစ္စရှိလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



သူမက ကိုရန်ကင်းအား အကဲခတ်ကြည့်ရာက မပြုံးမရယ် ခပ်တည်တည် မေးလိုက်သည်။

'ဒေါ်ကြွယ်ကြွယ်ပါလားခင်ဗျာ'

'ဟုတ်ကဲ့… ကျွန်မပါပဲ၊ ဘာကိစ္စရှိလို့ပါလဲ'

'ကျွန်တော့်နာမည်က ရန်ကင်းပါတဲ့ခင်ဗျာ၊ ကျွန်တော်ဟာ မှုခင်းစစ်ဆေးရေး ဗဟိုဌာနချုပ်က စုံထောက်ရဲမှူး တစ်ယောက်ပါ။ ကျွန်တော် ဒေါ်ကြွယ်ကြွယ်နဲ့ စကားပြောစရာရှိနေပါတယ်၊ အထဲကို ဝင်ပါရစေလား ခင်ဗျာ'

ကြွယ်ကြွယ်၏မျက်နှာ အမူအရာက ဘယ်လိုမှ ပြောင်းလဲ၍မသွား။ စုံထောက်ရဲမှူးတစ်ယောက် သူမထံသို့လာ၍ ဘယ်လိုမှ အံ့ဩပုံမရ။

'ဟုတ်ကဲ့… ဝင်ပါရှင်'ဟုပြောကာ တံခါးပေါက်မှ ဖယ်ပေးလိုက်သည်။ ပြီးနောက် တံခါးကို ပြန်ပိတ်ကာ တံခါးရွက်တွင် ကျောမှီရပ်ပြီး ကိုရန်ကင်းအား သူ၏နက်မှောင်သော မျက်လုံးကြီးများဖြင့် စူးရှစွာ စိုက်ကြည့်လိုက်၏။

'ကျွန်မကို ရှင်က ဘာဖြစ်လို့ လာတွေ့တာလဲ'

'ကျွန်တော်တို့ ထိုင်ပြီး အေးအေးဆေးဆေး စကားပြောကြရအောင်လားဗျာ'

ထိုအခါမှ ကြွယ်ကြွယ်က ခေါင်းညိတ်လိုက်ကာ ဧည့်ခန်းကို ဖြတ်လျှောက်ပြီး အဖြူရောင်ပိတ်သား ဖုံးအုပ်ထားသည့် ဆိုဖာကြီးတစ်လုံးတွင် ဝင်ထိုင်လိုက်ကာ ကိုရန်ကင်းကို မျက်နှာချင်းဆိုင်ရှိ ဆိုဖာဆက်တီသို့ လက်ကလေးတစ်ဖက် ယမ်းပြလိုက်၏။

ကိုရန်ကင်းက ထိုဆိုဖာတွင် ဝင်ထိုင်လိုက်ကာ အိတ်





ကပ်ထဲမှ မှတ်စုစာအုပ်ကလေးကို ဆွဲထုတ်လိုက်သည်။ ပြီးမှ အသာ နားစွင့်နေလိုက်သည်။

သူတိုက်ခန်းထဲသို့ ဝင်လာကတည်းကပင် တဝီဝီအသံကို ခပ်သဲ့သဲ့ ကြားနေရ၏။ အသံမှာ အတွင်းခန်းထဲမှ မြည်နေခြင်း ဖြစ်သည်။

'အဲဒီအသံက ဘာသံလဲဗျ'

ကိုရန်ကင်းက ကြွယ်ကြွယ်အား လှမ်းကြည့်ကာ မေးလိုက်မိသည်။

'မာစီဒီကား စက်သံလေ'

'ဗျာ… ကားက အခန်းထဲမှာထားသလား'

ကြွယ်ကြွယ်က ပြုံးလိုက်ပြီးမှ ပြန်ဖြေ၏။

'ကားကို အခန်းထဲမှာ မထားပါဘူး၊ ကားစက်သံကို တိပ်ရက်ကော်ဒါထဲမှာ သွင်းထားတာပါ၊ ကျွန်မက ဖွင့်နားထောင်နေတုန်း ရှင်ရောက်လာတာပဲ'

ကိုရန်ကင်းက ပို၍ အံ့ဩသွားရပြန်၏။

'ခင်ဗျားက ကားစက်သံကို ဒီလိုပဲ တိတ်သွင်းပြီး နားထောင်တတ်သလား'

ကြွယ်ကြွယ်က မြင့်မားသော အပြုံးမျိုး ပြုံးလိုက်၏။

'ကျွန်မက ကားရူးဆိုပါတော့ရှင်၊ မော်တော်ကားမှန်သမျှကို ကျွန်မက စိတ်ဝင်စားတယ်ရှင့်၊ ကျွန်မကတော့ အော်စတင်ဟီလီပဲ'

ကြွယ်ကြွယ်က ပြောပြောဆိုဆို မှန်ဗီရိုကြီးတစ်လုံးဆီသို့ လက်ယမ်းပြလိုက်သည်။ ထိုမှန်ဗီရိုကြီးထဲတွင် မော်တော်ကားမျိုးစုံ ပုံစံငယ်ကလေးတွေက ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ကြွယ်က သူမ၏ဘေး စားပွဲပုကလေးတစ်လုံး ပေါ်တွင်ရှိသော ငွေသေတ္တာကလေးကို ဖွင့်ကာ အတွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ နှုတ်ခမ်းတွင်တပ်လျှက် ပလက်တီနမ် စာတ်မီးခြစ်ကလေးဖြင့် မီးညှိလိုက်သည်။ စီးကရက် မီးခိုး ပြာပြာကလေး နှစ်တန်းကို နှာဖျားဝမှ မှုတ်ထုတ်လိုက်ပြီးမှ သူမက ကိုရန်ကင်းအား မေးလိုက်၏။

'ကဲ… ရှင်လာတာ ဘာကိစ္စများလဲ ဆိုစမ်းပါဦး၊ ကျွန်မကို ဘာပြောချင်တာလဲ'

'ကိုရဲသန်းအကြောင်းနဲ့ ပတ်သက်လို့ပါ'

ကြွယ်ကြွယ်၏ နက်မှောင်သော မျက်ခုံးတစ်ဖက် အပေါ်သို့ ပင့်တက်သွား၏။

'ကိုရဲသန်းအကြောင်း ဟုတ်လား၊ သူက ဘာဖြစ်ပြန်သလဲရှင်'

'ကိုရဲသန်းနဲ့ ဒေါ်ကြွယ်ကြွယ်တာ တစ်ခါတုန်းက အိမ်ထောင်ဖက် ဖြစ်ခဲ့ဖူးတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ကြာလှပါပြီရှင်။ သူနဲ့ကျွန်မ စကားမပြောတာ (၇)နှစ် (၈)နှစ်လောက်တောင် ရှိနေပါပြီ'

'ဟုတ်လား'

'ဟုတ်ပါတယ်၊ နေပါဦး… သူက ဘာဖြစ်လို့လဲရှင်'

'ကိုရဲသန်း သေရှာပြီလေ၊ အသတ်ခံခဲ့ရတာပဲ'

ကြွယ်ကြွယ်သည် မျက်လုံးများ ပြူးကျယ်သွားကာ ဖင့်သက်တစ်ချက် ရှိုက်လိုက်သည်။

'ရှင်… ကိုရဲသန်းတစ်ယောက် အသတ်ခံရတယ် ဟုတ်လား၊ အို… အဖြစ်ဆိုးလှချည်လားရှင်'





ကိုရန်ကင်းက ဘာမှမပြောဘဲ ဦးခေါင်းကိုသာ ညိတ်ပြလိုက်ကာ ကြွယ်ကြွယ့်ကိုသာ အကဲခတ် ကြည့်နေလိုက်သည်။ ကြွယ်ကြွယ်သည် လက်ထဲက စီးကရက်ကို မီးပင်မသတ်တော့ဘဲ ပြာခွက်ထဲသို့ ပစ်ချလိုက်ကာ လက်နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။

'သူ့ကို ဘယ်သူ သတ်သွားတာလဲဟင်၊ တရားခံကို ဖမ်းမိပြီလား'

'ဖမ်းမမိသေးပါဘူး'

'ဘယ်သူဆိုတာကော ရှင်တို့ သိပြီလား'

'မသိသေးပါဘူး'

ကြွယ်ကြွယ်က ကြမ်းပြင်သို့ ငုံ့ကြည့်လိုက်ကာ မယုံကြည်နိုင်သော အမူအရာဖြင့် ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်၏။

'ကိုရဲသန်း အသတ်ခံရတယ်ဆိုတာ ကျွန်မဖြင့် ယုံတောင် မယုံနိုင်ပါဘူးရှင်'

'ခင်ဗျား ခုနက ပြောခဲ့တယ်၊ ခင်ဗျား ကိုရဲသန်းနဲ့ စကားမပြောတာ (၇)နှစ် (၈)နှစ်တောင် ရှိသွားပြီတဲ့၊ ဒီတော့ ဒီအတောအတွင်းမှာ ခင်ဗျား သူ့ကိုတွေ့ကော မတွေ့ခဲ့ရဘူးလား ဒေါ်ကြွယ်ကြွယ်'

'သူ့ကို တွေ့တော့ တွေ့ခဲ့ရပါတယ်၊ လေးငါးဆယ်ခါ ထင်ပါရဲ့၊ လမ်းပေါ်မှာနဲ့ တခြား နေရာတွေမှာတော့ သူကတော့ ကျွန်မကို တွေ့ပုံမရပါဘူး၊ တွေ့ရင်လည်း မတွေ့ချင်ယောင် ဆောင်နေမှာပေါ့လေ၊ ဒါပေမဲ့ သူ့ကို ကျွန်မ နှုတ်လည်းမဆက် စကားလည်း မပြောခဲ့ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ကိုရန်ကင်းက နှုတ်ဆိတ်၍သာ နေလိုက်သည်။ ကြွယ်ကြွယ်က စီးကရက် ပြာခွက်ထဲမှ စီးကရက်ကို ပြန်ကောက်ယူကာ မီးခိုးများကို အဆုတ်တွင်းသို့ ရှိုက်သွင်းလိုက်ပြီးမှ စကားဆက်ပြန်သည်။

'ကျွန်မက သူနဲ့ကွာပြီး နောက်အိမ်ထောင်ပြုခဲ့သေးတယ်ရှင့်၊ ကျွန်မ သူနဲ့ပေါင်းခဲ့ရတာ သိပ်မကြာခဲ့ပါဘူး၊ တစ်နှစ်တောင် မကြာခဲ့ပါဘူး၊ သူက ပြဇာတ်ကန်ထရိုက်လုပ်ဖို့ ကျွန်မနဲ့ လက်ထပ်ပြီး နယ်ထွက်သွားခဲ့ရတယ်၊ ကျွန်မက သူနဲ့ လိုက်မသွားခဲ့ဘူးလေ၊ နယ်မှာ သူက အတော်ကြာတယ်၊ သူ ရန်ကုန်ပြန်ရောက်လာတော့ ကျွန်မရော သူပါ ကျွန်မတို့နှစ်ယောက် လက်ထပ်ခဲ့တာဟာ မှားကြောင်းသိရပြီး နှစ်ဦးသဘောတူ ကျေကျေနပ်နပ်ကွာရှင်း ပြတ်စဲခဲ့ကြတာပါပဲ'

'ကိုရဲသန်းမှာ ဆွေမျိုးဉာတိ မရှိဘူးလို့လည်း ကျွန်တော် သိရပါတယ်၊ အဲဒါ ဟုတ်သလား'

'မှန်ပါတယ်၊ သူဟာ ဥတစ်လုံးတစ်ကောင်ကြွက် တစ်ယောက်ပဲရှင့်'

'ဒီလိုဆိုရင် ဒေါ်ကြွယ်ကြွယ်ကို ကျွန်တော်တို့က တစ်ခု မေတ္တာရပ်ခံချင်ပါတယ်၊ အခုလို အမှုကိစ္စမျိုးမှာ သေသူဟာ ဘယ်သူဘယ်ဝါဖြစ်ပါတယ်ဆိုတာကို အနီးကပ်ဆုံး ဆွေမျိုးက သက်သေခံရပါတယ်၊ အခု သူ့မှာ ဆွေမျိုးဉာတိက မရှိတော့..'

ကြွယ်ကြွယ်က ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်သည်။

'ကျွန်မ နားလည်ပါတယ်၊ ကောင်းပြီလေ၊ ကျွန်မကပဲ လိုက်ပြီး သက်သေခံပေးပါ့မယ်'





'ကျေးဇူးတင်ပါတယ်ဗျာ'

'ကျွန်မ အခုပဲ လိုက်ခဲ့ရမလား ဦးရန်ကင်း'

'ပထမတော့ ကျွန်တော် ကိုရဲသန်းနဲ့ ပတ်သက်လို့ ဒေါ်ကြွယ်ကြွယ်ဆီမှာ နည်းနည်းပါးပါး မေးမြန်းစုံစမ်းကြည့်ချင်ပါသေးတယ်'

ကြွယ်ကြွယ်က သူမ၏ မျက်ခုံးများကို ပင့်လိုက်ပြန်သည်။

'သူနဲ့ကျွန်မ အဆက်အသွယ် မရှိတာ ကြာလှပါပြီ၊ ကျွန်မက ဘာများ ပြောပြနိုင်မှာလဲရှင့်'

'ဟုတ်ကဲ့ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ လူဆိုတာ သိပ်အပြောင်းအလဲ မရှိတတ်ပါဘူး၊ ကိုရဲသန်းဟာ အခုလည်း ဟိုတုန်းကလိုပဲ သူ ဘယ်လိုလူစားဆိုတာကိုတော့ ဒေါ်ကြွယ်ကြွယ်က ပြောပြနိုင်မှာပေါ့'

သူမ၏ မျက်လုံးများသည် အဝေးသို့ မျှော်ကြည့်နေသော အသွင်ပေါ်လာသည်။

'အင်း... တော်တော် ဆန်းတယ် ဒေါ်ရမလား မသိပါဘူးရှင်၊ သူနဲ့ ကျွန်မဟာ လုံးဝ အဆက်ပြတ်နေခဲ့တာ ကျွန်မစိတ်ထဲမှာ သူနဲ့ပတ်သက်လို့ ဘာမှ ရှိမနေဘူးရှင့်၊ သူ့ကို ကျွန်မက တစ်ခါတုန်းက လင်အဖြစ် ပေါင်းရပါကလားလို့တောင် စိတ်ထဲမှာ မထင်မိပါဘူးရှင်၊ သူဟာ ကျွန်မအတွက်တော့ တစ်ခါမှ မသိဖူး မဆက်ဆံဖူးခဲ့တဲ့ သူစိမ်းတစ်ယောက်လို ဖြစ်နေတော့တာပါပဲ'

'သူ ဘယ်လိုလူစားဆိုတာကိုတောင် ပြောမပြနိုင်ဘူးလား ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ကြွယ်က ကြိုးစား၍ ပြန်စဉ်းစားဟန်ဖြင့် မျက်မှောင်ကလေး ကုတ်နေလိုက်သည်။

'ပြောရ အခက်သားပဲရှင်၊ ကိုရဲသန်းဟာ ဘယ်လိုလူစားဆိုတာကို အတိအကျ ပြောမရတဲ့ လူစားတစ်ယောက်ပဲရှင့်၊ ကျွန်မလည်း သူ့ကို လက်ထပ်ပြီးမှ ဒါကို သိရတာ၊ သူဟာ အမျိုးမျိုး ပြောင်းလဲတတ်တယ်၊ အဲ… တစ်ခုတော့ ပြောနိုင်မယ် ထင်ပါရဲ့၊ သူဟာ အမြဲတမ်း ကိုယ့်ကိုယ်ကိုသာ ကြည့်တတ်တဲ့ လူတစ်ယောက်ပဲ၊ ကိုယ်ကျိုးအတွက် မဟုတ်ရင်တော့ ဘာကိုမှ စိတ်မဝင်စားတတ်တော့ဘူး'

'မိန်းမတွေအတွက် ဆွဲဆောင်မှုရှိတဲ့ လူတစ်ယောက်ကော မဟုတ်ဘူးလား ဒေါ်ကြွယ်ကြွယ်'

'ဒါလည်း ဟုတ်တာပဲ'

ကြွယ်ကြွယ်သည် ခေတ္တတုံ့ဆိုင်းနေပြီးမှ စကားဆက်ပြန်သည်။

'ဒါပေမဲ့ ကိုရဲသန်းဟာ မိန်းမတွေရဲ့ လှည့်စားမှုကိုတော့ ဘယ်တော့မှ ခံတတ်တာ မဟုတ်ဘူး၊ ဒါကြောင့်လည်း မိန်းမတွေအတွက် သူဟာ ဆွဲဆောင်မှုရှိတာ ထင်ပါရဲ့၊ သူဟာ မိန်းမတွေကိုပဲ စိန်ခေါ်နေသလိုပဲ ဆိုပါစို့ရှင်၊ သူ့မှာ ရက်စက်တတ်တဲ့ စိတ်သဘောထားကလည်း ရှိတယ်။ မိန်းမတွေဟာ ဒီလို ရက်စက်တတ်တဲ့ လူမျိုးကိုမှလည်း သဘောကျ စွဲလမ်းတတ်ကြတာကလား'

'ရက်စက်တယ်ဆိုတာက ဘယ်လိုလဲ ဒေါ်ကြွယ်ကြွယ်'

'ရိုက်နှက် ညှဉ်းပန်းတာမျိုးကို ဆိုလိုတာတော့ မဟုတ်ပါဘူးရှင်၊ သူ့ ရက်စက်နည်းက တစ်မျိုးရှင့်၊ ဥပမာ လူတစ်ဖက်





သားကို သိသိသာသာ နာအောင် ပြောတတ်တယ်၊ အမူအရာ လုပ်တတ်တယ်၊ ဂရုစိုက်စေချင်တဲ့အချိန်မှာ တမင်ကို ဂရုမစိုက်တတ်ဘူး၊ အရှက်ရအောင် လုပ်တတ်တယ်၊ အို… ကျွန်မ အတိအကျတော့ မပြောတတ်ပါဘူးရှင်'

'သူဟာ မိန်းမ လိုက်စားတတ်သလား'

'လိုက်စားတာပေါ့ရှင့်၊ ကျွန်မနဲ့ သူပေါင်းခဲ့ရတာ ဘာမှ မကြာခဲ့ပါဘူး၊ ဒါတောင် အဲဒီအချိန်အတွင်းမှာ သူဟာ တခြား မိန်းမတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်ခဲ့သေးတာပဲ၊ တစ်ခါတလေတော့လည်း သူဟာ သိပ်ကို ကြင်နာယုယတတ်တယ်၊ ဒါပေမဲ့ သူ ယုယကြင်နာတာက သူ ရက်စက်စိမ်းကားတတ်တာကို မကာမိပါဘူးရှင်'

'ကိုရဲသန်းဟာ အလောင်းအစားများကော ဝါသနာပါသလားဗျာ' ဟု ကိုရန်ကင်းက မေးလိုက်ပြန်သည်။ 'တချို့ လူသတ်မှုတွေဟာ အလောင်းအစားကြောင့် ဖြစ်တတ်တယ်၊ ကိုရဲသန်းဟာ အလောင်းအစားကြောင့် တစ်ယောက်ယောက် အပေါ်မှာ ကြွေးဆပ်စရာရှိချင် ရှိလိမ့်မယ်။ ဒါမှမဟုတ် ကြွေးရစရာ ရှိချင် ရှိလိမ့်မယ်၊ အဲဒီလူက သူ့ကြွေးမရလို့ သို့မဟုတ် ကြွေးမဆပ်နိုင်လို့ ကိုရဲသန်းကို သတ်သွားတာလည်း ဖြစ်နိုင်တာပဲ'

ကြွယ်ကြွယ်က နှုတ်ခမ်းကလေးကိုစေ့ကာ ခေါင်းကို ယမ်းခါပြလိုက်သည်။

'ကိုရဲသန်းဟာ ဘယ်တော့မှ အလောင်းအစား မလုပ်တတ်ပါဘူး၊ သူ ဝါသနာမပါတာဟာလည်း ဒါတစ်ခုပဲ ရှိပါတယ်၊ အလောင်းအစားလုပ်တာဟာ အချိန်ကုန်ပြီး ကိုယ့်အတွက် ဘာအကျိုးမှ မရှိဘူးလို့ သူက အမြဲပြောတတ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆိုလည်း သူ့ကို အခုလို ဒုက္ခဖြစ်စေမယ့် သူ့တခြား ဝါသနာအကျင့်တွေများ ရှိသေးသလားဗျာ'

'မရှိပါဘူးရှင်… ရှင့်ကို ကျွန်မပြောခဲ့တာပဲ ရှိပါတယ်'

'သူ့မှာ ငွေဝင်လမ်းမှန်မှန် တစ်ခုရှိနေပုံရတယ်၊ ပြီးတော့ အလုပ်ရယ်လို့လည်း လက်ဆုပ်လက်ကိုင် မရှိခဲ့ဘူး။ ဒီတော့ သူဟာ ဒီဝင်ငွေကို ဘယ်ကရနေသလဲဆိုတာ ဒေါ်ကြွယ်ကြွယ်များ ပြောတတ်မလားဗျာ'

ကြွယ်ကြွယ်က ကိုရန်ကင်းအား မျက်လုံးနက်ကြီးတွေဖြင့် ကြည့်ကာ ဦးခေါင်းကို ယမ်းခါပြလိုက်၏။

'အဲဒါကိုတော့ ကျွန်မလည်း မသိပါဘူး ဦးရန်ကင်း။ ကျွန်မ သူ့ကို လက်ထပ်တုန်းကတော့ သူဟာ ဝင်ငွေမှန်တယ်ရယ်လို့ မရှိခဲ့ပါဘူး'

ကိုရန်ကင်းက သူရေးမှတ်နေသော မှတ်စုစာအုပ်ကို ရုပ်အင်္ကျီအိတ်ကပ်ထဲသို့ ပြန်ထည့်လိုက်သည်။

'အခုလို ကျွန်တော် သိချင်တာတွေကို ပြောပြတာ ကျေးဇူး အများကြီးတင်ပါတယ် ဒေါ်ကြွယ်ကြွယ်၊ ခုနက ကျွန်တော်ပြောသလို ဆေးရုံကြီးကိုလိုက်ပြီး'

'ဆေးရုံကြီးကို ဟုတ်လား'

'ကိုရဲသန်းရဲ့ အလောင်းကို ဆေးရုံကြီးက ရင်ခွဲရုံကို ပို့ထားလိုက်ပါပြီ၊ လူသတ်မှုဆိုတော့ သူ့အလောင်းကို ခွဲစိတ်စစ်ဆေးရဦးမယ်လေ'

'ဪ… ဒီလိုလား'

'ဒေါ်ကြွယ်ကြွယ်အနေနဲ့ သူ့အလောင်းကို လိုက်ကြည့်ပြီး ကိုရဲသန်းဖြစ်တယ်ဆိုတာကို သက်သေခံဖို့ပါပဲ'





'အခု ဦးရန်ကင်းက အဲဒီကို ကျွန်မကို ခေါ်သွားမလို့လား'

'ကျွန်တော် တယ်လီဖုန်းနဲ့ ကားတစ်စီး စီစဉ်ပေးပါမယ်၊ သူတို့က ဆေးရုံကြီးကိုခေါ်သွားပြီး ပြန်ပို့ပေးပါလိမ့်မယ်'

ကြွယ်ကြွယ်က ခေါင်းကလေးညိတ်ကာ ထိုင်ရာမှ ထလိုက်သည်။

'ကောင်းပြီလေ၊ ခဏစောင့်ပါဦးနော်၊ ကျွန်မ အဝတ်လဲလိုက်ပါရစေဦး'

ကိုရန်ကင်းက ခေါင်းညိတ်ပြလိုက်လျှင် ကြွယ်ကြွယ်က ဧည့်ခန်း၏ အတွင်းဘက်ရှိ တံခါးပေါက်တစ်ခုဆီသို့ လျှောက်သွားကာ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ ကိုရန်ကင်းကလည်း ဧည့်ခန်းထောင့်မှ စင်ကလေးပေါ်တွင် ရှိနေသော တယ်လီဖုန်းဆီသို့ လျှောက်သွားကာ ဌာနချုပ်သို့ ဖုန်းဆက်လျက် ကြွယ်ကြွယ်အား ဆေးရုံကြီးကို ခေါ်ဆောင်လျက် ကိုရဲသန်း၏ အလောင်းအား ကြည့်ရှုဖို့ကိစ္စကို စီစဉ်လိုက်သည်။

ထို့နောက် ကြွယ်ကြွယ် အဝတ်လဲသည်ကို စောင့်နေသည့်အတွင်း ကိုရဲသန်း၏ တိုက်ခန်းသို့ ပြန်ဖုန်းဆက်လျက် မော်တင့်အား အခြေအနေ ဘာများ ထူးခြားလာသေးသလဲဟု မေးကြည့်ရန် ဆုံးဖြတ်လိုက်မိ၏။ သို့ရာတွင် ကိုရဲသန်း၏ ဖုန်းနံပါတ်ကို သူက မေ့နေမိသည်၊ ဧရာမှတ်၍လည်း မလာမိ၊ တယ်လီဖုန်းလမ်းညွှန်စာအုပ်ကို ရှာကြည့်လိုက်သော်လည်း ရှိမနေ။

ကိုရန်ကင်းက ကြွယ်ကြွယ် ဝင်ရောက်သွားခဲ့သော အခန်းတံခါးဝဆီသို့ ချဉ်းကပ်ခဲ့သည်။

'အို… ဒေါ်ကြွယ်ကြွယ်'



www.burmeseclassic.com

www.burmeseclassic.com



'တယ်လီဖုန်း လမ်းညွှန်စာအုပ်များ ရှိပါသလားခင်ဗျာ'

ခေတ္တမျှ တိတ်ဆိတ်နေပြီးမှ ကြွယ်ကြွယ်၏အသံက ပြန်၍ ထွက်ပေါ်လာသည်။

'စာအုပ်က ဒီရောက်နေတာကိုး၊ ဘယ်သူ့ ဖုန်းနံပါတ်ကို လိုချင်လို့လဲ ဦးရန်ကင်း၊ ကျွန်မ ရှာပေးမယ်လေ'

'ကိုရဲသန်းရဲ့ ဖုန်းနံပါတ်ပါ'

ခေတ္တမျှ စောင့်နေရပြီးနောက် ကြွယ်ကြွယ်က တယ်လီဖုန်းနံပါတ်တစ်ခုကို ပြောပြလိုက်သည်။ ကိုရန်ကင်းသည် တယ်လီဖုန်းဆီသို့ ပြန်သွားပြီး ထိုနံပါတ်အတိုင်း ဒိုင်ခွက်ကို လှည့်လိုက်သည်။ ခေါင်းလောင်းသံ (၃)ချက် ထွက်ပေါ်လာသည့်အခါတွင်မူ နားခွက်ထဲမှ မော်တင်၏ ပြန်ထူးသံ ထွက်ပေါ်လာသည်။

'ငါပါကွ မော်တင်'

'ကျွန်တော်လည်း အစ်ကိုကြီး ဖုန်းဆက်မှာကို စောင့်နေတာပဲ'

'မင်းဆီမှာ ဘာများ ထူးခြားသေးသလဲကွ မော်တင်'

'သိပ် မထူးခြားပါဘူးဗျာ၊ ဒီရာလွင်ကို ဌာနချုပ် ပို့ထားလိုက်ပြီ၊ ရဲသန်းအလောင်းကိုလည်း လွန်ခဲ့တဲ့ နာရီဝ လောက်ကပဲ ဆေးရုံကြီးကို ယူသွားကြပြီ၊ အစ်ကိုကြီး ဘာများ ထူးခြားသေးသလဲ၊ ယောဟန်နဲ့ တွေ့ရသလား'

'မတွေ့ရဘူးကွ၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကပဲ သူ့ငှား တဲ့ အိမ်ခန်းက အပြီးပြောင်းသွားခဲ့သတဲ့၊ အဲဒါ သူ့ကို ပိုက် တိုက် လိုက်ရှာဖို့ ငါ ဌာနချုပ်နဲ့ စီစဉ်ထားလိုက်ပြီ'

'ရဲသန်းနဲ့ စကားများတဲ့ စာရေးဆရာ ဆိုတာက ဗျာ...'





မော်တင်က တစ်ဘက်မှ ထပ်၍ မေးနေပြန်၏။ ကိုရန်ကင်းကလည်း စာရေးဆရာ မိုးညွှန့်နှင့် သူ့လက်ထပ်မည့် အေးအေးမြင့်တို့နှင့် တွေ့ဆုံကာ စကားပြောခဲ့သည်များကို အကျဉ်းရုံးလျက် ပြန်ပြောပြလိုက်သည်။

'အခု အစ်ကိုကြီး၊ ဘယ်ရောက်နေသလဲ'

'ကိုရဲသန်းရဲ့ ဇနီးဟောင်း ဒေါ်ကြွယ်ကြွယ်ရဲ့ တိုက်ခန်းမှာကွ၊ အခု သူက ဆေးရုံကြီးကို လိုက်သွားပြီး ကိုရဲသန်းရဲ့ အလောင်းကို အိုင်ဒင်တီဖိုင်း လုပ်ပေးလိမ့်မယ်'

'ကိုရဲသန်းနဲ့ ပတ်သက်ပြီး သူက ဘာများပြောပြနိုင်သလဲ'

'သိပ် ထူးထူးခြားခြား မဟုတ်လှပါဘူးကွာ၊ ရဲသန်းဟာ လူမုန်းများမယ့် လူစားမျိုးဆိုတာကိုသာ ငါသိရတယ်၊ တိတိကျကျရယ်လို့တော့ ဘာတစ်ခုမှ မသိရသေးပါဘူး'

ကိုရန်ကင်းက မသိမသာ စိတ်ပျက်သံဖြင့် ပြန်ဖြေလိုက်ရာ တစ်ဖက်မှ မော်တင်က သူ့အား ပြန်၍ နှစ်သိမ့်လိုက်သည်။

'တစ်ခါတလေလည်း အမှုတစ်ခုဟာ ဒီလိုပဲဆိုတာ အစ်ကိုကြီး သိပြီးသားပဲ၊ လက်ဆုပ်လက်ကိုင် အချက်အလက် ကောင်းကို ဆေးရုံမပို့ခင် ကျွန်တော်က ကြည့်ခဲ့သေးတယ်၊ ဘာမှ ထူးထူးခြားခြား ရှာမတွေ့ဘူး။ ငွေနည်းနည်းရယ်၊ စီးကရက်ဘူး ရယ် မေဖဲယားနဲ့ အင်းယားဂါးဒင်းက ဘောက်ချာလက်မှတ် နှစ်စောင်ရယ်၊ ဒါတွေပဲ ရှာတွေ့ရတယ်'

'ဆေးရုံကြီးက ဆရာဝန်ကကော ဘာပြောသေးသလဲ'

'ရဲသန်းအလောင်းက အပေါက်တွေဟာ ကျည်ဆန် ပေါက်တွေဆိုတာ သေချာသတဲ့လေ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ သူပြောမှတဲ့လားကွ'

'သူက ထုံးစံအတိုင်းတော့ အလောင်းကို အကော့ပ်ဆီ (ခွဲစိတ်စစ်ဆေးခြင်း) လုပ်ကြည့်ဦးမှာပေါ့ အစ်ကိုကြီးရာ'

'မင်း အဲဒီမှာ ကိစ္စဝိစ္စတွေ အားလုံးလုပ်ပြီးပြီလား'

'ပြီးပါပြီတဲ့ ဆိုကြပါစို့၊ လက်ပုံစံကတော့ လက်ပုံစံဖက် လူတွေ ရှာနေကြတုန်းပဲ'

'ဒီလိုဆိုလဲ'

ကိုရန်ကင်းက စကားကိုဖြတ်၍ မော်တင်၏အသံက ပေါ်လာပြန်သည်။

'ဟာ... အစ်ကိုကြီး နေဦးဗျို့၊ ကျွန်တော် အခုမှ သတိရတယ်၊ ဌာနချုပ်ကို လူတစ်ယောက် ဖုန်းဆက်ပြီး အစ်ကိုကြီးကို မေးတယ်တဲ့။ အဲဒါ ဌာနချုပ်က ဒီကိုတစ်ဆင့် အကြောင်းကြားလိုက်တယ်'

'ဟုတ်လား၊ ဘယ်သူတဲ့လဲ'

'နာမည်ကိုတော့ မပြောဘူးတဲ့၊ သူ့ကို ပြန်ဖုန်းဆက်ဖို့ နံပါတ်ကိုသာ ပေးခဲ့တယ်တဲ့၊ အရေးကြီးတယ်လို့လည်း ပြောတယ်တဲ့'

မော်တင်က တယ်လီဖုန်းနံပါတ်ကို ပြောပြရာ ကိုရန်ကင်းက သူ့မှတ်စု စာအုပ်တွင် ရေးမှတ်ထားလိုက်၏။

'အေး... သူ့ကို ငါ ဖုန်းဆက်လိုက်မယ်လေ'

'တယ်လီဖုန်းနံပါတ်ကို အစ်ကိုကြီး မှတ်မိသလားဗျ'

'ဟင့်အင်း... ငါ တစ်ခါမှ မသိတဲ့ နံပါတ်ပဲ၊ ကဲ... ဒါပဲကွာ'

ကိုရန်ကင်းက တယ်လီဖုန်းကို ပြန်ချထားလိုက်သည်။





ထို့နောက် တယ်လီဖုန်းကို ပြန်ကောက်ယူကာ မော်တင်ထံမှရသော တယ်လီဖုန်းနံပါတ်ကို ဒိုင်ခွက်တွင် လှည့်လိုက်ပြန်သည်။

'ဟလို'ဟု ယောက်ျားသံတစ်ခုက တယ်လီဖုန်း နားခွက်ထဲတွင် ပြန်ထူးလိုက်သည်။ အသံမှာ ခပ်တိုးတိုးဖြစ်ကာ အထူးသတိထား၍ ပြောလိုက်သော အသံမျိုးဖြစ်လေသည်။

'စုံထောက်ရဲမှူး ကိုရန်ကင်း စကားပြောနေပါတယ်၊ ဒီနံပါတ်ကို ဆက်ပါဆိုလို့'

'ခင်ဗျား အခုဌာနချုပ်က စကားပြောနေတာလား'

'မဟုတ်ပါဘူး'

'သေချာရဲ့နော်'

'သေချာပါတယ်၊ အိမ်တစ်အိမ်က တယ်လီဖုန်းပါ'

'ကျုပ်က သေချာချင်တယ်ဗျ၊ အခု ခင်ဗျားပြောနေတဲ့ တယ်လီဖုန်းနံပါတ်ကို ပေးပါ၊ ကျုပ် ပြန်ဆက်မယ်'

ကိုရန်ကင်းက စိတ်ရှည်စွာပင် သူ စကားပြောနေသော ကြွယ်ကြွယ်၏ တယ်လီဖုန်း နံပါတ်ကို ဖတ်ပြလိုက်သည်။ ထို့နောက် တယ်လီဖုန်းကို ပြန်ချပြီး စောင့်နေလိုက်၏။

တစ်မိနစ်ခန့်ကြာလျှင် တယ်လီဖုန်း ခေါင်းလောင်းသံက အသံမြည်လာသည်။

'ဘယ်သူပဲဖြစ်ဖြစ် ကျွန်မ အခုပဲလာခဲ့မယ်လို့ ပြောလိုက်ပါ ဦးရန်ကင်း'

တယ်လီဖုန်းသံ ကြားရသော ကြွယ်ကြွယ်က အတွင်းခန်းထဲမှ လှမ်းပြောလိုက်သည်။

'ကျွန်တော့်ဆီကိုလာတာပါ ဒေါ်ကြွယ်ကြွယ်'ဟု ကိုရန်



www.burmeseclassic.com

www.burmeseclassic.com



ကင်းက ပြန်ဖြေရင်း တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

'ဆရာ ရန်ကင်းလားဗျ'

ခုနက အသံကပင် တီးတိုးမေးလိုက်ပြန်သည်။

'ဟုတ်တယ်လေ၊ မင်း ဘယ်သူလဲ၊ ပြောစရာရှိရင် ပြောစမ်းကွာ၊ သိပ်ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့'

'ဆရာကလည်း သိပ် စိတ်မတိုပါနဲ့လေ၊ ဆရာ့ကို ကျွန်တော်က ကျေးဇူးတစ်ခု ပြုမလို့ပါဗျ'

ကိုရန်ကင်းသည် တယ်လီဖုန်းထဲက အသံကို မှတ်မိသလို ဖြစ်လာ၏။

'မင်းဘယ်သူလဲ'

'ဂျင်ဂလယ် ဘမုန်းလေ ဆရာရဲ့'

ထိုအခါမှ ရန်ကင်းက ၎င်းအား တိတိကျကျ မှတ်မိလာသည်။ ဂျင်ဂလယ် ဘမုန်းကား ရန်ကုန်မြို့တော်၏ လူရှုပ်လူထွေ တစ်ယောက် ဖြစ်သည်။ အလုပ်အကိုင်ဆို၍ မယ်မယ်ရရမရှိဘဲ နေရာတကာရောက် လူတကာသိပြီး ရှစ်စပ်လည်သူ ဖြစ်၏။ ထို့ကြောင့်လည်း သူသည် ရဲဘက်နှင့် စုံထောက်ဘက်တွက် တစ်ခါတစ်ရံ အသုံးဝင်သော သတင်းပေးတစ်ယောက် ဖြစ်လာတတ်သည်။

၎င်းအား ကိုရန်ကင်းက သုံးလေးကြိမ် တွေ့ဆုံခဲ့ဖူးကာ ၎င်းထံမှရသော သတင်းများကို အသုံးချခဲ့ဖူး၏။

'အေး... မင်းကို ငါ မှတ်မိပါတယ်၊ မင်းက ငါ့ကို ဘာကြောင့်များ အရေးတကြီး ဖုန်းဆက်တာလဲ'

'ရဲသန်းတစ်ယောက် အဖြောင်ခံရပြီး ဒီအမှုကို ဆရာကိုင်ရတယ်လို့ ကျွန်တော် ကြားရတယ်၊ ဟုတ်ရဲ့လား'





ဂျင်ဂလယ်လို လူမျိုးတစ်ယောက်အတွက် သတင်းစာတွင် မပါသေးသော လူသတ်မှု တစ်ခုအကြောင်းကို ကြိုတင်သိနေခြင်းသည် တကယ်တော့ သိပ်မဆန်းလှ၊ သူ့တွင် အဆက်အသွယ်တွေ များလှကြောင်းကို ကိုရန်ကင်းက သိထားပြီးဖြစ်နေသည်။

'ဟုတ်တယ်၊ အဲဒါ ဘာဖြစ်သလဲကွ'

'အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် ဆရာ့အတွက် တစ်ခု လုပ်ပေးနိုင်လိမ့်မယ်'

'ကောင်းပြီ ဘာများလဲ'

'ဆရာ... ကျောက်ဆူး ကျော်မိုးဆိုတဲ့ ငနဲကို သိမှာပေါ့'

'သိတာပေါ့ကွာ'

ကျောက်ဆူးကျော်မိုးကား တစ်ခါကဆိုလျှင် လက်ဝှေ့ကျော် တစ်ဦး ဖြစ်ခဲ့သည်။ သို့ရာတွင် ယခုမှာတော့ ၎င်းသည် ရာဇဝတ်မှုပေါင်းမျိုးစုံကို အခွင့်ရတိုင်း ကျူးလွန်နေသည့် တကယ့် လူဆိုး လူမိုက်ကြီးတစ်ဦး ဖြစ်နေ၏။ သို့ရာတွင် ၎င်းအား ရဲဘက်မှ ပိုင်ပိုင်နိုင်နိုင် ဖမ်းဆီးရမိခြင်းကား မရှိသေး။ ရဲဘက်၏ ဂရုတစိုက် စောင့်ကြည့်ခြင်းကိုသာ ခံနေရ၏။

'ဆရာတို့ အခုချက်ချင်း ဒီငနဲကို ရှာဖမ်းလိုက်ရင် ကောင်းမယ် ဆရာ'

တယ်လီဖုန်းထဲမှ ဂျင်ဂလယ်၏အသံက ထွက်ပေါ်လာပြန်သည်။

'ဘာကြောင့်ဆိုတာ ပြောစမ်းပါဦးလေ'

'ဒီကောင်နဲ့ ကျွန်တော်က ကမ္ဘာရန်ဘက်ဗျ၊ ဒီကောင်က ကျွန်တော့်ကို အသေရိုက်သတ်မယ်လို့ ကြိမ်းထားတယ်၊ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူ့ကို ကြိုးစင်ကို ပို့နိုင်ပြီလေ'

'ဘာလဲကွ… ရဲသန်းကို ဒီကောင် ဖြောင်ပစ်တာလို့ မင်းက ဆိုချင်တာလား'

'အားကြီး ဖြစ်နိုင်တာပေါ့ ဆရာရယ်၊ ကျွန်တော် ရဲသန်းနဲ့ သိပါတယ်'

'အဲဒီတော့'

'ရဲသန်းနဲ့ ကျော်မိုးတို့ကလည်း တစ်ယောက်ကို တစ်ယောက် သိကြတာပါပဲ၊ လွန်ခဲ့တဲ့ ငါးရက်လောက်တုန်းကဆိုရင် ရဲသန်းဟာ ကျော်မိုးကို သိပ်တွေ့ချင်နေခဲ့တာပဲ ဆရာရေ၊ နေရာအနှံ့မှာ ကျော်မိုးကို လိုက်ရှာနေခဲ့တယ်။ ရိုးရိုးရှာတာလည်း မဟုတ်ဘူးဆရာ၊ တကယ့်ကို အရေးတကြီး ရှာခဲ့တာ၊ မတွေ့မဖြစ် သေရေး ရှင်ရေးမျိုးလို ရှာခဲ့တာပဲ ဆရာရယ်'

'ရဲသန်းက ကျော်မိုးနဲ့ ဘာကိစ္စရှိလို့တဲ့လဲ'

ကိုရန်ကင်းက ကြားဖြတ်ဝင်၍ မေးခွန်းထုတ်လိုက်သည်။

'ဒါတော့ ကျွန်တော်လည်း မသိဘူးဆရာ၊ ဒါပေမဲ့ ကျွန်တော် ကြားရသလောက်ဆိုရင် ကျော်မိုးကလည်း ရဲသန်းကို အသေရရ အရှင်ရရ လိုက်ရှာနေခဲ့တာပဲတဲ့၊ ရဲသန်းကို တွေ့ရင် အကြောင်း သိစေမယ်လို့လည်း ကြိမ်းနေသတဲ့ ဆရာ'

'မင်းက ဟုတ်မှလည်း လုပ်စမ်းပါကွာ'

'ဟာ… ဆရာကလည်း ကျွန်တော် ဆရာ့ကို ဘယ်တုန်းက မမှန်သတင်း ပေးခဲ့ဖူးလို့လဲ' ဂျင်ဂလယ်၏ အသံမှာ တော်တော်လေးစိတ်ထိခိုက်မှု ပြနေသည်။ အမှန်တော့လည်း ဂျင်ဂလယ် ဘမှန်းထံမှရသော သတင်းများသည် အများသောအားဖြင့် သတင်းမှန်၊ တကယ့် အချက်အလက်များသာဖြစ်ကြောင်းကို ကိုရန်ကင်း





က လက်တွေ့သိပြီးသား ဖြစ်နေ၏။

'ကောင်းပြီလေ၊ မင်းတို့ကို မမှန်သတင်းပေးရင် မင်းဘာဖြစ်သွားမယ်ဆိုတာ မင်းကိုယ်တိုင်လည်း ကောင်းကောင်းသိပြီးသား မဟုတ်လားကွ'

'သိတာပေါ့ ဆရာ၊ ဟဲ… ဟဲ… အားကြီးသိတာပေါ့'

'ကဲ… ဆိုစမ်း၊ မင်းက ရဲသန်းနဲ့ ကျောက်ဆူးကျော်မိုး အကြောင်း ဘယ်မှာ သိခဲ့ရတာလဲ'

'ဟာ… ဆရာကလည်းဗျာ၊ ဒါကိုတော့ ကျွန်တော် ဘယ်ပြောလို့ဖြစ်ပါ့မလဲ၊ သတင်းရတဲ့ ဆို့(စ်)ကို ဆရာတို့ပြောပြရင် နောက် ကျွန်တော် ဘယ်ကလာ ထပ်သတင်းရနိုင်တော့မှာလဲဗျ'

မှန်ပေသည်။ ရဲဘက်နှင့် သတင်းပေးတို့ လိုက်နာရသော အရေးဖထားသည့် စည်းကမ်းချက် တစ်ခုကား သတင်းပေးတစ်ယောက်သည် သူပေးသောသတင်း ဘယ်ကရလာသည်ကို ရဲဘက်အား ဘယ်သောအခါမှ ထုတ်ဖော်၍ မပြောခြင်းပင်တည်း။

'ထားလိုက်ပါတော့လေ… မင်းနဲ့ ကျော်မိုးတို့ တစ်ယောက်နဲ့တစ်ယောက် ကမ္ဘာရန်ဖြစ်နေရတဲ့ အကြောင်းကိုကော ငါ မသိရဘူးလား ဂျင်ဂလယ်'

'ဟဲ… ဟဲ… ဒါကလည်း ကျွန်တော့် ကိုယ်ရေးကိုယ်တာ ကိစ္စပဲ ဆရာရယ်၊ ဆရာ သိရလို့ ဘာအကြောင်းထူးမှာလဲဗျ'

'ကဲ… မင်းပြောစရာရှိတာက ဒါပဲလား၊ ငါ့မှာ အလုပ်တွေရှိသေးတယ်'

'ခဏလေးနေပါဦး ဆရာ၊ ဆရာ့ကို ကျွန်တော် ပြောစရာတစ်ခု ရှိပါသေးတယ်။ ဒီခွေးသားကြီး ကျော်မိုးက ဖိမ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ခန်းတစ်ခန်း ဖွင့်ထားတာကိုကော ဆရာ သိသလား၊ ဒီအခန်းက အမြဲဖွင့်တာတော့ မဟုတ်ဘူးတဲ့၊ တစ်ပတ် တစ်ခါဖွင့်ပြီး ပါတီ တစ်ခု ကျင်းပသလို ကျင်းပတတ်တာတဲ့၊ ဘလူးပစ်ချာတွေ ဘာတွေလည်း ပြတတ်တယ်၊ သူ့ညှိသည်တွေကလည်း လက်ရွေးစင်တွေချည်းပဲတဲ့ ဆရာ'

'ဒါကို မင်းကြားရတာလား၊ ကိုယ်တိုင် တွေ့ရတာလား'

'ဆရာကလည်းဗျာ၊ ကျွန်တော့်ကို အယုံအကြည် မရှိလိုက်တာ'

ဂျင်ဂလယ်က စိတ်ထိခိုက်သွားသောအသံဖြင့် ပြောလိုက်ပြန်ကာ စကားဆက်ပြန်၏။

'ဆရာ ကျွန်တော့်အကြောင်းလည်း သိသားနဲ့၊ ဒီကောင်ကြီးကို ဆရာက ရဲသန်းကိစ္စနဲ့ ဆွဲလို့မရရင် သူ့စိမ်ခန်း ပါတီကိစ္စနဲ့ ဆွဲနိုင်အောင် ကျွန်တော်က လိုလိုမယ်မယ် ပြောထားရတာပါ ဆရာရဲ့'

'ကျောက်ဆူးကျော်မိုး အခု ဘယ်မှာနေတယ်ဆိုတာကိုကော မင်း သိသလားကွာ'

'ဆရာ အနောက်ပိုင်းထဲက ယောင်ကဲ အလျောင်ရဲ့ အရက်ဖြူဆိုင် သိသလားဗျ'

'အင်း… မှတ်မိပါတယ်'

'မအေပေးကြီးက အခု အဲဒီ အလျောင်ဆိုင်ရဲ့ အပေါ်ထပ်မှာ နေနေတယ်ဗျ၊ ဒါပေမဲ့ အဲဒီအခန်းမှာ ဆရာ သူ့စိမ်မယ်တွေ ဘလူးပစ်ချာ ဖလင်တွေကိုတွေ့ရဖို့ကိုတော့ မမျှော်လင့်နဲ့ ဆရာ၊ သူက ပါတီကျင်းပခါနီးမှ ဘလူးပစ်ချာကော ကောင်မကလေးတွေကော တစ်နေရာရာက ထုတ်လာတတ်တာဗျ'





'ကောင်းပြီလေ၊ ငါ ဒီကောင်ကြီးကို သွားချက်ကင်လုပ်လိုက်ပါ့မယ်'

'မမှားပါဘူး ဆရာ၊ ကျွန်တော့်သတင်းက စိတ်ချရတယ်ဆိုတာကို ဆရာ သိပြီးသားပါ၊ ကဲ… ကျွန်တော် လစ်လိုက်ဦးမယ် ဆရာရဲ့'

ပြောပြောဆိုဆို ဂျင်ဂလယ် ဘမုန်းသည် တယ်လီဖုန်းကို ဂျောက်ခနဲ ချသွားတော့သည်။ ကိုရန်ကင်းကလည်း သူ့တယ်လီဖုန်းကို ပြန်ချထားလိုက်သည်။

ကြွယ်ကြွယ်ကား အတွင်းခန်းထဲမှ ထွက်မလာသေးချေ။ ကိုရန်ကင်းက အခန်းတံခါးဝဆီသို့ လျှောက်သွားကာ အသံပြုလိုက်၏။

'ဒေါ်ကြွယ်ကြွယ်'

'ရှင်… ဦးရန်ကင်း၊ ကျွန်မ အခုပဲပြီးပါပြီ'

'ဟုတ်ကဲ့… ကျွန်တော်မှာထားတဲ့ကား လာခါနီးပါပြီ၊ ကားလာရင် လိုက်သွားပေတော့၊ ကျွန်တော်တော့ သွားစရာ တလေးရှိနေလို့ စောင့်မနေတော့ဘူးဗျာ၊ ခွင့်ပြုပါဦး'

'ကောင်းပါပြီရှင်'

'ကျွန်တော်တို့ကို ကူညီတဲ့အတွက်လည်း အထူး ကျေးဇူးတင်ပါတယ်'

'မလိုပါဘူးရှင်၊ ကူညီရမယ့် ဝတ္တရား ရှိတာပဲဟာ'

'ကဲ… ကျွန်တော်သွားပြီ'

'ဟုတ်ကဲ့… ဟုတ်ကဲ့'

ကိုရန်ကင်းက တိုက်ခန်းပေါ်မှ ဆင်းလာရင်း ဂျင်ဂလယ်ထံမှ ကြားသိရသည့် သတင်းအကြောင်းကို စဉ်းစားနေလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဂျင်ဂလယ် ဘမုန်းကား စိတ်ချရသော သတင်းပေးတစ်ယောက်ပင် ဖြစ်သည်။ ကျောက်ဆူး ကျော်မိုးက ရဲသန်းအား သတ်ပစ်ရန် ခြိမ်းခြောက်ထားသည်ဟု ဂျင်ဂလယ်က ဆိုခဲ့ရာ သူဆိုခဲ့သည့်အတိုင်း ဟုတ်မှန်ဖို့က သေချာနေ၏။

ကိုရန်ကင်း သိချင်နေသည်ကား အဘယ်အကြောင်းကြောင့် ကျောက်ဆူးကျော်မိုးက ခြိမ်းခြောက်ခဲ့သနည်းဟူ၍ပင် ဖြစ်ပေသည်။

★ ★ ★

## (၆)

အနောက်ပိုင်းမှ အလျောင်၏ အရက်ဖြူဆိုင်မှာ တစ်ခါတုန်းကဆိုလျှင် ဆိပ်ကမ်းအလုပ်သမားများသာ အများဆုံး လာရောက် ကျက်စားရာနေရာ တစ်ခု ဖြစ်လေသည်။ ဆိပ်ကမ်းနှင့် နီးကပ်ကာ နေရာကလည်း သီးသန့်ကျပြီး နေရာထိုင်ခင်း ကောင်းမွန်ရကား ယခုတော့ လူမျိုးစုံလာ၍ ကျက်စားရာ နေရာဌာန တစ်ခု ဖြစ်နေရလေသည်။

ယခုဆိုလျှင် အလျောင်၏ဆိုင်မှာ အရက်ဖြူဆိုင်သာဆိုသော်လည်း ငွေတတ်နိုင်သူများအတွက် အကောင်းဆုံး နိုင်ငံခြား အရက်ကအစ ဘိန်း၊ ကိုကင်း စသည့် ယစ်မျိုးများကိုပါ ရနိုင်သော နေရာတစ်ခု ဖြစ်နေပေ၏။ ဆိုင်ရှင် ထောင်ကဲအလျောင်ကိုယ်တိုင်သည်လည်း သာမန် အရက်ဖြူဆိုင်ရှင်အဖြစ်မှ အနောက်ပိုင်း သို့နယ်တွင် နိုင်ငံရေးသမားများ အားထားရသော မဲဆန္ဒရှင် တော်တော်များများကို ချုပ်ကိုင်ထားနိုင်သည့် လူထွင်ကျယ်တစ်ယောက် ဖြစ်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ထောင်ကဲကြီး အလျှောင်သည် သူ့ဆိုင်ကို အနှောင့်အယှက်မရှိ ဖွင့်ထားနိုင်ခြင်းဖြစ်လေသည်။

ကိုရန်ကင်းသည် ထိုဆိုင်သို့ သူ့ဂျစ်ကားကို မောင်းလာရာက တစ်ခါကဆိုလျှင် ထိုဆိုင် အပေါ်ထပ်ရှိ တိုက်ခန်းမှာ ရန်ကုန်မြို့ အနောက်ပိုင်းတွင် အကြီးမားဆုံးသော အနီထောင် ကစားပိုင်း မှန်မှန်ကြီး ကျင်းပရာ နေရာဌာန တစ်ခုဖြစ်ခဲ့ကြောင်းကို ပြန်၍ အမှတ်ရလိုက်မိ၏။ ထိုအခန်းသို့ တက်နိုင်သည့် နည်းမှာလည်း အရက်ဆိုင်ခန်းထဲမှပင် ဖြစ်သည်ကို ကိုရန်ကင်းက မှတ်မိလိုက်ပြန်သည်။

ကိုရန်ကင်းသည် အရက်ဆိုင်ထဲသို့ ဝင်ခဲ့ရာ ဆိုင်ထဲတွင် လူအနည်းငယ်ခန့်သာ ရောက်နေသည်ကို တွေ့ရ၏။ ၎င်းတို့က ကိုရန်ကင်းအား ဘယ်လိုမှ ဂရုမစိုက်ကြ။ ဆိုင်ရှင် ထောင်ကဲကြီး အလျှောင်သည် ယခုဆိုလျှင် ယခင်ကလို ဆိုင်တွင် မထိုင်တော့ဘဲ သူ့လူယုံတော် တစ်ယောက်နှင့် လွှဲထားလေသည်။

ထိုလူယုံတော်က ကိုရန်ကင်းအား မသိချေ။ ထို့ကြောင့်လည်း ကိုရန်ကင်းက ဆိုင်ခန်းကိုဖြတ်လျက် ဆိုင်နောက်ဘက်ရှိ အိမ်သာဆီသို့ လျှောက်ခဲ့ရာတွင် ထိုလူယုံတော်က ဘယ်လိုမှ ဂရုမစိုက်ချေ။

ကိုရန်ကင်းက အိမ်သာသို့ မဝင်ဘဲ ကျော်လျှောက်ခဲ့ကာ စင်္ကြံအဆုံးတွင် ရှိနေသော တံခါးပေါက်ဆီသို့ ချဉ်းကပ်ခဲ့သည်။ ထိုတံခါးပေါက်မှ တံခါးချပ်မှာ ပိတ်ထားလျက် ရှိနေသည်။ တံခါးရွက်ပေါ်တွင်တော့ အခွင့်မရှိ မဝင်ရဟု ဆေးနီဖြင့် ရေးထား၏။

တံခါးကို တွန်းကြည့်လိုက်ရာ အတွင်းမှ ချက်ထိုးထား



ကြောင်း တွေ့လိုက်ရသည်။ ကိုရန်ကင်းက သူ့အင်္ကျီအိတ်ထဲမှ သူ ဆောင်လေ့ရှိသော မောင်းချဓားကို ထုတ်ယူကာ မောင်းချဓားတွင် ပါသော ကိရိယာ တန်ဆာပလာတစ်ခုကို ဖွင့်ထုတ်လျက် တံခါးကြားထဲသို့ ထိုးသွင်းလိုက်သည်။

နောက် နှစ်မိနစ်မျှအကြာတွင် ကိုရန်ကင်းက အတွင်းမှ ထိုးထားသော ချက်ကို ဖြုတ်လိုက်နိုင်ကာ တံခါးကို တွန်းဖွင့်ပြီး တစ်ဘက်တွင်ရှိနေသော လှေကားမှနေ၍ အပေါ်ထပ်သို့ တက်ခဲ့တော့သည်။

လှေကားအဆုံးတွင်ကား စင်္ကြံတိုကလေးတစ်ခု ရှိနေသည်။ စင်္ကြံတိုကလေးအဆုံးတွင်တော့ တံခါးပေါက်တစ်ခု ရှိနေကာ ထိုတံခါးပေါက်ဝတွင်တော့ လူတစ်ယောက်က ရပ်နေသည်။

ကိုရန်ကင်းက ထိုတံခါးပေါက်ဆီသို့ ခြေလှမ်း (၃)လှမ်းမျှ လှမ်းလိုက်ပြီးမှ တံခါးပေါက်ဝတွင် ရပ်နေသူမှာ ကျောက်ဆူး ကျော်မိုးကိုယ်တိုင် ဖြစ်နေသည်ကို မှတ်မိလိုက်၏။

ကျောက်ဆူးကျော်မိုးအား သူ နောက်ဆုံးတွေ့ခဲ့ရစဉ်က ၎င်းသည် ကိုယ်အလေးချိန် ပေါင် (၁၆၀)ခန့်မျှရှိမည့် ကာယဗလ တောင့်တင်းကျစ်လစ်သော လူတစ်ယောက် ဖြစ်ခဲ့သည်။ သို့သော် ယခုတွင်မူ ကျော်မိုးသည် အနည်းဆုံး ကိုယ်အလေးချိန်ပေါင် (၂၀၀)မျှရှိမည့် လူဝဝကြီးတစ်ယောက် ဖြစ်နေ၏။ ဝပင်ဝသော်လည်း ၎င်း၏သန်မာလှသော ကြွက်သားများကတော့ ပျောက်ကွယ်ကုန်သည်ကား မဟုတ်ပါချေ။

"ဟော့… ကျောက်ဆူး"

ကိုရန်ကင်းက ၎င်းအား စတင်၍ နှုတ်ဆက်လိုက်၏။ ကျောက်ဆူးက ကိုရန်ကင်းအား မပြုံးမရယ် ခပ်တည်တည် ပြန်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

'လက်စသတ်တော့ ခင်ဗျားကိုးဗျ၊ တံခါးပိတ်ထားတာ တောင် ခင်ဗျားက ဖွင့်ဝင်နိုင်တာ သူခိုးနည်းပြလုပ်တာလားဗျ'

'သူခိုးနည်းပြလုပ်သင့်တဲ့အခါလည်း လုပ်ရတာပဲ၊ ဒါမှ သူခိုးကို ဖမ်းမိနိုင်တာလည်း ရှိတာကိုး'

ကိုရန်ကင်းက ပြောပြောဆိုဆို ကျောက်ဆူးရှေ့တွင် ဝင် ရပ်လိုက်၏။

'ဆိုစမ်းပါဦး၊ ခင်ဗျားက ဘာကိစ္စနဲ့ ရောက်လာတာလဲ'

'ငါ… ငှက်ကလေးတွေ သီချင်းဆိုတာကို နားထောင်ဖို့ လာရတယ် ဆိုပါတော့ကွာ'

ကိုရန်ကင်းက ပြောပြောဆိုဆို ကျောက်ဆူးသားမှ နေ၍ အခန်းထဲသို့ လှမ်းဝင်လိုက်ရာ ကျောက်ဆူးက မျက်မှောင် မသိ မသာကုတ်လျက် ကိုရန်ကင်းနောက်က လိုက်ပါလာ၏။

'ဆိုစမ်းပါဦး၊ ငှက်ကလေးတွေက ဘယ်လိုသီချင်းဆို တာလဲ…'

ကိုရန်ကင်းက ဘယ်လိုမှ ပြန်မဖြေဘဲ အခန်းကို လှည့် ပတ်ကြည့်လိုက်သည်။

အခန်းမှာ အနံ့ခပ်ကျဉ်းကျဉ်း ဖြစ်သော်လည်း အလျားက တော်တော် ရှည်လေသည်။ အခန်း၏ တစ်ဖက်စွန်း ကွက်လပ် တွင် အိမ်ထောင်ပရိဘောဂ ပစ္စည်းဆို၍ ဘာတစ်ခုမှ မရှိဘဲ ပကတိ ရှင်းလင်းနေသည်။ သို့သော် ကျန်သော နေရာများတွင် တော့ အိမ်ထောင်ပရိဘောဂ ပစ္စည်းမျိုးစုံက ပြည့်ကျပ်ပြွတ်သိပ် လျက် ရှိနေသည်။ ကုလားထိုင်များအပြင် ကြမ်းပြင်ပေါ်တွင် သင်ဖြူးများကိုလည်း ခင်းထားသေး၏။





'အင်း… ဟုတ်ပြီ၊ မင်းရဲ့ ဧည့်သည်တွေက ဒီဘက်က ကုလားထိုင်တွေ၊ သင်ဖြူးတွေပေါ်မှာ ထိုင်ကြည့်ကြတယ်။ မင်း ကောင်မလေးတွေက ဟိုဘက်က ကွက်လပ်ကို ဇာတ်စင်အဖြစ် ထားပြီး အသုံးတော်ခံကြတယ်။ ရုပ်ရှင်ပြတော့ ဟောဟိုက နံရံကို မင်းက ပိတ်ကားအဖြစ် အသုံးပြုတယ်'

ကျောက်ဆူးကျော်မိုးက ကိုရန်ကင်းအား ခပ်တည်တည် ပင် ကြည့်လိုက်သည်။

'ခင်ဗျား ဘာတွေပြောနေတာလဲ ကိုရန်ကင်း'

'ငါ ဘာပြောနေတယ်ဆိုတာကို မင်း နားလည်ပါတယ် ကွာ၊ မင်း အပတ်တိုင်း ကျင်းပလေ့ရှိတဲ့ ဇိမ်ပါတီအကြောင်း လေကွာ'

'နေစမ်းပါဦး၊ ခင်ဗျား အခုလာတာ ကျုပ်ကို ဖမ်းဖို့ လား၊ ဖမ်းဖို့ဆိုရင် ဘယ်မှာလဲ ခင်ဗျားရဲ့ သက်သေခံပစ္စည်းတွေ'

'ဖမ်းဖို့လာမှတော့ ငါတစ်ယောက်တည်း လာမလားကွ၊ သက်သေလူကြီးတွေပါ တစ်ခါတည်း ပါလာမှာပေါ့၊ ငါ အခုလာ တာက မိတ်ဆွေအဖြစ် အလည်သက်သက် ဆိုပါတော့၊ မင်းက မင်းရဲ့ ဇိမ်ပါတီတွေအကြောင်း မပြောချင်ရင်လည်း တခြား အကြောင်း ပြောကြတာပေါ့ကွာ'

ကိုရန်ကင်းက ပြောပြောဆိုဆို ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ကာ သူ့ဆေးတံနှင့်ဆေးအိတ်ကို ထုတ်ယူပြီး ဆေးဆုံ ထဲတွင် ဆေးများ ဂရုစိုက်ထည့်နေလိုက်သည်။

'ခင်ဗျားက တခြားအကြောင်း ဘာများပြောချင်သေးလို့ လဲ ကိုရန်ကင်း'

ကျောက်ဆူး ကျော်မိုးက သူ့ကျောပြင်ကြီးကို တံခါးရွက်



www.burmeseclassic.com

www.burmeseclassic.com



တွင် မီထားရာက ပြန်မေးလိုက်သည်။

'ရဲသန်းဆိုတဲ့ လူတစ်ယောက်အကြောင်း ဆိုပါစို့ကွာ'

ကိုရန်ကင်းက ပြောရင်းကပင် ကျောက်ဆူး၏ မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ သို့ရာတွင် ကျောက်ဆူးကျော်မိုး၏ မျက်နှာမှာ အမူအရာ ကင်းစင်နေပြီး ခပ်တည်တည်ကြီးသာ ဖြစ်နေ၏။ ထို့ကြောင့် ကိုရန်ကင်းက စကားဆက်လိုက်၏။

'မင်းက ရဲသန်းကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်ခဲ့တယ် ဆိုကွ'

'ငှက်ကလေးတွေ သီချင်းဆိုတာ နားထောင်ဖို့လာတယ် ဆိုတာ ဒီဟာကိုပဲလားဗျ၊ နေစမ်းပါဦး၊ ကျုပ်က ရဲသန်းကို ခြိမ်းခြောက်ခဲ့ဦးတော့ ဘာဖြစ်သလဲဗျာ'

'ဘာဖြစ်ရမလဲကွ၊ အခု ရဲသန်းသေပြီလေကွာ'

ကျောက်ဆူးကျော်မိုးသည် ခေတ္တမျှ တိတ်ဆိတ်သွားသည်။ သူသည် နှုတ်ခမ်းကြီးကို စုလိုက်ထော်လိုက်နှင့် တစ်စုံတစ်ရာကို မျက်မှောင်ကြီးကုတ်လျက် ကြံညီလိုက်သည်။

'သူ့ကို ဘယ်သူက သတ်သွားတာလဲ၊ ကျုပ်က သတ်တာလို့များ ခင်ဗျားက ဆိုချင်တာလား'

'သူ့ကို သူများက သတ်သွားတယ်လို့ ငါက ပြောလို့လား ကျောက်ဆူးရာ၊ သူသေသွားပြီလို့ ငါပြောခဲ့တာပဲ'

ကျောက်ဆူးကျော်မိုးက နှုတ်ဆိတ်သွားပြန်သည်။ နှုတ်ခမ်းကြီးကို စုလိုက်ထော်လိုက် လုပ်နေပြန်၏။ ပြီးမှ အသံထွက်လာသည်။

'အင်း… ဟုတ်သားပဲလေ'

'မင်း ဒီကနေ့ မနက် (၁၁)နာရီကနေ (၁၂)နာရီခွဲအထိ





မှာ ဘယ်မှာရှိနေခဲ့သလဲ ကျောက်ဆူး'

'ဩ… အဲဒီအချိန်လောက်မှာ ရဲသန်းက ကွသွားတာလားဗျ'

'ငါမေးတာကိုသာ ဖြေစမ်းပါလေ'

'ဖြေတာပေါ့ဗျ၊ ကျုပ် အဲဒီအချိန်တုန်းက အောက်ထပ်ကဆိုင်ထဲမှာ ရှိနေခဲ့တာပဲ'

ကျောက်ဆူးမှာ တော်တော်ကြီး စိတ်သက်သာရာ ရသွားဟန်တူ၏။

'ကျုပ် (၁၁)နာရီလောက်မှာ အောက်ကို ဆင်းသွားတာပဲ၊ ခုနကလေးကမှ ပြန်တက်လာခဲ့တာဗျ၊ ကျုပ် ပြောတာ မယုံရင် အောက်ဆင်းပြီး မေးကြည့်ပေါ့ဗျာ'

'အေး… မေးမှာပါပဲ ကျောက်ဆူးရာ'

'ခင်ဗျား ကျုပ်ကို တခြား ဘာပြောစရာရှိသေးသလဲ'

ကိုရန်ကင်းက ရုတ်တရက် ပြန်မဖြေ။ သူ့ဆေးတံကိုသာ တျကျနနန မီးညှိနေလိုက်သည်။ ဆေးခိုးများကို အားရပါးရ ဖွာရှိုက်ပြီးသည့်အခါတွင်မှ…

'ရဲသန်းကို မင်းကိုယ်တိုင် မသတ်ခဲ့တောင် တခြားမင်းတပည့်တစ်ယောက်ယောက်ကို အသတ်ခိုင်းခဲ့တာလည်း ဖြစ်နိုင်တာပဲကွ' ဟု ပြောလိုက်သည်။

သို့ရာတွင် ကျောက်ဆူးက ဣန္ဒြေ ဘယ်လိုမှမပျက်။

'ကျုပ်တင် မကပါဘူးဗျာ၊ တခြားလူတွေကလည်း ဒီလိုပဲ လုပ်နိုင်တာပဲ၊ ဒီမှာ ကိုရန်ကင်း၊ ခင်ဗျား ကျုပ်ဆီလာတာဟာ အချိန်အလကား ဖြုန်းနေတာပဲ။ ရဲသန်းသေရတာဟာ ကျုပ်နဲ့ ဘာမှမဆိုင်ပါဘူးဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ကြည့်သေးတာပေါ့လေ၊ မင်းနဲ့ ရဲသန်းက ဘာဖြစ်ခဲ့ကြတာလဲဆိုတာကိုတော့ ငါ သိပါရစေဦးလား'

'အလကားပါဗျာ'

'အလကားပဲဖြစ်ဖြစ် တကယ်ပဲဖြစ်ဖြစ် မင်း သူ့ကို ခြိမ်းခြောက်ခဲ့တယ်ဆိုတာ ဘာကြောင့်ဆိုတာ ငါ သိချင်တယ် ကျောက်ဆူး'

ကျောက်ဆူး၏ မျက်နှာကြီးက မှုန်တေတေဖြစ်နေ၏။

'ခင်ဗျား သိချင်တိုင်း ကျုပ်က ပြောပြရမှာလားဗျ၊ ဒါက ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပဲ'

'မင်းက ဒီလို ပြောလာရင် မင်း စိတ်ပြောင်းလာအောင် မင်းကို ငါက အချုပ်ခန်းထဲ ခေါ်စစ်ရမလား ကျောက်ဆူး'

'ခင်ဗျားက ကျုပ်ကို ဘာအမှုနဲ့ အချုပ်ခန်းထဲ ဆွဲသွင်းနိုင်မှာမို့လို့လဲ'

ကိုရန်ကင်းက ထိုင်ရာမှထလိုက်ကာ ကျောက်ဆူးရှေ့သို့ လျှောက်သွားလိုက်သည်။ ပြီးနောက် ကျောက်ဆူး၏ မျက်နှာတည့်တည့်သို့ ဆေးတံမီးခိုးများကို ဟူးခနဲ မှုတ်ထုတ်လိုက်၏။

'မင်း ရွေးချင်တဲ့ အမှုနဲ့ ရွေးပေါ့ကွာ၊ မင်းကို ငါက အချုပ်ခန်းထဲ ဆွဲသွင်းဖို့အတွက် အမှုသိပ်မလိုပါဘူးကွာ၊ အရင်တုန်းက အမှုဟောင်းတွေကိုက တစ်ပုံကြီးပဲ။ ဒါပေမဲ့ နားထောင်စမ်း ကျောက်ဆူး'

ကိုရန်ကင်းက သူ့ဆေးတံအရိုးဖြင့် ကျောက်ဆူးကျော်မိုး၏ ကြီးမားသော ရင်အုံကြီးကို ထောက်လိုက်သည်။

'ငါက မင်းရဲ့ ဓိမ်ပါတီကို စိတ်ဝင်စားတာ မဟုတ်ဘူး မင်းရဲ့ အမှုဟောင်းတွေကိုလည်း ငါက ဂရုစိုက်တာ မဟုတ်ဘူး





ငါ အခုလောလောဆယ် ဂရုစိုက် စိတ်ဝင်စားနေတာက ရဲသန်း အသတ်ခံရတဲ့ ကိစ္စပဲ၊ မင်း သဘောပေါက်ရဲ့လား ကျောက်ဆူး'

ကျောက်ဆူးကျော်မိုးက ကိုရန်ကင်းအား သေသေချာချာ စူးစိုက်ကြည့်ရှုလိုက်သည်။ ပြီးမှ ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏။

'ကျုပ် သဘောပေါက်ပါပြီ ကိုရန်ကင်း'

'အေး··· သဘောပေါက်ရင် ပြောစမ်း၊ မင်းနဲ့ ရဲသန်းတို့ ဘာဖြစ်ခဲ့ကြလို့ မင်းက ရဲသန်းကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်ခဲ့ရတာလဲ'

ကျောက်ဆူးကျော်မိုးက အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်ပြီးမှ ပြန်ဖြေလိုက်၏။

'ဒီလိုဗျ··· ဖလင်ကားတစ်လိပ်နဲ့ ပတ်သက်ပြီး ဖြစ်ခဲ့ကြတာပါဗျာ'

'ဘာဖလင်ကားလဲ၊ မင်းရဲ့ ဘလူးပစ်ချာ (ရုပ်ရှင်ပြာ) ဖလင်ကားတွေထဲကလား'

'ဟုတ်ပါတယ် ကိုရန်ကင်း၊ သူက အဲဒီဖလင်ကားလိပ်ကို အပြီးအပိုင် ဝယ်ချင်တယ်လေ၊ ဒါပေမဲ့ သူက ကျုပ် တောင်းတဲ့ဈေးကို မပေးနိုင်ခဲ့ဘူး၊ ဒါနဲ့ ကျုပ်က သူ့ကို ပြောလိုက်တယ်၊ ကောင်းပြီ··· မင်းမှာ ငါတောင်းတဲ့ငွေပေးနိုင်တဲ့အခါကျတော့ ငါ့ဆီ လာခဲ့ပေါ့လို့'

ကျောက်ဆူးကျော်မိုးက ခေတ္တမျှ စကားရပ် နားထားပြီးမှ ဆက်ပြောပြန်သည်။

'ဒီဖလင်လိပ်ကို ကျုပ်က တစ်ညမှာ သူ့ကို ပြခဲ့တယ်ဗျာ၊ သူနဲ့အတူ တခြား လူသုံးယောက်လည်းပါတယ်၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်လေးငါးရက်ကြာတော့ ရဲသန်းက ကျုပ်ဆီ ပေါက်ချလာပါရော၊ အဲဒီ ဖလင်ကားလိပ်ကို သူတစ်ခါတည်း အပြီးအပိုင် ဝယ်ချင်တယ်တဲ့လေ၊ သူ့ကို ကြည့်ရတာလည်း သိပ်ကို လိုလိုချင်ချင် ဖြစ်နေခဲ့တာဗျ'

'ရဲသန်းက မင်း ဘလူးပစ်ချာတွေကို အမြဲတမ်းလာ ကြည့်နေကျလား'

'အမြဲတမ်းရယ်တော့ မဟုတ်ပါဘူးဗျာ၊ တစ်လမှာ တစ်ခါလောက်သာပါ'

'ဒီဖလင်ကားလိပ်ကို မင်းဆီ သူလာဝယ်တာ ဘယ်တုန်းကလဲကွ'

'လွန်ခဲ့တဲ့ (၁၅)ရက်လောက်ကပဲဗျ၊ အဲ… ကျုပ်ခုနက ပြောခဲ့သလိုပဲ၊ ဒီဖလင်ကားလိပ်ကိုမှ မရရင် သေမလောက်ဖြစ်နေတာပဲဗျ၊ ကျုပ်ကို ဒီဖလင်ကားလိပ်အတွက် လိုက်ရှာခဲ့ရတာ အမောပဲတဲ့လေ'

ကိုရန်ကင်းက သူ့ဆေးတံကို စဉ်းစဉ်းစားစား ဖွာရှိုက်လိုက်သည်။ ပြီးမှ ကျောက်ဆူးကျော်မိုးအား မေးခွန်းထုတ်လိုက်သည်။

'ဒီဖလင်ကားကို ပထမဦးဆုံး ကြည့်တုန်းကကောကွာ၊ အဲဒီတုန်းက သူ ထူးထူးခြားခြား စိတ်ဝင်စားမှု ပြရဲ့လား'

'ဟာ… ဘယ်ပြမလဲဗျာ၊ ခါတိုင်း ကြည့်နေကျအတိုင်း ကြည့်သွားတာပဲ'

'သူက ဒီဖလင်ကားလိပ်ကို လာဝယ်တော့ သူ ဘာကြောင့် ဒါလောက်တောင် ဒီဖလင်လိပ်ကို လိုချင်နေတယ်ဆိုတာကိုကော ပြောပြသေးသလား'





'ဟင့်အင်း… ပြောမပြပါဘူး၊ ကျုပ်က သူ့ကို မေးတောင်ကြည့်ပါသေးတယ်။ ဒါပေမဲ့ သူက ဘာမှ ပြန်မဖြေဘဲ ဒီဖလင်ကားလိပ်အတွက် ဈေးဆစ်ပါလေရောဗျာ'

'နေပါဦး၊ မင်းက ဒီဖလင်ကားလိပ်အတွက် ငွေဘယ်လောက် တောင်းခဲ့လို့လဲ'

'ငါးထောင်ပါ'

ကိုရန်ကင်းက ကျောက်ဆူးကျော်မိုးအား မျက်ခုံးများပင့်လျက် ကြည့်လိုက်လေသည်။

'မင်းဟာက လွန်လှချေကလားကွ'

'ခင်ဗျားပဲ ဒီဈေးနဲ့ရအောင် ဝယ်ကြည့်ပါဦးလေ၊ နောက်တစ်ခုကလည်း ရှိသပေါ့ဗျာ၊ ရဲသန်းက ဒီဖလင်ကားလိပ်ကို သိပ်လိုချင်နေပုံရတော့ ကျွန်တော်လည်း နည်းနည်းပါးပါး ဈေးတင်လိုက်ရတာပေါ့ဗျာ'

'ဒီဖလင်ကားလိပ်က ကောင်းကောကောင်းလို့လားကွ။ ဘလူးပစ်ချာအနေနဲ့ ပြောတာပါ'

ကျောက်ဆူးက နှာခေါင်းကြီးကို ရှုံ့ကာ ခေါင်းခါပြလိုက်သည်။

'မကောင်းပါဘူးဗျာ၊ ဒါကြောင့်လည်း ကျုပ်က ရဲသန်းဒီလောက် လိုလိုလားလားဖြစ်နေတာကို အံ့သြမိတာပေါ့၊ ဒီဖလင်ကားလိပ်ကို ကျုပ်ဝယ်တုန်းက ငွေတစ်ထောင်သာ ပေးရတာဗျ၊ ခင်ဗျားပြောသလို တကယ်တော့ ဘလူးပစ်ချာ အစစ်တောင် မဟုတ်ပါဘူးဗျာ'

'ဘလူးပစ်ချာ မဟုတ်ဘူးဆိုရင် ဘယ်လိုကားမျိုးလဲကွာ'



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆူးကျော်မိုးက သူ၏ အဆီပြန်နေသော မျက်နှာကြီးကို လက်ဖမိုးဖြင့် သုတ်ပစ်လိုက်သည်။

'ကောင်မကလေး ငယ်ငယ်ကလေးတစ်ယောက် အဝတ်ချွတ်ပြီး ကပြတာက အဓိကပါပဲ၊ တခြားအပိုင်းတွေကလည်း သိပ်အဟုတ်ကြီး မဟုတ်လှပါဘူး'

'ထားပါတော့လေ၊ ရဲသန်းက ဒီဖလင်ကားလိပ်အတွက် မင်းကို ဈေးဆစ်ခဲ့တယ်၊ အဲဒီတော့ ဘာဖြစ်သလဲ'

'ကျုပ်က ဘယ်အဆစ်ခံမှာလဲဗျ၊ ငါးထောင်က တစ်ပြားမှ မလျှော့ဘူးလို့ ပြောတာပေါ့၊ ဒါနဲ့ သူက ပြောလာပြန်တယ်၊ ဒီလိုဆိုရင် သူ့ကို ဒီဖလင်ကားလိပ် တစ်ပတ်ပဲ ငှားပါတဲ့၊ ဒါနဲ့ ကျွန်တော်ကလည်း ငွေငါးရာပေးရင် ငှားမယ်လို့ သဘောတူလိုက်တယ်၊ တစ်ပတ်ပြည့်လို့မှ ဒီဖလင်လိပ်ကို ပြန်မပို့ရင် ကျုပ်အကြောင်းသိရမယ်လို့ သေသေချာချာ ပြောလိုက်တယ်၊ ဒါနဲ့ သူက စိတ်ချပါဗြိုဆိုပြီး ကျုပ်ကို ငွေငါးရာပေးလို့ ဖလင်လိပ်ကို ယူသွားတော့တာပဲလေ'

'တစ်ပတ်စေ့တော့ သူက ဖလင်လိပ်ကို ပြန်လာပေးသလား'

ကျောက်ဆူးကျော်မိုး၏ မျက်နှာကြီးသည် သုန်သုန်မှုန်မှုန်ဖြစ်သွားပြန်တော့သည်။

'ဘယ်လာပေးလိမ့်မလဲဗျာ'

'ဒါနဲ့ပဲ မင်းက သူ့ကို ခြိမ်းခြောက်ခဲ့တယ် ဆိုပါတော့'

'ဒါပေါ့ဗျ၊ သူ့ကို ကျုပ်က သွားကြိမ်းတော့ သူက ကျုပ်ကို နောက်နှစ်ရက်သာ စောင့်ပါတဲ့၊ နှစ်ရက်ကြာရင် ငွေငါးထောင်စလုံး ရပါစေမယ်လို့ ကတိပေးတယ်၊ ကျုပ်ကတော့ သူ့ကို





သိပ်မယုံလှပါဘူး၊ နောက်နှစ်ရက်စောင့်လို့မှ ကျုပ်ဖလင်ကားလိပ် ပြန်မရရင် အသေပဲလို့သာ ပြောလိုက်မိတယ်။ ဒါပေမဲ့ နှစ်ရက်ကစေ့ရော သူ ကျုပ်ကို ငွေငါးထောင်တိတိ လာပေးတော့တာပဲဗျ၊ ကျုပ်ဖြင့်ဗျာ အံ့ဩလွန်းလို့ မေ့လုမတတ် ဖြစ်သွားသေးတယ်ဗျ'

'သူက ဒီဖလင်ကားလိပ်ကို ဘာကြောင့်များ ဝယ်ချင်တယ်ဆိုတာကို မင်း အဲဒီအထိ မသိခဲ့ရဘူးလား'

'ဘယ်သိရမလဲဗျာ၊ သူက ပြုံးစေ့စေ့နဲ့ ကျုပ်ငွေတွေရေပြီးတဲ့အထိ စောင့်နေသေးတယ်။ ပြီးမှ ကျုပ်ကို ကျကျနန ဦးညွှတ်နှုတ်ဆက်ပြီး ထွက်သွားတော့တာပဲဗျ'

'နောက်ကျတော့ကော မင်း သူ့ကို တွေ့ရသေးသလား'

ကျောက်ဆူးကျော်မိုးက ဦးခေါင်းကို ယမ်းခါပြလိုက်သည်။

'မတွေ့ရတော့ပါဘူးဗျာ'

'မင်းက ဒီဖလင်ကားလိပ်ထဲမှာ မင်း မှတ်မိတဲ့လူများ ပါခဲ့သလား ကျောက်ဆူး'

ကျောက်ဆူးကျော်မိုးက ပါးနပ်သော အမူအရာဖြင့် ကိုရန်ကင်းအား ကြည့်လိုက်၏။

'အင်း... ခင်ဗျားကလည်း ကျုပ်တွေးမိသလို တွေးမိသကိုးဗျ၊ ကျုပ်မှတ်မိတဲ့လူတော့ မပါပါဘူး၊ ဒါပေမဲ့ ရဲသန်းက သူ မှတ်မိတဲ့လူကို ဖလင်ကားထဲမှာ တွေ့ခဲ့တယ်လို့ ကျုပ်တော့ ထင်မိတာပဲ'

'အများကြီးဖြစ်နိုင်တာပေါ့ ကျောက်ဆူးရာ'

'ဖြစ်ကိုဖြစ်ရမယ်ဗျ၊ ဒါကြောင့် ရဲသန်းက ဒီဖလင်ကား



www.burmeseclassic.com

www.burmeseclassic.com



လိပ်ကို ကျုပ်ဆီက အရဝယ်ပြီး သူ မှတ်မိတဲ့လူကို သွားငွေညှစ်ခဲ့တာ ဖြစ်ရမယ်ဗျ၊ မဟုတ်ဘူးလားဗျာ'

ကိုရန်ကင်းက ဘာမှမပြောဘဲ တိတ်ဆိတ်နေသည်။ ကျောက်ဆူးကျော်မိုးက တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် သူ့နောက်စေ့ကို လက်တစ်ဖက်ဖြင့် ပွတ်လိုက်သည်။

'ဒါပေမဲ့ အဲဒီဖလင်ကားလိပ်ကို သူ ကြည့်ရတုန်းကတော့ ဘာမှ ထူးထူးခြားခြား စိတ်ဝင်စားမှု မပြခဲ့ပါဘူးဗျာ'

'သူ ဒီဖလင်ကားလိပ်ကို ကြည့်ပြီးမှ ဒီကားထဲမှာပါတဲ့ လူတစ်ယောက်ယောက်ကို အပြင်မှာ သွားတွေ့ရတာလည်း ဖြစ်နိုင်တာပေါ့'

ကျောက်ဆူးကျော်မိုးက ခေါင်းကြီးကို ဖြည်းလေးစွာ ညိတ်လိုက်သည်။

'အင်း… ခင်ဗျားပြောသလိုပဲ ဖြစ်ပါလိမ့်မယ်'

ကျောက်ဆူးကျော်မိုးက ကိုရန်ကင်းအား အကဲခတ်သော မျက်လုံးများဖြင့် ကြည့်လိုက်ပြန်သည်။

'ဒီအတိုင်းဆိုရင် ရဲသန်းဟာ တစ်ယောက်ယောက်ကို ဒီဖလင်ကားလိပ်ကို အကြောင်းပြုပြီး ငွေညှစ်ခဲ့တာ သေချာပါတယ်ဗျာ၊ ဒီလိုမှမဟုတ်ရင် ဒီဖလင်ကားလိပ်ကို ကျုပ်ဆီက အပြီးတိုင်ဝယ်ဖို့ ငွေငါးထောင် ဘယ်ကရခဲ့သလဲဗျ'

'အေး… မေးထိုက်လှတဲ့ မေးခွန်းပါပဲ'

ကိုရန်ကင်းက ကျောက်ဆူးကျော်မိုးအား ထောက်ခံလိုက်ပြီးမှ ရုတ်တရက် မေးခွန်းထုတ်လိုက်၏။

'မင်း ဒီဖလင်ကားလိပ်ကို ဘယ်ကရခဲ့တာလဲ ကျောက်ဆူး'





'ဦးကြောင်ငါးကြီးဆီကပေါ့ဗျာ'

'ဦးကြောင်ငါး ဟုတ်လား၊ ဦးကြောင်ငါးဆိုတာ ဘယ်သူလဲကွ'

'ဒီလူကြီးကို ခင်ဗျား မမှတ်မိဘူးလားဗျာ၊ လွန်ခဲ့တဲ့ (၅)နှစ်လောက်က သူ့သတင်းတွေတောင် သတင်းစာထဲမှာ ဟိုးလေးတကျော် ပါလာခဲ့သေးတယ်၊ သူ့ကို တဏှာရူးကြီးလို့တောင် ခေါ်ခဲ့ကြတယ်လေ'

ကိုရန်ကင်းက ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်သည်။

'အင်း… မှတ်မိပါပြီ၊ သူ့အမှုကို ငါတော့ မကိုင်ခဲ့ရပါဘူး'

'ဒီလူကြီးအကြောင်းကိုတော့ ကျုပ်က ကောင်းကောင်းကြီး မှတ်မိနေပါတယ်ဗျာ'

ကျောက်ဆူးကျော်မိုးက ပြောပြောဆိုဆို အိမ်အတွင်းခန်းတံခါးဘက်ဆီသို့ ဦးလှည့်လိုက်သည်။

'ကျုပ် အရက်သောက်မလို့ဗျ၊ ခင်ဗျားကော သောက်ဦးမလား ကိုရန်ကင်း'

'နေပါစေတော့ကွာ'

ကျောက်ဆူးကျော်မိုးက အတွင်းခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ကိုရန်ကင်းကတော့ ဆေးတံကို ထပ်၍ မီးညှိကာ ဖွာရှိုက်ရင်းက ကျောက်ဆူးကျော်မိုးထံမှ ကြားခဲ့ရသော အကြောင်းအချက်တွေကို ခေါင်းထဲတွင် ပြန်လည် စီစစ်သုံးသပ်နေလိုက်သည်။

ဦးကြောင်ငါးဆိုသူကား တရုပ်သွေး လူပျိုကြီး ဖြစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ လောကကြီးတွင် သူ၏ တစ်ခုတည်းသော စိတ်ဝင်စားမှုကား လိပ်ကိစ္စပင် ဖြစ်၏။

၄င်း၏သတင်းသည် တဖြည်းဖြည်း ကြီးလာခဲ့ရာ နောက်ဆုံးတွင်တော့ ရဲဘက်က ၄င်းအား မိန်းကလေးနှစ်ယောက်ကို သွေးဆောင်ဖျက်ဆီးမှုဖြင့် ဖမ်းဆီးရုံးတင်ခဲ့ရာ ထောင်ဒဏ်(၅)နှစ် ကျသွားခဲ့ရ၏။

ကျောက်ဆူးကျော်မိုးက မန္တလေးဘရန်ဒီ အရက်တစ်လုံး လက်ပွင့်ကိုင်ကာ အခန်းတွင်းသို့ ပြန်ဝင်လာသည်။ ထို့နောက် ဗီရိုပုကလေးတစ်လုံးဖွင့်ကာ ဖန်ခွက်တစ်ခွက်ကို ထုတ်ယူလျက် ဘရန်ဒီကိုငှဲ့ထည့်ပြီး ရေမရောဘဲ တစ်ကျိုက်ချင်း စုပ်နေလိုက်၏။

'ဦးကြောင်ငါးက အခု ထောင်ထဲမှာပဲလား'

ကိုရန်ကင်းက ကျောက်ဆူးအား လှမ်းမေးလိုက်သည်။

'ထောင်က လွတ်လာပြီလေ၊ ငါးနှစ်ဆိုတဲ့ အချိန်ဟာ တကယ်တော့ ဘာမှ မကြာဘူးဗျနော်၊ သူ ထောင်က လွတ်လာပြီး (၂)ရက်အကြာမှာ သူ့ဆီက ဒီဖလင်ကားလိပ်ကို ကျုပ်က ဝယ်လိုက်တာပဲဗျ'

'ဘာ… သူက ထောင်ကလွတ်လာတာတောင် အခုထိ မရှိသေးဘဲ ဒီအလုပ်မျိုးတွေ ပြန်လုပ်ပြန်ပြီလား'

ကျောက်ဆူးကျော်မိုးက ဘရန်ဒီဖန်ခွက်ကို သူ့ပါးစပ်မှ ပြန်ချကာ ကိုရန်ကင်းအား နှုတ်ခမ်းကြီးတွေ ရွဲ့ပြလိုက်သည်။

'တော်စမ်းပါဗျာ… ထောင်ကျတိုင်းသာ အမှတ်ရှိရင် ထောင်ထွက်တိုင်းဟာ လူသူတော်ကောင်းကြီးတွေ ဖြစ်ကုန်တာ ကြာလှပြီ၊ ပြီးတော့ ဒီဖလင်ကားလိပ်ဟာ ဦးကြောင်ငါး ထောင် မကျခင်ကတည်းက ရိုက်ထားခဲ့တာဗျ'





'ဩ… သူ့တကျော့ပါတီ တစ်ခုက လူတွေလား'

'ဟုတ်တယ်လေ၊ ဒီဖလင်ကို သူက တစ်နေရာရာမှာ ဝှက်ထားခဲ့ပြီး အခု ထောင်က လွတ်လာတော့ ငွေလိုနေလို့ ကျုပ် ဆီမှာ လာရောင်းတာဗျ'

ကျောက်ဆူးကျော်မိုးသည် ဘရန်ဒီကို တစ်ကျိုက် ကျိုက်ချလိုက်ပြန်ပြီး နောက်မှ ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါကာ စကားဆက်လိုက်ပြန်သည်။

'ဒီဖလင်ထဲက လူတစ်ယောက်ယောက်ဟာ ကျုပ်ကပဲ မှတ်မိနိုင်တဲ့လူဖြစ်ခဲ့ရင် ဘယ်လောက် နိပ်လိုက်မလဲဗျား၊ ကျုပ်သာ ဆိုရင် ဒီဖလင်ကို အဲဒီလူဆီမှာ ငွေငါးထောင်ကလေးနဲ့ ဘယ် ရောင်းပါ့မလဲ'

'ယုံကြည်ပါတယ် ကျောက်ဆူးရာ၊ မင်း ဦးကြောင်ငါး ဆီက ဒီဖလင်တစ်လိပ်ကိုသာ ဝယ်ခဲ့တာလား၊ တခြား ဖလင်တွေ ကော ဝယ်ခဲ့သေးသလား'

'အဲဒီ ဖလင်ကားလိပ် တစ်ခုတည်းကိုသာ အဘိုးကြီးက ရောင်းခဲ့တာပါဗျ။ သူ့မှာ ထပ်ရှိသေးရင် ကျုပ်ကို ဝယ်ထားလိုက် မှာပေါ့ဗျာ။ ကျုပ်ကလည်း ကျုပ်ဗျာ… ကျုပ်လက်ထဲက ငွေအိုးကြီး ဝင်လာတာတောင် မသိလိုက်တာ တော်တော် ရှော်သေး တာပဲ'

'ဒါလောက်လည်း စိတ်မချမ်းမသာ ဖြစ်မနေပါနဲ့ကွာ၊ မင်း ငွေငါးထောင်တော့ ရလိုက်သေးတာပဲ မဟုတ်လား'

'ကျုပ်သာ ဘယ်သူဘယ်ဝါမှန်း သိရရင် ဒီထက်မက ကို ရနိုင်တာပဲဗျာ၊ ခွေးမသား ရဲသန်း၊ ဘယ်လောက်များ ရသွား သလဲ မဆိုနိုင်ဘူး၊ ကျုပ်ကို ငွေငါးထောင်ပေးနိုင်တာပဲ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လေဗျာ'

ကျောက်ဆူးကျော်မိုးက မကျေမနပ် ပြောလိုက်ရင်း ဘရန်ဒီ တစ်ကျိုက်ကို မော့ချလိုက်ပြန်သည်။

'ဦးကြောင်ငါးက အခု ဘယ်မှာနေသလဲ ကျောက်ဆူး'

'(၂၁)လမ်းထဲက ကောက်ဝါလောဂျင်းမှာ နေတယ်လို့ဆိုပဲ'

ကိုရန်ကင်းက ဆေးတံကို သူ့အင်္ကျီအိတ်ထဲ ပြန်ထည့်လိုက်ကာ ထိုင်ရာမှ ထလိုက်၏။

'ကဲ... ငါသွားလိုက်ဦးမယ်။ မင်းဆီက သိရတာတွေအတွက် ကျေးဇူးတင်သကွာ'

ကျောက်ဆူးကျော်မိုးက ဘယ်လိုမှ ပြန်မဖြေ၊ သူ့ ဘရန်ဒီဖန်ခွက်ထဲသို့သာ မှုန်တေတေ မျက်နှာကြီးနဲ့ စူးစိုက်ကြည့်ပြီး ထိုင်ကျန်ရစ်ခဲ့လေသည်။

အောက်ထပ်ရှိ ထောင်ကဲအလျောင်၏ အရက်ဖြူဆိုင်သို့ ပြန်ရောက်လျှင် ကိုရန်ကင်းက စားပွဲထိုးများနှင့် ဆိုင်မန်နေဂျာထံ စုံစမ်းကြည့်ရာ ကျောက်ဆူးကျော်မိုးသည် သူပြောခဲ့သည့်အတိုင်း ရဲသန်း အသတ်ခံရသော အချိန်၌ ဤဆိုင့်ထဲ၌ပင် ရှိနေခဲ့ကြောင်း သိရှိခဲ့ရလေသည်။ ကိုရန်ကင်းလည်း ဆိုင်မှ တယ်လီဖုန်းနှင့်ပင် ဌာနချုပ်သို့ ဆက်ကြည့်ရာ မော်တင် ပြန်ရောက်နေပြီဖြစ်ကြောင်းကို သိရလေ၏။

'မော်တင်... မင်း ပြန်ရောက်နေပြီကိုး၊ မင်း ရဲသန်းရဲ့ တိုက်ခန်းထဲမှာပဲ ရှိနေသေးတယ်လို့ ငါက ထင်နေတာ'

'ကျွန်တော် ခုနလေးကမှ ပြန်ရောက်လာတာပါ၊ ဒီမှာ အစ်ကိုကြီး၊ ကျွန်တော်တို့ တော်တော် ကံကောင်းတယ်၊ သေနတ်





ကို ရှာတွေ့ရပြီဗျ။ လူသတ်သမား အသုံးပြုသွားတဲ့ သေနတ်လေ'

'ဟန်ကျတာပဲဟေ့၊ ဘယ်နေရာက ရှာတွေ့ခဲ့ရတာလဲကွာ'

'ရဲသန်းတိုက်ခန်းနဲ့ သုံးတိုက်ကျော် ရှေ့မှာရပ်ထားတဲ့ ကားတစ်စင်းအောက်ကပဲ၊ လူသတ်ကောင်က သေနတ်ကို ကားအောက် ပစ်ထည့်ခဲ့တာပဲဗျ။ ပွိုင့်တူးတူး စမစ် အင်ဝက်ဆင်ပစ္စတိုသေနတ်ပဲ'

မော်တင်၏ အသံမှာ အင်မတန်မှ အားတက်သရော ရှိနေသည်။

'ပြီးတော့ ပိုဟန်ကျတာက သေနတ်ကို ဘယ်သူပိုင်တယ်ဆိုတာကိုပါ သိရပြီ'

'လုပ်လှချည်ကလားကွ၊ နေစမ်းပါဦး... ဒီသေနတ်နဲ့ ရဲသန်းကို ပစ်သတ်သွားတာဆိုတာကကော သေချာရဲ့လားကွာ၊ အင်းစိန်ကိုပို့ပြီး စစ်ဆေးကြည့်ရသေးလို့လား'

'သေနတ်ရှာတွေ့တဲ့ ရဲအုပ်က ချက်ချင်း အင်းစိန်ကို ယူသွားပြီး စစ်ဆေးကြည့်ခိုင်းခဲ့တယ်။ ရဲသန်းရဲ့အလောင်းက ရတဲ့ ကျည်ဆန်ဟာ ဒီသေနတ်ပြောင်းက ထွက်ခဲ့တာပဲဆိုတာ သေချာပါတယ်တဲ့'

'ပိုင်ရှင် သိရပြီဆိုတာကကော'

'သေနတ်လိုင်စင်ဌာနမှာ ချက်ကင်လုပ်ကြည့်တော့ ကိုလှဆောင်းမြင့်ဆိုတဲ့လူ လိုင်စင်နဲ့ကိုင်တာ ဖြစ်နေတယ် အစ်ကိုကြီး'

'သူ့ကို လူဆိုးမှတ်တမ်းမှာ ချက်ကင်လုပ်ပြီးပြီလား'

'လုပ်ပြီးပါပြီ၊ အရင်က ဘာရာဇဝတ်မှု ပြစ်ချက်မှ မရှိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလူက ဘယ်မှာနေသတဲ့လဲ'

'စမ်းချောင်းထဲမှာ နေတယ်'

မော်တင်က လမ်းအမည်နှင့် အိမ်နံပါတ်ကို ပြောပြလိုက်သည်။

'ဒီလိုဆို ဒီလှသောင်းမြင့်ဆီ တို့ သွားဦးမှပေါ့'

'ကျွန်တော်လည်း အစ်ကိုကြီးကို စောင့်နေတာလေ'

'ကောင်းပြီ၊ (၁၅)မိနစ်အတွင်း မင်းကို ငါ လာခေါ်မယ်၊ အသင့်စောင့်နေပေတော့'

'အိုကေ… အစ်ကိုကြီး၊ ဦးလင်းယုန်ဆိုတာနဲ့ တွေ့ပါရစေလို့သာ ဆုတောင်းရတာပဲ'

ကိုရန်ကင်းက ဖုန်းကိုချလိုက်ကာ ဆိုင်ထဲမှ ခပ်သုတ်သုတ် ထွက်ခဲ့လေ၏။

★ ★ ★

(၇)

ဌာနချုပ်တွင် မော်တင့်အား ဝင်ခေါ်ပြီးနောက် ကိုရန်ကင်းက ကားကို စမ်းချောင်းသို့ မောင်းရင်းက ကျောက်ဆူးကျော်မိုးနှင့် တွေ့ဆုံ စကားပြောခဲ့ရသည့်အကြောင်းကို မော်တင့်အား ပြန်၍ ဖောက်သည်ချလိုက်သည်။

'ဒီအတိုင်းဆို ရဲသန်းဟာ တစ်ယောက်ယောက်ကို ငွေညှစ်နေတယ်ဆိုတာ သေချာသလောက်ပေါ့ဗျာ၊ ဒီဘလူးပစ်ချာဖလင်ကို လွှန်ခဲ့တဲ့ (၅)နှစ်လောက်က ရိုက်ခဲ့တာတဲ့လား အစ်ကိုကြီး'

မော်တင်က ကိုရန်ကင်း၏ စကားအဆုံးတွင် ပြန်မေးလိုက်သည်။

'ဟုတ်တယ်'

'ငါးနှစ်ဆိုတော့ တော်တော်ကြာခဲ့ပြီပဲ၊ ဒီအချိန်အတွင်းမှာ အများကြီး ဖြစ်ပျက်နိုင်ခဲ့တာပေါ့၊ ဒီဖလင်ကားလိပ်ကို ရဲသန်းက သူငွေညှစ်ခဲ့တဲ့ လူဆီမှာ အပြီးအပိုင် ရောင်းခဲ့သလား၊ ဒါမှမဟုတ် နောက်ထပ် ငွေညှစ်ဖို့ သိမ်းထားသလား မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အေး… အဲဒါ သိရရင်တော့ အကောင်းဆုံးပေါ့ကွာ၊ ဒါကိုသာ သိရရင် ဒီအမှုဟာ တော်တော် ပြေရှင်းသွားနိုင်တယ်ကွ'

'ဘာပဲဖြစ်ဖြစ်လေ၊ ဒီလှသောင်းမြင့်ဆိုတဲ့လူက သူ့သေနတ်အကြောင်း ကောင်းကောင်းရှင်းရလိမ့်မယ်'

မော်တင်က အားရကျေနပ်သော အမူအရာဖြင့် လက်ဝါးနှစ်ဖက်ပွတ်ကာ ပြောလိုက်သည်။ ကိုရန်ကင်းက ၎င်းအား ကြည့်ကာ ပြုံးလိုက်၏။

'မင်းက ဒီလူ့ကိုလည်း သိပ်အားထားမနေနဲ့ဦး မော်တင်'

'ဘာဖြစ်လို့လဲဗျ၊ သူ့ လိုင်စင်နဲ့ကိုင်တဲ့ သေနတ်ဟာ ရဲသန်းကို သတ်သွားတဲ့ သေနတ်ပဲဟာ'

'အဲဒါကြောင့်မို့ ပြောနေရတာပေါ့ မော်တင်။ သူ့ လိုင်စင်နဲ့ကိုင်တဲ့ သေနတ်ကို လူသတ်ရာမှာသုံးပြီး ပစ်ပြေးသွားတဲ့လူဟာ တော်တော့်ကို မိုက်မဲတာပဲကွ။ လှသောင်းမြင့်ဟာ ဒီလောက်မိုက်မဲပါ့မလား'

'ဟာ… လူတွေဟာ မိုက်မဲတတ်တာချည်းပါပဲ၊ ရှ… သတ်တာကိုက မိုက်မဲပြီးသားမဟုတ်လား အစ်ကိုကြီးရဲ့၊ ဟော… အစ်ကိုကြီး၊ ရှေ့ကလမ်းပဲဗျ'

ကိုရန်ကင်းသည် စမ်းချောင်း ရပ်ကွက်ထဲရှိ လမ်း… လေးတစ်လမ်းထဲသို့ ချိုးဝင်လိုက်ရာ မော်တင်က လမ်းဘေး… အိမ်နံပါတ်တွေကို လှမ်းကြည့်နေလိုက်သည်။

'ဟော… ဟိုရှေ့က တိုက်အိမ်ပဲဗျ'

ကိုရန်ကင်းက မော်တင်ညွှန်ပြသော (၄)ခန်းတွဲ နှစ်ထပ်… တိုက်အိမ်တစ်လုံးရှေ့တွင် ဂျစ်ကားကို ထိုးရပ်လိုက်သည်။





'အပေါ်ထပ်မှာ ရှိမယ် ထင်တယ်ဗျာ၊ တိုက်ခန်း အမှတ် (၂)တဲ့ဗျ၊ အောက်က အခန်းတွေက (၃)နဲ့(၄)'

မော်တင်က မှတ်ချက်ချလိုက်ကာ သူကပင် ဦးဆောင်လျက် တိုက်အလယ်ဗဟိုမှ ဖောက်ထားသော လှေကားအတိုင်း တက်သွားသဖြင့် ကိုရန်ကင်းက နောက်က လိုက်တက်သွားသည်။ လှေကားအဆုံးတွင် လက်ဝဲဘက်မှ တိုက်ခန်းသည် နံပါတ် (၂)ဖြစ်နေသည်ကို တွေ့ကြရ၏။

တံခါးကို ပိတ်ထားရာ မော်တင်က တံခါးရွက်ကို လက်ဆစ်များဖြင့် တဒေါက်ဒေါက် ခေါက်လိုက်၏။ ချက်ချင်းလိုလိုပင် အတွင်းမှ လျှောက်လာသံ ကြားရပြီးနောက် ချက်ဖြုတ်သံနှင့်အတူ တံခါးပေါက် ပွင့်လာသည်။

တံခါးဝတွင် ရပ်နေသူကား အသက် (၂၅)နှစ်ခန့်ရှိ လူရွယ်တစ်ယောက် ဖြစ်နေသည်။ ရှည်လျားသော ဆံပင်တွေက နဖူးပေါ်တွင် ဝဲကျနေကာ အသားညိုညိုနှင့် သန့်စွမ်းကျန်းမာပုံရ၏။ ကြည်လင်သော မျက်လုံးများနှင့် သူ့မျက်နှာမှာလည်း နူးသက် ခင်မင်ဖွယ်ရာကောင်းလေသည်။

လူရွယ်က မော်တင့်ကိုတစ်လှည့်၊ ကိုရန်ကင်းအား တစ်လှည့်ကြည့်ပြီး ခပ်သဲ့သဲ့ပြုံးလိုက်၏။

'ဟုတ်ကဲ့ ဘာအလိုရှိပါသလဲခင်ဗျာ'

'ကိုလှသောင်းမြင့်နဲ့ တွေ့ချင်လို့ပါ'

'ကျွန်တော်ပါပဲ ခင်ဗျာ၊ ဘာကိစ္စရှိလို့ပါလဲ'

ကိုရန်ကင်းက ရှေ့တိုးလိုက်သည်။

'ကျွန်တော်တို့ဟာ မှုခင်းစစ်ဆေးရေး ရဲအရာရှိတွေပါပဲ၊ သူက စုံထောက်ရဲမှူး ကိုမော်တင်၊ ကျွန်တော်က ကိုရန်ကင်းပါ'



www.burmeseclassic.com

www.burmeseclassic.com



ကိုလှသောင်းမြင့်၏ မျက်လုံးများသည် မသိမသာ ပြုံးကျယ်သွားကြ၏။ သူက ဟံခါးဝမှ ဖယ်ပေးလိုက်၏။

'ရဲအရာရှိတွေကိုး၊ ဝင်ပါဗျာ ဝင်ပါ'

လှသောင်းမြင့်က ကိုရန်ကင်းနှင့် မော်တင်တို့အား မကျဉ်း မကျယ် ဧည့်ခန်းကလေးထဲသို့ ခေါ်သွားပြီး ကုလားထိုင်များဆီ သို့ လက်ယမ်းပြလိုက်သည်။

'ထိုင်ကြပါလေ'

ကိုရန်ကင်းနှင့် မော်တင်တို့က ဘေးချင်းယှဉ်ရက်သား ကုလားထိုင်နှစ်လုံးတွင် ဝင်ထိုင်လိုက်ကြရာ လှသောင်းမြင့်က မျက်နှာချင်းဆိုင် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ပြီး စုံထောက် နှစ်ယောက်အား စူးစမ်းသောအကြည့်ဖြင့် ကြည့်လိုက်သည်။

'ကျွန်တော့်ဆီကို စုံထောက်အရာရှိတွေ လိုက်လာကြ တယ်ဆိုတော့ အစဉ်းစားရ ခက်စရာကောင်းနေတယ်၊ ကျွန်တော်က ဘာရာဇဝတ်ပြစ်မှုမှ ကျူးလွန်ထားတာ မဟုတ်ဘဲကိုးဗျ၊ ဟဲ... ဟဲ...'

ကိုရန်ကင်းနှင့် မော်တင်တို့က ရယ်ဖို့ကြိုးစားနေသော လှသောင်းမြင့်အား မပြုံးမရယ် ခပ်တည်တည် ပြန်ကြည့်လိုက်ကြ၏။

'အဲဒါက သေချာရဲ့လား'

မော်တင်က ပြန်မေးလိုက်ရာ လှသောင်းမြင့်၏ မျက်နှာ ပေါ်မှ အပြုံးသည် ပျောက်ကွယ်သွားတော့၏။

'ခင်ဗျား ဘာကိုဆိုလိုတာလဲဗျ'

'ခင်ဗျား ကိုရဲသန်းဆိုတဲ့လူကို သိသလား'

ကိုရန်ကင်းက ကြားဝင်၍ မေးလိုက်သည်။

'ဘယ်သူဗျ၊ ရဲသန်း ဟုတ်လား မသိပါဘူး၊ သူက





ဘယ်သူလဲ'

'ခင်ဗျား ဒီနေ့ခင်း (၁၁)နာရီခွဲ (၁၂)နာရီလောက်တုန်းက ဘယ်မှာ ရှိနေခဲ့သလဲ'ဟု မော်တင်က ၄င်း၏မေးခွန်းကို ပြန်မဖြေ ဘဲ ထပ်မေးလိုက်သည်။

'အိမ်မှာပဲ နေခဲ့ပါတယ်၊ နေစမ်းပါဦးဗျ ခင်ဗျားတို့က'

'ခင်ဗျားတစ်ယောက်တည်းပဲလား'

'အင်း... တစ်ယောက်တည်းပဲ၊ ခင်ဗျားတို့က ဘာဖြစ် လို့ အခုလိုလာစစ်...'

'တစ်ယောက်တည်းပဲဆိုတော့ ခင်ဗျား ဒီမှာရှိနေတယ် ဆိုတာ ခင်ဗျား သက်သေမပြနိုင်ဘူးပေါ့'

လှသောင်းမြင့်က မော်တင်အား မျက်မှောင်ကြုတ်ကြည့် လိုက်သည်။

'တစ်ယောက်တည်းပါဆိုမှ ဘယ်မှာ သက်သေပြနိုင်မှာ လဲဗျ၊ ပြီးတော့ ကျုပ်က ဘာဖြစ်လို့ကော သက်သေပြနေရမှာလဲ၊ ကျုပ်က ဘာများလုပ်ခဲ့လို့လဲ'

'ခင်ဗျား ဒီကနေ့ ဘာဖြစ်လို့ အလုပ်မသွားတာလဲ၊ ဒီကနေ့ နေအားလား'

'နေအား မဟုတ်ပါဘူး၊ ကျုပ် အလုပ်မသွားချင်လို့ တမင် အခွင့်ယူထားတာပဲ၊ အဲဒါ ဘာဖြစ်သလဲ'

'စိတ်မတိုပါနဲ့လေ၊ ခင်ဗျားက ဘယ်မှာ အလုပ်လုပ် သလဲ'

'သုရိန်စတိုးမှာ လက်ထောက်မန်နေဂျာပဲ'

'ခင်ဗျား ဒီကနေ့ ဘာဖြစ်လို့ အလုပ်က ခွင့်ယူခဲ့ရတာ လဲ'



www.burmeseclassic.com

www.burmeseclassic.com



ကိုရန်ကင်းက ဝင်၍မေးလိုက်ပြန်ရာ လှသောင်းမြင့်က သူ့ဘက်သို့ မျက်မှောင်ကြုတ်လျက် လှည့်ကြည့်လိုက်ပြန်သည်။

'ကျုပ် အလုပ်မသွားချင်လို့ ယူတာပေါ့ဗျာ၊ ဒါဟာ ရာဇဝတ်ပြစ်မှုကြီးတစ်ရပ်မို့ ခင်ဗျားတို့က ကျုပ်ကို လာစစ်နေရတာလားဗျာ'

'ဒီကနေ့ ခင်ဗျားရဲ့ အထူးကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခု လုပ်စရာတစ်ခုခု ရှိနေလို့ ခင်ဗျား အလုပ်က အခွင့်ယူခဲ့တာများလားဗျာ'

'ဘယ်ကလာ ကိုယ်ရေးကိုယ်တာ ကိစ္စရှိရမှာလဲဗျာ၊ တစ်ခါ တစ်ခါ ခင်ဗျားတို့ကိုယ်တိုင်လည်း ဒီကနေ့တော့ အလုပ်မဆင်းချင်ဘူးဆိုတဲ့ စိတ်မပေါ်ဖူးဘူးလားဗျာ'

'ခင်ဗျား လိုင်စင်နဲ့ကိုင်တဲ့ ပွိုင့်တူးတူး စမစ်အင်ဝက်ဆင် ပစ္စတိုသေနတ်ရှိတယ် မဟုတ်လား၊ အဲဒီ သေနတ်ကို ကျုပ်တို့ ခဏကြည့်ပါရစေ'

'လက်စသတ်တော့ ဒီသေနတ် ကိစ္စကိုးဗျ၊ ခင်ဗျားတို့ ကြည့်လို့ မရဘူး'

'ဘာဖြစ်လို့ မရရမှာလဲ'

မော်တင်က ခပ်မြန်မြန်ကြီး ဝင်မေးလိုက်၏။ လှသောင်းမြင့်က လက်နှစ်ဖက်ကို ဖြန့်လိုက်သည်။

'ကျုပ်ဆီမှာမှ မရှိတော့ဘဲကိုး၊ သေနတ်ကို လူခိုးသွားတယ်ဗျ'

မော်တင်နှင့် ကိုရန်ကင်းတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

'ကျွန်တော် အမှန်အတိုင်း ပြောနေတာပါ၊ ကျွန်တော်က





ကျွန်တော့်ပစ္စည်းအဟောင်းအမြင်းတွေထားတဲ့ သံသေတ္တာကြီးထဲမှာ ထည့်ပြီး လှေကားအောက်က စတိုခန်းထဲမှာသွားထားတာ။ အဲဒါ သေတ္တာကိုဖျက်ပြီး သေနတ်ကို ခိုးယူသွားတယ်၊ တခြားလူတွေရဲ့ ပစ္စည်းတွေတောင် ပါသွားသေးတယ်'

'ခင်ဗျားက သေနတ်ကို ဘာဖြစ်လို့ ပစ္စည်းဟောင်းတွေ ထည့်ထားတဲ့ သံသေတ္တာကြီးထဲမှာ ထည့်ပြီး လှေကားအောက်က စတိုခန်းထဲမှာ သွားထားခဲ့ရတာလဲ၊ ဒါဟာ သေနတ်ထားလေ့ရှိတဲ့ နေရာလား'

'သေနတ်က ဟောင်းနေပြီဗျ၊ ဒါကြောင့် သိမ်းဆည်းလိုက်တာပါ၊ ပြီးတော့ တိုက်ခန်းက ခင်ဗျားတို့ မြင်တဲ့အတိုင်း ခပ်ကျဉ်းကျဉ်းဆိုတော့ သံသေတ္တာကြီးကို အိမ်ရှင့်ဆီ ခွင့်တောင်းပြီး စတိုခန်းထဲမှာ သွားထားလိုက်တာပါ၊ တခြား အိမ်ခန်းတွေကလည်း ဒီလိုပဲ လုပ်ကြတာပါပဲ'

'ခင်ဗျား ဒီသေနတ်ကို ဘာဖြစ်လို့ ဆောင်ထားတာလဲ၊ ခင်ဗျားမှာ ရန်သူရှိလို့လား'

'မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ငယ်ငယ်တုန်းက သေနတ်ပစ် အတော်အရူးခဲ့တာ၊ ဘိုင်စကုပ်တွေကို ကြည့်တဲ့ အကျိုးပေါ့လေ၊ ဒါနဲ့ ကျွန်တော်က တားဂက်ပရိက်တစ် လုပ်ဖို့ဆိုပြီး ဝယ်ထားတာပဲ၊ အခုတစ်နှစ် နှစ်နှစ်အတောအတွင်းတော့ ဘဝင်ကျသွားပြီး သေနတ်ကို ဒီအတိုင်း ပစ်ထားလိုက်တော့တာပါပဲ'

'သေနတ် အခိုးခံရတာ ဘယ်လောက်ကြာပြီလဲ'

မော်တင်က ဝင်မေးလိုက်ခြင်း ဖြစ်၏။

'အဲ... နှစ်လလောက်တော့ မဟုတ်ဘူး၊ တစ်လခွဲရှိသွားပါပြီ၊ အဲဒီအကြောင်းကို လူတိုင်းက သိပါတယ်ဗျာ၊ အိမ်



www.burmeseclassic.com

www.burmeseclassic.com



နီးနားချင်းတွေ အကုန်သိတယ်၊ ကျုပ် ရဲဌာနကိုတောင် သွားတိုင်ထားပါသေးတယ်၊ ခင်ဗျားတို့ ရဲဌာနကိုသွားမေးကြည့်ကြပါ'

'စိတ်ချပါ၊ မေးပါ့မယ်'

'အင်းလေ… ဒီသေနတ်က လွှန့်ခဲ့တဲ့ တစ်လခွဲကတည်းက လူခိုးခံထားရတယ်ဆိုတာ လူတိုင်း သိနေပါတယ်ဗျာ၊ ဒီတော့ ခင်ဗျားတို့…'

'လှသောင်းမြင့် ရုတ်တရက် စကားပြတ်သွားကာ တစ်စုံတစ်ခုကို ဖြုန်းခနဲ အမှတ်ရလာသည့် အမူအရာ ပေါ်လာ၏။

'ကြည့်စမ်း၊ ကျုပ်မေ့နေလိုက်တာဗျာ'

'ဘာမေ့နေတာလဲ'ဟု ကိုရန်ကင်းက ပြန်မေးလိုက်သည်။

'ဒီကနေ့ (၁၂)နာရီလောက်တုန်းက ကျွန်တော် ဘယ်မှာရှိနေခဲ့သလဲလို့ ခင်ဗျားတို့ မေးခဲ့ကြတယ်နော်။ ကျွန်တော်က အိမ်မှာ ရှိနေပါတယ်လို့ ဖြေတော့ ခင်ဗျား သက်သေပြနိုင်ရဲ့လားလို့ မေးခဲ့တယ် မဟုတ်လား'

လှသောင်းမြင့်က မော်တင့်အား ကြည့်လျက် မေးလိုက်သည်။

'ဟုတ်ပါတယ်၊ ခင်ဗျားက ဒီအိမ်မှာပဲ တစ်ယောက်တည်း ရှိနေခဲ့တယ်လို့ဆိုတယ်'

'ဟုတ်တယ်၊ အဲဒါကို ကျုပ်က သက်သေပြနိုင်ပါတယ်ဗျ'

လှသောင်းမြင့်က ပြုံးလျက် ပြောလိုက်၏။ ပြီးမှ စကားဆက်ပြန်သည်။

'နေ့လယ် (၁၂)နာရီတိတိက ကျွန်တော် လူနှစ်ယောက်နဲ့ စကားပြောခဲ့ရတယ်၊ တယ်လီဖုန်းကနေပြီးတော့ပါ၊ ကျွန်တော် စကားပြောနေတုန်း ရေဒီယိုက (၁၂)နာရီတိတိရှိပါပြီလို့ ကြေညာတာ ကျွန်တော် ကြားခဲ့ရတယ်'





'ခင်ဗျားက ဘယ်သူနဲ့ ဖုန်းကနေ စကားပြောခဲ့ရတာလဲ'

'ကျွန်တော့်သူဌေးနဲ့ပေါ့ဗျ။ ကျွန်တော်က ဒီကနေ့မနက်က တိုက်ကိုဖုန်းဆက်ပြီး နေမကောင်းလို့ ခွင့်ပေးပါလို့ လိမ်တောင်းခဲ့တယ်။ အဲဒါ နေ့ခင်းကျတော့ သူဌေးက ဖုန်းဆက်ပြီး ကျွန်တော် ဘယ့်နှယ်နေသေးသလဲလို့ မေးတာပဲ'

လှသောင်းမြင့်က အားရသော အပြုံးကြီးဖြင့် ပြန်ဖြေလိုက်၏။

'ခင်ဗျား လူနှစ်ယောက်နဲ့ စကားပြောခဲ့ရတယ်လို့ ဆိုတယ်၊ နောက်တစ်ယောက်က ဘယ်သူလဲ'

ကိုရန်ကင်းက မေးလိုက်ပြန်ခြင်းဖြစ်၏။

'ကျွန်တော့်သူဌေးရဲ့ စက္ကရီတောရီ စာရေးမပေါ့။ ကျွန်တော့်သူဌေးက လူတစ်ယောက်ကို ဖုန်းဆက်ရင် သူကိုယ်တိုင် ဘယ်တော့မှ မဆက်ဘူး။ သူ့စက္ကရီတောရီကို ဆက်ခိုင်းတယ်၊ ရှိတယ်လို့ဆိုမှ သူကိုယ်တိုင် စကားပြောတာပဲ၊ စာရေးမက ကျွန်တော်နဲ့ခင်တော့ ကျွန်တော့်ကို ဘယ့်နှယ်နေသေးသလဲ၊ ဘာဆေးစားသလဲနဲ့ စကားတွေဘာတွေ ပြောခဲ့တာပေါ့ဗျာ'

မော်တင်က ကိုရန်ကင်းအား လှည့်ကြည့်ကာ မျက်နှာရှုံ့ပြလိုက်သည်။ ကိုရန်ကင်းက သူ့ပခုံးများကို မသိမသာ တွန့်လိုက်၏။ လှသောင်းမြင့်ကတော့ ဖြူဖွေးသောသွားများ ပေါ်အောင် အားရပါးရ ပြုံးလိုက်၏။

'ဘယ့်နှယ်… ရဲမှူးမင်းတို့လည်း တော်တော် စိတ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြပြီလားဗျ။ အဲ… အခုအချိန်ဆိုရင် ကျွန်တော့်စတိုးက ပိတ်သွားပြီဗျ။ ဒါပေမဲ့ ခင်ဗျားတို့လိုချင်ရင် ကျွန်တော့်သူဌေးနဲ့ သူ့စက္ကရီတေရီမနဲ့ အိမ်လိပ်စာတွေ တယ်လီဖုန်းနံပါတ်တွေကို ပြောပါမယ်။ ခင်ဗျားတို့ ချက်ကင်လုပ်နိုင်အောင်ပေါ့ဗျာ'

ကိုရန်ကင်းက သူ့မှတ်စုစာအုပ်ကို အိတ်ကပ်ထဲမှ ထုတ်ယူလိုက်သည်။

'ကောင်းပြီ၊ ပြောပေတော့'

လှသောင်းမြင့် ပြောပြသည့် အိမ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်များကို ကိုရန်ကင်းက သူ့မှတ်စုစာအုပ်ထဲတွင် ရေးမှတ်ထားလိုက်သည်။

'အေး… ခင်ဗျားတို့ မျှော်လင့်ချက် မကိုက်တာ အားနာမိပါရဲ့ဗျာ၊ ဒါပေမဲ့ ကျွန်တော့်အတွက်တော့ တော်တော့်ကို စိတ်သက်သာရာ ရသွားတော့တာပဲ'

လှသောင်းမြင့်က ပြုံးပြုံးကြီး ပြောလိုက်ပြန်သည်။ မော်တင်က ဘာမှ မပြောတော့ဘဲ ထိုင်ရာမှထကာ တိုက်ခန်းတံခါးဝဆီသို့ လျှောက်သွားတော့ရာ ကိုရန်ကင်းက နောက်က ထလိုက်ခဲ့လေ၏။

★ ★ ★

(၈)

လှသောင်းမြင့်၏ သေနတ်အခိုးခံရခြင်း ဟုတ်မဟုတ်ကို မြေနီကုန်း ရဲဌာနတွင် ဝင်ရောက်စုံစမ်းပြီး နေ့လယ် (၁၂)နာရီက သူသည် အိမ်တွင်ပင်ရှိနေပါသည်ဟူသော အချက်ကို ၎င်း၏ သူဌေးနှင့် သူဌေး၏ စက္ကရီတေရီထံတွင် ချက်ကင်လုပ်ပြီးသည့် အခါတွင် ည (၈)နာရီခွဲသွားခဲ့ပြီ ဖြစ်လေသည်။

ထို့နောက်တွင်တော့ ကိုရန်ကင်းက သူ့ဂျစ်ကားကလေးကို ရန်ကုန်မြို့ထဲသို့ ပြန်လည် မောင်းနှင်ခဲ့လေသည်။ သူ သွားရမည့်နေရာတစ်ခုက ကျန်နေပေသေးသည်။ ထောင်ထွက်ကြီး ဦးကြောင်ငါး နေထိုင်လျက်ရှိသည်ဆိုသော(၂၁)လမ်းထဲမှ ကောက်ဝါလော့ဂျင်းသို့ပင် ဖြစ်လေ၏။

မော်တင်ကတော့ ကိုရန်ကင်းဘေးတွင် တိတ်ဆိတ်စွာ ထိုင်လျက် လိုက်ပါလာသည်။ ၎င်းအား ကြည့်ရသည်မှာ တော်တော်ပင် စိတ်ဓာတ်ကျနေဟန်တူ၏။ တစ်ခါတစ်ခါတွင်တော့လည်း ဘာတွေမှန်းမသိ သူ့ဘာသာသူ တစ်ကိုယ်တည်း တီးတိုးရေရွတ်လျက်ရှိနေသည်။

'ဘာဖြစ်နေတာလဲ မော်တင်ရာ'ဟု နောက်ဆုံးတွင် ကိုရန်ကင်းက မနေနိုင်တော့ဘဲ မေးလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘာရမလဲ… အစ်ကိုကြီးရာ၊ ဟိုခွေးမသား လှသောင်းမြင့်ပေါ့။ ကျွန်တော်က သူပဲဖြစ်ရမယ်လို့ တွက်ထားမိတာဗျ'

မော်တင်က မချင့်မရဲ အမူအရာဖြင့် ပြောလိုက်ရာ ကိုရန်ကင်းက ရယ်မောလိုက်ရ၏။

'မင်းကို ငါ အစတည်းက ပြောခဲ့သားပဲ မော်တင်ရာ၊ သူ့အပေါ်မှာ သိပ်ပြီး မျှော်လင့်ချက်ထားမနေနဲ့လို့'

မော်တင်က မည်သို့မျှ ပြန်မဖြေ။ မျက်မှောင်ကြီးကုတ်ကာ သူ့ဘာသာသူ တစ်ကိုယ်တည်း ရေရွတ်နေလိုက်ပြန်သည်။

'မြေနီကုန်း ရဲဌာနက လူတွေကတော့ လှသောင်းမြင့် သေနတ် အနိုးခံရတဲ့ ကိစ္စကို စုံစမ်းနေကြတုန်းပါပဲလေ'ဟု ကိုရန်ကင်းက စကားဆက်လိုက်သည်။ 'ဒီသေနတ်ကို ဘယ်သူ ခိုးသွားတယ်ဆိုတာ စုံစမ်းလို့သိရင်တော့'

'ဒါကိုလည်း သိပ်မျှော်လင့်ချက် ထားမနေပါနဲ့ အစ်ကိုကြီးရာ'ဟု မော်တင်က ဝင်၍ စကားဖြတ်လိုက်၏။ 'သေနတ်အခိုးခံရတာက တစ်လခွဲလောက်တောင် ရှိနေပြီဆိုတော့ အခုဆိုရင် ဘယ်နှလက် ပြောင်းပြီးနေပြီလဲတောင် မဆိုနိုင်တော့ဘူး'

'အင်း… မင်းပြောသလို လက်ပြောင်းပြီးသတ်လည်း ပြီးနေရောပေါ့၊ ဒါမှမဟုတ် မူလက ခိုးသွားတဲ့လူရဲ့ လက်ထဲမှာပဲ ရှိချင်လည်း ရှိနေမှာပဲ'

ကိုရန်ကင်းက ပြောပြောဆိုဆို သူ့ဂျစ်ကားကို (၂၁)လမ်းထဲသို့ ချိုးဝင်လိုက်သည်။ မော်တင်က ရှေ့တွင်ရှိသော နှစ်ထပ်တိုက် ခပ်စုတ်စုတ်တစ်လုံးဆီသို့ မေးငေါ့ပြလိုက်သည်။

'ကောက်ဝါလော့ဂျင်းဆိုတာက အဲဒါပဲပေါ့ အစ်ကိုကြီး မြို့ထဲမှာ အချာဆုံး လော့ဂျင်းတစ်ခုပေါ့'





'အေးကွ… ဦးကြောင်ငါး အရင်ကနေခဲ့တဲ့ တိုက်ကြီးနဲ့တော့ တခြားစီပါကွာ'

ကိုရန်ကင်းက သူ့ဂျစ်ကားကို လော့ဂျင်းရှေ့တွင် အသာထိုးရပ်ပြီး စက်သတ်လိုက်သည်။ ကောက်ဝါလော့ဂျင်းဟူ၍ အင်္ဂလိပ် မြန်မာစာဖြင့် ရေးထားသော ဆေးရောင်လွင့်နေသည့် ဆိုင်းဘုတ်အောက်ရှိ တံခါးဝမှနေ၍ ကိုရန်ကင်းနှင့် မော်တင်တို့က တိုက်ထဲသို့ ဝင်ခဲ့ကြသည်။

ဧည့်ကြိုခန်းက ခပ်ကျဉ်းကျဉ်းပင်ဖြစ်ကာ အလင်းရောင်ကောင်းစွာ မရနိုင်သဖြင့် မှုန်ကုပ်ကုပ်ဖြစ်နေသည်။ အခန်း၏ ဆက်ဝဲဘက်တွင် ကောင်တာတစ်ခု လုပ်ထားကာ ကောင်တာနောက်ဘက်တွင်တော့ တရုတ်တစ်ယောက် ထိုင်၍ ငိုက်နေသည်။ ၎င်း၏နောက်ဘက် နံရံပေါ်တွင်တော့ ဆိုင်းဘုတ်သစ်သားပြားတစ်ချပ် ကပ်ထားလေသည်။ ထိုသစ်သားပြားပေါ်တွင်တော့ တစ်ယောက်အိပ်အခန်း တစ်ရက် (၃)ကျပ်၊ နှစ်ယောက်အိပ်အခန်း တစ်ရက် (၅)ကျပ်ဟူသော စာတန်း ရေးထားသည်။

ကောင်တာတွင် ထိုင်ငိုက်နေသောတရုတ်သည် အသက် (၄၀)ကျော်ခန့်ရှိကာ ပိန်လှသဖြင့် ကမ္ဘာ့ဌာန်းရုပ် ပေါက်နေသည်။ ကိုရန်ကင်းနှင့် မော်တင်တို့က ကောင်တာကိုမှီရပ်လိုက်သည့်တိုင် ကောင်ကဲသည် ငိုက်မြဲငိုက်နေသည်။

မော်တင်က ကောင်တာကို ဖြန်းခနဲ လက်ဝါးဖြင့်ပုတ်လိုက်သည့်အခါတွင်မှ သူ့ခမျာ ဆတ်ခနဲ လန့်နိုးလာကာ သူ့ရှေ့က စုံထောက်နှစ်ယောက်ကို မျက်စိ ပေကလပ် ပေကလပ်နှင့် ကြည့်လိုက်၏။

'အော်… ဆရာကြီးတို့ အခန်းလိုချင်သလား… ရမီ…



www.burmeseclassic.com

www.burmeseclassic.com



ရမီ…'

ထောင်ကဲက သံပတ်ပေးထားသည့်အလား ရေရွတ်လိုက်ပြီးနောက်မှ သူ့ရှေ့မှ စုံထောက်နှစ်ယောက်တို့အား ကျကျနန သတိပြုလာမိဟန်တူသည်။

'ဟာ… ရှောက်ကယိုးနဲ့ နောက်တစ်ခါ ထပ်လာပြန်ပြီ ကိုး'

'ဘာနောက်တစ်ခါလဲ ထောင်ကဲရ'

ကိုရန်ကင်းက ပြန်မေးလိုက်လျှင် ထောင်ကဲက မျက်နှာကို ရှုံ့မဲ့ပြလိုက်သည်။

'ဆရာကြီးတို့က ပီလိပ်တွေ မဟုတ်လား'

'အေး… ဟုတ်တယ်၊ တို့ ရဲအရာရှိတွေကပဲ၊ ဒီမှာနေတဲ့ ဦးကြောင်ငါးဆိုတဲ့ လူနဲ့ ငါတို့ တွေ့ချင်တယ်၊ သူ ဘယ်အခန်းမှာလဲ'

'ဝသိတယ်လေ၊ ဖီလိပ်တွေ နီရောညပါ ဒီကို ခဏခဏ လာလယ်… ညေ့စယ်လာတာထက် ဖီလိပ်တွေသာ လာနေတယ်'

ထောင်ကဲကတော့ စိတ်ကုန်ခမ်းသော အမူအရာဖြင့် ထပ်မံ ရေရွတ်နေလိုက်ပြန်သည်။

'ကဲပါ ထောင်ကဲ၊ ဦးကြောင်ငါးအခန်း ပြောစမ်း' ဟု ကိုရန်ကင်းက ထပ်၍ မေးလိုက်မှ…

'အီခန်းနံပါတ် ဆယ့်နှစ် အပေါ်ထပ်မှာ…'ဟု ပြန်ပြော လိုက်၏။ ကိုရန်ကင်းနှင့် မော်တင်တို့လည်း ကောင်တာဘေးရှိ သစ် သားလှေကားမှနေ၍ အပေါ်ထပ်သို့ တက်ခဲ့ကြသည်။

လှေကားအဆုံးတွင် စင်္ကြံတစ်ခုရှိနေကာ စင်္ကြံ၏ တစ်





ဖက်တစ်ချက်တွင် အခန်းကျဉ်းကလေးတွေက စီတန်းလျက်ရှိနေကြ၏။

ကိုရန်ကင်းတို့က စင်္ကြံအတိုင်းလျှောက်ခဲ့ကာ အခန်း နံပါတ် (၁၂)ကို ရှာဖွေကြသည်။ အနံ့အသက်မှာ အောက်သိုးသိုး ကြီးဖြစ်နေသည့်အတွက် မော်တင်မှာ နှာခေါင်းတရှုံ့ရှုံ့ ဖြစ်နေ သည်။

အခန်းနံပါတ်(၁၂)မှာ သူတို့၏လက်ယာဘက်မှ တတိယ မြောက်အခန်း ဖြစ်နေသည်။ အခန်းတံခါးကတော့ ပိတ်ရက်သား ရှိနေသည်။ မော်တင်က တံခါးရွက်ကို လက်ဆစ်များဖြင့် ခပ်ဆတ် ဆတ် တဒေါက်ဒေါက် ခေါက်လိုက်သည်။

အထဲမှ တရုတ်ဘာသာစကားဖြင့် တစ်စုံတစ်ရာမေးလိုက် သော အသံတစ်သံက ပေါ်ထွက်လာသည်။

'ဦးကြောင်ငါး မဟုတ်လား၊ တံခါးဖွင့်ပေးစမ်းပါ၊ ကျုပ် တို့ ရဲအရာရှိတွေပဲ'

ခြေသံတရှုပ်ရှုပ်ကြားရပြီးနောက် အခန်းတံခါးက ပွင့်သွား တော့သည်။ ကိုရန်ကင်းနှင့် မော်တင်တို့ကား ကျဉ်းမြောင်းသော် လည်း သပ်ရပ်သန့်ရှင်းလှသည့် အခန်းကလေးထဲသို့ ရှေ့နောက် ချင်းဝင်လိုက်ကြသည်။ အခန်းထဲတွင် အိမ်ထောင်ပရိဘောဂဆို၍ များများစားစား မရှိ။ သံခုတင်တစ်လုံး၊ စားပွဲငယ်တစ်လုံးနှင့် ခေါက်ကုလားထိုင် တစ်လုံးသာ ရှိ၏။ ပြတင်းပေါက်လည်း ရှိရကား လှောင်ပိတ်နေပြီး ပူစပ်စပ်ကြီး ဖြစ်နေ၏။

ကိုရန်ကင်းတို့အား တံခါးဖွင့်ပေးသူကား အခန်းကလေး နည်းတူပင် သပ်ရပ်သန့်ရှင်းလှ၏။ ဖြူဖွေးနေသော လည်စေ့တရုတ် အပေါ်အင်္ကျီနှင့် တရုတ်ဘောင်းဘီအနက်ကို သေသပ်စွာ ဝတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ထားသူ တရုတ်ကြီးမှာ ပိန်ပိန်ပါးပါးနှင့် အရပ်ခပ်မြင့်မြင့် ဖြစ်လေသည်။ ၄င်း၏မျက်နှာပေါ်မှ အရေပြားသည် ကျက်ထားသော စည်ကဲသို့ တင်းနေရာ၊ ပါးရိုးကြီးတွေက ငေါထွက်နေ၏။ ဆံပင်ခပ်ပါးပါးကတော့ လုံးဝ ဖြူဖွေးနေပြီဖြစ်သည်။ မျက်လုံးများကား နူးညံ့ပျော့ပြောင်းလှ၏။

၄င်းက အခန်းတံခါးကို ပြန်ပိတ်ထားလိုက်ပြီး ကိုရန်ကင်းနှင့် မော်တင်တို့အား ရင်ဆိုင်လိုက်သည်။

'ထိုင်ကြပါ မောင်ရင်တို့…'ဟု ၄င်းက လက်တစ်ဖက်ယမ်းပြောပြီးမှ အခန်းကို လှည့်ပတ်ကြည့်ရှုကာ သင်သာစွာ ပြုံးလိုက်သည်။ 'အဲ… ခုတင်ပေါ်မှာပဲ ထိုင်ကြပါတော့ မောင်ရင်တို့ရာ'

၄င်း၏ မြန်မာစကားသည် ပီသလှတော့သည်။

ကိုရန်ကင်းနှင့် မော်တင်တို့က သပ်ရပ်စွာ မွေ့ရာခင်းထားသည့် ခုတင်စောင်းတွင် ဝင်ထိုင်လိုက်ကြသည်။ ဦးကြောင်ငါးက ၄င်းတို့ရှေ့မှ တရှပ်ရှပ် ဖြတ်လျှောက်ကာ ခေါက်ကုလားထိုင်ကလေးပေါ်တွင် ပေါင်နှစ်ဖက်စေ့လျက် ထိုင်လိုက်ပြီး လက်နှစ်ဖက်ကို ပေါင်များပေါ်တွင် မှောက်တင်ထားလျက် ကိုရန်ကင်းအား တစ်လှည့်၊ မော်တင်အားတစ်လှည့် ညင်သာသော အမူအရာဖြင့် ကြည့်လိုက်သည်။

'ကျုပ် ဒီလိုနေရာမျိုးမှာ ဘာကြောင့်လာနေရသလဲဆိုတာ မောင်ရင်တို့များ တွေးအံ့သြနေပြီလား မဆိုနိုင်ပါဘူး'

ကိုရန်ကင်းနှင့် မော်တင်တို့က ပြန်မဖြေကြဘဲ၊ တစ်ယောက်မျက်နှာတစ်ယောက်သာ ကြည့်လိုက်ကြသည်။ ဦးကြောင်ငါးက ညင်သာသော အပြုံးကလေး ပြုံးလိုက်ပြန်လျက် စကား





ဆက်လိုက်ပြန်သည်။

'ကျုပ်ကိုယ်တိုင်လည်း ပထမတော့ နားမလည်မိပါဘူးလေ၊ ပြီးမှ ကျုပ်ဟာ ထောင်ထဲမှာ နေခဲ့ရတဲ့ အခန်းကလေးမျိုးကို အပြင်မှာ ပြန်ပြီး သရုပ်ဖော်ခဲ့တာပဲဆိုတာ သဘောပေါက်လာခဲ့ရတယ်။ လူဆိုတာ အကျင့်ကို လွန်ဆန်လို့ မရဘူးဆိုတာ မှန်တာပဲနော်၊ ထောင်ထဲက လွတ်လာရတဲ့တိုင်အောင် ကျုပ်က အကျင့်ပါနေလေတော့ ထောင်ထဲက အခြေအနေနဲ့ အနီးကပ်ဆုံး အခြေအနေကို ကျုပ်က အပြင်မှာပြန်ပြီး သရုပ်ဖော်မိတာပဲလေ'

ကိုရန်ကင်းနှင့် မော်တင်တို့က စကားမပြောကြသေးပေ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြန်သည်။ ဦးကြောင်ငါးက သက်ပြင်းကလေး တစ်ချက်ချလိုက်ကာ စကားဆက်ပြန်၏။

'ကျုပ်လည်း မောင်ရင်တို့ ကျုပ်ဆီ လာကြလိမ့်မယ်လို့ မျှော်လင့်ထားမိပါတယ်။ တစ်နေ့နေ့ တစ်ညညမှာ ကျုပ် တံခါးကို လာခေါက်ပြီး ဖွင့်ပေးလိုက်ရင် ရဲတွေဖြစ်နေတာ တွေ့ရလိမ့်မယ်လို့ ကျုပ် သိထားခဲ့ပါတယ်လေ'

ဦးကြောင်ငါးက သူ့စကားကို သူ့ဘာသာသူ ပြန်ထောက်ခံနေသည့်အလား ဦးခေါင်းကို တဆတ်ဆတ် ညိတ်နေလိုက်သည်။

'ခင်ဗျားဆီကို ရဲဘက်က လူတွေ ရောက်လာလိမ့်မယ်လို့ ခင်ဗျား မျှော်လင့်နေခဲ့တယ်ဆိုတော့ ဒီလို မျှော်လင့်စရာအကြောင်းတစ်ခုခုများ ရှိနေလို့လား ဦးကြောင်ငါး'

ထိုအခါမှ ကိုရန်ကင်းက စကားစ၍ ပြောလိုက်ခြင်းဖြစ်၏။ ဦးကြောင်ငါးက ကိုရန်ကင်းအား ညင်ညင်သာသာ အပြုံးကို



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြုံးပြန်ကာ ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြလိုက်သည်။

'အကြောင်း ထွေထွေထူးထူးရယ်လို့တော့ မရှိပါဘူး၊ ဒါပေမဲ့ ကျုပ်ဟာ တကယ်တော့ ထောင်ထွက်တစ်ယောက် မဟုတ်လား မောင်တို့ရာ။ ထောင်ထွက်တစ်ယောက်ဆီကို ရဲဘက်က လူတွေဟာ အနေးနဲ့ အမြန်ဆိုသလို လာတွေ့တတ်ကြတာပဲ မဟုတ်လား'

'ထောင်ကထွက်ပြီး ကောင်းကောင်းမွန်မွန် ရိုးရိုးသားသားနေရင် ထောင်ထွက်တစ်ယောက်ဆီ ရဲဘက်က လာတွေ့စရာ အကြောင်း မရှိပါဘူးဗျာ'

မော်တင်က ဦးကြောင်ငါးအား မျက်နှာ ခပ်တည်တည်ဖြင့် ကြည့်ရာက ပြောလိုက်ခြင်းဖြစ်၏။ ဦးကြောင်ငါးက သူ၏ ညင်သာသောအပြုံးကလေးဖြင့် မော်တင့်အား ကြည့်လိုက်သည်။

'ဟာ… ကျုပ်ဟာ ထောင်ကထွက်လာပြီးကတည်းက ကောင်းကောင်းမွန်မွန် ရိုးရိုးသားသားပဲ နေခဲ့ပါတယ် မောင်ရင်ရယ်။ မဟုတ်တာဆိုလို့ ဘာမှ မလုပ်ခဲ့ရပါဘူး'

ဤတွင် မော်တင်က သရော်ပြုံးကလေးဖြင့် ဦးကြောင်ငါးအား ပြန်ကြည့်လိုက်၏။

'ဒီလိုဆိုရင် ကျောက်ဆူးကျော့်မိုးကို ခင်ဗျားက ရုပ်ရှင်ပြဖလင်ကားတစ်လိပ် ရောင်းလိုက်တာကတော့ ကောင်းတဲ့အလုပ်လို့ ဆိုချင်သလား ဦးကြောင်ငါး'

အခန်းထဲတွင် ခေတ္တမျှ တိတ်ဆိတ်သွားလေသည်။ ပြီးမှ ဦးကြောင်ငါးက ညင်သာသော သက်ပြင်းကလေးတစ်ချက်ကို ချကာ ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏။

'လက်စသတ်တော့ ဒီကိစ္စကိုး'





'ဟုတ်တယ်၊ ဒီကိစ္စပဲ ဦးကြောင်ငါး'ဟု မော်တင်က တင်းမာသောအသံဖြင့် ပြောလိုက်သည်။ 'ခင်ဗျားဟာ ထောင်ထဲမှာနေရတာ တော်တော်ပျော်တယ်ထင်တယ် ဟုတ်လား'

'ဘယ်လို ပြောလိုက်တာလဲ မောင်ရင်ရယ်'

'ဘာ… ဘယ်လို ပြောရမှာလဲဗျ၊ ကျောက်ဆူး ကျော့်မိုးဆီ ခင်ဗျား ဒီဖလင်ကားလိပ် ရောင်းလိုက်တာဟာ ရာဇဝတ်မှု ကျူးလွန်တာပဲ၊ ဒီအတွက် ခင်ဗျား ထောင်ပြန်ကျနိုင်တယ်ဆိုတာ ခင်ဗျား သိပါတယ်၊ ဒါနဲ့တောင် ခင်ဗျားက ထောင်ကလွတ်ပြီး နှစ်ရက်ပဲ ကြာသေးတယ်။ ဒီဖလင်ကားကို ကျောက်ဆူးကျော့်မိုးဆီမှာ ရောင်းခဲ့တယ်'

မော်တင်က မျက်နှာထား ခပ်တင်းတင်းဖြင့် ပြန်ဖြေလိုက်၏။

'မောင်ရင် နားမလည်ပါဘူး။ ကျုပ် ထောင်က လွတ်လာတော့ ငွေလိုနေခဲ့တယ်ကွဲ့။ လိုသမှ သိပ်ကိုလိုခဲ့တာ၊ ထောင်မကျခင်တုန်းက ကျုပ် သုံးခဲ့ဖြုန်းခဲ့တာတွေကို မောင်ရင်တို့ အသိပဲ။ ပြီးတော့ ကျုပ် အဖမ်းခံရပြီး အမှုဖြစ်တော့ ငွေတွေသောက်သောက်လဲ ထပ်ကုန်ခဲ့ရသေးတယ်။ ဒါတောင် ထောင်ကျခဲ့ရတာပါပဲလေ၊ ကျုပ်ထောင်ထဲမှာ ရှိနေစဉ်မှာလည်း ကျုပ်တိုက်ကြီးကို ကြွေးရှင်တွေက အပိုင်စီးထားလိုက်ကြတယ်၊ ဒီတော့ ကျုပ်ထောင်ကလွတ်လာတဲ့အခါမှာ ကျုပ်မှာ သိပ်ကို ငွေလိုနေခဲ့တာပဲ'

'ခင်ဗျား ကျောက်ဆူးကျော့်မိုးဆီမှာ ရောင်းခဲ့တဲ့ ရုပ်ရှင်ပြ ဖလင်ကားကို ဘယ်ကရခဲ့သလဲ'

ကိုရန်ကင်းက ဝင်၍မေးလိုက်ခြင်း ဖြစ်သည်။

'ဘယ်ကမှ မရပါဘူး၊ ကျုပ်ဘာသာ ကျုပ် ရိုက်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ကျုပ်အဖမ်းမခံရမီကလေးကပဲ'

'ခင်ဗျား ဒီရုပ်ရှင်ကားကို ဘယ်သူတွေကို ပြခဲ့သေးသလဲ'

ဦးကြောင်ငါးက ခေါင်းကို ယမ်းခါလိုက်သည်။

'ကျုပ် ဘယ်သူ့ကိုမှ မပြခဲ့ပါဘူး၊ အမှန်အတိုင်း ပြောရရင် ကျုပ်ဘာသာကျုပ် တစ်ခါတည်းသာ ပြန်ကြည့်ခဲ့ပါသေးတယ်'

'ခင်ဗျား ဒီရုပ်ရှင်ကားကို ဘယ်လိုရိုက်ဖြစ်ခဲ့တာလဲ'

ဦးကြောင်ငါးက ရုတ်တရက် ပြန်မဖြေ။ မေးလိုက်သော ကိုရန်ကင်းအား တစ်လှည့်၊ မော်တင်အားတစ်လှည့် ကြည့်လိုက်သည်။ ပြီးမှ…

'ပထမ ကျုပ်ကို တစ်ခု ပြောကြပါဦး၊ ဒီကိစ္စအတွက် မောင်ရင်တို့က ကျုပ်ကို ဖမ်းဆီးအရေးယူမလို့လား'

'ဒါက အခြေအနေအရပဲ ဦးကြောင်ငါး'ဟု ကိုရန်ကင်းက ပြန်ဖြေလိုက်သည်။ 'ခင်ဗျားက ကျုပ်တို့နဲ့ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်တော့ ကျုပ်တို့က သက်သက်ညှာညှာ စဉ်းစားရမှာပေါ့'

ဦးကြောင်ငါးက တော်တော်ပင် စိတ်သက်သာရာ ရသွားသော အမူအရာဖြင့် ပြုံးလိုက်၏။

'ဟာ… ကျုပ်က ရဲဘက်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အဆင်သင့်ပါပဲ၊ ဘယ်လိုပူးပေါင်းဆောင်ရွက်ရမယ်ဆိုတာကိုသာ ပြောကြပါဗျာ'

'ကောင်းပြီ၊ ခင်ဗျား အဲဒီရုပ်ရှင်ပြာကို ဘယ်လိုရိုက်ခဲ့ ဘယ်ဆိုတာ ပထမ စပြောပေတော့'

ဦးကြောင်ငါးက နှုတ်ခမ်းကို လျှာနှင့် ပွတ်လိုက်ကာ





ဦးခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

'ပြောပြရမှာပေါ့ဗျာ၊ ဒီလိုဗျ ဒီရုပ်ရှင်ပြာတွေကို ကျုပ်က ရောင်းစားဖို့ ရည်ရွယ်ခဲ့တာ မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကို ဖြေဖျော်ဖို့အတွက်သာ ရိုက်ခဲ့တာပဲ၊ ကျုပ် အရင်က နေခဲ့တဲ့တိုက်ထဲမှာ စပါယ်ရှယ် အိပ်ခန်းတစ်ခုကို ကျုပ်က စီစဉ်ထားခဲ့တယ်၊ ဒါကို ကျုပ် အမှုစစ်တုန်းက ရဲဘက်က သိပြီးသားပါလေ၊ ဒီအိပ်ခန်းကို ကျုပ်က ကျုပ်ရဲ့ ဧည့်သည်စုံတွဲတွေအတွက် သီးသန့် စီစဉ်ထားတာပဲ၊ အိပ်ခန်းရဲ့ တစ်နေရာမှာ ကျုပ်က ကင်မရာတစ်ခု လျှို့ဝှက်ပြီး ဆင်ထားခဲ့တယ်၊ ကျုပ်ရဲ့ ဧည့်သည်စုံတွဲ တစ်စုံစုံက အဲဒီအိပ်ခန်းထဲကို ဝင်သွားကြပြီး အဲ… သဘာဝအတိုင်းကိစ္စဖြစ်ကြတာနဲ့ တစ်ပြိုင်နက် ကျုပ်က ဒီကင်မရာနဲ့ ရုပ်ရှင်ရိုက်ယူထားလိုက်တော့တာပေါ့၊ ဒါက ကျုပ်ရဲ့ ဝါသနာကိုး…'

'ဒီလို ခင်ဗျားက ရုပ်ရှင် ရိုက်ယူထားတာကို ခင်ဗျားရဲ့ ဧည့်သည်တွေက မသိကြဘူးလား'

မော်တင်က ဝင်မေးလိုက်ခြင်းဖြစ်ရာ ဦးကြောင်ငါးက ခေါင်းခါပြလိုက်သည်။

'မသိကြပါဘူးဗျာ၊ သူတို့ မသိရအောင်လည်း ကျုပ်က အထူးလျှို့ဝှက် စီစဉ်ထားရတာပေါ့'

'ခင်ဗျား ကျောက်ဆူးကို ရောင်းလိုက်တဲ့ ဖလင်ကားထဲမှာ လူဘယ်နှယောက်ပါခဲ့သလဲ'ဟု ကိုရန်ကင်းက မေးလိုက်သည်။

ဦးကြောင်ငါးက ရုတ်တရက် ပြန်မဖြေ။ ပြန်လည်၍ စဉ်းစားနေသည့်အလား၊ နဖူးရေများ တွန့်ကာ အပေါ်သို့မော့ကြည့်နေလိုက်သည်။ ပြီးမှ…



www.burmeseclassic.com

www.burmeseclassic.com



'အဲ... ကျုပ် အတော် ပြန်စဉ်းစားယူရမယ်ဗျ၊ အချိန်ကလည်း ငါးနှစ်တောင် ကြာခဲ့ပြီမဟုတ်လား'

'ခင်ဗျားမှတ်ဉာဏ်ကောင်းပါတယ်လေ၊ ပူးပေါင်းဆောင်ရွက်မှုကသာ ခင်ဗျားကို ထောင်ထဲ ပြန်သွားရမယ့် အဖြစ်ကကယ်တင်နိုင်မယ်ဆိုတာ မမေ့ပါနဲ့ဦး'

မော်တင်က ဝင်၍ လှုံ့ဆော်လိုက်ခြင်းဖြစ်၏။

'ဟုတ်ပါတယ်၊ အဲဒါကိုလည်း ကျုပ် ကောင်းကောင်းသဘောပေါက်ထားပါတယ် မောင်ရင်ရယ်၊ နေပါဦး၊ ကျုပ် ပြန်စဉ်းစားပါရစေဦး၊ အဲ... ဟုတ်ပြီ၊ အဲဒီ ရုပ်ရှင်ကားထဲမှာ လူ (၆) ယောက်ပါတယ်ဗျ'

'စုံတွဲ (၃)တွဲပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ ယောကျ်ားသုံးယောက်နဲ့ မိန်းမသုံးယောက်ပဲ၊ ဒါပေမဲ့ သူတို့က ကျုပ်တိုက်ကို အတွဲလိုက် လာကြတာတော့ မဟုတ်ပါဘူး၊ တစ်ယောက်စီ သီးသန့် လာကြတာပါပဲ၊ ပြီးတော့မှ သူတို့သဘောကျ အတွဲဖြစ်သွားကြတာပါ၊ အလဲအလှယ်လည်း လုပ်ကြသေးပေါ့ဗျာ'

ကိုရန်ကင်းက ခေါင်းညိတ်ပြလိုက်၏။

'အင်း... ကျုပ် နားလည်ပါတယ်၊ ခင်ဗျားက အဲဒီ ရုပ်ရှင်ကားကို တစ်ညတည်း အပြီးရိုက်ခဲ့တာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ တစ်ညတည်းပါပဲ'

'အဲဒီ ရုပ်ရှင်ကားထဲမှာ လူ(၆)ယောက်တည်း ပါတယ်ဆိုတာ ခင်ဗျား သေချာရဲ့လား ဦးကြောင်ငါး၊ ပြန်စဉ်းစားပါဦး'

'အင်း... ကျုပ် မှတ်မိသလောက်တော့ လူ(၆)ယောက်ပါပဲ၊ ယောကျ်ားသုံးယောက်နဲ့ မိန်းမသုံးယောက်၊ အာ... နေပါဦး





ဗျ၊ နောက်တစ်ယောက်ရှိသေးတယ်၊ ဟုတ်တယ်၊ မိန်းကလေးတစ်ယောက် ပါသေးတယ်၊ မောင်ရင်တို့ ကြည့်စမ်း၊ သူ့ကိုမှ ကျုပ်က မေ့နေမိတယ်ဗျာ၊ တကယ်တော့ သူ့ကို ကျုပ်က ချက်ချင်း ပြန်အမှတ်ရဖို့ကောင်းတာဗျ၊ အင်မတန် လှတဲ့ မိန်းကလေးတစ်ယောက်ပါပဲဗျာ'

ဦးကြောင်ငါးက နှုတ်ခမ်းများကို လျှာနှင့်လျက်လိုက်ပြန်သည်။ သူ့မျက်နှာတွင် အင်မတန်မှ နှစ်သက်ဖွယ်ကောင်းသော အကြောင်းအရာတစ်ခုကို ပြန်၍ စမြုံ့ပြန်နေသည့် အမူအရာက ပေါ်လာသည်။

'ဒီကလေးမက တော်တော့်ကို သဘောကျစရာကောင်းတယ် မောင်ရင်တို့၊ အဝတ်တွေကို တစ်လွှာချင်း ချွတ်ပြပြီး ကပြခဲ့တယ်လေ၊ ရုပ်ရှင်ထဲက ခုနစ်လွှာအက အတိုင်းပဲပေါ့၊ ကျုပ်စိတ်ကို တော်တော်ပဲ လှုံ့ဆော်ခဲ့တာပေါ့ဗျာ၊ ပြီးတော့ အံ့သြဖို့ကောင်းတာက ကလေးမလေးက အသက် (၁၇)နှစ်လောက်သာ ရှိသေးတာဗျ'

'သူ့ ခုနစ်လွှာအက ကတာက ဘယ်သူ့အတွက်လဲ၊ ခင်ဗျားရဲ့ ဧည့်သည်တွေ ရှေ့မှာလား' ဟု ကိုရန်ကင်းက မေးလိုက်ပြန်သည်။

'မဟုတ်ပါဘူး၊ ကျုပ်တစ်ယောက်တည်းအတွက် ကပြခဲ့တာပါ'

'ဒီလိုဆိုရင် ဖလင်ကားထဲမှာ ခင်ဗျားပါ ပါခဲ့တာပေါ့'

ဦးကြောင်ငါးက ခေါင်းယမ်းခါလိုက်သည်။

'ဟင့်အင်း... ကျုပ် မပါခဲ့ပါဘူး၊ ကျုပ်က ကင်မရာနောက်ကွယ်ကနေ ရိုက်ကူးခဲ့တာ... ဟင့်အင်း၊ ကျုပ်က ကင်မရာဆားမှာ ရပ်ကြည့်ခဲ့တာပဲ၊ မိန်းကလေးကိုတော့ ကင်မရာရှေ့တည့်



www.burmeseclassic.com

www.burmeseclassic.com



တည့်မှာထားပြီး ကနိုင်းခဲ့ရတာပေါ့'

'ဒီမိန်းကလေးက ခင်ဗျားဆီကို တစ်ယောက်တည်း လာတာလား၊ ဒါမှမဟုတ် အဖော်ပါသေးသလား'

'သူတစ်ယောက်တည်း လာခဲ့တာပါ၊ အဲဒီဖလင်ကားထဲမှာ ပါခဲ့တဲ့ လူတိုင်းဟာ မူလက တစ်ယောက်တည်းသာ လာခဲ့ကြတာချည်းပါပဲ၊ ကျုပ်ဆီရောက်မှ အတွဲတွေ ဖြစ်သွားကြတာပါ'

ကိုရန်ကင်းက သူ့မှတ်စုစာအုပ်ကို ထုတ်ယူလိုက်သည်။

'ကဲ... နာမည်တွေ ပြောပြဗျာ၊ အဲဒီဖလင်ကားထဲမှာ ပါခဲ့တဲ့လူတွေ ဘယ်သူဆိုတာ ကျုပ်အတိအကျ သိချင်တယ်၊ ပထမဦးဆုံး ခုနစ်လွှာအက ကသွားတဲ့ ကောင်မလေးရဲ့ နာမည်ကို စပြောဗျာ'

ဦးကြောင်ငါးက ကိုရန်ကင်းအား ဝမ်းနည်းသော အမူအရာဖြင့် ခေါင်းယမ်းခါပြလိုက်၏။

'အဲဒါတော့ ကျုပ် မတတ်နိုင်ဘူးဗျာ'

'ဘာဗျ... ခင်ဗျားရှေ့မှာ အဝတ်တွေတော့ ချွတ်ကပြခဲ့တယ်၊ ဒါပေမဲ့ သူ ဘယ်သူဘယ်ဝါဆိုတာကိုတော့ ခင်ဗျားကို ပြောမသွားဘူးလား'

မော်တင်က ဝင်မေးလိုက်ခြင်းဖြစ်၏။ ဦးကြောင်ငါးက ညင်သာသော အပြုံးကိုပြုံးကာ ဦးခေါင်းကို ဖြည်းလေးစွာ ညိတ်ပြလိုက်သည်။

'မောင်ရင်တို့ ယုံချင်မှ ယုံပါ၊ ဒါပေမဲ့ ဒီကလေးမက သူ ဘယ်သူဘယ်ဝါဆိုတာ ကျုပ်ကို ပြောပြမသွားခဲ့ပါဘူး၊ ကျုပ်က သူ့နာမည်ကို မေးကြည့်ပါသေးတယ်၊ သူက ရယ်ပြီး ခုနစ်





လွှာအကကို မူလက ကသွားတဲ့ ဆလိုမီလို့ပဲ သူ့ကို ခေါ်ပါလို့သာ ပြောခဲ့တယ်'

ဦးကြောင်ငါးသည် သူ့အင်္ကျီအိတ်ကပ်ထဲမှ ဖြူစင်သော လက်ကိုင်ပဝါ တစ်ထည်ကိုထုတ်ကာ သူ့မျက်နှာကို ကျနစွာ သုတ်လိုက်သည်။ ပြီးမှ လက်ကိုင်ပဝါကို ကျနစွာ ပြန်ခေါက်လျက် အိတ်ကပ်ထဲတွင် ပြန်ထည့်ထားလိုက်သည်။

'ကလေးမကလေးက ငယ်သာ ငယ်တယ်၊ အရှက်အကြောက်ကတော့ တကယ် နည်းတာပဲဗျာ၊ ဒီကလေးမကလေးကို ကျုပ်က အဲဒီညကမှ ပထမဦးဆုံး စတွေ့ခဲ့တာပဲ။ အင်းလေ... ပထမဦးဆုံးနဲ့ နောက်ဆုံးပါပဲဆိုပါတော့'

ဦးကြောင်ငါးက သက်ပြင်းကလေးတစ်ချက်ကို ချလိုက်ပြီးမှ စကားဆက်လိုက်ပြန်သည်။

'သူ့ကို ကျုပ်က နောက်တစ်ခါလည်း ထပ်မတွေ့ချင်တော့ပါဘူးလေ'

မော်တင်က ဦးကြောင်ငါးအား မျက်ခုံးများပင့်လျက် ကြည့်လိုက်သည်။

'အလို... ဘာဖြစ်လို့များလဲဗျာ'

ဦးကြောင်ငါးက တော်တော်ပင် စိတ်မချမ်းမသာသော အမူအရာဖြင့် ဦးခေါင်းကို ယမ်းခါလိုက်၏။

'ဒီကလေးမဟာ ကျုပ်ကို တော်တော်ကြီးကိုပဲ စိတ်အနှောင့်အယှက် ပေးခဲ့တာကလားဗျ၊ သူ ကျုပ်ကို လုပ်ခဲ့ပုံကလေးက ယဉ်လွန်းလို့ ကျုပ်ဖြင့် နောက် လေးငါးရက်လောက် အောင့်မရဲ မချိမဆန့်ကြီးကို ဖြစ်ကျန်ရစ်ခဲ့ရတာပဲဗျာ၊ ကျုပ်မှာ အင်မတန်မှ အတွေ့အကြုံများခဲ့တဲ့ လူတစ်ယောက်ပါဗျာ၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးမလို မိန်းမမျိုးကိုတော့ ကျုပ် တစ်သက်မှာ တစ်ခါမှ မတွေ့ဖူးသေးဘူးဗျ'

'ဆိုစမ်းပါဦး… သူက ခင်ဗျားကို ဘာလုပ်ခဲ့လို့လဲ'

မော်တင်က နှုတ်ခမ်းကိုမဲ့လျက် မေးလိုက်၏။

ဦးကြောင်ငါးက ထိုင်ရာမှထကာ လက်နှစ်ဖက် နောက်ပစ်လျက် အခန်းကျဉ်းကလေးထဲတွင် စကြံ့ထလျှောက်လိုက်သည်။ ၎င်း၏အမူအရာမှာ စိတ်လှုပ်ရှားမှုကို တော်တော်ပြနေ၏။

'ကလေးမကလည်း သူ့ခုနစ်လွှာအကကို ကပြပြီးတဲ့ အခါကျတော့၊ အဲ… ကျုပ်မှာလည်း သွေးနဲ့သားနဲ့ လူပဲဗျ၊ စိတ်တွေက တော်တော်ထကြွ သောင်းကျန်းနေပြီပေါ့၊ မောင်ရင်တို့လည်း ယောကျ်ားတွေပဲလေ၊ နားလည်မှာပေါ့၊ ဒါနဲ့ ကျုပ်က အဟမ်း… အဲ… သူ့ကို ချဉ်းကပ်ဖို့ ကြိုးစားတော့ သူက ကျုပ်ကို လှောင်ရယ်ရယ်ပြီး ရှောင်တော့တာပဲဗျာ၊ သူက ကျုပ်ကို အမိမခံဘူးဗျ၊ သူဟာ ဘယ်ယင်ဖိုမှ အသန်းမခံရဖူးသေးတဲ့ အပျိုစင်ပါတဲ့လေ။ ရင့်ဖိုအသန်းခံရဖို့ကိုလည်း သူ ဘယ်လိုမှ စိတ်မကူးပါဘူးတဲ့…'

ကိုရန်ကင်းနှင့် မော်တင်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြပြန်သည်။ ပြီးမှ မော်တင်က ဦးကြောင်ငါးအား မယုံကြည်သည့် အမူအရာဖြင့် ကြည့်လိုက်၏။

'ခင်ဗျားဟာက မဟုတ်သေးပါဘူး ဦးကြောင်ငါးရာ။ ခင်ဗျားလို လူမျိုးရှေ့မှာ ခုနစ်လွှာအက ကပြီးမှ သူ့ကိုယ်သူ အပျိုစင်လို့ဆိုတာ ဟုတ်နိုင်ပါ့မလား'

ဦးကြောင်ငါးက သက်ပြင်းကြီးတစ်ချက်ချလိုက်ကာ ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။





'ဟုတ်လား မဟုတ်လားတော့ မသိဘူးလေ၊ သူ့ကို ကျုပ် လက်ဖျားနဲ့တောင် မတို့လိုက်ရတာကတော့ အမှန်ပဲ။ ကျုပ် ဖြင့် ပြောရမှာတောင် ခပ်ရှက်ရှက်ပါပဲ။ သူ့ကို အမျိုးမျိုး ချဉ်းကပ်တာ ဘယ်လိုမှ မရခဲ့ပါဘူးဗျာ။ လျှာထွက်မတတ် မောရတာသာ အဖတ်တင်တာပဲ။ နောက်ဆုံးတော့ သူ့ အဝတ်အစားတွေ ပြန်ဝတ်ပြီး ရယ်ရယ်မောမောနဲ့ ပြန်သွားတော့တာပဲဗျာ…'

ဦးကြောင်ငါးက စကားအဆုံးတွင် သူ့ခေါက်ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကာ လက်ကိုင်ပဝါကို ထုတ်ပြန်လျက် သူ့နဖူးကို သုတ်နေလိုက်သည်။ ကိုရန်ကင်းက မနေနိုင်တော့ဘဲ ရယ်မောလိုက်မိ၏။ မော်တင်ကတော့ 'စံပါပဲဗျာ၊ တကယ့်ကို စံပါပဲ' ဟု ရေရွတ်လိုက်သည်။

'မောင်ရင်ပြောတာ တကယ့်ကိုပါပဲ၊ စံဆိုတာမှ တကယ့်ကို စံပါပဲ။ သူက အဝတ်အစားတွေ ပြန်ဝတ်ရင်းက ကျုပ်ကို လှောင်ရယ်ရယ်နေခဲ့တယ်လေ၊ ပြီးတော့ ရယ်ရင်းနဲ့ပဲ ထွက်သွားတော့တာပဲ၊ ကျုပ်သာ လျှာထွက်ကျန်ရစ်ခဲ့တော့တာပဲဗျာ၊ စံမှ တကယ့်ကို စံပါပဲ၊ ဒါကြောင့်လည်း ကျုပ်က ဒီလိုမိန်းကလေးမျိုးနဲ့ နောက်ထပ်မတွေ့ချင်တော့တာပေါ့။ နားလည်ပြီလား မောင်ရင်'

'ထားလိုက်ပါတော့လေ၊ ဒီအပျိုစင်ဆိုတဲ့ အမျိုးသမီးက ဘယ်က ဘယ်လို ခင်ဗျားဆီကို ရောက်လာရတာလဲ၊ ခင်ဗျား ဆီမှာ ကျင်းပလေ့ရှိတဲ့ ပါတီတွေအကြောင်းကို သူကသိလို့သာ လာခဲ့တာ ဖြစ်မှာပေါ့၊ အဲဒါ… ဘယ်သူ့ဆီက သိခဲ့ရတာလဲ၊ သူ့ကို ဘယ်သူက ပြောလိုက်တာလဲ'

ဦးကြောင်ငါးက စိတ်မရှည်သလို မော်တင့်အား ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မောင်ရင်လေးကလည်းကွယ်… ခုနပြောနေတာဟာ လွန်ခဲ့တဲ့ (၅)နှစ်က ဖြစ်ပျက်ခဲ့တာကွယ်၊ အဲသလို အသေးစိတ်ကို ကျုပ်က ဘယ့်နှယ်လို့ မှတ်မိနိုင်တော့မှာလဲ'

'အင်း… မေးကြည့်တာပါလေ၊ နေပါဦး… ခင်ဗျားရဲ့ ပါတီတွေကို သူစိမ်းတွေကလည်း လာကြတာပဲလား။ ခင်ဗျားကလည်း လက်ခံတာပဲလား'

မော်တင်က ထပ်မေးလိုက်ပြန်သည်။

'မောင်ရင်မေးလည်း မေးစရာပါပဲ၊ ဒါပေမဲ့ ကျုပ်က လူတစ်မျိုးဗျ၊ ကျုပ်နဲ့ စိတ်တူသဘောတူဆိုရင် ဘယ်သူလာလာ လက်ခံတာပါပဲ၊ ပြီးတော့ ကျုပ်ပါတီတွေ အကြောင်းကလည်း တစ်ယောက်ပါးစပ်တစ်ယောက်ဆိုသလို လူသိများလာကြတာကိုး'

'ထားပါတော့၊ ခင်ဗျားရဲ့ အဲဒီ ဖလင်ကားထဲမှာ ပါတဲ့ တခြားလူတွေကကောဗျာ၊ သူတို့ကကော အဲဒီညက ခင်ဗျားဆီကို ပထမဦးဆုံးအကြိမ် ရောက်လာခဲ့ကြတာပဲလို့ ခင်ဗျားက ပြောဦးမလို့လား'

'ဒါတော့ မဟုတ်ပါဘူး။ အဲဒီလူခြောက်ယောက်ဟာ အရင်ကတည်းက ကျုပ်ဆီကို ရောက်ဖူးခဲ့ကြပါတယ်… ကျုပ် ပါတီကို လာနေကျ လူတွေလို့ပဲ ဆိုကြပါစို့ဗျာ'

'ကဲပါလေ… အဲဒီလူတွေရဲ့ နာမည်တွေကိုတော့ ခင်ဗျားသိမှာပေါ့၊ ယောကျ်ားတွေရဲ့ နာမည်ကို စပြောဗျာ'

ကိုရန်ကင်းက သူ့ဖောင်တိန် အဖုံးတို့ ချွတ်လိုက်ရင်းက လောဆော်လိုက်သည်။ ဦးကြောင်ငါးသည် အဝေးသို့ လှမ်းကြည့်ကာ သက်ပြင်းကလေး တစ်ချက်ချလိုက်သည်။

'အေးဗျာ… တကယ်တော့ ဒီလူတွေဟာ ကျုပ်အတွက်





အခုအချိန်မှာ တစ္ဆေတွေလို ဖြစ်နေတော့တာပါပဲ။ ဒါမှမဟုတ်လည်း ဘဝဟောင်းတုန်းက တွေ့ခဲ့ကြုံခဲ့ရတဲ့ လူတွေကို ပြန်တမ်းတရသလိုပေါ့ဗျာ'

ကိုရန်တင်းက ဘာမှမပြော၊ လက်ထဲတွင် ဖောင်တိန်ကိုသာ အသင့်ကိုင်လျက် စောင့်နေလိုက်သည်။

'အဲ… ကျွန်တော် အမှတ်ရလာပြီ၊ တစ်ယောက်က မောင်အိန်စွမ်တဲ့ဗျ… နောက်တစ်ယောက်ကတော့'

'နေဦး ဦးကြောင်ငါး၊ ကျုပ်တို့က ဒီလူတွေအားလုံးကို တစ်ယောက်စီ သွားတွေ့ရဦးမှာ၊ ဒီတော့ နာမည်နဲ့ပဲ ပြီးမှာမဟုတ်ဘူး။ သူတို့ရဲ့ ဘက်ဂရောင်းတွေကိုပါ ခင်ဗျားသိသလောက် ပြောပြပါ။ ဒါမှ သူတို့ကို အရှာရလွယ်မယ်'

'အင်း… ကျုပ်ကလည်း ခင်ဗျားတို့ကို အတတ်နိုင်ဆုံး အကူအညီ ပေးချင်ပါတယ်ဗျာ၊ ဒါပေမဲ့ ငါးနှစ်တောင်ကြာခဲ့ပြီဆိုတာကိုလည်း ထည့်တွက်ပါဦး။ ပြီးတော့ သူတို့ဘက်ဂရောင်းကိုလည်း ဟိုကတည်းက ကျုပ်က အပြည့်အစုံ သိခဲ့ရတာမှ မဟုတ်တာပဲ'

'ခင်ဗျား မှတ်မိသလောက်ပေါ့ဗျာ၊ ခင်ဗျား ထောင်ထဲရောက်ပြီးတဲ့နောက်မှာ သူတို့နဲ့ ဘယ်လိုမှ အဆက်အသွယ်မရှိခဲ့တော့ဘူးလား'

ဦးကြောင်ငါးက ခပ်သဲ့သဲ့ပြုံးကာ ခေါင်းကို ယမ်းခါပြလိုက်သည်။

'ထောင်ကျသွားတဲ့ လူတစ်ယောက်ကို ဘယ်သူကများ အဆက်အသွယ် လုပ်ချင်မှာလဲဗျ။ ကျုပ် ထောင်ထဲမှာ ရှိနေတုန်းဆိုရင် သူတို့တစ်တွေဟာ အခု ဘာတွေများဖြစ်လို့ ဘယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီလဲလို့ တွေးပြီး အချိန်ဖြုန်းပစ်ခဲ့ရတာပါပဲ'

'ထားပါတော့လေ… ခင်ဗျား ခုနကပြောတဲ့ မောင်အိန်စွမ်နဲ့ ပတ်သက်ပြီး သူ့နာမည်အပြင် ခင်ဗျား ဘာများ အမှတ်ရသေးသလဲ'

ဦးကြောင်ငါးက သူ့နဖူးကို လက်တစ်ဖက်ဖြင့် ပွတ်လျက် စဉ်းစားနေလိုက်သည်။ ပြီးမှ…

'သူဟာ ကျောင်းသားတစ်ယောက်ပဲဗျ။ အမေရိကန်ပြည်ထောင်စုကိုသွားပြီး ကိုလံဘီယာ တက္ကသိုလ်မှာ ပညာဆက်ပြီး သင်မယ့်ဆဲဆဲပေါ့'

ကိုရန်ကင်းက ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ၊ ဒီလူကို ပြန်ချက်ကင်လုပ်လို့တော့ လွယ်မှာပါပဲ။ ကဲ… နောက်တစ်ယောက်ရဲ့ နာမည်ကကောဗျာ'

'နောက်တစ်ယောက်က… အဲ… ဟုတ်ပြီ၊ ကိုမောင်မောင်နုတဲ့၊ သူကတော့ မွတ်စလင်တစ်ယောက်ပဲ။ သူ့အဖေကရန်ကုန် လျှပ်စစ်လုပ်ငန်းပိုင်ရှင်ပေါ့၊ နေပါဦး… ဦးဟူစိန်ဆိုတာပဲလေ'

'အင်း… ဒီလိုဆိုရင် သူ့ကိုလည်း ပြန်ခြေရာခံဖို့ လွယ်မှာပဲ၊ ကဲ… နောက်တစ်ယောက်ကကော'

ဦးကြောင်ငါးက သူ၏ဖြူဖွေးသော ဆံပင်များကို လက်တစ်ဖက်ဖြင့် အသာပွတ်လိုက်သည်။

'နောက်တစ်ယောက်ကတော့ အဲ… ကိုမျိုးညွန့်တဲ့ဗျ… ဟုတ်တယ် ကိုမျိုးညွန့်၊ သူက စာရင်းကိုင်လား၊ ဒါမှမဟုတ် စာရင်းကိုင် သင်တန်း တက်နေတာလားဆိုတာကိုတော့ ကျွန်တော်လည်း ကောင်းကောင်း မမှတ်မိတော့ဘူးဗျာ'





ကိုရန်ကင်းက ထိုနာမည်ကိုလည်း သူ့မှတ်စုစာအုပ်ထဲတွင် ရေးမှတ်လိုက်ပြန်ရာက ဦးကြောင်ငါးအား မေးခွန်းထုတ်လိုက်သည်။

'သူ့အကြောင်း နောက်ထပ် ဘာမှ မပြောနိုင်တော့ဘူးလားဗျာ'

'ကျုပ်သိသမျှ ပြောပြနေတာပါပဲ မောင်ရင်တို့ရယ်'

ကိုရန်ကင်းက သူ့မှတ်စုစာအုပ်မှ စာရွက်တစ်ရွက်အသစ်ကို လှန်လိုက်၏။

'ကဲ… ယောက်ျားတွေကတော့ ပြီးသွားပါပြီ၊ မိန်းမတွေကကောဗျာ'

'အင်း… မိန်းမတွေအထဲက ကျွန်တော် အမှတ်မိဆုံးကတော့ လီလီညွန့်ဆိုတာပဲ၊ သူက သူ့ယောက်ျားအကြောင်းကို ရယ်စရာကောင်းအောင် ကြွံကြွံဖန်ဖန် ပြောတတ်တယ်ဗျ၊ သူ့ယောက်ျားနာမည်က ဦးဝင်းမောင်ဦးတဲ့'

'ဦးဝင်းမောင်ဦးဆိုတာက ဘာအလုပ်လုပ်သလဲ'

'ဒါတော့ ကျွန်တော်လည်း မသိပါဘူးဗျာ'

'ကဲ… နောက်တစ်ယောက် ဆက်ပြောဗျာ'

ဦးကြောင်ငါးက မျက်စိများကိုမှိတ်ကာ ခေတ္တမျှ တိတ်ဆိတ်နေလိုက်သည်။ ပြီးမှ…

'အဲ… နောက်တစ်ယောက်ကတော့ မေမေရီတဲ့ဗျ၊ သူကတော့ တယ်လီဖုန်း အော်ပရေတာပဲ'

မော်တင်က သဘောကျစွာ ခေါင်းညိတ်လိုက်၏။

'အင်း… သူ့ကိုလည်း ခြေရာခံဖို့က လွယ်ပါတယ်၊ အဲ… နောက်တစ်ယောက်ပဲ ကျန်တော့တယ် ဦးကြောင်ငါး၊



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားလိုက်စမ်း'

'အင်း… ကျုပ် မှတ်မိပါပြီဗျာ၊ နောက်ဆုံးတစ်ယောက် ကတော့ ကပြားမကြီးပဲ။ နေပါဦး… နာမည်က အဲ… ဟုတ်ပြီ… ဂရေစီဝက်စ်စတာတဲ့ဗျ… သူက လက်မှုပညာသည်တစ်ဦးပဲ။ သစ္စာအရောင်တင်တဲ့ အတတ်တတ်တယ်။ သစ္စာလက်ဝတ် လက်စားတွေ လုပ်ရောင်းတတ်တယ်၊ တော်တော်လည်း လက်ရာ မြောက်တယ်ဗျ'

ကိုရန်ကင်းက ဂရေစီဝက်စတာ၏ နာမည်ကို သူ၏ မှတ်စုစာအုပ်ထဲတွင် ရေးမှတ်ထားလိုက်ပြန်၏။

'အင်း… သူ့ကိုပြန်ခြေရာခံဖို့ကတော့ လွယ်လှမယ် မဟုတ်ဘူး'

ဦးကြောင်ငါးက ကိုရန်ကင်းအားကြည့်ကာ ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်၏။

'တွေးကြည့်ရင် တော်တော်တော့ ဆန်းတာပဲနော်။ အတိတ်ကအကြောင်းတွေဆိုတာ ဘယ်တော့မှ ပြီးဆုံးမသွားတတ် ပါဘူး'

'လူတစ်ယောက်ဟာ နောက်ကြောင်း မရှင်းခဲ့သမျှ သူ့ အတိတ်က အကြောင်းတွေဟာ ဘယ်တော့မှ ပြီးဆုံးမသွားတတ် ပါဘူး ဦးကြောင်ငါး'

မော်တင်က ဦးကြောင်ငါးအား ပြန်၍ ပြောလိုက်ခြင်း ဖြစ်သည်။ ကိုရန်ကင်းက သူ့မှတ်စုစာအုပ်ကို ပိတ်လျက် အိတ် ကပ်ထဲ ပြန်ထည့်ကာ ထိုင်ရာမှ ထလိုက်သည်။

'ကဲ… သွားကြရအောင်လား မော်တင်'

မော်တင်ကလည်း မတ်တတ်ရပ်လိုက်ရာက ခေါင်းညိတ်





ပြလိုက်၏။

'သွားတာပေါ့ အစ်ကိုကြီး၊ ဦးကြောင်ငါး ပြောပြခဲ့တဲ့ လူတွေကို အမြန်ဆုံး သွားတွေ့နိုင်လေ ကောင်းလေပဲပေါ့'

ဦးကြောင်ငါးကလည်း သူ့ခေါက်ကုလားထိုင်ကလေးပေါ် မှ ဆင်းပြီး ထရပ်လိုက်သည်။

'တစ်ခါတလေလည်း ကျုပ် တွေးမိတယ် မောင်ရင် ကလေးတို့ရယ်'

မော်တင်နှင့် ကိုရန်ကင်းတို့က ၎င်းအား ပြန်လှည့်ကြည့် လိုက်သည်။

'ဘာများတွေးမိတာလဲ ဦးကြောင်ငါး' ဟု မော်တင်က ပြန်မေးလိုက်သည်။

'သြော်… ကျုပ်သိခဲ့တဲ့ ဒီလူတွေဟာ အခု ဘာတွေ များ ဖြစ်ကုန်ကြပြီလဲလို့'

'ခင်ဗျားလိုပဲ ရှိကြမှာပေါ့ဗျာ'

ဦးကြောင်ငါးက ဝမ်းနည်းစွာ ပြုံးပြီး ခေါင်းကို ဖြည်း ညင်းစွာ ယမ်းခါလိုက်သည်။

'ကျုပ်နဲ့တော့ တူမယ်မထင်ပါဘူးဗျာ၊ ကျုပ်က အိုသွား ခဲ့ပြီဗျ။ ဘာမှ အသုံးမကျတော့ပါဘူး၊ အတိတ်က အကြောင်းတွေ ကို ပြန်စဉ်းစားဖို့သာ ရှိပါတော့တယ်'

ကိုရန်ကင်းနှင့် မော်တင်တို့က တစ်ယောက်ကိုတစ် ယောက် လှမ်းကြည့်လိုက်ကြသည်။ ပြီးလျှင် ဘာမှမပြောကြတော့ ဘဲ ဦးကြောင်ငါးအား သူ့အခန်းကလေးထဲတွင် တစ်ယောက်တည်း အားပစ်ခဲ့ပြီး ထွက်လာခဲ့ကြတော့သည်။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## (၉)

သူတို့ ရုံးသို့ ပြန်ရောက်လာကြလျှင် ကိုရန်ကင်းအ
သွင်္ဂျစ်ကားကို ရုံးဘေးရှိ မော်တော်ကားများ ရပ်နားရန် ကွက်လပ်
တွင် ရပ်ထားခဲ့ကာ ရုံးပေါ်သို့ ပြန်မတက်သေးဘဲ ရုံးအနီး
ထမင်းဆိုင်သို့ မော်တင်နှင့်နှစ်ယောက်အတူ လျှောက်ခဲ့ကြ
ထိုထမင်းဆိုင်ကား နေ့ညမပြတ်ဖွင့်လှစ်ထားကာ မှုခင်းစစ်ဆေးရေး
ဌာနချုပ်မှလူတွေ အများဆုံး စားသောက်ကြသည်။

ကိုရန်ကင်းတို့အတွက် အမှုတစ်ခု လိုက်ရပြီဆိုလျှင်
မအား ညမအား ဆက်တိုက် လိုက်ကြရသည်ဖြစ်ရာ အိမ်ပြန်
မရဘဲ ထိုထမင်းဆိုင်တွင်သာ ဟာနေသောဝမ်းများကို ဖြည့်တ
ကြရသည်။

ယနေ့ညတွင်လည်း ကိုရန်ကင်းနှင့် မော်တင်တို့သ
အိမ်ပြန်မနေကြတော့ဘဲ ထိုဆိုင်ကလေးတွင်သာ ညစာကို
ကြိတ်လိုက်ကြ၏။ ဗိုက်ဖြည့်ပြီးကြသည့်အခါတွင်မှ နှစ်ယော
သား ရုံးထဲသို့ဝင်ခဲ့ကြသည်။





ရုံးအောက်ထပ် ရုံးခန်းမကြီးကို သူတို့ ဖြတ်လျှောက်ခဲ့ကြရာတွင် စုံထောက်ရဲအုပ်တစ်ယောက်က သူ့စားပွဲမှနေ၍ ကိုရန်ကင်းအား လှမ်းခေါ်လိုက်၏။

'ဆရာ… ခဏ'

ကိုရန်ကင်းနှင့် မော်တင်တို့လည်း ထိုရဲအုပ်ထံသို့ ဆက်လျှောက်ခဲ့သည်။

'ဆရာ့ကို ခုနက လူတစ်ယောက်လာရှာသွားတယ်'

'ဟုတ်လား ကိုထွန်းတင်၊ ဘယ်သူတဲ့လဲဗျ'

'ဘယ်သူ ဘယ်ဝါရယ်လို့တော့ ပြောမသွားဘူး၊ သွားခေါ်ခေါ်နဲ့ နားရွက်ကားကား လူတစ်ယောက်ပဲ။ အရပ်ကတော့ (၅)ပေ (၆)လက်မလောက်ရှိတယ်'

ကိုရန်ကင်းက မျက်မှောင်ကုတ်ကာ စဉ်းစားပြီး နောက်မှ ခေါင်းကို ယမ်းခါလိုက်သည်။

'ဟင့်အင်း… ဒီလူကို ကျုပ် မသိပါဘူးဗျာ။ ဘာကိစ္စလို့ကော ပြောသွားသေးသလားဗျ'

'အဲဒါလည်း ကျွန်တော် မေးကြည့်ပါသေးမယ်၊ ခင်ဗျားနဲ့ တွေ့ရမှ ဖြစ်မှာတဲ့'

'သူ နောက်တစ်ခါ ပြန်လာဦးမယ်လို့ကော ပြောသွားသေးသလား'

ရဲအုပ် ကိုထွန်းတင်က ပြုံးလျက် ခေါင်းကို ယမ်းခါလိုက်သည်။

'အဲဒါကိုလည်း ဆရာ့လူက ပြောမသွားဘူးဗျ'

ကိုရန်ကင်းက သူ့ပခုံးများကို မသိမသာ တွန့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရဲသန်း အသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်လို့ကော နောက်ထပ် ဘာများထူးခြားသေးသလဲ'

'ဖောင်စာရွက်တွေတချို့တော့ ရောက်လာကြတယ်၊ ဘာပါတယ်ဆိုတာတော့ ကျွန်တော်လည်း မသိဘူး၊ ဆရာဆီကိုလိပ်တပ်ထားတာပဲ၊ အဲဒါ ဆရာ့အခန်းကို ပို့ထားပါတယ်'

'တခြား အမှုတွေကော ပေါ်လာသေးသလား'

ရဲအုပ်က သူ့ရှေ့ရှိ အမှုဖိုင်တွဲကို လှန်လှောကြည့်ရှုကာ ခေါင်းခါပြလိုက်သည်။

'မြို့ထဲမှာတော့ ဘာအမှုမှ နောက်ထပ် မပေါ်ပါဘူး ဆရာ… ကြည့်မြင်တိုင်မှာ လုယက်မှုတစ်ခု ဖြစ်တယ်၊ ဒါပဲ'

ကိုရန်ကင်းနှင့် မော်တင်တို့လည်း အပေါ်ထပ်ရှိ သူတို့အခန်းသို့ တက်ခဲ့ကြသည်။

'ဒီကနေ့တော့ မြို့ထဲမှာတယ်အမှုနည်းပါကလား အစ်ကိုကြီး'

'နည်းဦးမှပဲ မော်တင်၊ တို့ အခု လိုက်နေရတဲ့အမှု မပြီးခင် နောက်ထပ် တစ်မှုပေါ်လာမှာကိုပဲ စိုးရိမ်နေရတယ်'

'အင်း… ဟိုလူတစ်ယောက်လည်း အခုဘာဖြစ်နေတယ် မသိဘူး'

မော်တင်က စဉ်းစဉ်းစားစား အမူအရာဖြင့် ပြောလိုက်ရာ ကိုရန်ကင်းက ၄င်းအား လှည့်ကြည့်လျက် မျက်ခုံးတစ်ဖက် ပင့်လိုက်၏။

'ဘယ်သူ့ကို ပြောတာလဲ မော်တင်ရ'

'ကိုယောဟန်ဆိုတဲ့ လူလေဗျာ၊ ဒီရာလွှင်နောက်ကို ပုသိမ်ကလိုက်လာတဲ့ ကျမ်းစာရူးပေါ့ဗျ'





'အေး… ဒီလူက တစ်ခါတည်း စုပ်စမြုပ်စကို ပျောက်သွားတာပဲ၊ ခက်တာက သူက ဒီကနေ့မှ ပျောက်သွားတာမဟုတ်ဘဲ (၂)ရက် ကြိုပြီးပျောက်သွားတာပဲ'

မော်တင်က သူ့လက်ပတ်နာရီကို မြှောက်ကြည့်လိုက်သည်။

'နေ့ခင်းကတည်းက သူ့ကို တစ်မြို့လုံးမှာ ပိုက်စိပ်တိုက်ရှာဖို့ ညွှန်ကြားထားတာပဲ၊ အခုဆိုရင် (၁၁)နာရီတောင်ထိုးခါနီးနေပြီ'

'မလွယ်လှဘူးလေကွာ၊ ရှာရတဲ့လူကလည်း သိပြီးသားလူဆိုးတစ်ယောက်ဆိုရင်တော့ အခုလောက်ရှိ မိပြီးရောပေါ့၊ ဒီယောဟန်ကတော့ လူစိမ်းသက်သက်တစ်ယောက်၊ ပြီးတော့လည်း နယ်ကလာတဲ့လူဆိုတော့ ရုတ်တရက် ရှာတွေ့ဖို့က တော်တော်ခက်တာကွ'

'အင်း… ဒီအတောအတွင်း သူ့အဆက် ဒီရာလွှင်ကတော့ အချုပ်ခန်းထဲမှာ ဒေါ်ဘယ်လောက်ဖောင်းနေပြီလဲ မဆိုနိုင်ဘူး။ သူ့ကို ကျွန်တော်ခေါ်သွားကတည်းက တော်တော့်ကို ဒေါ်ဖောင်းနေတာဗျ။ ကျွန်တော့်မျက်နှာကို ကုတ်မဆွဲရုံတမယ်ပဲ'

ကိုရန်ကင်းက မော်တင့်အား ကြည့်ကာ ပြုံးလိုက်သည်။

'အေး… ဒါကြောင့်လည်း ဒီတာဝန် မင်းကို ငါက ပေးခဲ့တာပေါ့'

'ရဲသန်း မြာတော့တော်တော်စွံခဲ့တာပဲနော်၊ သူ့ မယားဟောင်းကလည်း တော်တော့်ကို ဖြူးတယ်ဆို အစ်ကိုကြီး'

ကိုရန်ကင်းက ခေါင်းညိတ်ကာ လေချွန်သယောင်ပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖြူးတာတော့ တကယ်ဖြူးတာပဲ မော်တင်၊ ဒီရာလွှင် ထက်တောင် ပိုဖြူးသေးတယ်ကွ'

'ရဲသန်းဟာ ဘာကြောင့်များ မိန်းမတွေ ဒါလောက်ကျရ တာလဲဗျာ၊ သူ့မှာ ဘာလျှို့ဝှက်တဲ့ ဆွဲဆောင်မှုရှိသလဲ မသိဘူး'

'မင်းသိချင်ရင် သူ့ဆီကို လိုက်မေးပါလားကွ'

'တော်စမ်းပါ အစ်ကိုကြီးရာ'

ကိုရန်ကင်းလည်း သူနဲ့ မော်တင်တို့ အတူတကွ ရုံးထိုင် သည့် ရုံးခန်းထဲသို့ လှမ်းဝင်လိုက်ကာ သူတို့စားပွဲနှစ်လုံးကို သီးသန့် ကာထားသည့် ဝက်ခြံတံခါးကလေးကို ဆွဲဖွင့်လိုက်သည်။ ထို့ နောက် မော်တင်အား အရင်ဝင်စေပြီးမှ သူက နောက်ကလိုက် ဝင်လိုက်ကာ ဝက်ခြံတံခါးကို ပြန်ပိတ်ထားလိုက်၏။

သူတို့အခန်းနှင့် ကပ်လျက်သား အခန်းကား သူတို့၏ အထက်အရာရှိ ရဲဝန်ထောက် ဦးဘနီ၏ အခန်းဖြစ်သည်။ သူတို့ အသံကို ကြားရသဖြင့် ယခု ဦးဘနီက သူ့အခန်းတံခါးဝတွင် လာရပ်ကာ သူတို့နှစ်ယောက်အား ကြည့်လိုက်၏။

ဦးဘနီမှာ အသက် (၅၀)ခန့်ရှိပြီး သူ့တစ်သက်လုံး ရဲအဖွဲ့ တွင် အမှုထမ်းလာခဲ့သော ဝါရင့် ရဲအရာရှိကြီးတစ်ယောက် ဖြစ် ၏။ ၎င်းသည် ပါးစပ်တွင် ဆေးပြင်းလိပ်ကို ခဲထားလျက် လက် တစ်ဖက်တွင်တော့ အကြမ်းဖန်ခွက်တစ်ခွက်ကို ကိုင်ထားသည်။

'ဟင်… ဆရာ ခုထက်ထိ မပြန်သေးဘဲကိုး'

ကိုရန်ကင်းက သိရက်သားနှင့် တမင်မေးလိုက်သည်။ သူ့ဌာနက အရေးကြီးသော အမှုတစ်မှု ကိုင်နေရပြီဆိုလျှင် ဦးဘနီ သည် မခွာတော့ဘဲ အခြေအနေကို အမြဲတမ်း စောင့်ကြည့်အကဲ ခတ်တတ်သော အကျင့်ရှိသည်ကို ကိုရန်ကင်းက သိထားပြီးဖြစ်





နေ၏။

'မင်းတို့ကို စောင့်နေတာပဲလေ၊ ကဲ… ဆိုစမ်းပါဦး၊ မင်းတို့ ဒီကနေ့ ဘာတွေလုပ်လို့ ဘာတွေသိခဲ့ရသလဲ'

ဦးဘနီက ပြောပြောဆိုဆို ရန်ကင်း၏ စားပွဲဆီသို့ လျှောက်လာကာ စားပွဲစွန်းတွင် တင်ပုလွှဲဝင်ထိုင်ပြီး ပါးစပ်ထဲမှ ဆေးပြင်းလိပ်တိုကို ဓာတ်မီးခြစ်ထုတ်၍ မီးညှိလိုက်သည်။ ကိုရန် ကင်းကလည်း သူ့မှတ်စုစာအုပ်ကိုထုတ်ကာ ရဲသန်းအသတ်ခံရခြင်း နှင့်ပတ်သက်၍ ထိုနေ့တစ်နေ့လုံး သူစုံစမ်းသိခဲ့ရသည့် အချက် အလက်များကို ပြန်လည် ပြောပြလိုက်၏။

ကိုရန်ကင်းက အဆုံးသတ်လိုက်လျှင် ဦးဘနီက ဦးခေါင်း ကို ဖြည်းညင်းစွာ ယမ်းခါလိုက်၏။

'မင်းတို့ အကောင်က တကယ့်လူ့ချဥ်ဖတ်ကြီး ဖြစ်နေပါ တလားကွ။ အခု မင်းပြောတဲ့အတိုင်းဆိုရင် သူ့ကို မသတ်ပစ်ချင် တဲ့လူရှယ်လို့ မရှိသလောက် ဖြစ်နေတာပဲ'

'တကယ်ကိုပါပဲ အန်ကယ်ရာ'ဟု မော်တင်က ဝင်၍ ထောက်ခံလိုက်သည်။

'ခုနက မင်းအတွက် တယ်လီဖုန်းလာသေးတယ် ရန် ကင်း'ဟု ဦးဘနီက တစ်စုံတစ်ခုကို သတိရလာသည့် အမူအရာ ဖြင့် ပြောလိုက်သည်။

'ဘယ်ကလာတာလဲ ဆရာ'

'အင်းစိန် စီအိုင်ဒီလက်ဗွေ (ဓာတ်ခွဲခန်း)ကပဲကွ'

'ဪ… ရဲသန်းရဲ့ တိုက်ခန်းထဲမှာ ကျွန်တော်တို့ ရှာတွေ့ခဲ့ရတဲ့ နေကာမျက်မှန် အစကလေးကို စစ်ကြည့်ဖို့ မျက်မှန် ပါရဂူ ဒေါက်တာ ချိန်တိုးကို ပေးထားတယ်… အဲဒါ အကျိုး



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိရပြီတဲ့လား ဆရာ'

'အေး… သိရပြီ၊ မျက်မှန်ရဲ့ ဒီဂရီ ဘယ်လောက်ရှိတယ်ဆိုတာ သိရပြီ'

'ဒေါက်တာချိန်တိုးက ဒါတွေ အားကိုးရတာပဲ'

'သူက မျက်မှန်အမျိုးအစားကိုပဲ အနယ်လိုက်၍ လုပ်ကြည့်ခဲ့သေးတယ်၊ ဒီမျက်မှန်အစဟာ မှန်စစ်စစ် အမျိုးအစားထဲက တဲ့ကွ၊ ငါကတော့ မျက်မှန်ဆိုရင် မှန်စစ်စစ်လို့ပဲ ထင်နေမိတာ။ အခု သူ အနယ်လိုက်၍ လုပ်ရတဲ့ မျက်မှန်အမျိုးအစားက တခြားအမျိုးအစားတွေထက် ပိုပြီးဆတ်တော့ ကွဲလွယ်တယ်တဲ့၊ ဒါကြောင့် သိပ်ပေါ်ပြူလာ မဖြစ်တော့ မျက်မှန်ကုမ္ပဏီတွေက သိပ်မသွင်းကြဘူးတဲ့၊ ဒီတော့ကာ ဒီမျက်မှန်မျိုး သွင်းပြီးရောင်းတဲ့ ကုမ္ပဏီတွေက နည်းမှာပဲ…'

'ပြီးတော့ မျက်မှန်ကလည်း အစိမ်းရောင် အန်ကယ်လ်၊ ဒီတော့ ထရေ့စ်လုပ်ဖို့ ပိုလွယ်သွားတယ် ဆိုရမှာပဲ'

'အစိမ်းကလည်း တော်တော် သီးခြားကျတဲ့ အစိမ်းမျိုးပဲလေ'

မော်တင်နှင့် ကိုရန်ကင်းတို့က ဝင်၍ မှတ်ချက်ချလိုက်ကြသည်။

'မျက်မှန် ဒီဂရီ အတိအကျရယ်၊ မှန်အမျိုးအစား အတိအကျရယ်၊ ပြီးတော့ အရောင်အတိအကျရယ်ကို ရထားတော့ မျက်မှန်ဆိုင်တွေ လိုက်ပြပြီး ချက်ကင်လုပ်ဖို့ဆိုတဲ့ မောင်ရန်ကင်းရဲ့ စိတ်ကူးက မဆိုးလှဘူးကွ'

ဦးဘနီက ကိုရန်ကင်းအား ကြည့်ပြီး ပြောလိုက်သည်။ ပြီးမှ စကားဆက်ပြန်၏။





'တစ်ခုတော့ရှိတယ်၊ လူသတ်တရားခံက သူ့ကွဲသွားတဲ့ မျက်မှန်ကို အစားမထိုးဘဲ အဲဒီအတိုင်း ထားလိုက်ရင်တော့ မင်းတို့အတွက် အတော် ခက်သွားရလိမ့်မယ်။ ဒါပေမဲ့ ဒီမျက်မှန်အမျိုးအစား လာဝယ်တဲ့လူတွေရှိရင် တို့ဆီ ချက်ချင်း အကြောင်းကြားဖို့ မျက်မှန်ဆရာဝန်တွေ၊ မျက်မှန်ဆိုင်တွေကိုတော့ အကြောင်းကြားထားရလိမ့်မယ်'

'ဒါမှမဟုတ်လည်း ဒီလိုမျက်မှန် အမျိုးအစားကို ဘယ်သူက ဝယ်သွားဖူးတယ်ဆိုတာကို မျက်မှန်ဆရာဝန်တွေ၊ မျက်မှန်ဆိုင်တွေ အားလုံးမှာ လိုက်ချက်ကင်လုပ်ကြည့်ရမယ် ဆရာ'

ကိုရန်ကင်းက ပြန်၍ အကြံပေးလိုက်သည်။ မော်တင်က ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်သည်။

'ဒါကို ကျွန်တော်လည်း စဉ်းစားမိခဲ့ပါတယ် အစ်ကိုကြီး။ ဒါပေမဲ့ မျက်မှန်ဆရာဝန်ဆီက ဒီလူဝယ်သွားခဲ့တာ မဟုတ်ဘဲ မျက်မှန်ဆိုင် တစ်ဆိုင်မှာ ဝယ်ခဲ့တာဆိုရင်တော့ ထရေ့စ်လုပ်ရဖို့ တော်တော် ခက်လိမ့်မယ်။ မျက်မှန်ဆိုင်တွေက ဘယ်မျက်မှန် အမျိုးအစားကို ဘယ်သူ့ကို ရောင်းလိုက်တယ်ဆိုတာ ရက်ကော့ဒ် လုပ်ထားချင်မှထားမှာ'

'ဒါတော့လည်း ဒါပေါ့ မော်တင်ရာ၊ ဒါပေမဲ့ လိုလိုမယ်မယ် ချက်ကင်တော့ လုပ်ကြည့်ရမှာပဲ'ဟု ဦးဘနီက ဝင်ပြောလိုက်သည်။ 'မြို့ထဲက မျက်မှန်ဆိုင်တွေအားလုံးနဲ့ မျက်မှန် ဆရာဝန်တွေ အားလုံးဆီ လိုက်ချက်ကင်လုပ်ဖို့ မနက်ဖြန်ပဲ ငါ စီစဉ်လိုက်မယ်ကွာ'

ဦးဘနီက ပြောပြောဆိုဆို စားပွဲပေါ်မှ ဆင်းလိုက်ကာ ရုံးခန်းထဲ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။ မော်တင်



www.burmeseclassic.com

www.burmeseclassic.com



က သူ့ကုလားထိုင်တွင်ပင်ထိုင်ကာ စီးကရက်တစ်လိပ် မီးညှိလိုက်သည်။

'အင်း... မျက်မှန်ကိစ္စကတော့ ကျွန်တော်တို့လက်ထဲက လွတ်သွားပြီ၊ ဒီတော့ ကျွန်တော်တို့ နောက် ဘာလုပ်ကြဦးမလဲ'

ကိုရန်ကင်းက သူ့မှတ်စုစာအုပ်ကလေးကို ဖွင့်လိုက်ပြန်ကာ ဦးကြောင်ငါး၏ ရုပ်ရှင်ပြဖလင်ကားလိပ်တွင် ပါဝင်ခဲ့သော လူတွေ၏ နာမည်စာရင်းရှိသည့် စာမျက်နှာကို လှန်ကြည့်လိုက်ကာ မော်တင့်အား လှမ်းပေးလိုက်၏။

'ရက်ကော့ဒ် ဒီပတ်မင့်ကို ဖုန်းဆက်ပြီး ဒီလူတွေ အကြောင်း စုံစမ်းကြည့်ပါလား မော်တင်၊ သူတို့အထဲက တစ်ယောက်ယောက်မှာ ရာဇဝင်ရှိချင် ရှိနေလိမ့်မယ်'

မော်တင်က မှတ်စုစာအုပ်ကို ကြည့်ရင်းက ခေါင်းညိတ်ကာ တယ်လီဖုန်းဆီသို့ လက်လှမ်းလိုက်၏။ ကိုရန်ကင်းကတော့ သူ့စားပွဲပေါ်ရှိ အမှုတွဲခြင်းထဲမှ အသစ်ရောက်လာသော စာရွက်စာတမ်းတွေကို ဖတ်ရှုနေလိုက်သည်။

သို့ရာတွင် အမှုတွဲနှစ်ခုသာလျှင် ယခု သူတို့ကိုင်နေရသော ရဲသန်း အသတ်ခံရမှုနှင့် စပ်ဆိုင်လေသည်။ တစ်ခုမှာ ဆေးရုံကြီးမှ ရဲသန်း၏အလောင်းကို ခွဲစိတ်စစ်ဆေးရသော ဆရာဝန်ထံမှ အစီရင်ခံစာ ဖြစ်လေသည်။ ထိုအစီရင်ခံစာက ရဲသန်းအား ခွဲစိတ်စစ်ဆေးကြည့်ရှုခြင်း မပြုရသေးကြောင်းနှင့် နေ့ခင်းက ရဲသန်း၏ဇနီးဟောင်း ဒေါ်ကြွယ်ကြွယ်ဆိုသူက ရင်ခွဲရုံရှိ ရဲသန်း၏ အလောင်းကို လာရောက်ကြည့်ရှုပြီး အလောင်းသည် သူမ၏ ယောက်ျားဟောင်း ရဲသန်း၏အလောင်းဖြစ်ပါသည်ဟု သက်သေခံသွားကြောင်း ဖော်ပြထားလေသည်။





နောက် အစီရင်ခံချက် တစ်ခုကတော့ ရဲသန်း၏ တိုက်ခန်းထဲတွင် လက်ဗွေပုံစံ ရှာဖွေခဲ့ကြသူများထံမှ ဖြစ်လေသည်။ ၎င်းတို့သည် ရဲသန်း၏ တိုက်ခန်းအနှံ့တွင် လက်ဗွေပုံစံများ ရှာဖွေကြည့်ရှုခဲ့ကြရာ၊ တွေ့ရသမျှ လက်ဗွေပုံစံများမှာ မထင်မရှား မပြတ်သားသော ပုံစံများသာ ဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထား၏။

ကိုရန်ကင်းလည်း ထိုအစီရင်ခံစာများကို ဖိုင်တွဲခြင်းထဲတွင် ပြန်ထည့်ထားလိုက်ပြီး ထိုင်ရာမှထလျက် ရဲဝန်ထောက် ဦးဘနီ၏ရုံးခန်းဆီသို့ လျှောက်ခဲ့သည်။ ထို့နောက် ဦးဘနီထံမှ ထိုနေ့က ရဲအဖွဲ့မှ ဖမ်းဆီးလိုက်သူများ စာရင်းနှင့် ထူးခြားသော ဖြစ်ရပ်များ အစီရင်ခံချက်များကို တောင်းယူကာ သူ့စားပွဲဆီသို့ ပြန်လာပြီး တစ်ခုချင်း ဖတ်ရှုလေ့လာနေလိုက်ပြန်သည်။

မကြာခဏဆိုသလိုပင် ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ခဲ့သူသည် အခြားသောရာဇဝတ်မှုတစ်ခုကိုလည်း သူ မူလက ကျူးလွန်ခဲ့သော ရာဇဝတ်မှုနှင့် ဆက်စပ်လျက် ထပ်မံကျူးလွန်တတ်ကြောင်း တွေ့ရှိရ၏။ ဥပမာအားဖြင့်ဆိုလျှင် ပစ္စည်းရိုက်လုတတ်သော ရာဇဝတ်ကောင်တစ်ယောက်သည် ပထမ လူတစ်ယောက်ကို ရိုက်လုပြီးနောက် မိနစ်အနည်းငယ် အတွင်းမှာပင် အခြားလူသုံးလေးဦးကို ထပ်မံ ရိုက်လုတတ်ပြန်၏။

သို့မဟုတ် လုယက်မှု ကျူးလွန်ရန် ကြံစည်ထားသူတစ်ယောက်သည် သေနတ်တစ်လက်ကို မရ ရသည့်နည်းဖြင့် ရှာဖွေတတ်လေ၏။ လူသတ်မိသော လူတစ်ယောက်သည် သူ အမှုကျူးလွန်သည့် နေရာမှ ထွက်ပြေးနိုင်ရန် ကားတစ်စီးစီးကို ခိုးပြေးရတတ်၏။ သို့မဟုတ် ကားဒရိုင်ဘာ တစ်ယောက်ယောက်အား



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ပြ ခြိမ်းခြောက်လျက် ၎င်းတို့သွားလိုရာသို့ လိုက်ပို့ခိုင်းတတ်သည်။ ထို့ကြောင့် ရာဇဝတ်မှုကြီးတစ်ခုကို ကျူးလွန်ခဲ့သူတစ်ယောက်သည် ထိုအမှုနှင့်ဆက်၍ နောက်ထပ် ရာဇဝတ်မှုတစ်ခုကို ထပ်မံ ကျူးလွန်တတ်ပြန်ကာ ထို့အတွက်ပင် ရဲလက်သို့ ရောက်သွားရတတ်ပေ၏။

မည်သို့ပင်ဖြစ်စေ၊ ရာဇဝတ်မှုကြီးတစ်ခု ဖြစ်ပွားခဲ့သောနေရာ၏ ပတ်ဝန်းကျင်တွင်လည်းကောင်း၊ အနီးအနားတွင်လည်းကောင်း၊ အခြားရာဇဝတ်မှု တစ်ခုအတွက် ဖမ်းဆီးခြင်း ခံရသူတိုင်းသည် ထိုရာဇဝတ်မှုကြီးကို ကိုင်တွယ်စစ်ဆေးနေသော ရဲအရာရှိအတွက် ဂရုစိုက်ရမည့် လူတစ်ယောက် ဖြစ်လေသည်။

သို့ရာတွင် ယခု ကိုရန်ကင်းက ဖမ်းဆီးချက် အစီရင်ခံစာစာရင်းတွင် ရဲသန်းအသတ်ခံရမှုနှင့် ပတ်သက် ဆက်စပ်သည်ဟူ၍ ယူဆစရာ ရာဇဝတ်မှုများကိုလည်းကောင်း၊ ဖမ်းဆီးထားခြင်း ခံရသူများကိုလည်းကောင်း၊ ဘယ်လိုမှ ရှာမတွေ့ရဘဲ ရှိလေသည်။ ထို့ကြောင့် ကိုရန်ကင်းသည် အစီရင်ခံစာများကို ဦးဘနီ၏စားပွဲပေါ်သို့ ပြန်ပို့ကာ သူ့စားပွဲသို့ ပြန်လာပြီး၊ လက်နှိပ်စက်ဖွင့်ကာ ရဲသန်းအမှုအကြောင်း သူ စုံစမ်းစစ်ဆေးတွေ့ရှိရသမျှ အစီရင်ခံစာအသေးစိတ်ကို ရိုက်နှိပ်နေလိုက်သည်။

ဒိုရာလွှင်အား သူ စစ်ဆေး မေးမြန်းချက်များကို ရိုက်နှိပ်နေစဉ်မှာပင် သူ့စားပွဲပေါ်မှ တယ်လီဖုန်း ခေါင်းလောင်းက မြည်လာသည်။ အောက်ထပ် ရုံးခန်းမကြီးထဲမှ စုံစမ်းရေးဌာနကိုင်သူ ရဲအုပ် ကိုထွန်းတင်ပင် ဖြစ်နေ၏။

'ဆရာ ရန်ကင်း… ခုနက ကျွန်တော်ပြောတဲ့လူ ဆရာ့ဆီကို တက်လာနေပြီ'





'ခုနက ကျွန်တော့်ကို လာမေးတယ်ဆိုတဲ့ လူလား ကိုထွန်းတင်'

'ဟုတ်တယ် ဆရာ'

'ကောင်းပြီလေ၊ ကျေးဇူးတင်ပါတယ်'

ကိုရန်ကင်းက တယ်လီဖုန်းကို ပြန်ချလိုက်စဉ် သူ့ကျောဘက်မှကပ်လျက် 'ဦးရန်ကင်းလားခင်ဗျာ' ဟု အသံခပ်ရှုရှုဖြင့် မေးလိုက်သံ ထွက်ပေါ်လာသည်။ ကိုရန်ကင်းသည် ရုတ်တရက် မမျှော်လင့်ဘဲ ကျောနားကပ်လျက် ကြားရသဖြင့် ဆတ်ခနဲ လန့်သွားမိကာ ချာခနဲ လှည့်ကြည့်လိုက်၏။

'ခင်ဗျားဟာက ဘယ်လိုလဲ၊ ဝက်ခြံထဲ ဘာဖြစ်လို့ ဝင်လာရတာလဲ၊ ဝက်ခြံအပြင်ဘက်က စောင့်နေရတယ်ဆိုတာ ခင်ဗျား မသိဘူးလား'

ကိုရန်ကင်းက တော်တော်ပင် ကျွဲမြီးတိုသွားမိသည့်အတွက် ထိုလူအား ပစ်၍ဟောက်လိုက်မိသည်။ ထိုလူကား ရဲအုပ်ကိုထွန်းတင် ပြောခဲ့သည့်အတိုင်း သွားခေါခေါ နားရွက်ကားကားနှင့် ရုပ်အတော်ဆိုးလှသူ ဖြစ်သည်။ သူသည် ကော်လာဝိုင်းရှပ်အင်္ကျီ၊ ပင်နီအပေါ်အင်္ကျီနှင့် ကွက်ကျဲလုံချည် ဝတ်ဆင်ထားကာ လက်ထဲတွင် သက္ကလတ်ဦးထုပ်ပျော့ တစ်လုံးကို ကိုင်ထားလေသည်။

'ဟုတ်ကဲ့ခင်ဗျာ… ကျွန်တော် မသိလို့ပါ ဦးရန်ကင်းရာ၊ ကျွန်တော့်ကို ခွင့်ပြုပါ ခင်ဗျာ… အဲ… ဆရာက ဦးရန်ကင်း ပဲ မဟုတ်လား ခင်ဗျာ'

ကိုရန်ကင်းက ချက်ချင်းပင် ဒေါသပြေသွားတော့သည်။

'အေးဗျာ… နောက်တစ်ခါ အခွင့်မတောင်းဘဲ ဝက်ခြံ



www.burmeseclassic.com

www.burmeseclassic.com



ထဲကို ဝင်မလာပါနဲ့၊ ဟုတ်တယ်၊ ရန်ကင်းဆိုတာ ကျုပ်ပဲ၊ ကဲ… ခင်ဗျားလာတာ ဘာကိစ္စလဲ'

'ကျွန်တော်က ကိုရဲသန်းရဲ့ မိတ်ဆွေတစ်ယောက်ပါ ခင်ဗျာ'

ညွှန်သည်က သူ့သက္ကလတ်ဦးထုပ်ကို ရင်ဘတ်တွင် ဒိုင်းသဖွယ်ကာထားရင်းက မဝံ့မရဲ အမူအရာဖြင့် ပြောလိုက်၏။

'ဟုတ်လား၊ နို့… ခင်ဗျားနာမည်ကကော ဘယ်သူလဲ'

'ကျွန်တော့်နာမည်လားခင်ဗျာ… အဲ… ကျွန်တော့်နာမည် အုန်းခင်လို့ခေါ်ပါတယ်'

'ကဲ… ထိုင်ပါ ကိုအုန်းခင်'

ကိုအုန်းခင်က ကုလားထိုင်စောင်းတွင် ဖင်တစ်ခြမ်းသာ တင်လျက် ထိုင်ချလိုက်သည်။ သူ့ဦးထုပ်ပျော့ကလေးကိုလည်း ရင်ဘတ်တွင် တင်းတင်းကျုပ်ကျုပ် ကပ်ထားလိုက်ကာ ကိုရန်ကင်းအား မျက်လုံးပေကလပ် ပေကလပ်ဖြင့် ကြည့်လိုက်၏။

'ကဲ… ကိုအုန်းခင်၊ ခင်ဗျားကိစ္စက ဘယ်လိုလဲ၊ ခင်ဗျား အခုလို အချိန်ကြီးမှာ လိုက်လာတာဆောက်ရင်တော့ တော်တော် အရေးကြီးရမှာပဲ'

'ဟုတ်ကဲ့… ဟုတ်ကဲ့… ကျွန်တော် အခုလာခဲ့ရတဲ့ ကိစ္စကတော့ တော်တော်အရေးကြီးပါတယ်၊ အဲ…'

ကိုအုန်းခင်သည် ရှေ့ဘယ်လိုစကားဆက်ရမည် မသိ ဖြစ်နေဟန်တူ၏။ ထို့ကြောင့် ကိုရန်ကင်းက စကားဆက်လိုက် ပြန်သည်။

'ကဲ… ဆိုစမ်းပါဦး၊ ခင်ဗျားက ကိုရဲသန်းရဲ့မိတ်ဆွေ ဆိုတော့'





'ဟုတ်ပါတယ်၊ ကျွန်တော် သူ့ကို သိခဲ့တာကြာပါပြီ၊ ကျွန်တော်နဲ့သူဟာ ရှမ်းပြည်နယ်ကတည်းက သိခဲ့ကြတာပါ'

'ရှမ်းပြည်နယ်ကတည်းက ဟုတ်လား၊ ရှမ်းပြည်နယ် ဘယ်နေရာမှာလဲ'

'ကစားဝိုင်းတွေ ဘုရားပွဲတော်တွေ ကျင်းပလေ့ရှိတဲ့ နေရာတိုင်းမှာပေါ့ဗျာ၊ လွန်ခဲ့တဲ့ (၁၀)နှစ်ကတည်းက ဆိုပါတော့၊ သူ အသတ်ခံရတယ်ဆိုတာကို ကြယ်နီသတင်းစာထဲမှာလည်း ဖတ်လိုက်ရရော၊ ကျွန်တော့်အနေနဲ့ တာဝန်ရှိလာပြီဆိုတာကို သိခဲ့ရတာပါပဲလေ၊ ဒါနဲ့ ကျွန်တော်က ဂါတ်တဲကို ဖုန်းဆက်ပြီး မေးခဲ့တော့ ဒီအမှုကို ဦးရန်ကင်း ကိုင်နေတယ်ဆိုတာသိရတာနဲ့ ကျွန်တော်လည်း ဦးရန်ကင်းကို လိုက်ရှာခဲ့ရတော့တာပါပဲ'

'ခင်ဗျားမှာ ဘယ်လိုတာဝန်ရှိတယ်ဆိုတာ ရှင်းပြပါဦး လေ…'

ကိုအုန်းခင်က သက်ပြင်းကြီးတစ်ချက်ကို မှုတ်ထုတ် လိုက်ကာ ကိုရန်ကင်းအား မျက်စိများ ပေကလပ် ပေကလပ်ဖြင့် ကြည့်လိုက်ပြန်သည်။

'ကျွန်တော် ရှင်းရှင်းပြောရမယ်ဆိုရင် ကျွန်တော်ဟာ သိပ်ကို ကြောက်နေရတဲ့ လူတစ်ယောက်ပါ ဦးရန်ကင်း၊ ကျွန်တော့် အသက်အန္တရာယ်အတွက် အင်မတန်မှ စိုးရိမ်နေရပါတယ် ခင်ဗျာ'

'ဟုတ်လား၊ ဘယ်လိုကြောင့်လဲဆိုတာ ပြောပြပါဦး'

'ဘယ်လိုကြောင့်လဲ၊ ဟုတ်လား၊ ဘယ်လိုကြောင့်ရမှာ လဲခင်ဗျာ၊ ကိုရဲသန်းကို ဘယ်သူသတ်သွားတယ်ဆိုတာ ကျွန်တော် က သိနေရတာကိုးဗျ၊ တကယ်တော့ သူက မှားသွားခဲ့တာ ခင်ဗျ'

ကိုရန်ကင်းက သူ့စိတ်ဝင်စားမှုကို ကြိုးစားချုပ်တည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ ခပ်အေးအေးပင် မေးလိုက်သည်။

'သူက မှားသွားတယ်ဆိုတာ ဘယ်သူ့ကို ပြောတာလဲ'

'မြိတ်သားသောင်းတင်ကို ပြောတာပေါ့ ဦးရန်ကင်း၊ သူက တကယ်တော့ ရဲသန်းကို လူမှားပြီး သတ်ခဲ့တာဗျ'

'နေစမ်းပါဦး၊ ရဲသန်းကို သူက လူမှားသတ်ခဲ့တာဆိုတာက ဘယ်လိုလဲ'

'မြိတ်သားသောင်းတင် သတ်ဖို့ရည်ရွယ်ခဲ့တဲ့လူက ကျွန်တော်ပါပဲ ဦးရန်ကင်း၊ အဲဒါ သူက လူမှားသတ်ခဲ့တယ်ဆိုတာကို သူသာသိသွားခဲ့ရင် ကျွန်တော့်ကို လိုက်ရှာသတ်တော့မှာ အမှန်ပါပဲဗျာ၊ မြေကြီးလက်ခတ် မလွဲပါဘူး'

'ရဲသန်းကို ဒီမြိတ်သားသောင်းတင်က သတ်ခဲ့တယ်ဆိုတာ ခင်ဗျား သေချာရဲ့လား'

'ဟာ… သေချာသမှ သိပ်ကို သေချာတာပေါ့ဗျာ၊ ကျွန်တော် ခု ဦးရန်ကင်းဆီလာပြီး ထိုင်စကားပြောနေသလိုပဲ သေချာလှပါသဗျာ'

'ခင်ဗျားက ဘယ်လိုသိတာလဲ၊ ခင်ဗျားကိုယ်တိုင် မျက်စိနဲ့တွေ့ခဲ့ရလို့လား'

'မျက်စိနဲ့ တပ်အပ်တော့ တွေ့ရတာ မဟုတ်ပါဘူးဗျာ၊ ဒါပေမဲ့ သူပဲ ဖြစ်ရမယ်ဆိုတာကိုတော့ ကျွန်တော် တပ်အပ်သိပါတယ်'

ကိုရန်ကင်းက ကိုအုန်းခင်အား စူးစိုက်ကြည့်လိုက်သည်။

'မြိတ်သားသောင်းတင်က ရဲသန်းကို ခင်ဗျားထင်ပြီး ပစ်သတ်ခဲ့တယ်လို့ ခင်ဗျားဆိုလိုတာလား'

ကိုအုန်းခင်က သူ့ဦးခေါင်းကို ခါလိုက်ပြန်သည်။





'ဒီလိုလည်း မဟုတ်ပါဘူး၊ မြိတ်သားသောင်းတင်က သူ့မယားကို… အဲ… ကြာခိုနေသူဟာ ကိုရဲသန်းလို့ ထင်ပြီး ပစ်သတ်ခဲ့တာလို့ ကျွန်တော်က ပြောနေတာဗျ၊ သူ့မယားနဲ့ဖြစ်နေတဲ့လူက အမှန်တော့ ရဲသန်းမဟုတ်ပါဘူး… ကျွန်တော်ပါ။ ရဲသန်းက မြိတ်သားသောင်းတင်ရဲ့ မိန်းမကို သိတောင် မသိခဲ့ရှာပါဘူး'

'ခဏနေဦး ကိုအုန်းခင်'

မော်တင် ဖုန်းဆက်ပြီးသွားသည်ကို တွေ့လိုက်ရတော့ ကိုရန်ကင်းက ကိုအုန်းခင်အား ခေတ္တ တားထားလိုက်ပြီး 'မော်တင်ရေ… ခဏကွာ'ဟု လှမ်းခေါ်လိုက်သည်။ မော်တင်ကလည်း ကိုရန်ကင်း၏ စားပွဲဆီသို့ လျှောက်လာပြီး ကိုအုန်းခင်အား အကဲခတ်ကြည့်လိုက်သည်။

'ဟုတ်ကဲ့ အစ်ကိုကြီး၊ ဘာဖြစ်လို့လဲ'

'မော်တင်… သူက ကိုအုန်းခင်တဲ့၊ ကိုအုန်းခင် သူက ကျွန်တော့်ရဲ့တွဲဖက် စုံထောက်ရဲမှူး မော်တင်ပဲ၊ ကိုအုန်းခင်က ကိုရဲသန်းရဲ့ မိတ်ဆွေတဲ့၊ ကိုရဲသန်းကို သတ်သွားတဲ့လူကို သူက သိပါတယ်လို့ ပြောနေတယ်'

မော်တင်က ကိုအုန်းခင်ကို စိတ်ဝင်စားစွာ ကြည့်လိုက်သည်။

'ခင်ဗျား တကယ်ပြောနေတာလား'

ကိုအုန်းခင်က သူ့ဦးခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

'တကယ်ပြောနေတာပေါ့ဗျာ၊ ကျွန်တော် သေသေချာချာကို သိပါတယ်'

'ကဲ… သိရင် ပြောစမ်းပါဦးဗျာ၊ ဘယ်သူများလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မြိတ်သားသောင်းတင်ဆိုတဲ့ လူပဲပေါ့ဗျ၊ အခု သူက ကျွန်တော့်ကို ထပ်သတ်ဦးမှာ'

ကိုအုန်းခင်က ငိုသံပါတော့မတတ် အသံဖြင့် ပြောလိုက်၏။

'ခင်ဗျားကို ဘယ်သူကမှ မသတ်ရပါဘူး ကိုအုန်းခင်' ဟု ကိုရန်ကင်းက နှစ်သိမ့်လိုက်၏။

'ခင်ဗျား ဒီကိုလိုက်လာတာဟာ ဒါကြောင့်ပဲ မဟုတ်လား။ ဒီမြိတ်သားသောင်းတင်ကို ကျုပ်တို့က ဖမ်းမိအောင် အကူ အညီပေးမလို့ မဟုတ်လား'

'မှန်ပါတယ် ဦးရန်ကင်း၊ ကျွန်တော် တတ်အားသရွေ့ အကူအညီပေးပါ့မယ်'

ကိုအုန်းခင်က ပြောရင်းကပင် တံခါးဝဆီသို့ လှမ်းကြည့် လိုက်သည်။ သူပြောနေသော မြိတ်သားသောင်းတင်ဆိုသူက ယခု ပင်လျှင် တံခါးပေါက်ဝမှ ဝင်လိုက်လာတော့မည်ကို စိုးရွံ့နေပုံ ရ၏။ ပြီးမှ ကိုရန်ကင်းနှင့် မော်တင်တို့အား ပြန်လှည့်ကြည့်လိုက် ကာ ငိုတော့မလို မျက်နှာကြီးဖြင့် စကားဆက်လိုက်၏။

'အမှန်ဆိုတော့လည်း သူက ကျွန်တော့်ကို သတ်ပစ်ဖေ ဆိုလည်း သတ်ပစ်ထိုက်ပါတယ်လေ၊ ကျွန်တော်ဆိုတဲ့ ခွေးမသား ကိုက ရွေးပြီး သူ့လိုလူမျိုးကိုမှ သွားစော်ကားမိခဲ့တာကိုး။ နင် တော်တော် မိုက်သေးတယ် အုန်းခင်၊ နင် တော်တော်မိုက်တယ် ဟဲ့…'

ကိုအုန်းခင်က ပြောပြောဆိုဆို လက်သီးဆုပ်တစ်ဖေ ဖြင့် သူ့ဦးခေါင်းကို ထုနေလိုက်သည်။ ကိုရန်ကင်းအား မော်တ က ကြည့်လိုက်ပြီး မျက်ခုံးနှစ်ဖက်ကို ပင့်လိုက်၏။ ကိုရန်ကင်း





ကိုအုန်းခင်၏ ပခုံးတစ်ဖက်ပေါ်သို့ လက်တင်လိုက်သည်။

'ကဲ… ကိုအုန်းခင်၊ ခင်ဗျား ကျုပ်တို့ဆီ ရောက်လာမှ တော့ ဘာမှကြောက်စရာ မလိုတော့ပါဘူး၊ ကျုပ်တို့က ခင်ဗျား ကို အကာအကွယ်ပေးမှာပေါ့၊ ဖြစ်ပျက်ပုံကိုသာ ကျုပ်တို့ကို အစုံ အစေ့ ပြောပြပါ၊ ဟုတ်လား'

'ဟုတ်ကဲ့… ပြောပြပါ့မယ် ဆရာတို့ရယ်၊ ကျွန်တော် ခုနက ပြောခဲ့တဲ့အတိုင်းပါပဲ၊ မြိတ်သားသောင်းတင်က သူ့ကွယ် ရာမှာ ရဲသန်းဟာ ကြည်မြ၊ အဲ… ကြည်မြဆိုတာက မြိတ်သား သောင်းတင်ရဲ့ မိန်းမဗျ၊ ကြည်မြဟာ ရဲသန်းနဲ့ ဖောက်ပြန်နေတယ် လို့ ထင်ခဲ့တယ်လေ၊ ဒါပေမဲ့ ရဲသန်းကတော့ ကြည်မြကို မြင် တောင် မြင်ဖူးခဲ့တာ မဟုတ်ပါဘူး'

'မြိတ်သားသောင်းတင်က ဘာကြောင့် ဒီလိုထင်ခဲ့ရတာ လဲ…'

ကိုရန်ကင်းက ပြန်မေးလိုက်၏။

'ကျွန်တော်နဲ့ ကြည်မြက ရဲသန်းရဲ့တိုက်ခန်းမှာ ချိန်းချိန်း တွေ့ခဲ့ကြတာကိုးဗျ၊ တကယ်တော့ ကျွန်တော်တို့နှစ်ယောက် လွတ် လွတ်လပ်လပ် ချိန်းတွေ့နိုင်တဲ့ နေရာဆိုလို့လည်း ဒီနေရာပဲရှိတာ ဲ ကြည်မြကို ကျွန်တော်နေတဲ့ အိမ်ခန်းမှာ ခေါ်တွေ့ဖို့ကလည်း ဖြစ်ဘူး၊ ကျုပ် အိမ်ရှင်အဒေါ်ကြီးက သိပ်ဆိုးတာဗျ၊ ဟိုတယ် သွားဖို့ဆိုတာကလည်း ကြည်မြက မလိုက်ချင်ဘူး၊ သူ့ကို တစ် ယောက်ယောက်က တွေ့သွားမှာကို သိပ်စိုးရိမ်ရှာတယ်၊ ဒါကြောင့် ကျွန်တော်တို့က ရဲသန်းရဲ့တိုက်ခန်းကိုပဲ သွားရတယ်၊ ရဲသန်းကို ဟိုတယ်ခန်းငှားခထက် နည်းနည်းပါးပါးပဲ ပိုပေးရပါတယ်'

'ရှို… ရဲသန်းက ခင်ဗျားမိတ်ဆွေတစ်ယောက်ဆိုဗျ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ငွေပေးနေရသေးသလား'

ကိုရန်ကင်းက ပြန်မေးလိုက်သည်။

'မှန်ပါတယ်၊ ရန်ကုန်မြို့ထဲမှာဆိုရင် ကျုပ်မိတ်ဆွေအရင်းဆိုလို့ သူတစ်ယောက်တည်းပဲ ရှိတာပဲ၊ ဒါပေမဲ့ သူ့တိုက်ခန်းအသုံးပြုခကိုတော့ ကျွန်တော်က ပေးပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအခန်း အသုံးပြုခွင့်ရတာဟာ ကျွန်တော့်အတွက်ကော ကြည်မြအတွက်ကော သိပ်ကို ဟန်ကျတာကလားဗျ'

'ထားပါတော့၊ ခင်ဗျားက ကြည်မြကို ရဲသန်းရဲ့ တိုက်ခန်းဆီ မကြာခဏ ခေါ်သွားခဲ့သလား'

မော်တင်က ဝင်မေးလိုက်ခြင်း ဖြစ်သည်။

'ဟုတ်ကဲ့… မကြာခဏပဲဆိုပါတော့၊ ကျွန်တော်က ပထမ ကိုရဲသန်းဆီကို တိုက်ခန်းအားပါ့မလားလို့ မေးရတယ်၊ သူက အားတယ်ဆိုမှ ကျွန်တော် သွားရတယ်၊ သူက တိုက်ခန်းတံခါးသော့ကို ထားနေကျနေရာမှာ ထားခဲ့ပြီး ထွက်သွားရော၊ ဒါပေမဲ့ ကျွန်တော်နဲ့ ကြည်မြက တိုက်ခန်းကို ဘယ်တော့မှ နှစ်ယောက်တွဲ တူတူ မသွားကြပါဘူး၊ ကျွန်တော်က ကြည်မြကို ဖုန်းဆက် အကြောင်းကြားလိုက်ရင် သူက သူ့ဘာသာသူ တိုက်ခန်းကို လာတာပဲ။ သူက လမ်းပေါ်မှာ ဘယ်ယောက်ျားနဲ့မှ ရ… ရက် အမြင်ခံချင်တာ မဟုတ်ဘူး'

ကိုအုန်းခင်က စကားရပ်လိုက်ပြန်ကာ အခန်းတံခါးဆီ… စိုးရိမ်မကင်း လှည့်ကြည့်လိုက်ပြန်သည်။ ပြီးမှ တံခါးကို လှ… မကြည့်ဘဲ မြင်နိုင်သည့် အနေအထားသို့ ကုလားထိုင်ကို ရွှေ့… လိုက်လျက် စကားဆက်ပြန်သည်။

'ဒါပေမဲ့ ရဲသန်းတိုက်ခန်းကို သူလာတာ တစ်ယော…





ယောက်တွေ့သွားပြီး သူ့ယောက်ျားကို ပြောပြလိုက်တာ ဖြစ်မှာပဲ၊ မြိတ်သားသောင်းတင်ရဲ့ မိတ်ဆွေတစ်ယောက်ယောက် ဖြစ်မှာပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မြိတ်သားသောင်းတင်လည်း ထောင်က လွတ်လာရော'

'နေစမ်းပါဦး၊ မြိတ်သားသောင်းတင်က ထောင်ကျဖူးတယ်ပေါ့'ဟု မော်တင်က စကားဝင်ဖြတ်မေးလိုက်ရာ ၄င်းက ခေါင်းညိတ်ပြလိုက်သည်။

ကိုအုန်းခင်က ဦးခေါင်းကို တဆတ်ဆတ် ညိတ်ပြလိုက်သည်။

'ဆိုစမ်းပါဦး၊ ဘာအမှုနဲ့ ထောင်ကျတာလဲ'

ကိုအုန်းခင်က ကြက်သီးများ ထသွားသလို သူ့ပခုံးများကို တွန့်လိုက်သည်။

'လူသေမှုနဲ့ပဲ ဆရာရဲ့၊ သူက လူတစ်ယောက်ကို လက်သီးနဲ့ အသေထိုးသတ်ခဲ့တယ်လေ'

'ဘယ်မှာ ဖြစ်ခဲ့ကြတာလဲ'

မော်တင်က, မေးလိုက်ပြန်၏။

'ဒီမှာတင် ဖြစ်တာပဲပေါ့ ဆရာရယ်၊ ရန်ကုန်မြို့ထဲမှာပဲပေါ့…'

'ဘယ်တုန်းက ဖြစ်ခဲ့တာလဲ'

'လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်ကပါ'

'ထောင်ကျတော့ကော ဘယ်ထောင်မှာကျသွားသလဲ'

'ရန်ကုန်ထောင်ကြီးထဲမှာပဲ ကျတယ်လို့ ပြောတာပဲ၊ ဒါပေမဲ့ အဲဒီအကြောင်းကို ကျွန်တော် အစကမသိခဲ့ပါဘူး။ ကြည်မြ… သူ့ယောက်ျားဟာ မိုးကုတ်မှာ ကျောက်သွားတူးနေခဲ့တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တယ်၊ နောက် မြတ်သားသောင်းတင်က တစ်ညမှာ ရဲသန်းရဲ့ တိုက်ခန်းကိုရောက်လာပြီး ကျွန်တော့်ကို တွေ့သွားတော့မှသာ ကြည်မြ ကျွန်တော့်ကို လိမ်ထားကြောင်း သိရတော့တာပါပဲ'

ကိုအုန်းခင်က ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါကာ ပင့်သက်ကလေးတစ်ချက် ရှိုက်လိုက်ပြီးမှ စကားပြောပြန်သည်။

'အဲဒီညက သူက ကျွန်တော့်ကို သတ်မလို့ဗျ၊ ကံကြီး လှပေလို့သာ ကျွန်တော် မသေခဲ့ရတာပဲ'

'ကဲ… ပြောစမ်းပါဦး၊ အဲဒီအဖြစ်အပျက်ကို'

ကိုရန်ကင်းက စိတ်ဝင်စားစွာ မေးလိုက်ပြန်၏။

'ဒီလိုဗျ၊ သူ့မိန်းမ ကြည်မြဟာ ရဲသန်းရဲ့ တိုက်ခန်းကို မှန်မှန် သွားနေတယ်ဆိုတာ မြတ်သားသောင်းတင်ကို တစ်ယောက် ယောက်က ပြောလိုက်ပါလိမ့်မယ်၊ ဒီတော့ သူ ထောင်ကလွတ် လာပြီး သူ့မိန်းမကို အိမ်မှာမတွေ့တဲ့အခါမှာ သူက ရဲသန်းရဲ့ တိုက်ခန်းကို တစ်ခါတည်း လိုက်လာခဲ့တော့တာပဲပေါ့ဗျ၊ နောက် ကျတော့ ကြည်မြက ကျွန်တော့်ကို ပြောခဲ့ပါတယ်၊ သူ့ယောက်ျား ဒါလောက်စောပြီး ထောင်ကလွတ်လာလိမ့်မယ်လို့ သူ မထင်မိ ဘူးတဲ့၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ မြတ်သားသောင်းတင်ကတော့ သူ့မိန်းမ ရဲသန်းရဲ့ တိုက်ခန်းကို သွားသွားနေခဲ့တာ ကောင်းကောင်း ကြီး သိထားနေခဲ့တယ်၊ ဒါကြောင့်လည်း သူက ဘယ်နေ့ ထောင် ကလွတ်လာမယ်ဆိုတာ ကြည်မြကို အသိမပေးခဲ့တာပေါ့၊ သူက ကြည်မြကို အငိုက်ဖမ်းမလို့ပေါ့ဗျာ'

ကိုအုန်းခင်က မျက်လုံးများကို မှိတ်ကာ သူ့ပခုံးများကို ကျုံ့လိုက်ပြန်သည်။ 'တကယ်တော့လည်း လက်ပူးလက်ကြပ်မိတာ ကို သိသိကလေး မတော့မလို့ပေါ့ဗျာ၊ ကျွန်တော်ဖြင့် ပြန်တွေး





တိုင်း အသည်းယားမိသေးတယ်၊ ကျွန်တော်က အဲဒီတုန်းက ရဲသန်းရဲ့ တိုက်ခန်းမှာ ရောက်နှင့်နေပြီး ကြည်မြအလာကို စောင့် နေခဲ့တာဗျ၊ ကြည်မြကလည်း လာနေပြီ၊ သူ့ယောက်ျား ပြန်ထွက် သွားပြီး ငါးမိနစ်မကြာခင်မှာ ရောက်လာခဲ့တာဆိုတော့ သိသိ ကလေး လွဲသွားတာပေါ့ဗျာ၊ သူသာ ငါးမိနစ်လောက် စောလာခဲ့ ရင်ဖြင့် ကျွန်တော်တို့ နှစ်ယောက်စလုံး ကြွမှာပဲ'

'မြတ်သားသောင်းတင်က ခင်ဗျားကို တွေ့သွားတော့ ဘာတွေဖြစ်ကြတယ်ဆိုတာ ပြောပြစမ်းပါဦး'

ကိုရန်ကင်းက မေးလိုက်ပြန်၏။

'ကျွန်တော်ဖြင့် ပြန်ပြောရမှာကိုတောင် ကျောချမ်းမိတယ် ဗျာ၊ ခုနက ကျွန်တော် ပြောသလိုပါပဲ၊ ကျွန်တော်က ရဲသန်းရဲ့ တိုက်ခန်းကို အရင်ရောက်နှင့်နေပြီး၊ ဧည့်ခန်းထဲမှာ ကြည်မြကို ထိုင်စောင့်နေတုန်း ဝုန်းခနဲ တိုက်ခန်းတံခါး ပွင့်လာပြီး မြတ်သား သောင်းတင် ရှူးရှူးရှားရှားနဲ့ ဝင်လာတော့တာပဲ၊ အဲဒီတုန်းကတော့ သူ ဘယ်သူဆိုတာ ကျွန်တော် ဘယ်သိဦးမှာလဲ၊ ကျွန်တော်တွေ့ ရတာက သူဟာ ရောမ လူကြီးတစ်ယောက်ဖြစ်ပြီး အင်မတန်မှ ရက်စက်ပုံရပြီး အားကြီးပဲ ဒေါပွနေတယ်ဆိုတာပါပဲ၊ ပြီးတော့ သူ့လက်ထဲမှာ သေနတ်ကြီးကိုင်ရက်နဲ့ဗျ'

ကိုအုန်းခင်က တံတွေးကို ဂလုခနဲနေအောင် မျိုချလိုက် ပြီးမှ စကားဆက်ပြန်၏။

'သူက ကျွန်တော့်ကို တွေ့တွေ့ချင်းပဲဗျာ၊ မအေ နှမမျိုးစုံ အောင် ဆဲတော့တာပါပဲ၊ ပြီးတော့ ကျူပ်ကို ရှပ်အင်္ကျီရင်ဘတ် ကနေ ဆုပ်ကိုင်ပြီး ကုလားထိုင်ပေါ်ကနေ တအားဆောင့်ဆွဲထူ လိုက်တော့တာပဲ။ ပြီးတော့ သူက ပြောတယ်ဗျ၊ ခွေးမသား…



www.burmeseclassic.com

www.burmeseclassic.com



အမျိုးယုတ် ရဲသန်း၊ မင်းကို ငါ အသေပစ်သတ်ဖို့လာတာ ကြည့်မြ ဘယ်မှာလဲတဲ့'

'သူကိုင်ထားတဲ့ သေနတ်က ဘယ်လိုသေနတ်မျိုးလဲ'

ကိုရန်ကင်းက မေးလိုက်ပြန်ရာ ကိုအုန်းခင်သည် ခပ်ကြောင်ကြောင် 'ဗျာ' ဟု ပြန်ဆိုလိုက်၏။

'ဒီလိုလေ… သူယူလာတဲ့ သေနတ်က ခြောက်လုံးပြူးလား၊ ဒါမှမဟုတ် အော်တိုမစ်တစ် ပစ္စတိုလားလို့ မေးတာပါ'

ကိုအုန်းခင်က လက်နှစ်ဖက်ကို ဖြန့်ပြလိုက်၏။

'ဒါကိုတော့ ကျွန်တော်လည်း ဘယ်ပြောတတ်မလဲ။ ကျွန်တော်သိတာကတော့ သေနတ်ဆိုတာပဲဗျ'

'သူ့သေနတ်က ပြောင်းရှည်သလား'

'အင်း… ရှည်ပုံရတယ်ဗျ၊ ဆရာကလည်းဗျာ၊ ဘာဖြစ်လို့ ဒါကို မေးနေရတာလဲ၊ သေနတ်ဟာ သေနတ်ပဲပေါ့ဗျ၊ သူက သာ အဲဒီသေနတ်နဲ့ ကျွန်တော့်ကို ပစ်ခဲ့ရင် ကျွန်တော် သေမှာပဲ မဟုတ်လားဗျ'

ရဲသန်းအား ပစ်သတ်ရာတွင် အသုံးပြုခဲ့သော သေနတ်ကို ရှာဖွေတွေ့ပြီးဖြစ်ရာ ထိုသေနတ်သည် မြိတ်သားသောင်းတင် ကိုင်လာခဲ့သည့် သေနတ် ဟုတ် မဟုတ်သိချင်၍ မေးနေခြင်း ဖြစ်ကြောင်းကို ကိုရန်ကင်းက ကိုအုန်းခင်အား ရှင်းပြမနေတော့ပေ။

'အဲသလို ဖြစ်ခဲ့တာ ဘယ်လောက်ကြာပြီလဲ' ဟုသာ ကိုရန်ကင်းက ဆက်၍ မေးလိုက်ပြန်သည်။

'လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပါပဲ ခင်ဗျာ'

ရဲသန်းအား ပစ်သတ်ရာတွင် အသုံးပြုခဲ့သော ပိုင့်တူး





တူး စမစ်အင်ဝက်ဆင် သေနတ်မှာ လွန်ခဲ့သော ခြောက်ပတ်ခန့်က လှသောင်းမြင့်ထံမှ အခိုးခံခဲ့ရခြင်း ဖြစ်လေသည်။ ထို့ကြောင့် မူလကတည်းက မော်တင် ညွှန်ပြခဲ့သည့်အတိုင်းပင် ထိုသေနတ်သည် ယခုဆိုလျှင် မူလ ခိုးခဲ့သူထံမှ လက်ပြောင်းပြီးသား ဖြစ်ချင် ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် ထောင်ထွက်ခါစ မြိတ်သားသောင်းတင် ယူဆောင်လာသော သေနတ်သည် ထိုသေနတ်ပင် ဖြစ်ချင် ဖြစ်နိုင်ပေ၏။

'ကဲ… ဆက်ပြောပါဦး ကိုအုန်းခင်၊ ခင်ဗျားကို မြိတ်သားသောင်းတင်က ကုလားထိုင်ပေါ်က ဆွဲထူပြီး ခင်ဗျားကို အသေပစ်သတ်မယ်လို့ ခြိမ်းခြောက်ခဲ့ပြီးနောက် ဘယ်လိုဖြစ်သေးသလဲ'

'သူက ကျွန်တော့်ကို တိုက်ခန်းရှင် ရဲသန်းလို့ ထင်နေတာကိုးဗျ။ သူက ထောင်က အခုမှ လွတ်လာခါစဆိုတော့ ရဲသန်းကို မမြင်ဖူးသေးဘူးလေ၊ ဒီတော့ကာ တိုက်ခန်းထဲမှာ တွေ့ရတဲ့ ကျွန်တော့်ကိုပဲ ရဲသန်းလို့ ထင်ခဲ့တာပေါ့'

'ဟုတ်ပါပြီ၊ ဒါကို ကျွန်တော်တို့ နားလည်ပါပြီ။ ဆက်ပြောပါ'

'အင်း… ဆက်ပြောရမယ်ဆိုရင်တော့ ကျွန်တော့်မှာ သိပ်ကိုကြောက်လန့်ပြီး ဘာပြောရမှန်းမသိအောင် ဖြစ်နေမိတော့တာပေါ့ဗျာ။ သူ့ကို ကျွန်တော်ဟာ ရဲသန်းမဟုတ်မှန်း ပြောဖို့ ကြိုးစားခဲ့ပေမယ့် ကျုပ် ပါးစပ်ထဲက စကားလုံးတွေက ထွက်ကို မလာဘူးဗျ၊ အဲသလို ကျွန်တော်က ပြောပြဖို့ ကြိုးစားနေတုန်းမှာ သူဟာလည်း သူ့လက်ထဲက သေနတ် ပြောင်းဝကြီးကို ကျွန်တော့်ဗိုက်ထဲ အတင်းထိုးသွင်းပြီး ကြည့်မြ ဘယ်မှာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကြည်မြဘယ်မှာလဲလို့ တွင်တွင်သာ မေးနေတော့တာပဲ၊ ကျွန်တော် ဖြင့်ဗျာ အဲဒီကုန်းကလေးက ဘယ်တုန်းကမှ မကြောက်ခဲ့ဖူးဘူး။ ဒါကြောင့်လည်း လျှာ, အာခေါင်ကပ်နေပြီး စကားပြောလို့ကို မရဘူးဗျ၊ ဒါနဲ့ သူက ကျုပ်လက်နှစ်ဖက်ကို လက်ပြန်လိမ်ချိုး ချုပ်ကိုင်ထားပြီး သူ့ရှေ့ကတွန်းလို့ ကြည်မြကို တိုက်ခန်းတစ်ခန်း လုံးမှာ အနှံ့လိုက်ရှာတော့တာပဲ'

ကိုအုန်းခင်သည် စကားကို ရပ်ထားလိုက်ပြီးနောက် သူ့ အပေါ်အင်္ကျီဘေးအိတ်ထဲမှ လက်ကိုင်ပဝါတစ်ထည်ကို ထုတ်ယူ ကာ သူ့မျက်နှာကို သုတ်လိုက်၏။ ကိုရန်ကင်းနှင့် မော်တင်တို့ အတွက်တော့ ၄င်းပြောပြသော အကြောင်းအရာမှာ တော်တော် ပင် စိတ်ဝင်စားစရာ ကောင်းလှပေတော့သည်။

'ကဲ… ဆက်စမ်းပါဦး ကိုယ့်လူ'

မော်တင်က ဝင်၍ လောဆော်လိုက်၏။ ထိုအခါမှ ကိုအုန်းခင်က စကားဆက်ပြန်သည်။

'အဲသလို သူက တိုက်ခန်းအနှံ့လိုက်ရှာပြီး ကြည်မြကို မတွေ့တော့မှ ကျွန်တော့်လည်ပင်းကို သူ့လက်ကြီးတစ်ဖက်နဲ့ ညှစ် ပြီး သေနတ်ပြောင်းဝကို ကျွန်တော့်နဖူးမှာ တေ့လိုက်တယ်ဗျ ပြီးတော့ အခုချက်ချင်း ကြည်မြ ဘယ်မှာဆိုတာကို ပြောမပြရင် ကျွန်တော့်ဦးနှောက်တွေကို တစ်ခါတည်း ဖောက်ထုတ်လိုက်မယ် လို့ ကြိမ်းပြန်တော့တာပဲ'

ကိုအုန်းခင်က တံတွေးကို မျိုချလိုက်ပြန်ပြီး ဦးခေါင်းကို ယမ်းလျက် စကားဆက်ပြန်သည်။

'အဲဒီတော့မှပဲ ကျွန်တော့်ရဲ့ အသံက ထွက်လာတော့တာ ပဲဗျာ။ ကျွန်တော်က သူ့ကို ကျွန်တော်ဟာ ရဲသန်းမဟုတ်ကြောင်း





ရဲသန်း ခဏ ခရီးသွားနေတုန်းမှာ သူ့တိုက်ခန်းကို လာစောင့်ပေး နေရကြောင်း လိမ့်ရတော့တာပေါ့ဗျာ။ ကျွန်တော့်ရဲ့ အင်္ကျီအိတ် ကပ်ထဲမှာ အမျိုးသား မှတ်ပုံတင်ကတ်ပြားရှိတဲ့အကြောင်း၊ အဲဒီ မှတ်ပုံတင်ကို ကြည့်ရင် ကျွန်တော်ဟာ ရဲသန်းမဟုတ်တာ တွေ့ရ မယ့်အကြောင်းကိုလည်း ပြောပြရတာပေါ့'

'ဒါနဲ့ပဲ သူက ထုတ်ကြည့်ရောလား'

'သူ ထုတ်ကြည့်ခဲ့လို့သာ ကျွန်တော် အဲဒီတုန်းက မသေ ခဲ့ရတာပေါ့ဗျာ။ သူက ကျွန်တော်ပြောသလိုပဲ ကျွန်တော့်အိတ်ကပ် ထဲက အမျိုးသားမှတ်ပုံတင်ကတ်ပြားကို ထုတ်ကြည့်ပြီးတော့ ကျွန်တော့်ကို အခန်းတစ်ဝက်လောက်အထိ ရောက်သွားအောင် ဆောင့်တွန်းပစ်လိုက်တော့တာပါပဲ။ နောက်ပြီး သူက ပြောလိုက် သေးတယ်ဗျ…'

'ကျွန်တော့်လို ကြည့်မရအောင်အရုပ်ဆိုးတဲ့လူနဲ့ အကြည် ဟာ အဖက်လုပ်မှာ မဟုတ်ဘူးဆိုတာကို သူ သိဖို့ကောင်းသတဲ့ လေ၊ ဒါနဲ့ ကျွန်တော်ကလည်း သူ့ကို ဆက်လိမ့်ရတော့တာပေါ့ဗျာ၊ ကျွန်တော်ဟာ ကြည်မြဆိုတဲ့နာမည်ကို ကြားတောင် မကြားဖူးတဲ့ အကြောင်း၊ ရှမ်းပြည်နယ်တောင်ကြီးမှာ ကျွန်တော့်မိန်းမနဲ့ ကလေး တွေရှိကြောင်း၊ ကျွန်တော်ဟာ ရဲသန်းရဲ့ မိတ်ဆွေသာ ဖြစ်တဲ့ အကြောင်း၊ ရန်ကုန်မှာ အလုပ်ကိစ္စနဲ့ ခဏလာတဲ့အကြောင်း၊ အို… စုံလို့ပါပဲဗျာ၊ ကျွန်တော့်ပါးစပ်ထဲ ရောက်လာသမျှကို လျှောက်ပြောမိတော့တာပါပဲ၊ ကျွန်တော်က စကားလည်း ပြောမိ ကော အပြောကို မရပ်နိုင်တော့ဘူးဗျ'

မော်တင်က 'အင်း… အခုလက်တွေ့ပဲလေ'ဟု မကြား တကြား ရေရွတ်လိုက်လေသည်။ ကိုအုန်းခင်က ၄င်းအား လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

‘ဆရာ… ဘာမေးတာလဲ၊ ကျွန်တော် ကောင်းကောင်း မကြားလိုက်ရဘူး’

‘ခင်ဗျားက အဲသလိုပြောတော့ မြိတ်သားသောင်းတင်က ဘာလုပ်သလဲလို့ မေးတာပါ’

‘သူက အခန်းအလယ်မှာရပ်ပြီး ဆဲဆိုကြိမ်းမောင်းနေတော့တာပါပဲဗျာ။ သူထောင်ကျနေတဲ့အတွင်းမှာ သူ့မိန်းမကြည်မြက သူ့အပေါ် သစ္စာဖောက်ခဲ့တဲ့အကြောင်း၊ သူ့မိန်းမကို ကြာခိုတဲ့ ရဲသန်းကို တွေ့ရင် တစ်ခါတည်း အသေသတ်ပစ်မယ့်အကြောင်းတွေပေါ့ဗျာ။ ပြီးတော့မှ ချက်ချင်းဆိုသလိုပဲ သူဟာ တစ်ခုခုကို သတိရလာသလိုပဲ၊ ချာခနဲလှည့်လို့ တိုက်ခန်းထဲက ထွက်ပြေးသွားတော့တာပဲ။ ကျွန်တော့်မှာတော့ ဒူးတုန် ရင်ခုန်ပြီး ကျန်ရစ်ခဲ့တော့တာပေါ့။ ဒါနဲ့ ကျွန်တော်လည်း မီးဖိုချောင်ထဲ သွားပြီး ကိုရဲသန်းရဲ့ အရက်ပုလင်းကို ရှာလို့ အရက်တစ်ခွက်ကို နီး(စ်) သောက်ပစ်လိုက်ရတယ်ဗျာ’

‘နောက် မကြာခင်မှာပဲ၊ မကြည်မြက ရောက်လာခဲ့တယ် ပေါ့’ ဟု ကိုရန်ကင်းက စကားဝင်ထောက်ပေးလိုက်သည်။

‘ဒါပေါ့ဗျာ… ငါးမိနစ်လောက်တောင် မကြာပါဘူး၊ မချောက ပေါက်ချလာတော့တာပဲ။ သီသီကလေးကိုမှ သီသီ ကလေးကို လွဲသွားတာပေါ့ဗျာ’

‘အဲဒီနောက်မှာ ခင်ဗျား သူ့ကို နောက်ထပ် တွေ့ရသေး သလား’ ဟု မော်တင်က ဝင်မေးလိုက်၏။

‘ဟာ… ကျွန်တော် ဒါလောက် မမိုက်ပါဘူး ဆရာရယ်။ မတွေ့တော့ပါဘူး၊ လုံးဝကို မတွေ့တော့ပါဘူး၊ သူက





သူ့ယောက်ျားအကြောင်းကို ပြောပြပြီးရော၊ ကျွန်တော်က သူ့ကို နောက် ဘယ်တော့မှ ထပ်မတွေ့ဘူးလို့ ဆုံးဖြတ်လိုက်တာပဲ။ ကျွန်တော်တို့နှစ်ယောက်စလုံး ရဲသန်းရဲ့ တိုက်ခန်းထဲက အမြန် ဆုံး ပြန်လစ်ခဲ့ကြတော့တာပဲပေါ့’

‘ခင်ဗျားက အဲဒီအကြောင်း ရဲသန်းကိုတော့ ပြောပြခဲ့မှာ ပေါ့၊ သူက ဘာပြောသေးသလဲ’

ကိုရန်ကင်းက ဝင်မေးလိုက်ခြင်း ဖြစ်၏။ သို့ရာတွင် ကိုအုန်းခင်က ရုတ်တရက် ပြန်မဖြေ၊ သူ့ဦးထုပ်ကို ပေါင်ပေါ်တင် ထားရာမှ ပြန်ကောက်ယူကာ သေသေချာချာ စစ်ဆေးကြည့်ရှု နေလိုက်သည်။

‘မေးနေတယ်လေဗျာ’ ဟု ကိုရန်ကင်းက ထပ်ပြောလိုက် တော့မှ…

‘ကျွန်တော် ကိုရဲသန်းကို အဲဒီအကြောင်း ပြောမပြခဲ့ ပါဘူး’ ဟု ကိုရန်ကင်းကို မကြည့်ဘဲ ပြန်ဖြေလိုက်သည်။

‘ပြောမပြခဲ့ဘူး ဟုတ်လား၊ ဘာဖြစ်လို့ ပြောမပြခဲ့တာလဲ’

‘အဲဒါတော့ ကျွန်တော်လည်း မသိဘူးဗျ’

‘ဟုတ်ရဲ့လား ကိုယ့်လူရာ၊ နေပါဦး၊ ခင်ဗျားနဲ့ ကိုရဲ သန်းဟာ တကယ့်မိတ်ဆွေရင်းကြီးတွေလို့ ခင်ဗျားပြောခဲ့တာ ဟုတ် မှဟုတ်ရဲ့လားဗျာ’

‘ကျွန်တော်ဟာ သူ့ကို လွန်ခဲ့တဲ့ (၁၀)နှစ်ဆီလောက်တုန်း က သိခဲ့တာပါဗျာ’

‘အဲဒါနဲ့ပဲ သူဟာ ခင်ဗျားရဲ့ မိတ်ဆွေရင်းကြီးဖြစ်ရရော သားဗျာ’

ကိုအုန်းခင်က ကိုရန်ကင်းနှင့် မျက်လုံးချင်း ရင်မဆိုင်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် သူ့ကို ရှမ်းပြည်နယ် ဟိုပုန်းမြို့မှာ စသိခဲ့တာပါ၊ ဟိုပုန်းဘုရားပွဲတော်လုပ်တုန်းက သူက ဇာတ်ဖွဲ့တစ်ဖွဲ့နဲ့ ပါလာတယ်။ ရှေ့ပိုင်းပြဇာတ်မှာ သူက လက်ထောက်မင်းသားလေ၊ ကျွန်တော်ကတော့ အဲဒီတုန်းက ဆေးရောင်းတယ်ဗျ'

'ဒါတွေကို ထားလိုက်ပါလေ၊ တကယ်တော့ ရဲသန်းဟာ ခင်ဗျားရဲ့ မိန်းမကိစ္စပွေမှုအတွက် အသက်ဘေးအန္တရာယ်ရှိနေရတဲ့ အခြေအနေကို ရောက်ခဲ့ရတယ်။ ဒါကို ခင်ဗျားကိုယ်တိုင်အသိပဲ။ အဲဒါတောင်မှ ခင်ဗျားက သူ့ကို အကျိုးအကြောင်းပြောပြပြီး သတိမပေးခဲ့ဘူးလား'

ကိုရန်ကင်းက ကိုအုန်းခင်၏ မျက်နှာကို စူးစိုက်ကြည့်လျက် မေးလိုက်ပြန်သည်။

'ဟာဗျာ... ဒါတော့ သူလည်း လူလည်တစ်ယောက်ပဲဗျာ၊ ကိုယ့်ကိုယ်ကို ကောင်းကောင်းကြည့်နိုင်တဲ့ လူတစ်ယောက်ပဲဥစ္စာ၊ ကျုပ်က ဘာသတိပေးစရာလိုမှာလဲ'

ကိုရန်ကင်းကတော့ ကိုအုန်းခင်အား စူးစိုက်ကြည့်ရှုရာကပင် သူ့နှုတ်ခမ်းများကို တွန့်လိုက်သည်။

'မှန်မှန်ပြောစမ်းပါ ကိုအုန်းခင်ရာ၊ မြိတ်သားသောင်းတင်က သူ့မယားကို ကြာခိုနေတာ ရဲသန်းပဲလို့ ထင်နေသမျှ ခင်ဗျားအတွက် ဘေးကင်းတာပဲရယ်လို့ ခင်ဗျားကတွက်ပြီး ရဲသန်းကို တမင် အသိမပေးဘဲ ထားခဲ့တာ မဟုတ်လားဗျ'

ကိုအုန်းခင်သည် မျက်နှာပျက်သွားပြီးမှ ကိုရန်ကင်းအားမော့ကြည့်ကာ နှုတ်ခမ်းကြီး ထော်လိုက်သည်။

'ဒါကတော့ဗျာ... ကျွန်တော့်ကို အပြစ်ပြောလို့ မရပါဘူးလေ၊ ကျွန်တော့်နေရာမှာ ရှိတဲ့လူတိုင်းဟာ ကျွန်တော့်လိုပဲ





လုပ်မှာပါပဲ။ ဒီလောကကြီးမှာ လူတိုင်းဟာ ကိုယ့်ကိုယ်ကိုပဲ အရင် ကြည့်တတ်ကြတာပါဗျာ'

'အမှန်အတိုင်းဆိုရင် ခင်ဗျားနဲ့ ရဲသန်းတို့ဟာ တစ်ယောက်ကို တစ်ယောက် သိပ်ပြီး ခင်မင်ရင်းနှီးကြတဲ့ မိတ်ဆွေတွေ မဟုတ်ပါဘူး၊ တစ်ယောက်ကို တစ်ယောက် သိခဲ့ဖူးကြတာပဲရှိတယ် မဟုတ်လား'

ကိုအုန်းခင်က မျက်နှာကြီး သုန်မှုန်လာသည်။

'ဒါကတော့ ဆရာတို့ ထင်ချင်သလို ထင်နိုင်ပါတယ်၊ ကျွန်တော်ပြောခဲ့သလိုပဲ၊ ရှမ်းပြည်နယ်တောင်ပိုင်းက ဟိုပုန်းပွဲတော်မှာ ကျွန်တော် သူ့ကို စသိခဲ့ရတာပါ။ နောက်တော့ ကွဲသွားကြပြီး လွန်ခဲ့တဲ့ နှစ်လလောက်ကမှ သူ့ကို မြို့ထဲက အရက်ဘားတစ်ဘားမှာ ဆုံမိပြီး ပြန်ဆက်သွယ်မိခဲ့ကြတာပဲဗျ။ အဲဒီတုန်းက ကျွန်တော်ကလည်း ကြည်မြနဲ့ တွေ့ရခါစ စကားစပ်မိကြရာက ရဲသန်းကို သူ့တိုက်ခန်းကို အသုံးပြုခွင့်ပေးပါလား၊ တန်ရာတန်ဖိုး ကြည့်ပေးပါ့မယ်လို့ ကျွန်တော်က စပြောခဲ့တာမှာ သူက သဘောတူခဲ့တာပါပဲ'

'ဒီလိုဆို ရဲသန်းနဲ့ ခင်ဗျားနဲ့ အပေါင်းအသင်းလုပ်ခဲ့ကြတာဟာ ဒါလောက်ပဲ ရှိတယ်ပေါ့'

မော်တင်က ဝင်မေးလိုက်ရာ ကိုအုန်းခင်က ၎င်းအား မသိမသာ မျက်မှောင်ကုတ်လျက် ကြည့်လိုက်သည်။

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲဗျ'

'ကျုပ်သာဆိုရင်တော့ ခင်ဗျားနဲ့ အပေါင်းအသင်းလုပ်ဖို့ကို တော်တော် စဉ်းစားရလိမ့်မယ်'

မော်တင်က ဘွင်းဘွင်းကြီး မှတ်ချလိုက်ရာ ကိုအုန်းခင်



www.burmeseclassic.com

www.burmeseclassic.com



မှာ တော်တော့်ကို အောင့်သက်သက်ဖြစ်သွားဟန်တူသည်။ ကိုရန်ကင်းက ကပျာကယာ ကြားဝင်လိုက်ရ၏။

'ခင်ဗျားနဲ့ ရဲသန်းနဲ့ ဆက်ဆံခဲ့သရွေ့မှာ သင့်သင့်မြတ်မြတ်ပဲ ရှိခဲ့သပေါ့ ဟုတ်လား'

'ဟာ… ဘာကြောင့် သူနဲ့ ကျွန်တော် မသင့်မမြတ်ရှိရမှာလဲ ဆရာ ဦးရန်ကင်းရယ်၊ သင့်မြတ်သမှ အားကြီးသင့်မြတ်ကြတာပေါ့၊ သူနဲ့ ကျွန်တော် ဆက်ဆံတာက အလုပ်သဘောနဲ့ပဲ သက်သက် ဆက်ဆံခဲ့ကြတာကလား'

'သူ့ကို သေစေလိုတဲ့ ဆန္ဒရှိတဲ့ တခြားလူကိုကော ခင်ဗျား သိသေးသလား'

ကိုအုန်းခင်က လက်ဝါးနှစ်ဖက် ဖြန့်ပြလိုက်သည်။

'ဒါကိုတော့ ကျွန်တော် မသိပါဘူး ဆရာရယ်၊ ခုနက ကျွန်တော်ပြောခဲ့သလိုပေါ့။ သူ့ကို ကျွန်တော်ဂျန်တွေ့ရတာ မကြာသေးတော့ သူ့ကိုယ်ရေး ကိုယ်တာကိစ္စတွေကိုတော့ ကျွန်တော် ဘာမှ မသိပါဘူးဗျာ၊ ဆရာတို့ကသာ ပိုသိချင် သိနေမှာပါ။ ပြီးတော့လည်း ဆရာတို့ကို ကျွန်တော် ပြောပြီးပြီ မဟုတ်လားဗျ။ သူ့ကို သတ်သွားတာဟာ မြိတ်သားသောင်းတင်သာ ဖြစ်ရမှာပါလို့'

'ခင်ဗျားကို သူက ရုပ်ရှင်ပြာကားတစ်ကား အကြောင်းများ ပြောဖူးသလား'

ကိုရန်ကင်းက မေးခွန်းဆက်ထုတ်လိုက်ပြန်ရာ ကိုအုန်းခင်က ၎င်းအား မျက်လုံးကြီးများ ပြူးလျက် ပြန်ကြည့်လိုက်၏။

'ရုပ်ရှင်ပြာ ဟုတ်လား၊ ဘာ ရုပ်ရှင်ပြာလဲဗျ'

'ခင်ဗျား သိပါတယ်လေ၊ ညစ်တီးညစ်ပတ် ရုပ်ရှင်ကို





ပြောတာ၊ ခင်ဗျားလည်း ကြည့်ဖူးမှာပေါ့'

'ဟဲ… ဟဲ… ဒါကတော့ဗျာ၊ ခေတ်မီတဲ့ ယောကျ်ားမှန်သမျှ ဘယ်ကင်းပါ့မလဲ၊ ဒါပေမဲ့ ရဲသန်းကတော့ ဒီအကြောင်း ကျွန်တော့်ကို တစ်ခါမှ မပြောခဲ့ပါဘူး'

'ရဲသန်းဟာ တစ်ယောက်ယောက်ကို ငွေညှစ်နေခဲ့တယ်ဆိုတာကိုကော ခင်ဗျား သိသလား'

ကိုအုန်းခင်က မျက်လုံးများ ပြူးကျယ်သွားရာက လက်ဝါးတစ်ဖက်ကို ကပျာကယာ ယမ်းခါပြလိုက်၏။

'အောင်မယ်လေး… မလုပ်ပါနဲ့ ဆရာရယ်၊ ဒါကိုတော့ ကျွန်တော် ဘာမှ မသိရပါဘူး၊ ကျွန်တော် ပြောပြီးသား မဟုတ်လားဗျ၊ ရဲသန်းရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို ကျွန်တော် ဘာမှ မသိပါဘူး၊ သိလည်း မသိချင်ပါဘူး၊ ကျွန်တော် လိုချင်တာက ကြည်မြရဲ့လင် မြိတ်သားသောင်းတင်ကို ဆရာတို့က ဖမ်းပြီး ကျွန်တော့်ကို သူ့ရန်က အကာအကွယ်ပေးဖို့ပါပဲ'

'ကောင်းပြီလေ၊ ခင်ဗျားအတွက် ကျုပ်တို့က အကျိုးဆောင်ပေးဖို့ ကျုပ်တို့ အစွမ်းကုန် ကြိုးစားပါ့မယ်'ဟု မော်တင်က ခပ်ငေါ့ငေါ့ ပြောလိုက်၏။

'ဒါနဲ့ ခင်ဗျားက ဘယ်မှာနေသလဲ'ဟု ကိုရန်ကင်းကလည်း မေးလိုက်သည်။

'ဗျာ… ကျွန်တော် ဘယ်မှာနေသလဲဆိုတာနဲ့ အခုကိစ္စက ဘာဆိုင်လို့လဲဗျ'

ကိုရန်ကင်းက ဘာမှ ပြန်မပြောဘဲ စောင့်နေလိုက်မှ ကိုအုန်းခင်က သူ့အိမ်လိပ်စာကို ပြောပြလိုက်သည်။ မအူကုန်းသို့ရှိ လိပ်စာတစ်ခုပင်ဖြစ်ရာ ကိုရန်ကင်းက သူ့မှတ်စုစာအုပ်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ရေးမှတ်ထားလိုက်သည်။ ပြီးလျှင် ထပ်၍ မေးခွန်းထုတ်လိုက်ပြန်သည်။

'ဒီကနေ့ နေ့လယ်မွန်းတည့် အချိန်လောက်တုန်းက ခင်ဗျား ဘယ်မှာရှိနေခဲ့သလဲ'

'ဒီမှာ ဆရာ၊ ဒါတွေကို ဆရာက ဘာဖြစ်လို့ မေးနေရတာလဲ၊ ကျွန်တော်က…'

'နေ့လယ် မွန်းတည့်အချိန်လောက်တုန်းက ခင်ဗျား ဘယ်မှာရှိနေခဲ့သလဲလို့ ကျုပ် မေးနေတယ် ကိုအုန်းခင်'

'ဘယ်မှာ ရှိရမှာလဲဗျ။ ကျွန်တော့်အိမ်ခန်းမှာ တစ်ရေးအိပ်နေခဲ့တာပေါ့'

ကိုအုန်းခင်က ခပ်ဆောင့်ဆောင့်အောင့်အောင့် ပြန်ဖြေလိုက်သည်။

'အဲဒါကို ခင်ဗျားက သက်သေပြနိုင်သလား'

'ဟာ… ဆရာကလည်းဗျာ၊ ကိုယ့်အိမ်မှာ ကိုယ်အိပ်နေတာကို ဘယ်လို သက်သေပြနိုင်မှာလဲ၊ ကျွန်တော်က တစ်ယောက်တည်းနေတဲ့လူဗျ'

'ထားလိုက်ပါတော့၊ ခင်ဗျားအဆက် မကြည်မြကော ဘယ်မှာနေသလဲ'

'သူက မော်တင် ဗဟိုစည်ရပ်ကွက်သစ်မှာဗျ'

'ဗဟိုစည်ကွက်သစ် ဘယ်နေရာမှာလဲဆိုတာ ခင်ဗျား အတိအကျ မသိဘူးလား'

ကိုအုန်းခင်က မြိတ်သားသောင်းတင်၏ အိမ်လိပ်စာ အတိအကျကို ပြောပြလိုက်ရာ ကိုရန်ကင်းက သူ့မှတ်စုစာအုပ်ထဲတွင် ရေးမှတ်ထားလိုက်ပြန်၏။





'ကောင်းပြီ ကိုအုန်းခင်၊ အခုလို လာပြောပြတာ ကျေးဇူး အများကြီးတင်ပါတယ်၊ ခင်ဗျား အခုပြန်နိုင်ပါပြီ'

ကိုအုန်းခင်သည် ခေတ္တမျှ တုံ့ဆိုင်းနေပြီးမှ ထိုင်ရာမှ ထရပ်လိုက်ကာ သူ့ဘာသာသူ တစ်စုံတစ်ရာ တီးတိုးရေရွတ်လိုက်ပြီး သက္ကလတ်ဦးထုပ်ပျော့ကို ခေါင်းတွင် ပြန်စွပ်လျက် အခန်းထဲမှ လှျောက်ထွက်သွားလေတော့သည်။

ကိုရန်ကင်းလည်း ဌာနချုပ်တွင်ရှိသော ရာဇဝင်လူဆိုးများ မှတ်တမ်းဌာနရှိ ညတာဝန်ကျနေသူထံသို့ ကောက်၍ ဖုန်းဆက်ရပြန်၏။ ထိုအရာရှိနှင့် ဆက်ဆံမိလျှင် ကိုရန်ကင်းက မြိတ်သားသောင်းတင် ၎င်း၏ဇနီး ကြည်မြနှင့် ကိုအုန်းခင်တို့၏ အမည်များနှင့် လိပ်စာများကို ပြောပြကာ ၎င်းတို့နှင့်ပတ်သက်၍ ရာဇဝတ်မှု မှတ်တမ်းများ ရှိမရှိ ညတွင်းချင်း ချက်ကင်လုပ်ပြီး မိမိထံ ပြန်၍ ဖုန်းဆက်ရန် ညွှန်ကြားလိုက်၏။

ကိုရန်ကင်းက တယ်လီဖုန်းကို ပြန်ချထားလိုက်ပြီး ကုလားထိုင်ကျောမှီတွင် သူ့ကျောပြင်ကျယ်ကြီးကို ကျကျနန မှီထိုင်လိုက်ပြီးမှ သက်ပြင်းကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

'ကဲ… မော်တင်ရေ၊ တို့ အခု လုပ်ဖို့က စောင့်နေဖို့သာ ရှိတော့တာပဲ၊ ဒါနဲ့ မင်း ခုနကမေးတာ ဘယ်လိုတဲ့လဲ၊ ဦးကြောင်ငါးရဲ့ ဖလင်ပြာထဲမှာ ပါတဲ့လူတွေကို ချက်ကင်လုပ် ကြည့်ခိုင်းတာလေ'

'သူတို့ ချက်ကင်လုပ်ကြည့်ပါဦးမယ်တဲ့'

မှတ်တမ်းဌာနမှ တယ်လီဖုန်း ပြန်ဆက်သည့်အခါတွင်တော့ ကြည်မြနှင့် ကိုအုန်းခင်တို့မှာ ယခင်က ရာဇဝတ်ပြစ်မှု မရှိခဲ့ကြောင်း၊ သို့ရာတွင် မြိတ်သားသောင်းတင်မှာမူ လူသတ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အား လက်သီးဖြင့် အသေထိုးသတ်ခဲ့မှုအပြင် ယခင်က လည်း လူရိုက်မှု၊ ရန်ဖြစ်မှုတွေအတွက် ပြစ်ဒဏ် (၂)ကြိမ် ခံခဲ့ရ သေးကြောင်းကို ကိုရန်ကင်းက သိရှိရလေ၏။ ဤအမှု ဖြစ်ရ သည်မှာလည်း သူ့မယားကြည်မြနှင့် ပတ်သက်၍ ထိုလူတွေကို မသင်္ကာဖြစ်ခဲ့ကြောင်း ဖြစ်မည်ဆို၏။

သို့သော် ကိုရန်ကင်း စိတ်အဝင်စားမိဆုံးကတော့ မြိတ် သားသောင်းတင်သည် ဖောက်ထွင်းခိုးယူမှု သုံးမှုအတွက် ဖမ်းဆီး စစ်ဆေးခြင်းခံခဲ့ရသော်လည်း သက်သေအထောက်အထား မလုံ လောက်သည့်အတွက် ပြန်လွှတ်ခဲ့ရသည်ဟူသော အချက်ပင် ဖြစ်လေသည်။

ကိုရန်ကင်းက မှတ်တမ်းဌာနမှ ပြောပြသော အချက် အလက်များကို မော်တင့်အား ပြန်လည်ဖောက်သည်ချလိုက်ရာ၊ မော်တင်က လေချွန်လိုက်လေသည်။

'ဒီအတိုင်းဆိုရင် မြိတ်သားသောင်းတင်ဟာ ကျွန်တော်တို့ လိုချင်တဲ့ လူဖြစ်နိုင်စရာအကြောင်း အများကြီးရှိနေတာပဲ'

ကိုရန်ကင်းက ခေါင်းညိတ်ကာ ကုလားထိုင်ကျောမှီတွင် လွှမ်းခြုံထားသော သူ့ကုတ်အင်္ကျီကို ဖြုတ်ယူလျက် ပြန်ဝတ်လိုက် သည်။ မော်တင်က သူ့အား မျက်ခုံးတစ်ဖက်ပင့်လျက် ကြည့်လိုက် သည်။

'ဟော… အစ်ကိုကြီး၊ အခု ဘယ်သွားမလို့လဲ'

'ဒီမြိတ်သားသောင်းတင်ကို သွားတွေ့မလို့လေကွ'

'အစ်ကိုကြီးတစ်ယောက်တည်း သွားမလို့လားဗျ၊ ကျွန် တော်ပါ လိုက်ခဲ့ရမလား'

'မလိုပါဘူး မော်တင်ရာ၊ ငါ သွားတွေ့ရမယ့် လူက





လည်း တစ်ယောက်တည်းပဲဥစ္စာ၊ မင်း ဒီမှာစောင့်နေပြီး အခြေ အနေကို စောင့်ကြည့်နေပေါ့ကွာ'

မော်တင်က တစ်စုံတစ်ရာကို ပြောမည်လုပ်ပြီးမှ ဘာမှ မပြောတော့ဘဲ ပခုံးများကို တွန့်လိုက်သည်။

'ကောင်းပြီလေ၊ ကျွန်တော် စောင့်နေပါ့မယ်၊ အကြောင်း ထူးရင် ဖုန်းသာဆက်လိုက်ပေတော့'

ကိုရန်ကင်းက ခေါင်းညိတ်ကာ အခန်းထဲမှ လျှောက်ခဲ့ လေ၏။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

ဗဟိုစည်ကွက်သစ်ထဲတွင်ရှိသော မကြည်မြ၏ အိမ်ခန်းမှာ သုံးထပ်တိုက်ကြီးတစ်တိုက်၏ ဒုတိယအထပ်တွင် ဖြစ်နေသည်ကို ကိုရန်ကင်းက တွေ့လိုက်ရသည်။

ညဉ့်က အတော်နက်နေပြီဖြစ်ရာ ကွက်သစ်တစ်ခုလုံးတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်နှင့် အိမ်သုံးအိမ်မှအပ အားလုံးမှောင်ကျ တိတ်ဆိတ်လျက်ရှိနေလေသည်။ မကြည်မြ၏ တိုက်ခန်းရှိရာ နှစ်ထပ်တိုက်ကြီးမှာလည်း ပကတိမှောင်ကျ တိတ်ဆိတ်လျက်ရှိနေရာ အားလုံး အိပ်မောကျနေပြီဖြစ်ဟန် ရှိလေသည်။

ကိုရန်ကင်းက သူ့ဂျစ်ကားကို အဆောက်အဦနှင့် မျက်စောင်းထိုးတွင် ရပ်ထားလိုက်ပြီးနောက် ကားပေါ်မှမဆင်းခင် သူ့မှတ်စုစာအုပ်ကို ထုတ်ယူကာ ကားဒက်ရှ်ဘုတ် အဖုံးထဲတွင်ဆောင်ထားသော လက်နှိပ်ဓာတ်မီးအရောင်ဖြင့် မကြည်မြ၏ လိပ်စာကို ပြန်၍ ချက်ကင်လုပ်ကြည့်လိုက်သည်။ ပြီးလျှင် မှတ်စုစာအုပ်ကို အိတ်ကပ်ထဲတွင် ပြန်ထည့်ပြီး လက်နှိပ်ဓာတ်မီးကို လက်တစ်ဖက်တွင် အသင့်ကိုင်ကာ အဆောက်အဦဆီသို့ လျှောက်ခဲ့လေသည်။





တိုက်၏အပေါ်ထပ်သို့ တက်သော လှေကားပေါက်ကား မှောင်မဲလျက်ရှိနေရာ ကိုရန်ကင်းက သူ့လက်နှိပ်ဓာတ်မီးကို ဖွင့်လိုက်ရ၏။

လှေကား၏ တစ်ဖက်တစ်ချက်တွင် ပိတ်ထားသော တိုက်ခန်းတံခါးများကို သူက တွေ့ရသည်။ ထိုတံခါးများတွင် ဆိုင်းဘုတ်ကလေးတွေ ချိတ်ဆွဲထားလျက်ရှိနေ၏။ ကြီးမြင့် (ဘီအေ)ဟူသော ဆိုင်းဘုတ်တစ်ခုအပြင်၊ တခြားတစ်ဖက်တွင်တော့ ဆာချောင်ဒရီဟူသည့် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော ဆိုင်းဘုတ်က ရှိနေသည်။

ကိုရန်ကင်းက လက်နှိပ်ဓာတ်မီးမှ အလင်းရောင်တန်းကို လှေကားထစ်များပေါ်သို့ ဖြာကျစေကာ တစ်ထစ်ချင်းနင်းလျက် အပေါ်သို့ တက်သွားလိုက်သည်။ လှေကားအဆုံး အပေါ်ထပ်တွင်လည်း တစ်ဖက်တစ်ချက်တွင် တိုက်ခန်းတံခါးနှစ်ချပ်က ရှိနေသည်။

လက်ယာဘက် တံခါးချပ်တွင်တော့ ဟန်ကွန်းနှင့် မိမိလေးဟု သေသပ်စွာ ရေးထားသော ကတ်ပြားလေးတစ်ချပ်က ကပ်ရက်သား ရှိနေသည်။ လက်ဝဲဘက် တိုက်ခန်းတံခါးတွင်မူ ဘာကတ်ပြား ဘာဆိုင်းဘုတ်မှ ရေးကပ်ထားခြင်း မရှိပေ။

ဤအခန်းသည်သာလျှင် ကြည်မြ၏အခန်း ဖြစ်ရပေမည်မှာ ကိုရန်ကင်းက တွက်လိုက်ကာ တံခါးရွက်ကို လက်ဆစ်များဖြင့် တဒေါက်ဒေါက် ခေါက်လိုက်ရသည်။ ညဉ့်အတော်နက်နေပြီဖြစ်ရကား ကိုရန်ကင်းက တံခါးအတော်ခေါက်၍ နှိုးယူရလိမ့်မည်ဟု ထင်မှတ်မိသော်လည်း ဒုတိယအကြိမ် ခေါက်မိ...ငင် 'လာပြီ··· လာပြီ' ဟူသော အသံနှင့်အတူ တံခါးဆီသို့ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာသော ခြေသံတရှပ်ရှပ်ကို ကြားလိုက်ရကာ တံခါးချက်ဖြုတ်သံ နှင့်အတူ တံခါးကလည်း ကျွီခနဲမြည်လျက် ပွင့်သွားလေသည်။

အထဲမှ ထွန်းထားသော မီးရောင်အားဖြင့် တံခါးလာဖွင့်ပေးသူမှာ အမျိုးသမီးတစ်ယောက် ဖြစ်နေကြောင်းကို ကိုရန်ကင်းက တွေ့လိုက်ရသည်။ သူမသည် အရပ်အတော်မြင့်ကာ ကိုယ်ခန္ဓာ တောင့်တင်းဖွံ့ထွားလှပြီး ပေါင်တံများကလည်း အတော်ရှည်လှပေသည်။ သို့ရာတွင် ကိုရန်ကင်းက ပို၍ သတိထား စိတ်ဝင်စားမိသည်ကား သူမ၏မျက်နှာပင် ဖြစ်လေသည်။

သူမ၏ မျက်နှာသည် နဂိုအားဖြင့် လှမည်ဖြစ်သော်လည်း ယခုတော့ ညှိုမည်းသော ဒဏ်ရာဒဏ်ချက်များက ထိုအလှကို ဖျက်ဆီးလျက် ရှိနေသည်။ သူမ၏ မျက်လုံးတစ်ဖက်မှာလည်း ဖူးရောင်လျက် မျက်ခွံများ ပိတ်လျက်ရှိနေသည်။

ကိုရန်ကင်းက သူသည် ဗဟိုမှုခင်းစစ်ဆေးရေးဌာနမှ စုံထောက် ရဲမှူးတစ်ယောက်ဖြစ်ကြောင်းကို ပြောပြလိုက်သည့်အခါတွင်လည်း သူမက ဘယ်လိုမှ ထိတ်လန့်အံ့သြမှုကိုမပြ။

'ကိုသောင်းတင်တစ်ယောက် ဒီမှာ မရှိဘူးရှင်' ဟုသာ ပြောလိုက်၏။

'ကျွန်တော်က ကိုသောင်းတင်ကို လာရှာတာလို့ ပြောရသေးလို့လားဗျာ'

'ရှင်တို့ရဲဘက်က လိုက်လာရင် သူ့ကို လာရှာတာသာ ဖြစ်ရမှာပေါ့၊ သူ့ကို ကျွန်မယူတဲ့အခါကစပြီး ဒီအတိုင်းပဲ တောက်လျှောက်ဖြစ်ခဲ့တာပဲဟာ၊ အမှုတစ်ခုဖြစ်ပြီဆိုရင် ပုလိပ်ဘက်က ကိုသောင်းတင်ကိုပဲ လာရှာတာဟာ ကျွန်မအတွက် ရိုးနေရပါပြီရှင်'





'ကဲပါလေ··· ကျွန်တော် အထဲကို ခဏလောက်တော့ ဝင်ပါရစေဦးဗျာ'

'ဘာဖြစ်လို့ ရှင်က အထဲဝင်နေရဦးမှာလဲ၊ ကိုသောင်းတင် ဒီမှာမရှိဘူးလို့ ကျွန်မ ရှင့်ကို ပြောပြီးပြီ မဟုတ်လား'

'ကျွန်တော် အထဲကို ခဏဝင်ကြည့်ချင်တယ်ဗျာ'

'ရှင့်မှာ ဝရမ်းပါလို့လား'

ကိုရန်ကင်းက အမျိုးသမီးကြားသာအောင် သက်ပြင်းတစ်ချက်ချပြလိုက်သည်။

'ဝရမ်း အခုတော့ မပါဘူး၊ ဒါပေမဲ့ လိုအပ်ရင် အခုချက်ချင်း သွားယူလို့ရပါတယ်၊ အဲဒီအခါကျတော့ ကျွန်တော်တစ်ယောက်တင်မကဘူး၊ သက်သေ အရပ်လူကြီးတွေ ဘာတွေ ပါလာလိမ့်မယ်'

အမျိုးသမီးသည် ခေတ္တမျှ တုံ့ဆိုင်းနေလိုက်သည်။ ပြီးမှ ဘာမှမပြောတော့ဘဲ တံခါးဝမှ ဖယ်ပေးလိုက်ကာ အထဲသို့ဝင်ရန် လက်တစ်ဖက် ယမ်းပြလိုက်သည်။

'အင်းလေ··· ရှင်တို့ ပုလိပ်တွေကို အနိုင်တုနေလို့လည်း အပိုပါပဲ။ ရှင်တို့က ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရှင်တို့ အလိုကျဖြစ်အောင် လုပ်ကြမယ့်လူတွေပါ'

မကြည်မြက ပြောပြောဆိုဆို တိုက်ခန်းတံခါးကို ပြန်ပိတ်ထားလိုက်သည်။ ထို့နောက် မီးချောင်းတစ်ချောင်း ဖွင့်ထားသော အိမ်ရှေ့ခန်းထဲသို့ ကိုရန်ကင်းအား ခေါ်ဆောင်သွားတာ သူမက အရင်ဦးအောင် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။

'တဲ··· ဆိုစမ်းပါဦး ရဲမှူးကြီးရယ်၊ ဒီတစ်ခါ ကိုသောင်းတင်က ဘာများလုပ်ခဲ့ပြန်ပြီလို့ ရှင်တို့က စွပ်စွဲဦးမလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



ကိုရန်ကင်းက မည်သို့မျှ ပြန်၍မပြောလျှင် မကြည်မြက မသိမသာ ဖူးရောင်နေသော သူမ၏ နှုတ်ခမ်းများကို တွန့်လိုက်သည်။

'ဒါမှမဟုတ် ကျွန်မက ဒါမျိုးတွေ မေးခွင့်မရှိဘူးလား ရဲမှူးကြီးရယ်'

'ခဏနေပါဦးဗျာ၊ ခင်ဗျားနဲ့ ကျွန်တော် နောက်ကျတော့ စကားပြောကြသေးတာပေါ့ ဟုတ်လား'

ကိုရန်ကင်းက ပြောပြောဆိုဆိုပင် အိမ်ခန်းအတွင်းဘက်သို့ စွပ်ဝင်လိုက်သည်။ စင်္ကြံတစ်ခုက အိမ်နောက်ဘက် ထမင်းစားခန်းနှင့် မီးဖိုချောင်ဆီသို့ တိုက်ရိုက်ပေါက်သွားလေသည်။ ထမင်းစားခန်းနှင့် မီးဖိုချောင်ထဲတွင် တစ်စုံတစ်ယောက်ကိုမှ မတွေ့ရ၊ ရေချိုးခန်းနှင့် အိမ်သာထဲတွင်လည်း ထိုနည်းတူစွာပင်။

ကိုရန်ကင်းက စင်္ကြံအတွင်းသို့ ပြန်ဝင်ကာ တစ်ဖက်တစ်ချက်တွင် ရှိနေသော အခန်းတစ်ခန်းထဲသို့ ဝင်ရှာကြည့်ပြန်၏။ နှစ်ခန်းစလုံးမှာ အိပ်ခန်းတွေ ဖြစ်ကြလေသည်။ ခုတင်အောက်၊ ဗီရိုနောက်ဘက်များတွင် ကိုရန်ကင်းက ဝင်ရှာသော်လည်း ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရ။

ကိုရန်ကင်းလည်း အိမ်ရှေ့ခန်းသို့ ပြန်ထွက်လာခဲ့ပြီး၊ မကြည်မြနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကာ၊ သူ့ဆေးတံကို ထုတ်ယူလျက် ဆုံထဲတွင် ဆေးသိပ်ထည့်နေလိုက်သည်။ မကြည်မြကလည်း ဘာမှမပြော၊ ကိုရန်ကင်းကိုသာ နှုတ်ဆိတ်စွာဖြင့် ကြည့်နေလိုက်၏။

'ခင်ဗျားကို ကြည့်ရတာ တိုက်ပွဲကလေးတစ်ပွဲ ဝင်ခဲ့ရပုံပါကလားဗျ'





မကြည်မြက နားမလည်သည့် အမူအရာဖြင့် နဖူးရေများ တွန့်ပြီးကြည့်လိုက်သည်။

'ဘာပြောတယ်ရှင့်'

'ဪ… ခင်ဗျား မျက်နှာပေါ်က ဒဏ်ရာတွေကို ပြောတာပါ၊ ဒီဒဏ်ရာတွေကို ဘယ်သူက ပေးခဲ့တာလဲဗျာ၊ ခင်ဗျား ယောကျ်ားကလား'

'ရှင်တို့က နေရာတကာမှာ ဝင်ရှုက်ချင်ကြတာပဲလား'

'လူသတ်မှုနဲ့ ပတ်သက်လာရင်တော့ ကျုပ်တို့ဟာ နေရာတကာမှာ ဝင်စွက် စပ်စုကြရတာပဲ မကြည်မြ'

မကြည်မြ၏ ကိုယ်ခန္ဓာသည် ခပ်မတ်မတ် ဖြစ်လာသည်။ မျက်လုံးများကို ပြူးကျယ်လျက်လည်း သူမက ကိုရန်ကင်းအား ကြည့်လိုက်သည်။

'ဘာရှင့်… လူသတ်မှု ဟုတ်လား၊ ရှင်က ကိုသောင်းတင်ကို လူသတ်မှုနဲ့များ စွပ်စွဲဦးမလို့လား'

'ခုတော့ မစွပ်စွဲသေးပါဘူး။ ဒါပေမဲ့ သူဟာ လူတစ်ယောက်ကိုများ သတ်ခဲ့သလားလို့တော့ အခု ကျုပ်က လာစုံစမ်းတာပဲ'

'ဆိုစမ်းပါဦး၊ ဘယ်သူများ အသတ်ခံရလို့လဲရှင့်'

'ကိုရဲသန်းဆိုတဲ့ လူတစ်ယောက်ပဲလေ'

မကြည်မြက မျက်မှောင်ကလေး ကုတ်ကာ ခေါင်းကို အသာယမ်းလိုက်၏။

'ကိုရဲသန်း ဟုတ်လား၊ ကျွန်မ ဒီနာမည်ကို ကြားတောင် မကြားဖူးပါဘူးရှင်'

'အခု ခင်ဗျားယောကျ်ားက ဘယ်မှာလဲ မကြည်မြ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ မသိဘူးရှင့်၊ သူ အိမ်ပြန်မလာတာ လေးငါးရက်တောင် ရှိသွားပြီ'

'ခင်ဗျား မျက်နှာပေါ်က ဒဏ်ရာတွေ ရထားတာဟာ တစ်ရက်တောင် မကြာသေးပါဘူး မကြည်မြရာ'

မကြည်မြ၏ လက်တစ်ဖက်က သူမ၏မျက်နှာကို အသာစမ်းလိုက်သည်။

'ကိုသောင်းတင်ကြောင့် ဒီဒဏ်ရာတွေရတာလို့ ရှင့်ကို ဘယ်သူက ပြောသလဲ'

'နို့... ဟုတ်ကော မဟုတ်ဘူးလားဗျာ'

'ကျွန်မ ညက မှောင်ထဲမှာ အိပ်ရာထဲက ထတာနဲ့ထရံကိုဝင်ဆောင့်မိခဲ့တာရှင့်' ဟု သူမက ခပ်တည်တည် ပြောလိုက်ပြီးမှ ကိုရန်ကင်းအား မေးခွန်းပြန်ထုတ်လိုက်၏။ 'နေစမ်းပါဦး၊ ကိုရဲသန်းဆိုတာက ဘယ်သူများလဲရှင်'

'ဒီမှာ မကြည်မြ၊ အပိုတွေ လုပ်မနေပါနဲ့ဗျာ၊ ကျုပ်က ကိုအုန်းခင်နဲ့တွေ့ စကားပြောခဲ့ပြီးပါပြီ'

'ကိုအုန်းခင်ဆိုတာကကော ဘယ်သူမို့လို့လဲရှင့်၊ ကျွန်မ အခုမှ ကြားဖူးတာပဲ'

'ဒီမှာ မကြည်မြ၊ ကျုပ်က သိပ်စိတ်ရှည်တဲ့လူတော့ မဟုတ်ဘူး။ ဒီတော့ ခင်ဗျား ကျုပ်တို့ဌာနချုပ်မှာမှ လိုက်စကားပြောမယ်ဆိုရင်လည်း ကျုပ်က ခေါ်သွားဖို့အသင့်ပဲ'

ကိုရန်ကင်းက ခပ်တည်တည် ပြန်ပြောလိုက်လျှင် မကြည်မြက နှုတ်ခမ်းများကို တွန့်လိုက်၏။

'ရှင်တို့ ပုလိပ်တွေဟာ လူတစ်ဖက်သားကို ခြိမ်းခြောက်ရမယ်ဆိုရင် နှစ်ယောက်မရှိဘူး'





'ကဲ... ခင်ဗျား ဒီမှာ အေးအေးစကားပြောမလား။ ဒါမှမဟုတ် ဌာနချုပ်ကို လိုက်စကားပြောမှာလား'

မကြည်မြက ကိုရန်ကင်းအား ရုတ်တရက် ပြန်မဖြေ။ မျက်နှာကို ခပ်စူစူလုပ်ထားလိုက်ပြီးမှ-

'ကောင်းပြီလေ၊ ကိုအုန်းခင်ကို ကျွန်မ သိပါတယ်၊ အဲဒါ ဘာဖြစ်သလဲရှင့်' ဟု ပြန်ပြောလိုက်၏။

'ဘာဖြစ်ရမှာလဲ၊ ခင်ဗျားယောက်ျား သောင်းတင်က ကိုရဲသန်းကို ကိုအုန်းခင်မှတ်ပြီး သတ်ပစ်ခဲ့တာ ဖြစ်ချင် ဖြစ်နိုင်နေတယ်...'

'အိုရှင်... ကိုသောင်းတင်က ဘာကြောင့် ဒီလိုလုပ်ရမှာတဲ့လဲ'

'ကိုအုန်းခင်နဲ့ ကျုပ်တို့ စကားပြောခဲ့ပြီးပါပြီလို့ ခင်ဗျားကို ပြောထားခဲ့တယ် မဟုတ်လားဗျာ၊ ဒီတော့ အချိန် အလကား ဖြုန်းမနေကြပါနဲ့လို့၊ ခင်ဗျားယောက်ျားက ခင်ဗျားဟာ ကိုရဲသန်းနဲ့ လင်ငယ်နေနေတယ်လို့ ထင်နေခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားနဲ့ ကိုအုန်းခင်က ကိုရဲသန်းရဲ့ တိုက်ခန်းမှာ ချိန်းချိန်းတွေ့နေခဲ့ကြတာကိုး'

'ကိုအုန်းခင်ဆိုတဲ့လူကတော့ စံပါပဲရှင်၊ တော်တော်ကို အသုံးမကျတဲ့လူပဲ' ဟု မကြည်မြက နာကြည်းသော အသံဖြင့် ရေရွတ်လိုက်၏။

'ခင်ဗျားက အခုမှ ကိုအုန်းခင်ကို အသုံးမကျဘူး ဘာဘူးနဲ့ ပြောနေပေမယ့် သူ့ကို ခင်ဗျား တော်တော် သဘောကျခဲ့တယ် မဟုတ်လား မကြည်မြ'

'ကိုအုန်းခင်လို လူမျိုးကိုများ ကျွန်မက သဘောကျရမှာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လားရှင့်၊ ရယ်စရာ ကောင်းလိုက်တာ၊ ကျွန်မ သူ့ကို အသုံးချခဲ့တာ သက်သက်ပါရှင်'

ကိုရန်ကင်းက မကြည်မြအား မျက်ခုံးများပင့်လျက် ကြည့်လိုက်သည်။

'ဟုတ်လား၊ ဘယ်လိုများ အသုံးချခဲ့တာလဲဗျာ'

'ဥပမာရှင်၊ ခေါင်းကိုက်တဲ့အခါမှာ ခေါင်းကိုက်ပျောက်ဆေး သောက်သလိုပေါ့ရှင်'

'ကျွန်တော် ကောင်းကောင်း သဘောမပေါက်သေးပါဘူး၊ ခင်ဗျားက ကိုအုန်းခင်ကို ဘယ်လို ခေါင်းကိုက်ပျောက်ဆေး အဖြစ်နဲ့ အသုံးပြုခဲ့တာလဲ'

'ရှင်လည်း နားဝေးရန်ကော၊ ကျွန်မယောက်ျားက ထောင်ကျနေခဲ့တာ တော်တော် ကြာသွားခဲ့ပြီ မဟုတ်လား၊ ကျွန်မကလည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ်ရှင့်။ ဒီတော့ ကျွန်မက ကိုအုန်းခင်ကို ကိုရဲသန်းရဲ့တိုက်ခန်းမှာ ချိန်းတွေ့ခဲ့တာဟာ ကျွန်မ သွေးသားတောင့်တမှုကို ဖြည့်တာတစ်ခု သက်သက်ပါပဲ၊ ဒါထက်ဘာမှ ပိုခဲ့တာ မဟုတ်ပါဘူး'

မကြည်မြက ဘွင်းဘွင်းရှင်းရှင်းကြီးပင် ပြောချလိုက်၏။

'သြော်… ကျွန်တော် သဘောပေါက်ပါပြီ'

မကြည်မြက အရှက်အကြောက် ကင်းမဲ့စွာ ရယ်မောလိုက်၏။

'ရှင်ကလည်း တဲ့တိုးပြောမှ ရိပ်မိတော့တာပဲနော်၊ ကျွန်မ ကိုအုန်းခင်ကို တမင်သက်သက် ရွေးခဲ့တာပဲ၊ သူ့လို အရုပ်ဆိုး အကျည်းတန်လှတဲ့ ယောက်ျားတစ်ယောက်နဲ့ ကျွန်မက ဖောက်ပြန်လိမ့်မယ်လို့ လူတွေက ဘယ်လိုမှ ထင်ကြမှာ မဟုတ်ဘူးလို့





ကျွန်မက တွက်ခဲ့တယ်လေ၊ ကိုသောင်းတင်နဲ့လည်း အရင်က တစ်ခါမှ အဆက်အသွယ် မရှိခဲ့တဲ့လူ၊ ကျွန်မနဲ့လည်း မသိဖူးတဲ့ လူကိုမှ ကျွန်မက ရွေးပြီး ကျွန်မ အရင်က တစ်ခါမှ မသွားဖူးတဲ့ ကိုရဲသန်းရဲ့ တိုက်ခန်းကိုမှ ကျွန်မက အသုံးပြုခဲ့တာပဲ၊ ဒါနဲ့တောင် ကိုသောင်းတင် သိသွားတာကတော့'

မကြည်မြက စကားဖြတ်လိုက်ကာ ရယ်မောလိုက်ပြန်သည်။

'တွေးကြည့်တော့လည်း ရယ်စရာအကောင်းသားရှင့်'

'ကျွန်တော် တစ်ခုမေးပါရစေလားဗျာ'

'မေးလည်း ပြောမှာပဲဥစ္စာ'

'ခင်ဗျားဟာ ခင်ဗျားယောက်ျား ကိုသောင်းတင်အပေါ်မှာ မေတ္တာမကုန်ခန်းသေးပါဘူးလို့ ကျွန်တော် အကဲခတ်မိတယ်၊ ဒါနဲ့တောင်…'

'ဒါကတော့ ရှင်က ယောက်ျားတွေး တွေးတာကိုးရှင့်၊ ကျွန်မ ကိုသောင်းတင်ကို ချစ်ပါတယ်။ ဒါပေမဲ့ ချစ်တာနဲ့ ကျွန်မ သွေးသား တောင့်တတာက တခြားစီပဲရှင့်၊ ကျွန်မ သွေးသားတောင့်တတာကို ကိုသောင်းတင်က ဖြည့်စွမ်းမပေးနိုင်တဲ့ အချိန်မှာ ကျွန်မက ဘာလုပ်ရမှာလဲ၊ ကျွန်မဟာလည်း လူပဲရှင့်'

ကိုရန်ကင်းက ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်ရသည်။ မကြည်မြသည် သူ့ဆင်ခြေနှင့် သူတော့ ဟုတ်နေ၏။ ပွင့်လင်းဖော်ရသည်ကိုပင် ချီးကျူးရမလို ဖြစ်နေသည်။

'ထားလိုက်ပါတော့လေ၊ ကျွန်တော်တစ်ခုပြောမယ် မကြည်မြ၊ ကိုရဲသန်း အသတ်ခံရတဲ့ကိစ္စမှာ ခင်ဗျား ယောက်ျားက ဘယ်လိုမှ မပတ်သက်ရင် သူ့အတွက် ဘာမှပူစရာ မရှိပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ အခု သူ ဘယ်မှာရှိနေတယ်ဆိုတာကို ခင်ဗျားက ပြောပြရင် ကိစ္စ…'

'အို… သူ ဘယ်မှာရှိနေတယ်ဆိုတာကို ကျွန်မမှ မသိတာရှင်၊ ကျွန်မက ဘာတတ်နိုင်မှာလဲ'

'သူ့ကို ကျွန်တော်တို့ မြန်မြန်ရှာတွေ့လေ၊ သူ့အတွက် သက်သာလေဖြစ်မှာပဲဆိုတာ ခင်ဗျား သိထားပါ မကြည်မြ'

'ရှင်တို့ ပုလိပ်တွေ လူတစ်ယောက်ကို ဖမ်းမိရင် တော်တော်နဲ့ မလွှတ်တတ်တာကိုတော့ ကျွန်မ သိထားပါတယ်ရှင်'

ကိုရန်ကင်းက အခန်းနံရံ တစ်ဖက်ရှိ စားပွဲပေါ်တွင် မှန်ဘောင်တပ်၍ ထောင်တင်ထားသော ဓာတ်ပုံတစ်ချပ်ကို သတိပြုလိုက်မိသည်။ ထို့ကြောင့် ထိုင်ရာမှထလျက် စားပွဲဆီသို့ လျှောက်သွားပြီး ဓာတ်ပုံကို ကောက်ယူကြည့်လိုက်၏။

'ခင်ဗျားယောကျ်ား ဓာတ်ပုံလားဗျ'

'ကျွန်မယောကျ်ား ဓာတ်ပုံမဟုတ်လို့ ဘယ်သူ့ပုံရှိရဦးမှာလဲရှင့်၊ သူ့ဓာတ်ပုံကို ရှင်တို့ပုလိပ်တွေကလည်း ရိုက်ထားတာတွေ အများကြီးရှိတယ် မဟုတ်လား'

ဓာတ်ပုံမှာ စနက်(ပ်)ရှော့(တ) ရောင်တခင် ရိုက်ကူးထားသော ဓာတ်ပုံကို အကျယ်ချဲ့ ဆေးရောင်စုံ ခြယ်ထားခြင်း ဖြစ်ကာ ဓာတ်ပုံထဲတွင် မြိတ်သားသောင်းတင်က အင်းယားကန်စောင်တွင် ရေချိုးခါနီး ကြွက်သားဗလတွေ ထုတ်ပြထားခြင်းဖြစ်၏။ မြိတ်သားသောင်းတင်သည် ကာယဗလ တော်တော် တောင့်တင်းလှသည်ကို ကိုရန်ကင်းက သတိပြုလိုက်မိသည်။

'ခင်ဗျားကို ကျွန်တော် တစ်ခုထပ်ပြောပါရစေဦး၊ ခင်ဗျားယောကျ်ားဟာ သိပ်ကို မနာလိုဝန်တိုစိတ် များတဲ့လူ၊ ဒီတော့





ရဲသန်းဟာ ခင်ဗျားကိုကြာခိုတဲ့ လူလို့ထင်ပြီး သူက သတ်ပစ်ခဲ့ရင် ခင်ဗျားကိုလည်း သူ့ကို သစ္စာဖောက်ရမလားဆိုပြီး သတ်ပစ်ချင် သတ်ပစ်ဦးမှာပ၊ အဲဒါကို ခင်ဗျား စဉ်းစားမိရဲ့လား မကြည်မြ'

သို့ရာတွင် မကြည်မြက ကိုရန်ကင်း၏စကားများကို ဘယ်လိုမှ အရေးထားပုံ မရချေ။

'ရှင်… ဒီ ကိုရဲသန်း အသတ်ခံရမှုကို လိုက်နေတာ ဘယ်လောက်ကြာပြီလဲ' ဟု သူမက ပြန်၍မေးလိုက်၏။

'အမှုဖြစ်ပြီး မိနစ်ပိုင်းအတွင်းက စလိုက်ရတာပါပဲ၊ ဘာဖြစ်လို့ မေးတာလဲ'

'ဒီလိုဆိုရင် ရှင် ကတုံးပြောင်နဲ့ အဘိုးကြီးတစ်ယောက်ကို ရှင်တွေ့ပြီးစစ်ပြီးပြီလား၊ အဘိုးကြီးမှာ ရွှေသားတွေလည်း ရှိတယ်'

ကိုရန်ကင်းက ပြန်စဉ်းစားပြီး ခေါင်းကို ယမ်းခါလိုက်၏။ ရဲသန်း အသတ်ခံရမှုနဲ့ ပတ်သက်၍ သူ တွေ့ဆုံမေးမြန်းစစ်ဆေးပြီးခဲ့သူတွေအထဲတွင် ယခု မကြည်မြ ပြောနေသော ပုံပန်းသဏ္ဌာန်ပိုင်ရှင် လူတစ်ယောက်မှ မပါသေးချေ။

'အဲဒီလူနဲ့ မတွေ့ရသေးပါဘူး၊ ဘာဖြစ်လို့လဲ'

'အဲဒီ အဘိုးကြီးကို ရှင် အမြန်ဆုံးတွေ့အောင် ရှာပြီး စစ်ကြည့်သင့်တာရှင့်၊ ရဲသန်းကို ကိုသောင်းတင်က မသတ်ပါဘူး၊ သူ့အကျင့်က လူတစ်ယောက်ကို သတ်ဖို့ ခြိမ်းခြောက်ချင် ခြိမ်းခြောက်မယ်။ ဒါပေမဲ့ တကယ်တမ်းကျတော့ ဘယ်တော့မှ မသတ်ပါဘူး၊ သူဟာ ဒါလောက်လည်း မမိုက်မဲသေးပါဘူးရှင်'

'ကြည့်သေးတာပေါ့ မကြည်မြ၊ ခင်ဗျားပြောတဲ့ အဘိုးကြီးဆိုတာက ဘယ်သူလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူ ဘယ်သူဘယ်ဝါဆိုတာကိုတော့ ကျွန်မ မသိပါဘူး၊ ပြီးတော့ အဘိုးကြီးဆိုပေမယ့် အသက် (၅၀)ကျော် (၆၀) နီးပါးလောက်သာ ရှိသေးတာ၊ ပြီးတော့ သန်သန်မာမာကြီးပါရှင်'

'သူ့ကို ကျွန်တော်က ဘာကြောင့်ရှာပြီး စစ်ရမှာလဲ'

ကိုရန်ကင်းက ပြန်မေးလိုက်ရာ ကြည်မြက ၎င်းအား ခပ်တည်တည် ပြန်ကြည့်နေလိုက်လေသည်။

'ဘာဖြစ်လို့လဲဆိုတော့ ကိုရဲသန်းကို သတ်သွားတဲ့လူဟာ အဲဒီလူဖြစ်ချင် ဖြစ်နေမှာမို့ပဲ'

'ခင်ဗျားက ဘာကြောင့် ဒီလိုပြောနိုင်တာလဲ'

'ကျွန်မ တစ်ညမှာ သူ့ကို ကိုရဲသန်းရဲ့ တိုက်ခန်းထဲက ထွက်လာတာ တွေ့ခဲ့ရတယ်ရှင့်၊ ကျွန်မက ကိုရဲသန်းရဲ့ တိုက်ခန်းကို အတက် သူက ဆင်းအလာ လှေကားပေါ်မှာ ဆုံမိကြတာပဲ၊ အဘိုးကြီးက သိပ်ကို စိတ်ဆိုး ဒေါသထွက်နေတာ၊ သူ့မျက်နှာကြီးက နီရဲပြီး ကြောက်စရာကောင်းလိုက်တာရှင်'

ကိုရန်ကင်းက မျက်မှောင် မသိမသာကုတ်ကာ ကြည်မြ၏ မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

'ဒီအကြောင်းကို ကိုအုန်းခင်ကတော့ ဘာမှ မပြောပါလားဗျာ'

'အဲဒီတုန်းက ကိုအုန်းခင်မှ တိုက်ကို မရောက်လာသေးတာပဲ၊ ခါတိုင်းဆိုရင်တော့ သူက တိုက်ကို အရင်ရောက်နှင့်တယ်၊ ဒါပေမဲ့ အဲဒီတစ်ခါမှာတော့ ကျွန်မက သူ့အရင်ရောက် သွားပြီး အဘိုးကြီးနဲ့ ဆုံမိတာပါပဲ'

'ကဲလေ… ဆက်ပြောပါဦး'

ကြည်မြက ပြန်စဉ်းစားဟန်ဖြင့် နဖူးရေကလေး ...





လိုက်သည်။ ပြီးမှ…

'ကျွန်မလည်း သူ့ကို အံ့အားသင့်ပြီး ကြည့်နေမိတာပေါ့၊ သူ့လောက် ဒေါဖောင်းနေတဲ့ အဘိုးကြီးမျိုးကို ကျွန်မတစ်ခါမှ မတွေ့ဖူးသေးပါဘူးရှင်၊ ကိုရဲသန်းရဲ့ တိုက်ခန်းထဲက ထွက်လာကတည်းက သူ့ဘာသာသူ တစ်ယောက်တည်း ကြိမ်းမောင်းရေရွတ်လာတာရှင့်၊ သူ့လက်ထဲမှာလည်း ကြိမ်လုံးကြီးတစ်ချောင်းကိုင်လို့'

ကိုရန်ကင်းက မျက်ခုံးတစ်ဖက် ပင့်လိုက်မိ၏။

'ကြိမ်လုံး ဟုတ်လား'

'ဟုတ်တယ်၊ ရောမကြိမ်လုံးကြီးရှင့်၊ ကိုင်ထားရုံမကပါဘူး၊ လေထဲမှာ အားရပါးရ ဝှေ့ဝှေ့ရိုက်နေတာရှင့်၊ လူတစ်ယောက်ကို ခွေးရိုက် နွားရိုက် ရိုက်နေသလိုပါပဲလေ'

'ဒါကို ခင်ဗျားက လှေကားပေါ်က ရပ်ကြည့်နေတယ်ပေါ့'

'ကျွန်မက အံ့အားလည်းသင့်၊ ကြောက်လည်းကြောက်နေမိတော့ ဘာလုပ်ရမှန်း မသိဘဲ ဒီလိုပဲ ကြောင်ရပ်ကြည့်နေမိတာပေါ့ရှင်'

ကိုရန်ကင်းက ဘာမှ မပြောတော့ဘဲ ကြည်မြ၏မျက်နှာကိုသာ စူးစိုက်၍ ကြည့်နေလိုက်သည်။ တကယ်တော့ သူမ ပြောနေသော အဘိုးကြီးအကြောင်းကို သူက သိပ်ယုံမိသည် မဟုတ်။ သူမ၏ ယောကျ်ား မြတ်သားသောင်းတင်ထံမှ သူ့ကို လမ်းလွှဲရန် ကြည်မြက တမင် လုပ်ကြံဖန်ဆင်းနေခြင်းသာ ဖြစ်မည်ဟု သူက ယူဆယုံကြည်ချင်နေ၏။

ကြည်မြက ကိုရန်ကင်း၏ မျက်နှာထားကို ... ခတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ မျက်မှောင်ကလေး ကြုတ်လိုက်၏။

'ဘာလဲ… ရှင်က ကျွန်မပြောတာ မယုံဘူးပေါ့လေ'

'အမှန်အတိုင်း ပြောရရင် သိပ်မယုံလှဘူး မကြည်မြ'

'ကိုသောင်းတင်ဆီက ရှင့်ကို ကျွန်မက လမ်းလွှဲရအောင် တမင်သက်သက် လုပ်ကြံပြောနေတာလို့ ရှင်က ဆိုချင်တာလား'

ကြည်မြက ဒေါပွလာသော အသံဖြင့် ထပ်မေးလိုက် ပြန်သည်။

'ဟုတ်တယ်'

ကြည်မြက ခံပြင်းသော အမူအရာဖြင့် ထရပ်လိုက်သည်။

'ရှင်တို့ပုလိပ်တွေဟာ လူတစ်ဖက်သားကို သိပ်အယုံ အကြည် ကင်းမဲ့တာပဲ၊ ရှင်က ကိုသောင်းတင်သာ တရားခံဖြစ်ရ မယ်လို့ တစ်ထစ်ချတွက်ပြီး သူ့ကို ကြိုးစင်တင်ဖို့သာ စိတ်စော နေတာပဲ၊ ကျွန်မ…'

ကြည်မြသည် စကားဖြတ်လိုက်ကာ တံခါးဝဆီသို့ ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။ ထို့နောက် ချက်ချင်းပင် မျက်နှာ ကို ပြန်လှည့်လိုက်သော်လည်း ကိုရန်ကင်းက သူမ၏ အပြုအမူ ကို သတိပြုလိုက်ပြီး ဖြစ်နေ၏။

ကိုရန်ကင်းက အသာနားစွင့်လိုက်ရာ တံခါးအပြင်ဘက် က လူတစ်ယောက်သည် တံခါးဆီမှ ခြေကိုဖွနင်းလျက် ဆုတ်ခွာ နေသံကို ခပ်သဲ့သဲ့ ကြားလိုက်ရ၏။ ကြည်မြက ရုတ်တရက် ကျယ်လောင်သော အသံဖြင့် ပြောလိုက်၏။

'ဟိုဘက်ခန်းက လူ လာချောင်းနားထောင်နေတာ ဒီလူက သိပ်ကိုစပ်စုတဲ့လူရှင့်၊ နေဦး၊ ဒီလူကိုတော့ ကနေ့ ပြော ပစ်လိုက်ဦးမယ်'





ကိုရန်ကင်းက ထိုင်ရာမှ ရုတ်တရက် ထလိုက်ကာ ကုတ်အင်္ကျီစကို ခါးရှိ ခြောက်လုံးပြူးအိတ်ဆီမှ ဖယ်လိုက်ပြီး တံခါးဆီသို့ လျင်မြန်စွာ လျှောက်သွားလိုက်၏။ ကြည်မြကလည်း ကိုရန်ကင်းနောက်မှ ထပ်ချပ်လိုက်လာရင်း ကျယ်လောင်သော အသံဖြင့် လှမ်းအော်လိုက်တော့သည်။

'ကိုသောင်းတင်… ပြေးပြေး… မြန်မြန်ပြေး'

မကြည်မြသည် အော်ရင်းကပင် ကိုရန်ကင်းအား လက် နှစ်ဖက်ဖြင့်နောက်ကနေ၍ အတင်းသိမ်းကျုံး ဖက်ထားလိုက်တော့ ၏။ ကိုရန်ကင်းကလည်း သူမ၏ လက်တွင်းမှ ရုန်းထွက်ရန် ကြိုးစားရင်းကလည်း တံခါးကို လက်နှစ်ဖက်ဖြင့် ဆွဲဖွင့်လိုက်၏။ ထိုစဉ်မှာပင် လှေကားမှ တဒိုင်းဒိုင်း ပြေးဆင်းသွားသံကို ကြား လိုက်ရ၏။

ကြည်မြကတော့ ကိုရန်ကင်းအား မလွှတ်တမ်း ဖက်ထား လိုက်၏။ ကိုရန်ကင်းက သူမ၏လက်များကို သူ့ကိုယ်မှ အတင်း ဆွဲခွာပြီး ဘေးတစ်ဖက်သို့ တွန်းဖယ်ပစ်လိုက်ရာ ကြည်မြမှာ သည် ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်လျက်သား လဲကျသွားလေတော့ ၏။ ကိုရန်ကင်းကလည်း တံခါးကိုဆွဲဖွင့်လျက် အပြင်ဘက်သို့ ခုန်ထွက်လိုက်ကာ လှေကားအောက်သို့ လှမ်းကြည့်လိုက်၏။ လှေကားခြေရင်းမှနေ၍ သူ့အား လည်ပြန်လှည့်ကြည့်လိုက်သူမှာ တိုက်ခန်းထဲရှိ ဓာတ်ပုံထဲမှလူပင်ဖြစ်သည်ကို ကိုရန်ကင်းက တွေ့ လိုက်ရ၏။ ၎င်းသည် ဓာတ်ပုံထဲကထက်ပင် သန်မာထွားကျိုင်း လှသူတစ်ယောက် ဖြစ်လေသည်။

မြိတ်သားသောင်းတင်သည် ကိုယ်ခန္ဓာသန်မာထွားကျိုင်း ရုံမက အပြေးလည်း မြန်လှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုရန်ကင်းက လှေကားခြေရင်းသို့ ရောက်သွားသည့်အခါတွင် ၄င်းမှာ လမ်းမကြီးသို့ စွပ်ပြေးနေပြီ ဖြစ်လေသည်။ ကိုရန်ကင်းနှင့်ဆိုလျှင် ကိုက် (၅၀)ခန့်ပင်ကွာနေပြီ ဖြစ်လေသည်။ ကိုရန်ကင်းကလည်း ခြေကုန်သုတ်လျက် ၄င်းနောက်သို့ ပြေးလိုက်သွားလေ၏။ မြိတ်သားသောင်းတင်က လမ်းမကြီးပေါ်သို့ ကိုရန်ကင်းထက် အရင်ရောက်ကာ လက်ဝဲဘက်သို့ ကွေ့လျက် ဆက်ပြေးသွားလေ၏။

ကိုရန်ကင်းက လမ်းမပေါ်သို့ ရောက်သွားသည့်အခါတွင်ကား လက်ဝဲဘက် သူ့ရှေ့ ကိုက်(၅၀)ခန့်အကွာ၌ ခြေကုန်သုတ်ပြေးသွားနေသော မြိတ်သားသောင်းတင်၏ သဏ္ဌာန်ကို လမ်းဘေးဓာတ်မီးတိုင်မှ မီးရောင်အောက်၌ ကိုရန်ကင်းက အတိုင်းသားတွေ့ရလေသည်။ ၄င်းအား ဒီအတိုင်းပြေးလိုက်၍ မီတော့မည်မဟုတ်သည်ကို ကိုရန်ကင်းက နားလည်လိုက်ကာ ၄င်းနောက်သို့ပြေးလိုက်ရင်းကပင် သူ့ခါးမှ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်သည်။ ထို့နောက် သေနတ်ပြောင်းကို မိုးပေါ်သို့ထောင်လျက် ဒိုင်းခနဲ... ဒိုင်းခနဲ နှစ်ချက်ဆင့်ပြီး မောင်းဖြုတ်ချလိုက်သည်။

'ဟေ့... သောင်းတင် ရပ်လိုက်၊ နောက်တစ်ချက်ဆိုရင် မင်းကျောထဲ ငါ ပစ်ထည့်လိုက်မယ်'

ရှေ့က ပြေးနေသော သောင်းတင်သည် အပြေးမရပ်ဘဲ လမ်းဘေး မှောင်ရိပ်ထဲသို့ စွပ်ပြေးဝင်သွားလေသည်။ ကိုရန်ကင်းက ၄င်းပြေးဝင်သွားသော မှောင်ရိပ်ထဲသို့ နောက်ထပ် သေနတ်ကျည်ဆန်တစ်ချက် ပစ်ထည့်လိုက်သော်လည်း ထိမှန်ခြင်းရှိဟန်မတူ။ တဘုတ်ဘုတ် တအားပြေးသွားသော ခြေသံများကိုသာ ဆက်တိုက် ကြားနေရ၏။





ကိုရန်ကင်းလည်း မတတ်သာတော့ဘဲ ၄င်းဘက်သို့ ဆက်၍ ပြေးလိုက်ရပြန်၏။ ဤတွင် မှောင်ရိပ်အစွန်းမှ လမ်းကို ဖြတ်ကူးလျက် ဘေးလမ်းကြားထဲသို့ ပြေးဝင်သွားသော မြိတ်သားသောင်းတင်၏ သဏ္ဌာန်ကို ရိပ်ခနဲ တွေ့လိုက်ပြန်၏။ ကိုရန်ကင်းသည် အသက်ကို ပြင်းစွာရှူလိုက်ရာက ထိုလမ်းကြားကလေးထဲသို့ ပြေးဝင်လိုက်သွားရပြန်၏။

လမ်းကြားကလေးကား အလင်းရောင်ဟူ၍ လုံးဝမရှိဘဲ ဖကတိ မှောင်ကျနေ၏။ သို့ရာတွင် မြိတ်သားသောင်းတင်မှာ ကြောင်မျက်စိရှိဟန်တူ၏။ တဘုတ်ဘုတ် ပြေးသွားနေသော ခြေသံကို ကိုရန်ကင်းက ကြားနေရ၏။ ကိုရန်ကင်းသာလျှင် အမှိုက်ပုံးတစ်ခုကို ဝင်တိုက်မိပြီး ဒူးတစ်ဖက် အတော်နာကျင်သွားလေသည်။

သို့သော် ဒူးနာသည်ကို ဂရုမစိုက်နိုင်ဘဲ ကိုရန်ကင်းက အားခဲလျက် ဆက်လိုက်ရပြန်သည်။ လမ်းကြားကလေး အဆုံးသို့ ရောက်သွားလျှင် သူသည် လမ်းဘေးဓာတ်မီးတိုင်တွေ ထိန်လင်းနေသော ကုန်သည်လမ်းမကြီးပေါ်သို့ ရောက်သွားလေ၏။ သူ၏ လက်ဝဲဘက်ဆီမှ တဘုတ်ဘုတ် ပြေးသွားနေသော ခြေသံများကို ကြားလိုက်ရပြန်သဖြင့် ကိုရန်ကင်းက ထိုနေရာဘက်သို့ ဆက်၍ ပြေးလိုက်ရပြန်၏။ မကြာမီတွင် လမ်းဘေး ဓာတ်မီးတိုင်အောက်မှ ဖြတ်၍ ခြေကုန်သုတ် စွတ်ပြေးနေသော မြိတ်သားသောင်းတင်၏သဏ္ဌာန်ကို တွေ့လိုက်ရပြန်၏။ ၄င်းသည် ဤမျှ ပြေးလာရသည့်တိုင် ဘယ်လိုမှ မောဟန်းခြင်းရှိဟန်မတူ၊ ဆက်လက်၍ လျှင်မြန်စွာ ပြေးနေဆဲသာဖြစ်သည်။

ကိုရန်ကင်းသာလျှင် ရင်ဘတ်ထဲက တလှိုက်လှိုက် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်အထိ မောပန်းလာနေပြီ ဖြစ်၏။ ဒီအတိုင်း နောက်ထပ် ဆက်၍ လိုက်ရပါက သောင်းတင်အား လိုက်၍ မီတော့မည် မဟုတ်သည်ကို ကိုရန်ကင်းက နားလည်လိုက်မိ၏။

ထိုစဉ်မှာပင် ဆိပ်ကမ်းမှ ညအလုပ်ပြီး၍ ဆင်းလာကြသော အလုပ်သမားတစ်စုသည် ခြေကုန်သုတ် ပြေးနေသော မြိတ်သားသောင်းတင်၏ရှေ့သို့ ရောက်လာကြသည်။ သို့ရာတွင် မြိတ်သားသောင်းတင်ကတော့ ဂရုမစိုက်ဘဲ ထိုအလုပ်သမား အုပ်စုကြားထဲသို့ စွတ်၍ ပြေးဝင်သွားရာ ကိုရန်ကင်း၏ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့၏။

'ဟေ့လူတွေ… အဲဒီလူကို ဖမ်းထားလိုက်ပါ၊ ဒီလူဟာ လူဆိုးတစ်ယောက်ပဲ'

ကိုရန်ကင်းက လှမ်းအော်လိုက်သော်လည်း အလုပ်သမားလူအုပ်သည် ဘယ်လိုမှ လှုပ်ရှားခြင်းမရှိ၊ ရှေ့သို့သာ ဆက်၍ လျှောက်လာနေကြသည်။ ကိုရန်ကင်းလည်း ၎င်းတို့ဆီသို့ ပြေးသွားရာက ၎င်းတို့ကြားတွင် မြိတ်သားသောင်းတင်အား လိုက်၍ ရှာဖွေရပြန်၏။

'ခုနက ခင်ဗျားတို့ ကြားထဲ ပြေးဝင်လာတဲ့လူ ဘယ်ရောက်သွားပြီလဲ၊ သူဟာ လူဆိုးတစ်ယောက်ပဲ၊ ကျုပ်က ရဲအရာရှိတစ်ယောက်ပါ'

သို့ရာတွင် အလုပ်သမားတွေက ကိုရန်ကင်းအား ဘယ်လိုမှ ပြန်မဖြေကြ။ ဝိုင်း၍ ခပ်ကြောင်ကြောင် ကြည့်နေကြ၏။ တကယ်တော့ ဆိပ်ကမ်းအလုပ်သမားများသည် ရဲဆိုလျှင် ကူညီလာကြသူတွေ မဟုတ်ကြမှန်း ကိုရန်ကင်းက သိထားနေ၏။ ထို့ကြောင့် ကိုရန်ကင်းက ဆက်၍ မေးမနေတော့ဘဲ ၎င်းတို့ကြား





မှ အတင်းတိုးဝင်ပြီး ရှေ့သို့ ဆက်၍ ပြေးခဲ့လေ၏။

မြိတ်သားသောင်းတင်ကား ကိုရန်ကင်းရှေ့ ကိုက်တစ်ရာ အကွာခန့်တွင် ဓာတ်တိုင်တစ်တိုင်ကို မှီလျက် အမောဖြေယျက်ရှိနေသည်။ သို့ရာတွင် အလုပ်သမားတွေကြားထဲမှ ပြေးထွက်လာသော ကိုရန်ကင်းကို တွေ့လိုက်ရပြန်လျှင်တော့ ၎င်းက မှေ့သို့ခါက်၍ ပြေးပြန်တော့သည်။

'ဟေ့… သောင်းတင် ရပ်လိုက်၊ ပစ်ထည့်လိုက်မယ် နော်'

ခြေကုန်စ ပြနေသော ကိုရန်ကင်းက မောဟိုက်သံကြီးဖြင့် လှမ်းအော်လိုက်ပြန်သည်။ သို့သော် သောင်းတင်က ဘယ်လိုမှ ဂရုမစိုက်။ ခါးကုန်း ဦးခေါင်းစိုက်လျက် တကယ့် အပြေးသမားကြီးတစ်ယောက်အလား ခြေကုန်ဆက်၍ ပြေးနေ၏။ ကိုရန်ကင်းလည်း မတတ်သာတော့ဘဲ လမ်းပေါ်တွင် ဒူးထောက်ချလိုက်ကာ ရှေ့မှ ပြေးနေသော သောင်းတင်၏ သဏ္ဌာန်ဆီသို့ သူ့သေနတ်ကို သေချာစွာ ချိန်ရွယ်လိုက်လေသည်။ သောင်းတင်အား သူက အသေပစ်၍ မဖမ်းလို။ ထို့ကြောင့် ကိုယ်အောက်ပိုင်းဆီသို့ ကျည်ဆန်ထိမှန်ရန် သေချာစွာ သေနတ်ပြောင်းကို ချိန်ရွယ်နေလိုက်၏။

ချိန်သားကျသည့်အခါ၌ သေနတ်မောင်းကို လက်ညှိုးဖြင့် ကွေးညှစ်လိုက်မည်ပြုစဉ် ရုတ်တရက် ဘေးလမ်းကြားထဲမှ လော်လီကားကြီး တစ်စင်းက ထွက်လာကာ သောင်းတင်အား ကိုရန်ကင်း၏ မြင်ကွင်းမှ ကာဆီးလိုက်လေတော့၏။

ကိုရန်ကင်းက တစ်ကိုယ်တည်း ကျိန်ဆဲလိုက်မိကာ ဒူးထောက်နေရာမှ ထရပ်ပြီး ရှေ့သို့ ပြေးလိုက်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



လော်လီကားကြီးသည် မြိတ်သားသောင်းတင် ပြေးသွားနေသည့်ဘက်သို့ ချိုးကွေ့ပြီး ဆက်၍ မောင်းသွားလေသည်။ ဤတွင် လမ်းဘေး မှောင်ရိပ်ထဲမှနေ၍ မြိတ်သားသောင်းတင်က လော်လီကားကြီးနောက်သို့ ပြေးလိုက်ပြီး ကားနောက်မြီးကို လှမ်းခုန် ဆွဲခိုပြီး စီးလိုက်သွားသည်ကို ကိုရန်ကင်းက တွေ့လိုက်ရ၏။

'ဟော့… လော်လီကား၊ ရပ်စမ်း… ရပ်စမ်း'

ကိုရန်ကင်းသည် အသံကုန် လှမ်းအော်လိုက်လေသည်။ သို့သော်လည်း လော်လီကား ဒရိုင်ဘာက ကြားဟန်မတူ၊ ကားကို ဆက်လက်၍သာ မောင်းသွားတော့ရာ ကိုရန်ကင်းက သူ့သေနတ်ကို မိုးပေါ်သို့ထောင်လျက် ဒိုင်းခနဲ ဒိုင်းခနဲ ဆင့်၍ ပစ်ဖောက်လိုက်ပြန်၏။

သို့တစေလည်း လော်လီကားကြီးသည် ရပ်သွားခြင်း မရှိ။ လော်လီကား ဒရိုင်ဘာသည် သေနတ်သံကို ကြားမှပင် လန့်ဖျပ်၍ ကားကို ပို၍ မောင်းသွားဟန်တူ၏။ လော်လီကားကြီးသည် အရှိန်ပို၍ ပြင်းစွာဖြင့် ရှေ့သို့ ဆက်လက်၍ မောင်းသွားလေတော့သည်။ ကိုရန်ကင်းသည် မည်သို့မျှ မတတ်နိုင်တော့။ လက်ထဲတွင် သေနတ်ကို တွဲလောင်းကိုင်ကာ လျှင်မြန်စွာ ဝေးကွာသွားသော လော်လီကားကြီး၏ နောက်မီးအနီကလေးကိုသာ ရပ်ကြည့်နေလိုက်ရ၏။ လော်လီကားကြီး နောက်သို့ အမီလိုက်စရာ အခြားယာဉ်ဟူ၍လည်း အနီးအနားတွင် ရှိမနေချေ။

ခဏအတောအတွင်းမှာပင် လော်လီကားကြီး၏ ခတ်မီး နီကလေးသည် ကိုရန်ကင်း၏ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့၏။

ကိုရန်ကင်းသည် ရင်ထဲတွင် တလှပ်လှပ်ဖြစ်နေရာက





အသက်ကို ပြင်းပြစွာ ရှူရှိုက်နေရ၏။ သူ့တစ်ကိုယ်လုံးမှာလည်း ချွေးတွေဖြင့် စိုရွဲလျက် ရှိနေတော့သည်။

ထိုစဉ် ရဲဝိုင်ယာလက်စ် ကားတစ်စီးက ဥဩသံ တဝေါဝေါဖြင့် လမ်းမကြီးအတိုင်း မောင်းလာသည်ကို ကိုရန်ကင်းက တွေ့လိုက်ရသည်။ ကိုရန်ကင်းလည်း ဝမ်းသာအားရဖြင့် ကားဆီသို့ လက်တစ်ဖက် အားရပါးရ ယမ်းပြလိုက်၏။

ဝိုင်ယာလက်စ်ကားသည် ကိုရန်ကင်းဘေးတွင် ကျွီခနဲ ဘရိတ်အုပ်လိုက်ကာ ကားထဲမှ ရဲအုပ်တစ်ယောက်နှင့် ရဲကြပ်တစ်ယောက် ခုန်ဆင်းလာကြသည်။ ၄င်းတို့လက်ထဲတွင် သေနတ်ကိုယ်စီကိုင်လျက် ရှိနေကြကာ သေနတ်ပြောင်းဝများက ကိုရန်ကင်းအား ချိန်ရွယ်ထားလိုက်ကြသည်။

'ဟေ့လူ… ခင်ဗျား လက်ထဲကသေနတ်ကို ချလိုက်ပါ'

ထိုအခါမှပင် ကိုရန်ကင်းက မိမိ၏လက်ထဲ၌ သေနတ်ဆုပ်ကိုင်ရက်သား ရှိနေသည့်အဖြစ်ကို ပြန်လည်၍ သတိရလိုက်မိကာ ပြုံးလျက် သေနတ်ကို ခါးမှ အိတ်ထဲသို့ ပြန်ထိုးထည့်လိုက်၏။

'ခင်ဗျားတို့ ရောက်လာတာ အတော်ပဲ၊ ရဲဘော်တို့ ကျုပ်က ဗဟိုအမှုစစ်ဆေးရေးက စုံထောက်ရဲမှူး ရန်ကင်းပဲ၊ အခု တရားခံတစ်ယောက် လိုက်ဖမ်းတာ ခင်ဗျားတို့ကားနဲ့ အခုဆက်လိုက်ကြရအောင်၊ တရားခံက လော်လီကားပေါ်ခိုလိုက်သွားတယ်'

ရဲအုပ်နှင့် ရဲကြပ်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီးမှ အသီးသီး လက်ထဲမှ သေနတ်များကို ပြန်ထည့်လိုက်ကြသည်။

'လော်လီကားက ဘယ်ဘက်ကို မောင်းသွားသလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆရာ၊ ကျွန်တော်တို့လာတဲ့ဘက်မှာတော့ မတွေ့ခဲ့ရဘူး'

'ဟောဒီလမ်းမကြီးအတိုင်း ရှေ့တည့်တည့်ကို မောင်းသွားတာပဲ၊ ကဲ… လိုက်ကြရအောင်ဗျာ'

သုံးဦးသား ဝိုင်ယာလက်ကားပေါ်သို့ တက်လိုက်ကြပြီးနောက် ကားသည် ဥသြသံတဝေါဝေါဖြင့် လမ်းမကြီးအတိုင်း လျင်မြန်စွာ ပြေးနေတော့သည်။ ဂျူဒါအီဇကယ်လမ်းကို ကျော်ဖြတ်မိလျှင် ဗိုလ်တထောင်ဘက်သို့ ပြေးနေသော လော်လီကားကြီးတစ်စင်းကို မီလာတော့သည်။

'ဒီကားပဲ ထင်တယ်၊ ရပ်ခိုင်းပြီး စစ်ကြည့်ရအောင်'

ဝိုင်ယာလက်စ်ကားသည် လော်လီကားကြီးကို ကျော်တက်ကာ ဒရိုင်ဘာအား လမ်းဘေးတွင် ရပ်ရန် အချက်ပြလိုက်ပြီး ရှေ့ကခံ၍ ကားကို ရပ်လိုက်ကြသည်။

ကိုရန်ကင်းက ဝိုင်ယာလက်စ်ကားပေါ်မှ အရင်ဆင်းလိုက်ကာ လော်လီကား၏ နောက်မြီးပိုင်းပေါ်သို့ တွယ်တက်လိုက်ပြီး ကားထဲသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။

ကားထဲတွင် ထင်းရှူးသေတ္တာတစ်ထပ်မှအပ ဘာကိုမှ မတွေ့ရချေ။ ကိုရန်ကင်းလည်း သက်ပြင်းတစ်ချက်ချကာ ကားပေါ်မှ ပြန်ဆင်းပြီး ကားရှေ့ဒရိုင်ဘာခန်းဆီသို့ ပြန်လျှောက်ခဲ့၏။ ဒရိုင်ဘာသည် ရဲအုပ်နှင့် ရဲကြပ်ရှေ့တွင် ကြောက်ရွံ့စွာ မျက်နှာငယ်ကလေးဖြင့် ရပ်နေသည်။

'ခင်ဗျား အခု ဘယ်ကလာတာလဲ'ဟု ကိုရန်ကင်းက မေးလိုက်ရာ (၁၀)လမ်းက ငပြာရည်တင်၍လာကြောင်း ကားဒရိုင်ဘာ တုန်တုန်ယင်ယင်နှင့် ပြန်ဖြေလိုက်၏။ ဤတွင် မြိတ်သားသောင်းတင် ခိုစီးပြေးသော လော်လီကားကပင် ဖြစ်ကြောင်း





မှာ သေချာသွားရတော့သည်။

'ခင်ဗျား ကားနောက်မြီးမှာ ခုနကလူတစ်ယောက် ခိုစီးလိုက်လာတာ ခင်ဗျား သိသလား'

'မ… မသိရပါဘူး ဆရာရယ်'

ကိုရန်ကင်းက သက်ပြင်းတစ်ချက် ထပ်ချလိုက်မိပြန်၏။

'ခုနက ခင်ဗျားကို ကျုပ် သေနတ်ဖောက်ရပ်ခိုင်းတော့ ဘာလို့မရပ်လဲ'

'ကျွန်… ကျွန်တော်လည်း သေနတ်သံတွေကြားရတော့ လန့်ပြီး စွတ်မောင်းမိခဲ့တာပါ ဆရာ၊ ဆရာတို့ ရဲတွေမှန်း မသိလို့ပါ။ ကျွန်တော် ရပ်မပေးမိတာ တောင်းပန်ပါတယ်၊ မသိလို့ပါ ဆရာရယ်။ ဘုရားဖူးရပါစေရဲ့'

ကိုရန်ကင်းက ရှိခိုးဦးတင်မတတ် တောင်းပန်နေသော လော်လီကား ဒရိုင်ဘာအား အသာ လက်ကာပြလိုက်၏။

'မင်း တောင်းပန်နေဖို့ မလိုပါဘူးကွာ၊ မင်း ဘာမှ သိတာ မဟုတ်တာ၊ ကဲ… မင်း သွားနိုင်ပါပြီ'

ဒရိုင်ဘာသည် ကျေးဇူးတင်စကား အထပ်ထပ်ပြောကာ လော်လီကားပေါ် ပြန်တက်လျက် မောင်းထွက်သွားတော့သည်။

'ဆရာ… လိုက်ရှာဦးမလား'

ရဲအုပ်က မေးလိုက်ရာ ကိုရန်ကင်းက စိတ်ပျက်စွာ ခေါင်းကို ယမ်းခါလိုက်လေ၏။

'ဘယ်နေရာမှာ ခုန်ဆင်းသွားမှန်းမှ မသိရတာကို လိုက်ရှာလို့ ဘာထူးတော့မှာလဲ'

'တရားခံက ဘယ်သူလဲဆရာ'

ကိုရန်ကင်းသည် မြိတ်သားသောင်းတင်၏ အမည်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်ကာ ၄င်းကို လူသတ်မှု၊ မသင်္ကာမှုနှင့် အလိုရှိကြောင်း ပြောပြလိုက်ရသည်။

'ကဲ··· ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်ကို ကျွန်တော့်ကားရပ်ထားတဲ့ နေရာကိုသာ ပြန်ပို့ပေးပါတော့'

★ ★ ★

## (၁၁)

ဥာနချုပ်သို့ ပြန်ရောက်လျှင် နံနက်မိုးသောက်ကာနီး ဖြစ်လေသည်။ အရှေ့ဘက် ကောင်းကင်ပြင်တွင် ရောင်နီကလေးများ စို့တက်စ ပြုနေပြီဖြစ်၏။

ကိုရန်ကင်းသည် ကားပေါ်မှဆင်းရာက နံနက်မိုးသောက်လေပြည်အေးအေးကို အဆုတ်တွင်းသို့ အားရပါးရ ရှိုက်သွင်းလိုက်သည်။ ထို့နောက် အဆောက်အဦတွင်းသို့ ဝင်ကာ သူ့ရုံးခန်းပေါ်သို့ တက်ခဲ့လေ၏။

မော်တင်သည် သူ့စားပွဲတွင် ထိုင်ရာက ငိုက်မြည်းလျက် ရှိနေသည်။ ကိုရန်ကင်း၏ ခြေသံကို ကြားရသည့်အခါတွင်မှ ဆတ်ခနဲ ခေါင်းကို ထောင်ကြည့်လိုက်၏။

'အစ်ကိုကြီးက ပြန်လာသေးသကိုး၊ ကျွန်တော်က အစ်ကိုကြီး တစ်ခါတည်း အိမ်ပြန်သွားပြီ အောက်မေ့နေတာ'

'ဘယ်ကလာ အိမ်ပြန်ရမှာလဲကွာ'

ကိုရန်ကင်းက ပြန်ဖြေရင်းကပင် သူ့ကုလားထိုင်တွင် ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီး ကြည့်ရတာ တော်တော် ဖားလာပုံပဲ၊ ဘာတွေများ ဖြစ်ခဲ့သလဲ ဆိုစမ်းပါဦး'

'ဖားဆို လူတစ်ယောက်နဲ့ တာဝေးအပြေးပြိုင်ခဲ့ရတာ ကိုးကွ'

'ဟုတ်လား၊ အစ်ကိုကြီး နိုင်သလား၊ ရှုံးသလား'

'ရှုံးလာတာပေါ့ကွာ'

ကိုရန်ကင်းက ပြောပြောဆိုဆို သူ မကြည်မြင်ထံ သွားရောက်မေးမြန်း ပြောဆိုခဲ့သည်များနှင့် မြိတ်သားသောင်းတင်နောက်သို့ လိုက်ဖမ်းခဲ့ပုံများကို ပြန်၍ ဖောက်သည်ချလိုက်၏။

ကိုရန်ကင်း၏ စကားအဆုံးတွင် မော်တင်က ၎င်းအား အပြစ်တင်သည့် အမူအရာဖြင့် ကြည့်လိုက်၏။

'ကျွန်တော် ပြောသားပဲ မဟုတ်လား အစ်ကိုကြီး၊ ကျွန်တော်ပါ လိုက်ခဲ့ပါ့မယ်လို့၊ နှစ်ယောက်ညှပ်ဖမ်းရင် မိမှာပေါ့ဗျာ'

'အေးကွာ၊ ငါက ဒီကောင့်ကို အထင်သေးသွားမိတာကိုး၊ ဒါပေမဲ့ ငါ နားမလည်တာ ရှိတယ်'

'ဘာများလဲ အစ်ကိုကြီးရာ'

'တခြား မဟုတ်ပါဘူး၊ ဒီကောင် ဘာကြောင့် ထွက်ပြေးရတာလဲဆိုတာပဲ'

'ဟာ... အစ်ကိုကြီးကလည်း အဖမ်းမခံချင်လို့ပေါ့ဗျ'

'ဟုတ်ပြီလေ... ဘာကြောင့် အဖမ်းမခံချင်ရတာလဲ'

'အစ်ကိုကြီးကလည်း လုပ်ပြန်ပြီဗျာ၊ သူက လူသတ်ထားတော့ ဘယ်အဖမ်းခံချင်မှာလဲ'

ကိုရန်ကင်းက ဘာမှမပြောသေးဘဲ သူ့ဆေးတံကို ပါးစပ်ကာ စဉ်းစဉ်းစားစား အမူအရာဖြင့် စုပ်နေလိုက်သည်။ ခဏ္ဍ





ကြာမှ-

'သိလား မော်တင်' ဟု အရင်းမရှိ အဖျားမရှိ ပြောလိုက်သည်။

'ဘာသိတာလဲ အစ်ကိုကြီးရဲ့'

'ရဲသန်းကို မြိတ်သားသောင်းတင် သတ်တယ်ဆိုတဲ့ ယူဆချက်ကို ငါ သံသယရှိနေမိတယ်ကွ'

'အစ်ကိုကြီးကလည်း ဘာများ သံသယရှိနေတာလဲ၊ ထွက်ပြေးတယ်ဆိုကတည်းက သူ့မှာ အပြစ်ရှိနေတာကို ပြနေတာပဲ မဟုတ်လား'

'ဟုတ်ပြီလေ၊ အပြစ်ရှိတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ဘာအပြစ်ရှိတာလဲဆိုတာကိုတော့ ထည့်စဉ်းစားရဦးမယ်ကွ'

'လာပြန်ပြီ အစ်ကိုကြီးရာ၊ မရှုပ်ရှုပ်အောင်လို့'

ကိုရန်ကင်းက မော်တင်အား ပြုံး၍ကြည့်လိုက်၏။

'မော်တင်၊ မင်းဟာ လူငယ်တစ်ယောက်ပဲ၊ ဒါပေမဲ့ မင်းဟာ တင်မောင်ဆွေနဲ့လည်း ပေါင်းခဲ့တယ်။ ငါနဲ့လည်း ပေါင်းနေခဲ့တာပဲ၊ ဒီတော့ စုံထောက်ကောင်းတစ်ယောက်အနေနဲ့ ဘယ်တော့မှ ဒါဟာ ဒါပဲလို့ တစ်ထစ်ချ မတွက်ရဘူး၊ အဖက်ဖက်က လှည့်စဉ်းစားရတယ် တွက်ကြည့်ရတယ်။ ဒါမှသာ အမှုမှန်ဖြစ်လာနိုင်တယ်ဆိုတာ မင်းကို ငါ ပြောနေဖို့ မလိုပါဘူးကွာ၊ တရားခံတစ်ယောက်ရရင် ပြီးရောဆိုတာကတော့ အင်မတန်မှ ရော်လွတဲ့ စုံထောက်တစ်ယောက်ရဲ့ အလုပ်ပဲကွ'

မော်တင်ခမျာ မျက်နှာကြီး နီရဲသွားရှာ၏။

'ဆောရီးပဲ အစ်ကိုကြီး၊ ကျွန်တော်က နောက်နေတာပါ'

'အေး... ငါသိပါတယ်ကွာ၊ ကဲ... ခုနက ငါ့စကားကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ရဦးမယ်၊ မြိတ်သားသောင်းတင်ဟာ ထောင်ထွက်တစ်ယောက်ကွ၊ ဒီတော့ အလိုလိုနေရင်းက ရဲဆိုရင် ဒီကောင်ကလန့်နေပြီ၊ ငါက သူ့အိမ်လိုက်သွားတော့ သူ လန့်ပြီး လစ်ပြေးတာဖြစ်နိုင်တယ်၊ ဒါမှမဟုတ် သူ ကျူးလွန်ထားတဲ့ ပြစ်မှုတစ်ခုရှိနေလို့လည်း ဖြစ်ရမယ်။ ဒီပြစ်မှုဟာ ရဲသန်းကို သတ်ထားတဲ့ ပြစ်မှုလား၊ ဒါမှမဟုတ် တခြားပြစ်မှုလားဆိုတာကိုတော့ တို့ထည့်ပြီး စဉ်းစားရဦးမယ်'

မော်တင်က ပြုံးလျက် ကိုရန်ကင်းအား ကြည့်လိုက်သည်။

'ဒါမှမဟုတ်လည်း အစ်ကိုကြီး အိပ်ဆေးဆိုက်ရအောင် တမင်သက်သက် အပြေးပြိုင်တာလည်း ဖြစ်နိုင်တာပေါ့ဗျာ'

ကိုရန်ကင်းက မော်တင့်ဘက်သို့ သူ့ဆေးရိုးတံဖြင့် ဆတ်ခနဲ ထိုးလိုက်သည်။

'ကဲ… ငါ အပြေးပြိုင်နေတုန်း မင်းကကော ဘာလုပ်နေခဲ့သလဲကွ။ ရုပ်ရှင်ပြာထဲမှာ ပါခဲ့တဲ့ လူတွေနဲ့ ပတ်သက်လို့ မင်း ရက်ကော့ဒ်မှာ စုံစမ်းထားတာ ပြန့်အကြောင်းကြားပြီလား'

မော်တင်က ခေါင်းညိတ်ကာ သူ့မှတ်စုစာအုပ်ကို လှမ်းယူလိုက်သည်။

'အကြောင်းပြန်ပါပြီ၊ သူတို့က ခုနစ်လွှာအက ကခဲ့တဲ့ ကောင်မကလေး အကြောင်းကိုတော့ ဘာမှ မပြောနိုင်ဘူး၊ နာမည်မှအတိအကျ မသိရဘဲကိုး၊ ကျန်တဲ့ ခြောက်ယောက်ကိုတော့ သူတို့က သိထားကြတယ်'

'ဘာလဲ ရက်ကော့ဒ်ရှိနေလို့လား'

'ရာဇဝတ်ပြစ်မှုရှိတာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူတို့





အထဲက သုံးယောက်အကြောင်းကိုတော့ သူတို့က သိထားနေကြတယ်'

'ဆိုစမ်းပါဦး၊ ဘယ်သူတွေလဲ'

မော်တင်က သူ့မှတ်စုစာအုပ် စာရွက်များကို လှန်ကြည့်လိုက်သည်။

'ပထမက မျိုးညွန့်ပဲ၊ စာရင်းကိုင်ကျောင်း တက်နေတယ်ဆိုတဲ့လူဟာလေ၊ သူက တပ်မတော်ထဲဝင်ပြီး တရုတ်ဖြူတွေနဲ့ တိုက်ပွဲတစ်ခုမှာ ကျသွားခဲ့ပြီ၊ သူ့ကို အောင်ဆန်း သူရိယဆုပေးဖို့ ကိုတောင် စဉ်းစားခဲ့ကြသေးတယ်တဲ့ဗျ…'

'အင်း… တစ်ယောက်တော့ ရှင်းသွားတာပေါ့ကွာ၊ ကဲ… နောက်နှစ်ယောက်ကရော'

'မေမေရီနဲ့ ဂရေစီဆိုတာပဲ၊ မေမေရီဆိုတာက တယ်လီဖုန်းရုံးက တယ်လီဖုန်း အော်ပရေတာလေ၊ သူ့ခမျာ အခု တံတားလေး စိတ်ကျန်းမာရေးဆေးရုံမှာ ရောက်နေတာ (၄)နှစ်တောင် ရှိသွားပြီတဲ့'

'ဂရေစီကကောကွာ'

'သူကတော့ လွန်ခဲ့တဲ့ နှစ်ကပဲ အိန္ဒိယဘက်ကို ထွက်သွားတယ်တဲ့ အစ်ကိုကြီး'

ကိုရန်ကင်းက သူ့မှတ်စုစာအုပ်ကို ထုတ်ယူလိုက်ကာ ဦးကြောင်ငါး၏ ရုပ်ရှင်ပြာတွင် ပါဝင်ခဲ့သူများကို မှတ်ထားသည့် စာမျက်နှာကို လှန်ကြည့်လိုက်၏။

'အင်း… ဒီလိုဆိုရင် အိန်စွမ်ရယ်၊ မောင်မောင်နုရယ်၊ ပြီးတော့ ဦးဝင်းမောင်ဦးရဲ့ ဇနီး လီလီညွန့်ရယ်ပဲ ကျန်တော့တာပေါ့'

'ပြီးတော့ ခုနစ်လွှာအကရှင် ဆလိုမီရယ်ပေါ့ အစ်ကိုကြီး'



www.burmeseclassic.com

www.burmeseclassic.com



ကိုရန်ကင်းက ခေါင်းညိတ်လိုက်၏။

'အေး… ဆလိုမီရယ်ပေါ့ကွာ၊ ဒါပေမဲ့ သူ့ကို ပြန်ခြေရာခံဖို့ဆိုတာကတော့ အတော်ခက်တယ်၊ ထားပါတော့လေ၊ အခုအိန်စွမ်က ဘာလုပ်နေသတဲ့လဲ'

မော်တင်ကလည်း သူ့မှတ်စုစာအုပ်ကို ပြန်ကြည့်လိုက်သည်။

'အဲ…. ငွေတိုးချစားနေတယ်တဲ့ဗျာ'

ကိုရန်ကင်းက မျက်ခုံးတစ်ဖက်ကို ပင့်လိုက်၏။

'ဟ… အမေရိကန် ပြည်ထောင်စု ကိုလံဘီယာ တက္ကသိုလ်ကို ပညာသွားသင်တဲ့ လူက ငွေတိုး ချစားနေသတဲ့လားကွ'

မော်တင်က သူ့ပခုံးများကို တွန့်ပြလိုက်သည်။

'အမေရိကန်ပြည်မှာ ပညာသွားသင်လို့ ငွေချေးတဲ့အတတ်ပညာကို တတ်လာတာ ဖြစ်မှာပေါ့ဗျ၊ နို့မဟုတ်ရင် သူ့ဆီသူများကို ငွေတိုးမချတဲ့ သူများဆီက ငွေချေးချင် ချေးသုံးနေရမှာ'

'အင်း… မင်းပြောတာလည်း ဟုတ်တုတ်တုတ်ပဲ ကဲ… မောင်မောင်နုဆိုတဲ့ ကုလားကကောကွာ'

'ဟာ… ဒီကုလားကတော့ နိုင်ငံသိပဲ ပွေတဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ သူ့အဖေရဲ့ လျှပ်စစ်လုပ်ငန်းကို ဆက်ပြီး ဦးစီးနေတယ်တဲ့၊ သူ့အမှုပွေ့ပုံတွေ ခဏခဏ သတင်းစာတွေထဲမှာ ပါလာနေတာပဲ အစ်ကိုကြီး'

'ဘာအမှုပွေတာတဲ့လဲ'

'မြာမှုပေါ့ အစ်ကိုကြီး၊ ဒီကုလားက မိန်းမဆိုရင် သိပ်ငမ်းတာပဲတဲ့'

'ဖြစ်ရမယ်လေ၊ ကဲ… လီလီညွှန့်ဆိုတာကကောဗျာ'





မော်တင်က သူ့မှတ်စုစာအုပ်ကို ပြန်ကြည့်ပြီးမှ အဖြေပေးလိုက်သည်။

'သူကလည်း မောင်မောင်နုနဲ့ နင်လား၊ ငါလား ပွေလှတဲ့ မိန်းမတစ်ယောက်ပဲ'

'သူက သူ့ယောကျ်ားနဲ့ ပေါင်းနေတုန်းပဲလား'

'ဟုတ်တယ် အစ်ကိုကြီး၊ ဒါပေမဲ့ အရင်က အချိုးအတိုင်းပဲတဲ့၊ သူ့လောက် ကမြင်းကြောထတဲ့ မိန်းမကတော့ ခပ်ရှားရှားပဲ၊ ပိုက်ဆံကလည်း ရှိဆိုကိုး'

ကိုရန်ကင်းက သူ့ဆေးတံ ဆေးခံထဲသို့ ဆေးများ သိပ်ထည့်ကာ မီးညှိပြီး လေးငါးချက်မျှ အားရပါးရ ဖွာရှိုက်လိုက်သည်။ ပြီးမှ…

'အင်း… ခုနစ်လွှာအကာရှင် ဆလိုမီ ဆိုတာပဲကျန်တော့တာပေါ့' ဟု ပြောလိုက်ရာ မော်တင်က ခေါင်းညိတ်ပြလိုက်၏။

'အခုလောက်ဆိုရင် သူဟာ အသက် (၂၂)နှစ်ရှိနေရောပေါ့၊ ရန်ကုန်မြို့ထဲမှာ အသက် (၂၂)နှစ်ရှိနေတဲ့ မိန်းမတွေ ဘယ်လောက်များရှိနေမလဲ မသိဘူးနော်'

ကိုရန်ကင်းက ဆက်၍ ပြောလိုက်ရာ မော်တင်က နှာခေါင်းရှုံ့လိုက်၏။

'မေးမှ မေးတတ်ပလေ အစ်ကိုကြီးရာ၊ ပြီးတော့လည်း ဒီဆလိုမီဟာ ရန်ကုန်မြို့ထဲမှာပဲ ရှိနေလိမ့်မယ်လို့ ဘယ်သူက ပြောနိုင်မှာလဲ၊ အခုဆိုရင် တခြားရောက်ရင် ရောက်နေရောပေါ့'

ကိုရန်ကင်းက ခေါင်းညိတ်ကာ သူ့မှတ်စုစာအုပ်ကို ပြန်ပိတ်လိုက်၏။

'အေး…ဒီဆလိုမီကို ဘေးဖယ်ထားလိုက်ပါဦးကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့ သုံးယောက်ကဝဲ အလားအလာတွေ အများကြီးရှိနေပါပြီ၊ ဥပမာဆိုရင် အိန်စွမ်ဆိုတဲ့ လူကွာ၊ သူက ငွေချေးစားတဲ့ လူဆိုတော့ ရဲသန်းကို ငွေချေးရင် ချေးခဲ့မှာပေါ့၊ ရဲသန်းကလည်း လူလည်ဆိုတော့ သူချေးခဲ့တဲ့ငွေကို ပြန်မပေးခဲ့ဘူး၊ ဒါနဲ့ပဲ အိန်စွမ်က လူသတ်သမားငှားပြီး ရဲသန်းကို သတ်ခိုင်းခဲ့တာလည်း ဖြစ်နိုင်တာပဲ၊ နောက်ပြီးတော့ မောင်မောင်နုဆိုတဲ့ ကုလားကွာ၊ ဒီကုလားက မြာပွေတယ်ဆိုတော့ ပြီးတော့လည်း ငွေကလည်း ချမ်းသာတယ်ဆိုတော့ ရဲသန်းအတွက် ငွေညှစ်စရာ အကွက်ကောင်း တစ်ခု ဖြစ်နေမှာပေါ့၊ ဒါနဲ့ပဲ မောင်မောင်နုက ရဲသန်းကို ငွေပေးမယ့်အစား ကျည်ဆန်တွေ ပေးလိုက်တာလည်း ဖြစ်နိုင်တာပဲ'

'လီလီညွန့်လည်း ဒီအတိုင်းပဲ ဖြစ်နိုင်တာပဲ အစ်ကိုကြီး' ဟု မော်တင်က ဖြည့်စွက်လိုက်သည်။

'လီလီညွန့်ဟာ မောင်မောင်နုလောက် ငွေရှိချင်မှ ရှိ[illegible]မယ့် ရဲသန်းလိုလူမျိုးတစ်ယောက်အတွက်ကတော့ ငွေညှစ်ပေါက် တစ်ပေါက်ပဲပေါ့'

သူတို့နှစ်ယောက်သည် အတွေးကိုယ်စီဖြင့် တိတ်ဆိတ်[illegible] သွားကြလေသည်။ ခေတ္တကြာမှ မော်တင်က ကိုရန်ကင်း၏ [illegible] ဆီသို့ လျှောက်လာကာ စားပွဲစွန်းတွင် ဝင်ထိုင်လိုက်၏။

'အစ်ကိုကြီး... အစ်ကိုကြီးလည်း တော်တော် ဖ[illegible] ပြီ၊ ဒီတော့ ရုံးမှာပဲထိုင်ပြီး ရေးစရာ ချတ်စရာရှိတာကို ရေး[illegible] ပေါ့၊ ကျွန်တော်ကတော့ အပြင်ထွက်ပြီး အိန်စွမ်ရယ်၊ မောင်[illegible] နုရယ်၊ လီလီညွန့်ရယ်ကို လျှောက်ပြီး စုံစမ်းကြည့်လိုက်ဦးမ[illegible]'

ကိုရန်ကင်းက မော်တင့်အား မော့ကြည့်ပြီး ပြုံး[illegible] သည်။





'ဘာလဲ... မင်းဒီရုံးထဲမှာ ထိုင်နေရတာ ပျင်းလာပြီလား'

'ဟုတ်တယ် အစ်ကိုကြီး၊ ဒီအမှုမှာ အစ်ကိုကြီးပဲ အပြင်ထွက်တာ များနေတယ်၊ ဒီတော့ ကျွန်တော် တစ်ခေါက်လောက် ထွက်လိုက်ပါရစေဦး'

ကိုရန်ကင်းက ခေါင်းညိတ်ပြလိုက်၏။

'အေး... ငါဖြားနေတာတော့ အမှန်ပဲကွာ၊ ကောင်းပြီလေ၊ မင်း ထွက်လိုက်ပါဦး၊ မင်း စုံစမ်းတာတွေ အကျိုးရှိပါစေလို့ ငါ ဆန္ဒပြုလိုက်ပါရဲ့'

မော်တင်က စားပွဲပေါ်မှ ပြန်ဆင်းလိုက်၏။

'ကျွန်တော် အရင်ဦးဆုံး ငွေတိုးချစားတဲ့ အိန်စွမ်ကို သွားစုံစမ်းမယ်၊ ငွေတိုးချစားတဲ့ လူနဲ့ စကားသွားပြောရမှာလောက် သဘောကျစရာကောင်းတဲ့ အလုပ် ဘယ်မှာရှိဦးမှာလဲ၊ ဟဲ... ဟဲ...၊ ကျွန်တော့်အနေနဲ့ သူ့ဆီက ငွေချေးလို့တောင် ရချင်ရနေမှာ'

'အေး... မင်းသွားတာတော့ ဟုတ်ပါပြီ၊ ငါ့ဆီကိုလည်း တစ်ခါ တစ်ခါတော့ ပြန်ဖုန်းဆက်ဦးပေါ့ကွာ'

မော်တင်က ခေါင်းညိတ်ကာ သူ့စားပွဲဆီသို့ ပြန်သွားပြီး ကုလားထိုင် နောက်မှီတွင် လွှမ်းခြုံထားသည့် သူ့ကုတ်အင်္ကျီကို ကောက်ဝတ်ပြီး အခန်းထဲမှ လျှောက်ထွက်သွားတော့သည်။

ကိုရန်ကင်းလည်း သူ့လက်နှိပ်စက် အဖုံးကိုဖွင့်လျက် သူရေးလက်စ အစီရင်ခံစာကို လက်နှိပ်စက်တွင် ဆက်၍ ရိုက်နေလိုက်သည်။ နံနက် (၈)နာရီထိုးလျှင်ကား ညောင်းလာသည့်အတွက် ခေတ္တရပ်နားထားလိုက်ကာ သူ့ဇနီး ဖြူဖြူထံသို့ တယ်လီဖုန်းဆက်လျက် သူ တော်တော်နှင့် အိမ်ပြန်ရောက်မည် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း မှာလိုက်ရသည်။ ထို့နောက် ရုံးအောက်သို့ ဆင်းကာ လက်ဖက်ရည်ဆိုင်တွင် ဝင်လျက် ကော်ဖီတစ်ခွက်၊ ကြက်ဥပြုတ် တစ်လုံးနှင့် ပေါင်မုန့် ထောပတ်သုတ် တစ်ချပ် မှာယူစားသောက်ပြီး ဟာနေသော ဝမ်းကို ဖြည့်လိုက်ရ၏။

ရုံးပေါ်သို့ ပြန်တက်ပြီး လုပ်လက်စ အလုပ်ကို ဆက်လုပ်၍မှ (၁၀)မိနစ် မကြာမီတွင် သူ့တယ်လီဖုန်း ခေါင်းလောင်းက မြည်လာလေတော့သည်။ ကိုရန်ကင်းက တယ်လီဖုန်းကို ကောက်ယူကာ...

'ဗဟိုမှုခင်း စစ်ဆေးရေးက စုံထောက်ရဲမှူး ရန်ကင်း စကားပြောနေပါတယ် ခင်ဗျာ' ဟု ထူးလိုက်၏။

ဤတွင် တယ်လီဖုန်း နားခွက်ထဲမှ စူးရှသော မိန်းမသံတစ်ခုက ထွက်ပေါ်လာ၏။

'ရဲမှူး ကိုရန်ကင်းလား၊ ရှင့်ကို ကျွန်မ ခိုင်းထားတာ ဘာလို့ အခုထက်ထိ မလုပ်သေးတာလဲ'

ကိုရန်ကင်းက အသံကို ကျက်လိုက်မိကာ သက်ပြင်းချလိုက်မိ၏။ အသံရှင်မှာ ကိုရန်ကင်းထံသို့ မကြာခဏ ဖုန်းဆက်လေ့ရှိသော အမျိုးသမီးတစ်ဦးဖြစ်လေသည်။ သူမသည် ရဲရာဇဝတ်မှုများ ရှုးနေသူဖြစ်ရာ သူမ စိတ်မထင်သည့် လူတိုင်းကို ကိုရန်ကင်းထံသို့ ဖုန်းဆက်လျက် အဖမ်းခိုင်းနေသူ ဖြစ်လေသည်။

'အာ... ဟုတ်သားပဲ ခင်ဗျာ၊ ကျွန်တော်လည်း အလုပ်များနေလို့ မေ့နေမိတာပါ၊ ကဲ... ဆိုစမ်းပါဦး၊ ဒီတစ်ခါ ဘယ်သူကို ဖမ်းပေးရမှာလဲ'

'ဘယ်သူရှိရဦးမှာလဲရှင့်၊ ရှင့်ကို ကျွန်မ ပြောထားပြီးပြီ မဟုတ်လား၊ ညွန့်မောင်ဆိုတဲ့ အကောင်ပေါ့၊ ဒီကောင်ဟာ





တကယ် ရာဇဝတ်ကောင်ကြီးရှင့်၊ ကျွန်မရဲ့ ပူစီလေးကို သူပဲ သတ်ပစ်လိုက်တာပေါ့'

အမျိုးသမီးက ပြောနေသော ညွန့်မောင်ဆိုသည့် လူမှာ သူမ၏ တူအရင်းခေါက်ခေါက် ဖြစ်လေသည်။

'ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော် အခုပဲ သွားဖမ်းလိုက်ပါမယ်'

ကိုရန်ကင်းက ပြောပြောဆိုဆို တယ်လီဖုန်းကို ပြန်ချလိုက်လေ၏။ သို့ရာတွင် ချက်ချင်းလိုလိုပင် တယ်လီဖုန်းက မြည်လာပြန်၏။ ကိုရန်ကင်းလည်း စိတ်တိုစွာဖြင့် တယ်လီဖုန်းကို ပြန်ကောက်ယူလိုက်၏။

'ဒီမှာ ဒေါ်ကြည်ကြည်၊ ကျွန်တော်ဟာ သိပ်အလုပ်များနေတဲ့လူဗျ၊ ခင်ဗျား ကျွန်တော့်ကို ဒီလောက် အဲနှောင့်အယှက်ပေးရင် တော်ရောပေါ့ဗျ'

သို့ရာတွင် နားခွက်ထဲမှ ပြန်ပြောလိုက်သည့်အသံမှာ ယောကျ်ားသံတစ်သံ ဖြစ်နေ၏။

'ဆရာက မနက်စောစောစီးစီး ဘာများစိတ်တိုနေတာလဲ၊ အခုပြောနေတာ ထွန်းတင်ပါ ဆရာရဲ့။ ဒေါ်ကြည်ကြည် မဟုတ်ပါဘူး'

ပြန်ပြောသူမှာ ရုံးအောက်ထပ်မှ ရဲအုပ် ကိုထွန်းတင် ဖြစ်နေလေသည်။ ကိုရန်ကင်းလည်း ပြုံးလိုက်ရပြီး-

'သြော်... ကိုထွန်းတင်လား၊ ဆောရီးပဲဗျာ၊ ကဲ... ဆိုစမ်းပါဦး၊ ဘာများထူးသေးသလဲ' ဟု ပြန်မေးလိုက်ရ၏။

'ထူးဆို ဆရာ့အတွက် သတင်းကောင်းတစ်ခု ပေးစရာရှိလို့'



www.burmeseclassic.com

www.burmeseclassic.com



'အေးဗျာ… သတင်းကောင်း ကြားရချိန်လည်း တန်ပါပြီ၊ ကဲဗျာ… ပြောစမ်းပါဦး'

'ကိုရဲသန်း အသတ်ခံရတဲ့အမှုနဲ့ ပတ်သက်ပြီး ဆရာက မျက်မှန်ဆိုင်တွေနဲ့ မျက်မှန် ဆရာဝန်တွေဆီမှာ လိုက်ချက်ကင် လုပ်ခိုင်းထားတယ် မဟုတ်လား'

'အင်း… ဟုတ်တယ်ဗျ၊ အဲဒါ ဘာများ အကြောင်းထူးလို့လဲ'

'ဆူးလေဘုရားလမ်းက မျက်မှန်ဆရာဝန် ဒေါက်တာတင့်စိုးဆီကို သွားချက်ကင်လုပ်တာ၊ အခုပဲ ရီပို့ ပြန်လာတယ် ဆရာ၊ ရထားတဲ့ မျက်မှန်အကွဲစက ဒီဂရီအမျိုးတူ မှန်အမျိုးတူ အရောင်တူကို သူကပဲ သွေးပြီး ရောင်းခဲ့ပါတယ်လို့ ဆိုတယ်ဗျ'

ကိုရန်ကင်းက တော်တော်ပင် စိတ်အားထက်သန်သွားမိလေသည်။

'ဟန်ကျတာပဲဗျာ၊ သူ ဘယ်သူ့ကို ရောင်းလိုက်တယ်ဆိုတာကိုကော ပြောပြနိုင်မလား'

'ဟုတ်ကဲ့… ဒီဆရာဝန်က သူ့ဆီက မျက်မှန်လာစစ်ပြီး ဝယ်သွားတဲ့လူတွေကို အမည် နေရပ် အပြည့်အစုံ မှတ်တမ်းတင်ထားတယ်ဗျ၊ ဆရာပြောတဲ့ မျက်မှန် အမျိုးအစားကို ဝယ်သွားတဲ့ လူကတော့ မခင်ထွေးတဲ့'

ကိုရန်ကင်းက ကပျာကယာ မှတ်စုစာအုပ်ကို ဖွင့်လျက် ထိုနာမည်ကို ရေးမှတ်ထားလိုက်၏။

'သူ့လိပ်စာကကောဗျာ'

ကိုထွန်းတင်က ဗဟန်းရပ်ရှိ လိပ်စာတစ်ခုကို ပြောပြလိုက်လေသည်။





ဗဟန်းရပ်ကွက်၌ရှိသော မခင်ထွေးနေထိုင်ရာ အိမ်မှာ တော်တော် ခမ်းနားသည့် နှစ်ထပ်တိုက်ကြီး တစ်လုံးဖြစ်နေသည်ကို ကိုရန်ကင်းက တွေ့ရှိရလေသည်။

ကိုရန်ကင်းက တံခါးဘောင်ရှိ လူခေါ်လျှပ်စစ်ခေါင်းလောင်းကလေးကို နှိပ်လိုက်သည်၌ တစ်ပြိုင်နက်တည်းလိုလိုပင် အိမ်ဖော်မကလေးနှင့်တူသည့် မိန်းကလေးတစ်ယောက်က တံခါးကို ဖွင့်ပေးလိုက်၏။

'ဘာကိစ္စရှိပါသလဲရှင်'

'ဒီအိမ်မှာ မခင်ထွေး နေတယ်မဟုတ်လား'

'ဟုတ်ကဲ့ရှင့်'

'ငါ သူနဲ့ ခဏလောက် တွေ့ချင်တယ်ကွယ်၊ ငါဟာ ရဲအရာရှိတစ်ယောက်ပါ'

'ဟုတ်ကဲ့… အထဲကိုကြွပါရှင်'

အိမ်ဖော်မကလေးက ကိုရန်ကင်းအား ခမ်းနားစွာ ပြင်ဆင်ခင်းကျင်းထားသည့် ဧည့်ခန်းကြီးတစ်ခန်းထဲသို့ ခေါ်ဆောင်သွားလေသည်။

'ခဏစောင့်နေပါနော်၊ ကျွန်မ မခင်ထွေးကို သွားခေါ်လိုက်ပါဦးမယ်'

အစေခံမကလေးက သွက်လက်ချက်ချာစွာ ပြောကာ ဧည့်ခန်းထဲမှ ပြန်၍ ထွက်သွားလေသည်။ ကိုရန်ကင်း စောင့်နေသော အချိန်ကား ဆယ်မိနစ်နီးပါးမျှ ရှိမည်ဖြစ်လေသည်။ နောက်ဆုံးတွင်မှ အမျိုးသမီးတစ်ယောက်က ဧည့်ခန်းထဲသို့ ဝင်လာသဖြင့် ကိုရန်ကင်းက ထိုင်ရာမှ ထလိုက်၏။

'မခင်ထွေးဆိုတာလား ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့ပါလဲ'

'ကျွန်တော်ဟာ ဗဟိုမှုခင်း စုံစမ်း စစ်ဆေးရေးက စုံထောက်ရဲမှူး ရန်ကင်းပါခင်ဗျာ၊ မခင်ထွေးကို ကျွန်တော် မေးစရာကလေးရှိလို့ လာခဲ့တာပါ'

မခင်ထွေးသည် တစ်စုံတစ်ရာကို စိုးရွံ့သော အမူအရာဖြင့် ဧည့်ခန်းတံခါးဝကို ပြန်ကြည့်လိုက်သည်။

'ကဲ… ထိုင်ပါရှင်'

သူမကလည်း ကိုရန်ကင်းနှင့် မျက်နှာချင်းဆိုင် ဆိုဖာကြီးတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ သူမသည် အသက် (၂၅)နှစ်ခန့်ရှိပြီဟု ခန့်မှန်းရကာ လပြည့်ဝန်းကြီးလို ပကတိ ဝိုင်းစက်သည့် မျက်နှာပိုင်ရှင်တစ်ယောက် ဖြစ်လေသည်။ သူမသည် အတော်ပင်လည်း စိတ်မငြိမ်မသက် ဖြစ်နေဟန် ရှိလေသည်။ ဧည့်ခန်းထဲသို့ တစ်စုံတစ်ယောက် ဝင်လာမည်ကို စိုးရိမ်သည့်အလား မကြာခဏ တံခါးဝဆီသို့လည်း လှမ်းကြည့်နေ၏။

'ဘာများ ကြောက်နေတာလဲ မခင်ထွေး၊ ရဲအရာရှိတစ်ယောက်နဲ့ အရင်တုန်းက တစ်ခါမှ စကားမပြောဖူးဘူးလား'

'အို… ဘာလို့ ကြောက်ရမှာလဲရှင်၊ ကျွန်မက ဒေါ်ဒေါ်စု အထင်လွဲသွားမှာကိုသာ စိုးရိမ်မိတာပါ'

'ဒေါ်ဒေါ်စုဆိုတာက ဘယ်သူလဲ'

'ကျွန်မရဲ့ အဒေါ်ပါ'

'အဒေါ်အရင်းလား'

'မဟုတ်ပါဘူး၊ နှစ်ဝမ်းကွဲပါ၊ ဒါက သူ့အိမ်ရှင့်၊ ကျွန်မက သူ့အဖော်အဖြစ်နဲ့ လာနေရတာ၊ သူက အိမ်ကို ကျွန်မ ဧည့်သည်တွေလာတာ ကြိုက်တာမဟုတ်ဘူး၊ အခုတောင် သူ အိပ်ပျော်





နေလို့ရှင့်'

မခင်ထွေးက ပြောပြောဆိုဆို ယခုပင် ဒေါ်ဒေါ်စု ဧည့်ခန်းထဲသို့ ဝင်လာလျက် သူမအား ဆူပူကြိမ်းမောင်းတော့မည်ကို စိုးရိမ်သည့်အလား တံခါးဝဆီသို့ လှမ်းကြည့်လိုက်၏။

'ကဲ… ရှင့်ကိစ္စ မြန်မြန်ပြောပါရှင်၊ ကျွန်မ အချိန်များများ မပေးနိုင်ဘူး'

'ခင်ဗျား၊ ကိုရဲသန်းဆိုတာ သိသလား'

'ကိုရဲသန်း ဟုတ်လား၊ ဟင့်အင်း… ကျွန်မ မသိပါဘူး'

မခင်ထွေးက မျက်မှောင်ကလေးကုတ်လျက် ပြန်ဖြေလိုက်သည်။

'သေချာရဲ့လား မခင်ထွေး'

'အို… သေချာတာပေါ့ရှင်၊ ကျွန်မ အဲဒီလူကို တစ်ခါမှ မသိဖူးပါဘူး၊ ဘာဖြစ်လို့ မေးတာလဲ'

ကိုရန်ကင်းက သူမ၏ မေးခွန်းကို ပြန်မဖြေ။ အခြားမေးခွန်းတစ်ခုကိုသာ ထပ်၍ ထုတ်လိုက်ပြန်၏။

'မခင်ထွေး၊ ခင်ဗျားဆီမှာ နေကာမျက်မှန် ရှိသလား'

'ရှင်… နေကာမျက်မှန် ဟုတ်လား'

မခင်ထွေးမှာ ကိုရန်ကင်းအား တော်တော် အံ့သြသွားသည့် အမူအရာဖြင့် ကြည့်လိုက်၏။

'ကျွန်တော်မေးတာကို ဖြေပါလေ မခင်ထွေး'

'မရှိပါဘူး၊ ရှင်က ဘာကြောင့်မေးတာလဲ၊ ရှင် အခုလို ကျွန်မကိုလာတွေ့တာက ဘာကိစ္စနဲ့လဲဆိုတာကို ပြောပြသင့်ပါတယ်'

'ခင်ဗျားမှာ တစ်ခါတုန်းကတော့ နေကာမျက်မှန် တစ်



www.burmeseclassic.com

www.burmeseclassic.com



လက် ရှိခဲ့ဖူးတယ် မဟုတ်လား မခင်ထွေး'

'ဟုတ်တယ်၊ ရှိခဲ့ဖူးပါတယ်'

'ဆူးလေဘုရားလမ်းက မျက်မှန် ဆရာဝန် ဒေါက်တာတင့်စိုးဆီက ဝယ်ခဲ့တာ မဟုတ်လား'

'ဟုတ်ပါတယ်၊ နေစမ်းပါဦးရှင့်၊ ရှင်က ဘာဖြစ်လို့ ဒီနေကာမျက်မှန်ကို ဒါလောက် စိတ်ဝင်စားနေရတာလဲ၊ ဒီနေကာမျက်မှန်ကို ကျွန်မက ခိုးယူခဲ့တာလည်း မဟုတ်ပါဘူး၊ တန်ရာတန်ဖိုးပေးပြီး ဝယ်ခဲ့တာပါ'

မခင်ထွေးက စိတ်တိုလာသော အမူအရာဖြင့် ပြောလိုက်သည်။ သူမအား ကြည့်ရသည်မှာ ကိုရန်ကင်း မေးမြန်းနေသည်ကို တကယ်ပင် နားမလည် စိတ်ရှုပ်ထွေးနေပုံရ၏။

'ခင်ဗျား အဲသလို ဝယ်ခဲ့တဲ့ နေကာမျက်မှန်က အခု ဘယ်ရောက်သွားပြီလဲ'

'ကျွန်မ မသိဘူး'

မခင်ထွေးက စိတ်တိုသော အမူအရာဖြင့် ခပ်တိုတို ပြန်ဖြေလိုက်သည်။

'ဒီမျက်မှန်ဟာ မနေ့က နေ့လယ်အထိ ခင်ဗျားဆီမှာ ရှိနေခဲ့တယ် မဟုတ်လား'

'ဘယ်ကလာ ဟုတ်ရမှာလဲ'

'ဒီလိုဆို မျက်မှန်က အခု ဘယ်မှာလဲ'

'အဲဒါတော့ ကျွန်မလည်း မပြောတတ်ဘူး၊ ပျောက်သွားခဲ့တာပဲ'

ကိုရန်ကင်းက သက်ပြင်းတစ်ချက်ကို ကြိတ်ချလိုက်မိသည်။ လာပြန်ပြီ နောက်တစ်ယောက်၊ လှသောင်းမြင့်တုန်းက





လည်း သေနတ်ပျောက်ခဲ့၏။ ယခု မခင်ထွေးကလည်း သူ့နေကာမျက်မှန် ပျောက်သွားခဲ့တာပါတဲ့ . . .

'ဘယ်မှာ ပျောက်တာလဲ၊ ဒီအိမ်မှာ ပျောက်တာလား၊ အပြင်မှာ ပျောက်သွားခဲ့တာလား'

မခင်ထွေးက ရုတ်တရက် ပြန်မဖြေ။ အပြစ်မကင်းသူတစ်ယောက်၏ အမူအရာမျိုး ဖြစ်ပေါ်လာကာ ညှော်ခန်းတံခါးဝမှ တစ်စုံတစ်ယောက် ဝင်လာမည်ကို စိုးရိမ်စွာဖြင့် လှမ်းကြည့်လိုက်သည်။

'အပြင်မှာ ပျောက်ခဲ့တာပါရှင်' ဟု ပြီးမှ သူမက အသံခပ်တိုးတိုးဖြင့် ပြန်ဖြေလိုက်သည်။

'အပြင် ဘယ်နားမှာ ပျောက်တာလဲ'

'အင်းယားကန်မှာ ပျော်ပွဲစား သွားရင်းနဲ့ ပျောက်သွားခဲ့တာပါပဲ'

'အဲဒါ ဘယ်တုန်းကလဲ'

'အရင် အပတ်ကပါ'

'အရင်အပတ် ဘယ်နေ့ကလဲ'

ကိုရန်ကင်းက စေ့စေ့စပ်စပ် မေးနေလိုက်ရာ မခင်ထွေးမှာ စိတ်တိုလာပုံရ၏။

'ဘယ့်နှယ်ဟာလဲရှင်၊ ဒါလောက် စေ့စေ့စပ်စပ်ကြီးတော့ ကျွန်မလည်း ဘယ်သိမှာလဲ'

'တနင်္ဂနွေလား၊ စနေလား'

'တနင်္ဂနွေနေ့ကပါရှင်'

'ပျောက်တဲ့နေရာက ဘယ်မှာလဲ၊ လမ်းမှာလား၊ ကန်စောင်းမှာလား'



www.burmeseclassic.com

www.burmeseclassic.com



'ကန်စောင်းမှာ ပျောက်တာပဲ ဖြစ်ရမယ်။ ကျွန်မက ရေထဲမဆင်းခင်မှာ အဲဒီ မျက်မှန်ကို တပ်ထားခဲ့တာပဲ၊ မျက်မှန်က ဒီဂရီပါတဲ့ ဆေးမျက်မှန်ရှင့်၊ ကျွန်မ အပြင်ထွက်ရင် အမြဲတမ်း တပ်ရတယ်၊ ရေဆင်းကူးတဲ့အခါကျမှသာ ကျွန်မက ချွတ်ပြီး လက်ပွေ့အိတ်ထဲမှာ ထည့်ထားခဲ့တာ၊ ကျွန်မ ရေထဲက ပြန်တက်လာတော့ တစ်ယောက်ယောက်က ကျွန်မ ကိုယ်သုတ်ပဝါနဲ့ လက်ကိုင်အိတ်ကို ခြေထောက်နဲ့ ကန်သွားခဲ့လို့ လက်ပွေ့အိတ် ဘေးရောက်ပြီး အထဲကပစ္စည်းတွေ ထွက်ကျနေတာကို တွေ့ရတယ်၊ နေကာမျက်မှန်ကတော့ မရှိတော့ဘူး'

'အင်းယားကန်ကို ပျော်ပွဲစားထွက်ခဲ့တာဆိုတော့ ခင်ဗျားနဲ့အတူ အဖော်တွေပါသလား'

မခင်ထွေး၏ ပါးနှစ်ဖက်တွင် မသိမသာ နီမြန်းလာသည်ကို ကိုရန်ကင်းက သတိပြုလိုက်မိသည်။ သူမက မျက်လွှာကလေးချလိုက်ပြီးမှ ကိုရန်ကင်း၏ မေးခွန်းကို အဖြေပေးလိုက်၏။

'ဟုတ်ကဲ့… ပါပါတယ်'

'အဲဒီ အဖော်တွေက ဘယ်သူတွေလဲ'

'အဖော်တွေ မဟုတ်ပါဘူး၊ အဖော်တစ်ယောက်တည်း ပါတာပါ'

မခင်ထွေးက မပွင့်တပွင့် ပြန်ဖြေလိုက်၏။

'အဲဒီ အဖော် ဘယ်သူဆိုတာ ကျွန်တော် သိပါရစေ မခင်ထွေး'

'အို… ဒါက ရှင်နဲ့ ဘာဆိုင်သလဲရှင့်'

မခင်ထွေးက ကိုရန်ကင်းကို မော့ကြည့်ပြီး ဒေါသကလေးဖြင့် ခပ်ဆတ်ဆတ် ပြန်ဖြေလိုက်သည်။





'ကျွန်တော် မေးတာကိုဖြေပါ'

မခင်ထွေးက နှုတ်ခမ်းကလေးကို ကိုက်လိုက်ပြီးမှ ညည်ခန်းတံခါးဝဆီသို့ လှမ်းကြည့်ပြန်ကာ…

'သိပ်ခက်တာပဲ၊ ကျွန်မ မိတ်ဆွေတစ်ယောက်ပါရှင့်'ဟု ခပ်စူစူ ပြန်ဖြေလိုက်၏။

'မိန်းကလေး မိတ်ဆွေပဲလား၊ ယောကျ်ားလေး မိတ်ဆွေလား'

'အို… ရှင်က ဘာလို့ ဒါလောက် စပ်စုနေတာလဲ'

'သူ့နာမည်ကို ကျွန်တော်သိချင်တယ် မခင်ထွေး'

'ကျွန်မက ဘာဖြစ်လို့ ပြောပြရမှာလဲ'

'ခင်ဗျားရဲ့ နေကာမျက်မှန် ပျောက်သွားတာကို သူသိသလား'

'သိတာပေါ့ရှင်၊ မျက်မှန် ပျောက်သွားရတဲ့အတွက် ကျွန်မ တော်တော် စိတ်ထိခိုက်ခဲ့မိတာပဲ'

'ဘာဖြစ်လို့လဲ အဖိုးတန်လို့လား'

'တန်တာပေါ့ရှင်၊ ကျွန်မက ငွေရှစ်ဆယ်တောင် ပေးဝယ်ခဲ့ရတာ၊ ပြီးတော့ အပြင်ထွက်ရင် ကျွန်မက ဒီမျက်မှန်ကို အမြဲတပ်ရတယ်၊ ကျွန်မ မျက်စိက အားနည်းတယ်ရှင့်'

'ဒီမှာ မခင်ထွေး၊ ခင်ဗျား မျက်မှန် တကယ် ပျောက်မပျောက်ဆိုတာကို ကျွန်တော့်မှာ ချက်ကင်လုပ်ဖို့ တာဝန် ရှိနေပါတယ်။ ဒါကြောင့် ခင်ဗျားနဲ့အတူ အင်းယားကိုသွားခဲ့တဲ့ ခင်ဗျားရဲ့ ယောကျ်ားမိတ်ဆွေ ဘယ်သူဘယ်ဝါဆိုတာကို ကျွန်တော် သိရမှ ဖြစ်မယ်'

မခင်ထွေးက ကိုရန်ကင်းအား မကျေမနပ် အမူအရာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။

'အိုရှင်… နေကာမျက်မှန် ပျောက်တာပဲ၊ ကျွန်မက ရှင့်ကို လိမ်ပြောရဦးမှာလား။ ကျွန်မမှာ လိမ်ပြောစရာအကြောင်း ဘာများရှိလို့လဲ'

'ရဲအရာရှိတစ်ယောက်အနေနဲ့ လူတစ်ယောက်ရဲ့ စကားကို ဒီအတိုင်း လက်ခံလို့ မဖြစ်ပါဘူး။ အထောက်အထားကို အမြဲ ရှာရပါတယ်။ ဒီယောကျ်ားမိတ်ဆွေ ဘယ်သူဆိုတာကို ခင်ဗျားက ဘာဖြစ်လို့ အသိမပေးချင်ရတာလဲ။ ဘာအကြောင်းများ ရှိနေလို့လဲ မခင်ထွေး'

'အိုရှင်… အသံခပ်တိုးတိုး ပြောစမ်းပါရှင်'

မခင်ထွေးက စိုးရွံ့သော အမူအရာကလေးဖြင့် တံခါးဝဆီသို့ လှမ်းကြည့်လိုက်၏။

'တော်တော်ကြာ ဒေါ်ဒေါ်စု နိုးလာလိမ့်ဦးမယ်။ ဒီအကြောင်း သူသိသွားရင် မိုးမီးလောင်လိမ့်မယ်'

ကိုရန်ကင်းက သဘောပေါက်လာတော့သည်။

'ဒီလူက အိမ်ထောင်ရှိတဲ့လူလား'

မခင်ထွေးက မျက်နှာကလေး အောက်ငုံ့လိုက်ပြီးမှ 'ဟုတ်ကဲ့'ဟု ပြန်ဖြေလိုက်၏။ ကိုရန်ကင်းက သူ့မှတ်စုစာအုပ်ကို ထုတ်ယူလိုက်သည်။

'ကဲ… သူ့နာမည်ကကောဗျာ'

မခင်ထွေးက ကိုရန်ကင်းအား တောင်းပန်သည့်အမူအရာဖြင့် ကြည့်လိုက်၏။

'ရှင် ဘယ်သူ့ကိုမှ လျှောက်မပြောပါနဲ့နော်'

'ကျွန်တော်က လူတွေကို လျှောက်ပြောဖို့ မေးနေတာ



မဟုတ်ပါဘူး မခင်ထွေး၊ ခင်ဗျား မျက်မှန်ပျောက်တာ ဟုတ်မဟုတ် သူ့ဆီမှာ ချက်ကင်လုပ်ကြည့်ရဖို့သာ မေးနေရတာပါ'

'ဟုတ်ကဲ့… သူ့နာမည်က ကိုစောမြင့်တဲ့ရှင့်'

'သူက ဘာလုပ်သလဲ၊ ဘယ်မှာနေသလဲ'

ကိုရန်ကင်းက နာမည်ကို မှတ်စုစာအုပ်ထဲတွင် ရေးမှတ်လိုက်ပြီး မေးလိုက်ပြန်သည်။

'သူက လှရတနာ အလှကုန်ဆိုင် ပိုင်ရှင်ပါ'

မခင်ထွေးက ရန်ကုန်မြို့လယ်ရှိ လိပ်စာတစ်ခုကို ပြောပြလိုက်သည်။ တယ်လီဖုန်းနံပါတ်ကို ရေးမှတ်ထားလိုက်ပြန်၏။

'ကဲ… ကျွန်တော် တစ်ခု မေးပါရစေဦး'

'အို… တော်ပြီရှင်၊ ရှင် ကျွန်မကို ဒါလောက် အနှောင့်အယှက် ပေးရရင် တော်ရောပေါ့'

'ကျွန်တော်ဟာ ဝတ္တရား ဆောင်ရွက်နေရတဲ့ ရဲအရာရှိတစ်ယောက်ပါ မခင်ထွေး'

'ဘာဝတ္တရား ဆောင်ရွက်နေတာလဲ။ ဘာမဟုတ်တဲ့ ကျွန်မရဲ့ နေကာမျက်မှန် ပျောက်တာဟာ ရှင်နဲ့ ဘာဆိုင်သလဲ။ ရှင်ဘာဖြစ်လို့ ကျွန်မကို ဒါတွေ လာမေးနေတာလဲဆိုတာကိုလည်း ကျွန်မကို ပြောပြတာ မဟုတ်ဘူး။ ရှင်ဟာ ရဲအရာရှိဆိုတာနဲ့ ကျွန်မကို ဒီလိုလာနှောင့်ယှက်ခွင့် ရှိသလား'

မခင်ထွေးက ဒေါကလေး မောကလေးနှင့် ပြောနေသည်ကို ကိုရန်ကင်းက စိတ်ရှည်စွာပင် အဆုံးအထိ နားထောင်နေလိုက်သည်။ မခင်ထွေးက စကားဆုံးသွားသည့်အခါတွင်မှသာ–

'ကျွန်တော် အခု ခင်ဗျားဆီမှာ လာစုံစမ်းနေတာဟာ လူသတ်မှုနဲ့ ပတ်သက်နေပါတယ် မခင်ထွေး'ဟု တည်ငြိမ်စွာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်၍ဖြေလိုက်၏။

မခင်ထွေးသည် ပါးစပ်ကလေး အဟောင်းသားဖြင့် ကိုရန်ကင်းအား ကြောင်ကြည့်နေလိုက်သည်။ စောစောက ခံပြင်းနေသော အမူအရာကလည်း လုံးဝ ပျောက်ကွယ်သွား၏။

'ရှင်… လူသတ်မှုနဲ့ ပတ်သက်နေတယ် ဟုတ်လား' ဟု ခေတ္တကြာမှ သူမက လေသံကလေးဖြင့် ပြန်မေးလိုက်သည်။

'ဟုတ်ပါတယ်၊ ကိုရဲသန်းဆိုတဲ့လူ အသတ်ခံရတဲ့ အမှုပါပဲ'

မခင်ထွေးက မျက်မှောင်ကလေး ကုတ်ကာ လက်တစ်ဖက်ကို လေထဲတွင် ဝှေ့ယမ်းလိုက်၏။

'ဒါပေမဲ့ရှင်၊ ကျွန်မမှ ဒီလူကို မသိတာ၊ ရှင်က ဘာဖြစ်လို့ ကျွန်မကို လာမေးနေရတာလဲ'

မခင်ထွေး၏ အမူအရာမှာ တကယ့်ကို စိတ်ရှုပ်ထွေးနားမလည်ဖြစ်နေဟန် ရှိလေသည်။

'ဘာဖြစ်လို့လဲဆိုတော့ အသတ်ခံရတဲ့ လူရဲ့ အလောင်းနားမှာ ခင်ဗျားရဲ့ နေကာမျက်မှန်က မှန်ကွဲအစတစ်ခုကို ရှာတွေ့ခဲ့ရလို့ပဲ၊ လူသတ်သမားဟာ ကိုရဲသန်းကို သတ်ရင်းနဲ့ နေကာမျက်မှန်ပြုတ်ကျပြီး ပြန်ကောက်အယူမှာ ဒီမှန်အကွဲစတွေ ကျန်နေရစ်ခဲ့တာပဲ။ ဒီမျက်မှန်အမျိုးအစားကို ကျွန်တော်တို့က စီအိုင်ဒီဓာတ်ခွဲခန်းက ပါရဂူကို စစ်အကြည့်ခိုင်းရာမှာ ဒီမျက်မှန်ရဲ့ ဒီဂရီအား မျက်မှန် အမျိုးအစားကို သိခဲ့ရပါတယ်။ အရောင်ကလည်း အစိမ်းရောင် တစ်မျိုးဆိုတော့ မျက်မှန် ဆရာဝန်တွေဆီမှာ လိုက်ချဉ်းကပ်လုပ်တော့ ဒီမျက်မှန်ကို မခင်ထွေးက ဒေါက်တာ တင့်ရှိန်ဆီက ဝယ်ခဲ့တယ်ဆိုတာကို သိခဲ့ရတော့တာပါပဲ'





မခင်ထွေးက မျက်လုံးကလေးများ ပြူးကျယ် ဝိုင်းစက်နေရာမှ သူမ၏ ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်လေသည်။

'အို… ကျွန်မတော့ မယုံနိုင်ပါဘူးရှင်'

'မခင်ထွေးက ဘာကို မယုံတာလဲ၊ ဒီမျက်မှန်ကွဲ အစဟာ မခင်ထွေးရဲ့ မျက်မှန်ဆိုတာကို မယုံတာလား'

'အို… မဟုတ်ပါဘူးရှင်။ ဒီ ကျွန်မ နေကာမျက်မှန်ကွဲအစဟာ ဘာလို့ အလောင်းဘေးမှာ ရောက်နေတယ်ဆိုတာပါပဲ'

သူမ၏ အမူအရာမှာ ထိုမျက်မှန်ကို သူမကိုယ်တိုင် ကိုရဲသန်းထံသို့ တပ်ဆင်၍ သွားခဲ့၍သော ထိုမျက်မှန်ကွဲအစသည် ကိုရဲသန်း၏ အလောင်းဘေး၌ ကျကျန်ရစ်ခဲ့ခြင်း ဖြစ်သည်ဟု ကိုရန်ကင်းက ထင်မှတ်ယူဆစရာ အကြောင်းရှိနေသေးသည်ကို လုံးဝ ထည့်၍စဉ်းစားပုံ မရပေ။

'နေကာမျက်မှန်ဆိုတာဟာ ရုပ်ဖျက်ရာမှာ အသုံးပြုနေကျပစ္စည်းတစ်ခုပါပဲ'

မခင်ထွေးက ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏။

'အင်း… ဟုတ်သားပဲလေ၊ ရုပ်ရှင်မင်းသမီး မင်းသားတွေ အပြင်ထွက်ရင် နေကာမျက်မှန် အမြဲတပ် ထွက်ကြတာပဲလေ'

'ကဲ… မခင်ထွေးကို ကျွန်တော် တစ်ခုမေးပါရစေဦး၊ မနေ့ နေ့လယ်က (၁၂)နာရီ အချိန်လောက်မှာ မခင်ထွေး ဘယ်မှာရှိနေခဲ့သလဲ'

'ဩော်… အဲဒီအချိန်မှာ အဲဒီ ကိုဘယ်သူ…'

'ကိုရဲသန်းပါ ဟုတ်ပါတယ်၊ အဲဒီအချိန်မှာပဲ သူဟာ



www.burmeseclassic.com

www.burmeseclassic.com



အသတ်ခံခဲ့ရပါတယ်'

မခင်ထွေးက အံ့သြသွားသော အမူအရာဖြင့် ကိုရန်ကင်းအား မျက်လုံးများပြူးလျက် ကြည့်လိုက်သည်။

'အိုရှင်… ဒီကိုရဲသန်းကို ကျွန်မက သတ်သွားတယ်လို့ ရှင်က ထင်နေတာလား၊ ကြံကြီးစည်ရာရှင်'

မခင်ထွေး၏ အသံမှာ လုံးဝ မဖြစ်နိုင်သော အကြောင်းအရာတစ်ခုကို ပြောနေသည့်ဟန် ရှိလေသည်။

'ကျွန်တော် ခုနက ပြောသလိုပဲပေါ့၊ ရဲအရာရှိတစ်ယောက်ဆိုတာဟာ အမှုတစ်ခုကို စုံစမ်းရာမှာ အသေးစိတ်အထိ လိုက်စုံစမ်းရပါတယ်၊ ဒါကြောင့် မနေ့က နေ့လယ် (၁၁)နာရီခွဲက (၁၂)နာရီခွဲအချိန်အထိ မခင်ထွေး ဘယ်မှာရှိနေတယ်ဆိုတာကို ကျွန်တော် သိပါရစေလားခင်ဗျာ'

'အို… ကျွန်မ ဘယ်မှာရှိရမှာလဲ၊ ဒီအိမ်မှာပဲ ရှိနေတာပေါ့၊ ဒီအိမ်မှာ အမြဲရှိနေဖို့က ကျွန်မ တာဝန်ပဲ၊ တနင်္ဂနွေကျမှသာ ကျွန်မ အပြင်ထွက်ခွင့် ရပါတယ်၊ ဒေါ်ဒေါ်စုက သိပ်စည်းကမ်းကြီးတာရှင့်'

'အဲဒီတုန်းက ဒေါ်ဒေါ်စုကကော အိမ်မှာပဲရှိနေခဲ့သလား'

မခင်ထွေးက ကိုရန်ကင်းအား ခံပြင်းသော အမူအရာကလေးဖြင့် ဆတ်ခနဲ ကြည့်လိုက်၏။

'ဘာလဲ… ရှင်က ကျွန်မ ညာတယ်လို့များ ထင်နေသလား'

ကိုရန်ကင်းက လက်တစ်ဖက် ကာပြလိုက်၏။

'ကျွန်တော် မေးတာကိုသာ ဖြေစမ်းပါဗျာ'

'မရှိဘူးရှင့်၊ သူ့မိတ်ဆွေတစ်ယောက် အိမ်ကို သွားလည်





နေတယ်၊ (၁၁)နာရီက ထွက်သွားပြီး ညနေ သုံးနာရီလောက်မှ ပြန်ရောက်လာတယ်၊ ဒါပေမဲ့ မိအောင် ရှိနေသားပဲ၊ မယုံရင် သူ့ကို ခေါ်မေးတာပေါ့၊ သူက ကျွန်မတို့အိမ်က အစေခံမရှင့်'

ကိုရန်ကင်းလည်း ခေါင်းကိုညိတ်လိုက်ကာ မှတ်စုစာအုပ်ကို ပြန်ဖွင့်လျက် မခင်ထွေး၏ မိတ်ဆွေဆိုသူ ကိုစောမြင့်၏ တယ်လီဖုန်းနံပါတ်ကို ကြည့်လိုက်၏။ ထို့နောက် ထိုင်ရာမှထလျက် အခန်းထောင့်တွင် သူ သတိပြုမိထားသော တယ်လီဖုန်းတင်ထားသည့် စားပွဲဆီသို့ လျှောက်သွားလိုက်သည်။ မခင်ထွေးကလည်း ထိုင်ရာမှ ကပျာကယာ ထလိုက်၏။

'ဒီမှာရှင့်… ရှင် ဘာလုပ်မလို့လဲ'

'ကျွန်တော် တယ်လီဖုန်းဆက်မလို့ပါ'

'ဘယ်သူ့ဆီကို ဆက်မလို့လဲ'

'ခင်ဗျားရဲ့မိတ်ဆွေ ကိုစောမြင့်ဆီကိုပါ၊ ခင်ဗျားတို့ အင်းယားကန်ကို ပျော်ပွဲစားထွက်တဲ့အကြောင်း မေးမလို့လေ'

မခင်ထွေးက မျက်မှောင်ကလေး ကုတ်ပစ်လိုက်၏။

'အို… ဘာဖြစ်လို့ ရှင်က မေးရမှာလဲ'

'အဲဒီနေ့က ခင်ဗျားရဲ့ နေကာမျက်မှန် ပျောက်သွားတာကို သူ မှတ်မိသလားဆိုတာ မေးကြည့်မလို့ပါ'

မခင်ထွေးက မချင့်မရဲ အမူအရာဖြင့် သူမ၏ လက်ကလေးနှစ်ဖက်ကို တစ်ဖက်နှင့်တစ်ဖက် တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်၏။

'ခက်တော့တာပါပဲရှင်၊ မေးကော ရှင်ဒီကနေ ဖုန်းဆက်မေးရမှာလား၊ ရှင့်ဘာသာရှင် သူ့ဆီကို သွားမေးပါလား၊ ဒေါ်ဒေါ်စုသိသွားရင် အခက်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အားတော့နာပါတယ် မခင်ထွေး၊ ဒါပေမဲ့ ကျွန်တော်က သူ့ဆီကို သွားနေတုန်းမှာ ခင်ဗျားက သူ့ဆီကို ဖုန်းဆက်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ၊ ခင်ဗျားက သူ့ဆီကို ကျုပ်လာမေးရင် ဒီလိုဒီလိုပြောပါလို့ သင်မပေးဘူးလို့ ကျုပ် ဘယ့်နှယ်လုပ် သိနိုင်မှာလဲ'

မခင်ထွေးက ကိုရန်ကင်းအား ခံပြင်းလှသော အမူအရာဖြင့် မျက်လုံးများပြူး၍ ကြည့်လိုက်သည်။

'ရှင်ဟာ လူတစ်ဖက်သားကို တော်တော်ပဲ မယုံသင်္ကာဖြစ်တတ်တဲ့လူပဲနော်'

ကိုရန်ကင်းက သူ့ပခုံးများကို မသိမသာ တွန့်လိုက်၏။

'ကျွန်တော်ဟာ လူသတ်မှု တစ်ခုကို စုံစမ်းစစ်ဆေးနေရတဲ့ ရဲအရာရှိတစ်ယောက်ပါ မခင်ထွေး'

မခင်ထွေးက ဘာမှမပြောတော့ဘဲ ခပ်ဆောင့်ဆောင့် အမူအရာဖြင့် ဆိုဖာပေါ်တွင် ထိုင်ချလိုက်၏။

ကိုရန်ကင်းလည်း တယ်လီဖုန်းစားပွဲဆီသို့ ဆက်လျှောက်လိုက်ကာ တယ်လီဖုန်းကို ကောက်ယူလျက် ကိုစောမြင့်၏ နံပါတ်ကို ဒိုင်ခွက်တွင် လှည့်လိုက်၏။ ချက်ချင်းလိုလိုပင် တစ်ဖက်မှ တယ်လီဖုန်းကို ကောက်ယူလျက် ပြန်ထူးလိုက်၏။

'လှရတနာ ကုန်တိုက်ပါခင်ဗျာ၊ အမိန့်ရှိပါ'

'ကျွန်တော် ဦးစောမြင့်နဲ့ စကားပြောချင်လို့ပါ ခင်ဗျာ'

'ဟုတ်တယ်၊ အခု စကားပြောနေတာ စောမြင့်ပါပဲ၊ ဘာအလိုရှိပါသလဲ'

'အခု စကားပြောနေတာဟာ ဗဟိုမှုခင်း စုံစမ်းစစ်ဆေးရေးက စုံထောက်ရဲမှူး ရန်ကင်းပါ၊ မခင်ထွေးနဲ့ ပတ်သက်ပြီး



ခင်ဗျားကို ကျွန်တော် နည်းနည်းပါးပါး မေးစရာရှိနေလို့ပါ'

တစ်ဖက်မှ ပြန်ဖြေသံ မကြားရ၊ အနည်းငယ် တိတ်ဆိတ်နေတော့သည်။

'ဦးစောမြင့်'ဟု ကိုရန်ကင်းက ခေါ်လိုက်တော့မှ တယ်လီဖုန်းနားခွက်ထဲမှ ကိုစောမြင့်၏အသံက တိုးတိုးကလေး ပြန်ထွက်လာသည်။

'ဒီမှာခင်ဗျာ၊ ကျွန်တော့်ဇနီးက ဒီအနီးအနားမှာ ရှိနေပါတယ်'

'ဒီလိုဆိုလည်း ခင်ဗျားဆီကို ကျွန်တော်ကိုယ်တိုင် လာခဲ့ရမှာလား'

'အောင်မလေး… အောင်မလေး… မလာပါနဲ့ဗျာ၊ ဒီလိုဆို ပိုဆိုးတော့မှာပေါ့'

'ကျွန်တော် မေးချင်တာက ခင်ဗျားနဲ့ မခင်ထွေးတို့ ဆက်ဆံပုံကို မေးချင်တာ မဟုတ်ပါဘူး၊ ခင်ဗျားတို့နှစ်ယောက် တနင်္ဂနွေနေ့က အင်းယားကန်ကို ပျော်ပွဲစား ထွက်ခဲ့ကြရာမှာ ဖြစ်ခဲ့ရတဲ့ အဖြစ်ကလေးတစ်ခုနဲ့ ပတ်သက်ပြီး မေးချင်တာပါ'

'ခက်တော့တာပါပဲဗျာ၊ ဘာအဖြစ်ကလေးလဲဗျ'

'အဲဒီတုန်းက မခင်ထွေးဟာ သူ့ရဲ့ပစ္စည်းတစ်ခု ပျောက်သွားခဲ့တယ်လို့ ပြောတယ်၊ အဲဒါ ဘာပစ္စည်းလဲဆိုတာ ပြောပြစမ်းပါ'

'ဘာ… ပစ္စည်းပျောက်တယ် ဟုတ်လား၊ ဪ… ဟုတ်ပြီ၊ မျက်မှန်ပျောက်သွားတာဗျ၊ သူ တပ်နေကျ နေကာမျက်မှန်ပဲ'

'ကျေးဇူးပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'သူ့မျက်မှန် ပျောက်သွားတာ ဘာများ ဒါလောက် အရေးကြီးလို့လဲဗျာ၊ သူက ရဲဘက်ကို တိုင်ခဲ့သလား'

'ဒီအကြောင်းကို သူက ခင်ဗျားကို ပြောပြပါလိမ့်မယ်၊ ကျေးဇူးပါပဲ'

ပြောပြောဆိုဆို ကိုရန်ကင်းက တယ်လီဖုန်းကို ပြန်ချထား လိုက်တော့သည်။

'ကဲ… ကျေးဇူးတင်ပါတယ် မခင်ထွေး၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး'

မခင်ထွေးက ကိုရန်ကင်းအား မကျေမနပ် ကြည့်လိုက် သည်။

'ကျေနပ်ပြီလား၊ ရှင်ဟာ လူတစ်ဖက်သားကို ငဲ့ညှာဖို့ ဘယ်လိုမှ မစဉ်းစားတတ်ဘူး။ ရှင့်ဝတ္တရားပဲ ရှင်သိတတ်တယ်'

ကိုရန်ကင်းက တံခါးဝမှနေ၍ သူမအား လှည့်ကြည့် လိုက်သည်။

'ခင်ဗျားဆီက သိရတာတွေကို ကျွန်တော် ကျေးဇူးတင် ပါတယ်။ ဒါပေမဲ့ လုံးဝ ကျေနပ်ပြီရယ်လို့တော့ မဆိုနိုင်သေး ဘူးပါ'

မခင်ထွေးက မျက်ခုံးတစ်ဖက် ပင့်လိုက်၏။

'ဘာရှင့်… လုံးဝ မကျေနပ်သေးဘူး ဟုတ်လား'

ကိုရန်ကင်းက မခင်ထွေးအား ပြန်ကြည့်လျက် ခေါင်း ညိတ်ပြလိုက်သည်။

'ဟုတ်တယ်လေ… ခင်ဗျားနဲ့ ကိုစောမြင့်တို့ဟာ အစ ကတည်းက ကြိုတင် သဘောတူထားကြတာလည်း ဖြစ်နိုင်သေး တာပဲ'





'ဘာကို ကြိုတင်သဘောတူထားရမှာလဲရှင်'

'အင်းယားကန်စောင်းမှာ ခင်ဗျားရဲ့ နေကာမျက်မှန် ပျောက်သွားရတယ်ဆိုတာကိုလေ'

မခင်ထွေးသည် မျက်နှာကလေး နီမြန်းလာကာ နှုတ်ခမ်း ကို ကိုက်လိုက်၏။

'ရှင်ဟာ တော်တော့်ကို ဆိုးဝါးလှတဲ့ လူတစ်ယောက် ပဲ'

ကိုရန်ကင်းက သူ့ပခုံးများကို မသိမသာ တွန့်လိုက်သည်။

'ကျွန်တော်ဟာ ဆိုးဝါးလှတဲ့ လူသတ်မှု တစ်ခုကို လိုက် စုံစမ်းနေရတာပါ'

မခင်ထွေးက ဘာမှမပြောတော့။ ချာခနဲလှည့်ကာ ကိုရန် ကင်းအား ကျောပေးထားလိုက်သည်။ ကိုရန်ကင်းက ခပ်သဲ့သဲ့ ပြုံးကာ ဧည့်ခန်းတံခါးဝမှ အိမ်ရှေ့တံခါးမကြီးဆီသို့ လျှောက်ခဲ့ လေ၏။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

# (၁၂)

မခင်ထွေးအား သူက လုံးဝ ကျေနပ်သည် မဟုတ်သေးဟု ကိုရန်ကင်းက ပြောခဲ့သော်လည်း တကယ်တော့ သူမ၏ နေကာမျက်မှန် အင်းယားကန်စောင်း၌ ပျောက်ဆုံးခဲ့သည်ဆိုခြင်းကို သူက ယုံကြည်မိခဲ့လေသည်။ မခင်ထွေး၏ အမူအရာသည်လည်းကောင်း၊ တစ်ဖက်က ကိုစောမြင့်၏ ပြန်လည်ဖြေကြားပုံသည်လည်းကောင်း၊ ၎င်းတို့နှစ်ယောက်သည် အမှန်အတိုင်း ပြောနေကြသည်ဟူသော အချက်ကို ထောက်ခံနေ၏။

သို့တစေလည်း သူ မခင်ထွေးကို ပြောခဲ့သည့်အတိုင်းပင် နေကာမျက်မှန်နှင့် ပတ်သက်၍ သူမအား လာ၍ စစ်ဆေးလိမ့်မည်ကို တွက်ထားပြီး၊ သူမက ကိုစောမြင့်နှင့် ကြိုတင်တိုင်ပင်ထားခဲ့ခြင်း ဖြစ်နိုင်သည်ကိုလည်း ကိုရန်ကင်းက သူ့ဦးနှောက်ထဲတွင် မေ့မထားချေ။

တကယ်တော့ ယခုအထိ အခြေအနေမှာ ကိုရန်ကင်းအတွက် စိတ်ပျက်စရာ ကောင်းနေရလေသည်။ ရဲသန်း အသတ်ခံရသည်ကို နာရီပေါင်း (၂၈)ဆက်တိုက် မအိပ်မနေ လိုက်လံစုံစမ်းခဲ့ရသော်လည်း တွေ့ရှိရသမျှ သဲလွန်စတွေမှာ အဖျားရှူးသွားသည်ချည်းဖြစ်ပြီး တရားခံကို အစိုပ်အမြွက်မျှ ညွှန်ပြခြင်း မရှိသေးဘဲ ဖြစ်နေ၏။





ကိုရန်ကင်းသည် ရုံးသို့ ပြန်ရောက်သည့်အခါ၌ အောက်ထပ် ကန်တင်းဆိုင်မှ ကော်ဖီကြမ်းတစ်အိုး ဝင်ဝယ်ကာ သူ့ရုံးခန်းသို့ တက်လာခဲ့သည်။

သူ့ရုံးခန်းသို့ ပြန်ရောက်လျှင် သူ့စားပွဲပေါ်မှ အမှုတွဲခြင်းထဲ၌ အစီရင်ခံစာတစ်ခု ရောက်နေသည်ကို တွေ့ရသည်။ ရဲသန်း၏ အလောင်းကို ခွဲစိတ်စစ်ဆေးရသော ဆရာဝန်ထံမှဖြစ်ကာ ရဲသန်းသည် ပွိုင့် (၂၂)သေနတ်ဖြင့် ေ... ျက်တိတိ အနီးကပ် ပစ်ခြင်းခံရ၍ အတွင်းတွင် သွေးလွန်ပြီး သေဆုံးရခြင်းဖြစ်သည်ဟု ဖော်ပြထား၏။ ထိုအစီရင်ခံချက်ကို ရဲသန်း၏ အမှုဖိုင်တွဲထဲ၌ ကိုရန်ကင်းက ထည့်တွဲနေစဉ် မော်တင်က အချုပ်ခန်းထဲသို့ လျှောက်ဝင်လာ၏။

'ဘယ့်နှယ်လဲ၊ အစ်ကိုကြီး ပြန်ရောက်လာပါကလား'

မော်တင်က ပခုံးများကို တွန့်လိုက်ကာ သူ့စားပွဲဆီသို့ လျှောက်လာပြီး စားပွဲအံဆွဲထဲမှလည်း သူ၏လက်ဖက်ရည်သောက် မတ်ခွက်ကြီးကို ထုတ်ယူလျက် ကော်ဖီအိုးထဲမှ ကော်ဖီတစ်ခွက် ငှဲ့ထည့်လိုက်သည်။

'ဘာများထူးသေးသလဲ အစ်ကိုကြီး'

'ဆေးရုံကြီးက ရီပို့ ရောက်လာတယ်။ ရဲသန်းဟာ သေနတ်ပစ်ခံရလို့ သေတာတဲ့'

'ဟုတ်လား၊ သူတို့ပြောမှပဲ ရဲသန်းဟာ ဘယ်လိုသေတယ်ဆိုတာ သိရတော့တာပဲနော်'

'နောက်တစ်ခု ရှိသေးတယ်၊ ရဲသန်းရဲ့ တိုက်ခန်းထဲက တွေ့ခဲ့ရတဲ့ မျက်မှန်အကွဲစက မျက်မှန်ကို ဘယ်သူပိုင်တယ်ဆိုတာ ကိုကော ငါသိရပြီကွ'



www.burmeseclassic.com

www.burmeseclassic.com



ကိုရန်ကင်းက ဆက်၍ပြောလိုက်ရာ မော်တင်က လက်ထဲမှ မတ်ခွက်ကို စားပွဲပေါ်တွင် ကပျာကယာချပြီး ကိုရန်ကင်းအား စိတ်အားထက်သန်စွာ ကြည့်လိုက်သည်။

'ဟုတ်လား အစ်ကိုကြီး၊ စောစောက ပြောရောပေါ့ဗျာ၊ ဆိုစမ်းပါဦး၊ ဘယ်သူဖြစ်နေသလဲ'

'မခင်ထွေးဆိုတဲ့ အမျိုးသမီး တစ်ယောက်ပဲ၊ ဗဟန်းမှာနေတဲ့ ဒေါ်ဒေါ်စုဆိုတဲ့ မိန်းမကြီးရဲ့ တူမဝမ်းကွဲ တော်တယ်။ အဲဒီ မိန်းမကြီးအိမ်မှာပဲ အတူတူနေတယ်'

'ဒေါ်ဒေါ်စုဆိုတာကို ဘေးချိတ်ထားလိုက်ပါလေ၊ အစ်ကိုကြီးက အဲဒီ မခင်ထွေးဆိုတာကို သွားကောတွေ့ပြီးပြီလား'

ကိုရန်ကင်းက ခေါင်းညိတ်လိုက်ကာ မျက်နှာကို မသိမသာ ရှုံ့ပြလိုက်သည်။

'သွားတွေ့ပြီးပါပြီ။ သူက ဒီနေ့ကာမျက်မှန်ကို လွှန်ခဲ့တဲ့ တနင်္ဂနွေနေ့က သူ့ယောကျ်ားလေး မိတ်ဆွေနဲ့အတူ အင်းယားကန်ကို ပျော်ပွဲစားထွက်ကြရင်း ပျောက်ကျန်ရစ်ခဲ့တယ်လို့ ဆိုတယ်'

မော်တင်ကပါ မျက်နှာကို မဲ့ပစ်လိုက်သည်။

'တယ်လွယ်ပါကလား အစ်ကိုကြီးရာ၊ ပျောက်သွားတယ်ဆိုတာနဲ့ ပြီးရောလား'

ကိုရန်ကင်းက သူ့ပခုံးများကို အသာတွန့်လိုက်၏။

'ငါတော့ သူ အမှန်ပြောခဲ့တာပဲလို့ ယုံချင်သလိုလိုဖြစ်နေတယ်ကွ'

'သူ့ယောကျ်ား မိတ်ဆွေဆိုတာကော ဘယ်သူလဲ အစ်ကိုကြီး။ အဲဒီလူကိုကော သွားချက်ကင်လုပ်ပြီးပြီလား'

'ချက်ချင်းပဲ တယ်လီဖုန်းဆက်ပြီး မေးပါတယ်။ အဲဒီလူ





က လှရတနာကုန်တိုက်ပိုင်ရှင် ကိုစောမြင့်တဲ့၊ သူကလည်း မခင်ထွေးလိုပဲ ပြောတာပဲ'

'သူတို့နှစ်ယောက်စလုံး ညာတာကော မဖြစ်နိုင်ဘူးတဲ့လား အစ်ကိုကြီးရာ'

ကိုရန်ကင်းက ခေါင်းကို ဖြည်းလေးစွာ ညိတ်လိုက်၏။

'သူတို့နှစ်ယောက်စလုံး ကြိုတင် တိုင်ပင်ထားကြတာလည်း ဖြစ်နိုင်တာပေါ့ကွာ၊ ဒါပေမဲ့ ငါတော့ သိပ်မထင်မိဘူး'

မော်တင်ကတော့ မကျေနပ်သေး။

'သူတို့နှစ်ယောက်နဲ့ ရဲသန်းက အဆက်အသွယ် မရှိကြဘူးလား' ဟု ထပ်မေးလိုက်၏။

'မခင်ထွေးက ရဲသန်းကို လုံးဝ မသိပါဘူးလို့ ဆိုတယ်၊ တကယ် သိပုံလည်း မရပါဘူး။ ဒါပေမဲ့ ချက်ကင်တော့ လုပ်ကြည့်ရဦးမှာပေါ့ကွာ၊ အခု ငါ ရက်ကော့ဒ်မှာ မေးကြည့်လိုက်ဦးမယ်'

ကိုရန်ကင်းလည်း တယ်လီဖုန်းကို ကောက်ယူလိုက်ကာ မှတ်တမ်းဌာနသို့ ဆက်လိုက်ပြီး ကိုစောမြင့်နှင့် မခင်ထွေးတို့၏ အမည်နှင့် လိပ်စာများကို ပြောပြကာ ၄င်းတို့တွင် ယခင်ကပြစ်ချက်ရှိမရှိ ချက်ကင် လုပ်ကြည့်ခိုင်းလိုက်သည်။ ထို့နောက် တယ်လီဖုန်းကို ပြန်ချပြီး ကော်ဖီကြမ်းတစ်ခွက် ငုံ့သောက်နေလိုက်၏။

မော်တင်က စီးကရက်တစ်လိပ် မီးညှိဖွာရှိုက်နေလိုက်၏။ ကိုရန်ကင်းက ကော်ဖီခွက်ကို ပြန်ချကာ သူ့စိတ်ထဲ သတိပြုလာမိသည့် အချက်တစ်ခုကို ထုတ်ဖော်ပြောလိုက်၏။

'ငါတစ်ခု သတိပြုလာမိတယ် မော်တင်၊ မခင်ထွေးဆိုတဲ့ အမျိုးသမီးရဲ့ ဦးခေါင်းပုံစံက တော်တော် ထူးတယ်ကွ၊ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အနေနဲ့ နည်းနည်းကြီးတယ်လို့ ဆိုရမယ်။ ပြီးတော့လည်း ဘောလုံးတစ်လုံးလိုပဲ ပကတိ လုံးဝိုင်းနေတယ်'

'ဟုတ်လား အစ်ကိုကြီး၊ အဲဒီတော့ ဘာဖြစ်သလဲ အစ်ကိုကြီး'

မော်တင်က သူ့ပါးစပ်မှ စီးကရက်ကို ချွတ်လိုက်ကာ ကိုရန်ကင်း ဘာဆိုလိုသည်ကို မေးကြည့်လိုက်သည်။

'ဒီတော့ သူ့မျက်မှန်ကိုင်းဟာ သာမန် အမျိုးသမီးတွေရဲ့ မျက်မှန်ကိုင်းထက် ပိုကျယ်ရမှာပဲ'

'သြော်… ဒီလိုလား အစ်ကိုကြီး၊ သူ့မျက်မှန်ကိုင်းကို ယောကျ်ားတစ်ယောက်ကလည်း တပ်လို့ရတယ် ဆိုပါတော့ ဟုတ်စ'

'မှန်တယ် မော်တင်၊ ဒီတော့ သူ ပြောသလို ဒီမျက်မှန်ကို အင်းယားကန်စောင်းမှာ ကျပျောက်ခဲ့တာဆိုရင် ကောက်ရတဲ့လူက ဘယ်သူပဲဖြစ်ဖြစ် မနေ့က ရဲသန်းကို သွားသတ်တဲ့အခါမှာ တပ်ခဲ့နိုင်တာပဲ'

မော်တင်က မျက်နှာကို ရှုံ့လိုက်ကာ လက်ထဲမှ စီးကရက်ကို ပြာခွက်ထဲတွင် ထိုးချေပစ်လိုက်၏။

'ကောင်းတာပေါ့ အစ်ကိုကြီး၊ ဒီလိုဆို ကျွန်တော်တို့အတွက် အစက ပြန်သွားရုံပဲ ရှိတော့တာပေါ့၊ ဒီမျက်မှန်ကို ဘယ်သူမဆို တပ်လို့ရတာပေါ့'

တယ်လီဖုန်း ခေါင်းလောင်းက မြည်လာပြန်၏။

'မှတ်တမ်းကတော့ မဟုတ်နိုင်ပါဘူး၊ သူတို့ ဒီလောက် မမြန်နိုင်ပါဘူး'

ကိုရန်ကင်းက တယ်လီဖုန်းကို ကောက်ယူလိုက်စဉ် မော်တင်က မှတ်ချက်ချလိုက်၏။





တယ်လီဖုန်းနားခွက်ထဲမှ ပေါ်လာသော အသံကား အောက်ထပ် ရုံးခန်းမကြီးမှ ရဲအုပ်ကိုထွန်းတင်၏ အသံဖြစ်နေသည်။

'ဆရာ ရန်ကင်းလား၊ ထွန်းတင်ပါ'

'ဟုတ်တယ် ကိုထွန်းတင်၊ ဘာများထူးသလဲဗျ'

'ဆရာတို့ ကိုယောဟန်ဆိုတဲ့လူကို စိတ်ဝင်စားတုန်းပဲလား'

ကိုရန်ကင်းက မော်တင့်အား လှမ်းကြည့်လိုက်ကာ အိပ်စတင်းရှင်း တယ်လီဖုန်းကို ကောက်ယူ နားထောင်ရန် လက်ပြလိုက်သည်။

'ဟာ… စိတ်ဝင်စားတုန်းပဲပေါ့ ကိုထွန်းတင်ရာ၊ ဆိုစမ်းပါဦး၊ သူ့အကြောင်း ဘာများထူးသလဲ'

'ဆရာတို့က သူ့ကို ရန်ကုန်ထဲမှာ ပိုက်စိပ်တိုက် လိုက်ရှာခိုင်းထားပြီး နယ်က ရဲဌာနတိုင်းကိုလည်း သူ့ကိုအလိုရှိကြောင်း အကြောင်းကြားထားတယ် မဟုတ်လား၊ အခု သူ့သတင်းရပြီ ဆရာရဲ့'

မော်တင်နှင့် ကိုရန်ကင်းတို့က တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ ကိုယောဟန်ဆိုသူကား ဒိုရာလွင်၏ အဆက်ဟောင်း 'ကျမ်းစာရူးဖြစ်ကာ ဒိုရာလွင်နှင့် ပတ်သက်၍ ကိုရဲသန်းအား အတော်မကျေမနပ် ဖြစ်ခဲ့သူဖြစ်ပြီး ကိုရဲသန်း အသတ်မခံရမီ နှစ်ရက်ကပင် ၄င်းတည်းခိုရာ အိမ်ခန်းမှ ထွက်ခွာပြီး ပျောက်နေခဲ့သူဖြစ်၏။

'ဆိုစမ်းပါဦး၊ သူ့ကိုဖမ်းမိထားပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'သူ့ကို အစကတည်းက ဖမ်းမိထားတာပဲ ဆရာရဲ့'

'ဘယ်လိုဗျ ကိုထွန်းတင်'

မော်တင်က ဝင်မေးလိုက်ခြင်း ဖြစ်၏။

'ဆရာတို့ သူ့ကို အလိုရှိကြောင်း ဝရမ်းမထုတ်ခင်ကတည်းက သူက အချုပ်ခန်းထဲမှာ ရောက်နေတာပဲ ဆရာ၊ မော်ဘီမှာဆရာရဲ့'

'မော်ဘီမှာ ဟုတ်လား၊ ဘယ်လို အချုပ်ခံရတာလဲ၊ ဆိုစမ်းပါဦး'

'ဒီလူက ဘာသာရေးရူး တစ်ယောက်ပဲ ဆရာရဲ့၊ အရက်သောက်တာတို့ ဘာတို့ကို လက်ထဲကျမ်းစာအုပ်ကိုင်ပြီး လိုက်တားတတ်တယ်၊ လူတွေကို လမ်းပေါ်မှာ ဒုစရိုက်ပြစ်မှု မလုပ်ဖို့ တရားဟောတတ်တယ်'

'ဒါနဲ့ပဲ သူက အဖမ်းခံရရောလားဗျာ'

မော်တင်က မေးလိုက်ပြန်ခြင်းဖြစ်၏။

'သူက အဲသလို တရားရိုးရိုးဟောရင်တော့ ဟုတ်တာပေါ့ဗျာ၊ ဒါပေမဲ့ သူက ဒါနဲ့ အားမရဘဲ စတန့်တစ်ခု လုပ်ခဲ့တာကိုး'

'ဘယ်လို စတန့်လုပ်တာလဲ'

ကိုရန်ကင်းက ပြန်မေးလိုက်၏။

'မော်ဘီက တရုတ်အရက်ဆိုင်မှာ ဝင်ပြီး အရက်သောက်နေတဲ့လူတွေကို အရက်မသောက်ဖို့ တရားဟောသတဲ့၊ ဒီတော့ အရက်သမားတွေက သူ့ကို ဝိုင်းဟားကြတော့တာပေါ့၊ တော်ကလည်း မခေဘူးဆရာ၊ အနုနဲ့ တရားချလို့ မရရင် ဘုရားသခင် မကြိုက်တဲ့ ဒုစရိုက်နေရာကို ကျမ်းစာထဲကလိုပဲ ဖျက်ဆီးပစ်ရမယ် ဆိုပြီး အရက်ဆိုင်ကို တကယ့်ကို ဖျက်တော့တာပဲဗျာ၊ လူကလည်း





ကာယဗလသမားဆိုတော့ ဘယ်သူကမှ သူ့ကို တားလို့မရတော့ဘူး'

'မြတ်စွာဘုရား'

မော်တင်က ရေရွတ်လိုက်ခြင်းဖြစ်သည်။

'ဟုတ်တယ်ဆရာ၊ တကယ့်ကို စံဆိုတဲ့လူပါပဲ'

'ဒါနဲ့ပဲ သူ့ကို ဖမ်းချုပ်ထားလိုက်တယ် ဆိုပါတော့'

ကိုရန်ကင်းက ပြောလိုက်ရာ တစ်ဖက်မှ ကိုထွန်းတင်က 'ဟုတ်ကဲ့ဆရာ'ဟု ပြန်ဖြေလိုက်၏။

'အဲသလို သူ အဖမ်းခံရတာ ဘယ်တုန်းကလဲ'ဟု ကိုရန်ကင်းက ထပ်မေးလိုက်ပြန်သည်။

'လွန်ခဲ့တဲ့ သုံးရက်ကပဲ ဆရာ'

မော်တင်က မျက်နှာရှုံ့လိုက်ကာ ကိုရန်ကင်းက သက်ပြင်းချလိုက်၏။

'ဒီလိုဆိုရင် ရဲသန်း အသတ်ခံရတဲ့ အချိန်မှာ ယောဟန်က မော်ဘီက ရဲအချုပ်ခန်းထဲမှာ ရောက်နေတာပေါ့'

'ဟုတ်တယ် ဆရာ၊ ဆောရီးပဲ၊ မော်ဘီကို ကျွန်တော် ဘယ်လို အကြောင်းပြန်ပေးရမလဲ'

'ယောဟန်ကို ကျုပ်တို့ ဘယ်လိုမှ စိတ်မဝင်စားတော့ဘူးလို့သာ အကြောင်းပြန်လိုက်ပါဗျာ'

ကိုရန်ကင်းက စိတ်ပျက်စွာ ပြောလိုက်ပြီး တယ်လီဖုန်းကို ပြန်ချလိုက်၏။ မော်တင်ကလည်း သူ့လက်ထဲက တယ်လီဖုန်းကို ပုခက်ပေါ် ပြန်တင်လိုက်ပြီး ကိုရန်ကင်းအား ပြုံး၍ ကြည့်လိုက်၏။

'ဘယ့်နှယ်လဲ၊ အစ်ကိုကြီး ဆပ်စပက် (အမှုကျူးလွန်



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ထင်ရသူ)တစ်ယောက်တော့ ရှင်းသွားပြန်ပြီလေ၊ ဒီအမှုကတော့ စံပါပဲဗျာ၊ ဆပ်စပက်တွေ များသလောက် နောက်ဆုံးတော့ တစ်ယောက်မှ မဟုတ်တာကို တွေ့နေရတယ်'

ကိုရန်ကင်းက ခေါင်းညိတ်လိုက်ကာ သူ့ကုလားထိုင်တွင် ခေတ္တမျှ တိတ်ဆိတ်စွာ ဝင်ထိုင်နေလိုက်၏။ ပြီးမှ ရုတ်တရက် မော်တင့်အား မော့ကြည့်လိုက်သည်။

'မော်တင်၊ ဒီအတိုင်းဆို ဒိုရာလွင်ကိစ္စ စဉ်းစားရလိမ့်မယ်ကွ၊ သူ့ကို ဆက်ချုပ်ထားဖို့ မလိုတော့ဘူး ထင်တယ်၊ ပြန်လွှတ်လိုက်ဖို့ပဲ ရှိတော့တာပဲ'

'ဘာဖြစ်လို့လဲ အစ်ကိုကြီး၊ ယောဟန်က အချုပ်ထဲရောက်နေတော့ ဒိုရာလွင့်ကို ရန်မပြုနိုင်တော့လို့လား'

ကိုရန်ကင်းက ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်သည်။

'အေး··· အဲဒါလည်း ပါတာပေါ့ကွာ၊ ပြီးတော့လည်း ရဲသန်း အသတ်ခံရမှုမှာ သူဟာ အရေးပါ အရာရောက်တဲ့ သက်သေတစ်ယောက် မဟုတ်တော့ဘူးလို့ ငါ ထင်တယ်လေ၊ ဒီတော့ သူ့ကို တို့ ဆွဲထားတာဟာ အပိုလို ဖြစ်နေရပြီ'

'အစ်ကိုကြီး သဘောပဲလေ၊ ပြီးတော့လည်း လိုအပ်ရင် သူ့ကို ပြန်ဆွဲထားလိုက်နိုင်တာပဲဟာ'

ကိုရန်ကင်းက ဒိုရာလွင့်အား ချုပ်ထားရာမှ ပြန်လွှတ်ပေးရန် စီစဉ်နေစဉ်တွင် တယ်လီဖုန်း ခေါင်းလောင်းက မြည်လာပြန်သဖြင့် ကောက်ယူ နားထောင်ရပြန်သည်။ သည်တစ်ခါတော့ မှတ်တမ်းက ဖြစ်နေသည်။ မခင်ထွေးကိုလည်းကောင်း၊ ကိုစောမြင့်ကိုလည်းကောင်း မှတ်တမ်းဌာနက မသိပါဟု ဆို၏။ ကိုရန်ကင်းက ကျေးဇူးတင်စကားပြောကာ တယ်လီဖုန်းတို ပြန်ချထား





လိုက်သည်။

'မခင်ထွေးနဲ့ ကိုစောမြင့်တို့မှာ အရင်က ဘယ်လိုပြစ်ချက်မှ မရှိဘူးတဲ့ မော်တင်'ဟု ကိုရန်ကင်းက မော်တင့်အား အသိပေးလိုက်သည်။

'ကဲ··· ဦးကြောင်ငါးရဲ့ရုပ်ရှင်ပြာထဲမှာ ပါခဲ့တဲ့ ဟိုလူသုံးယောက်အကြောင်း မင်းစုံစမ်းခဲ့တာ ဘာတွေများ သိခဲ့ရသလဲ ဆိုစမ်းပါဦး'

ကိုရန်ကင်းက ပြောပြောဆိုဆို သူ့မှတ်စုစာအုပ်ကို ထုတ်ယူကာ ဖွင့်ကြည့်လိုက်သည်။

'အိန်စွမ်ရယ်၊ မောင်မောင်နုရယ်၊ ပြီးတော့ လီလီညွန့်ရယ် မင်းဒီသုံးယောက်စလုံးကို သွားတွေ့ဖို့တော့ အချိန်ရခဲ့မှာ မဟုတ်ပါဘူး'

မော်တင်က မျက်နှာကို ရှုံ့ကာ သက်ပြင်းတစ်ချက် ချလိုက်၏။

'ကျွန်တော်လည်း အစ်ကိုကြီးကို ပြောမလို့ပါပဲ၊ အမှန်ကိုဝန်ခံရင် ကျွန်တော် သိပ်မစွံခဲ့ဘူး အစ်ကိုကြီး၊ ကျွန်တော် အိန်စွမ်ကို အရင်သွားတွေ့ခဲ့တယ်၊ ဒါပေမဲ့ ငတိက အိမ်ပြန်မလာတာ ခုနစ်ရက် တစ်ပတ်တောင် ရှိနေပြီ။ သူ့ကို ဘယ်သူကမှလည်း မတွေ့ကြဘူး၊ သူ့ဆီက ငွေချေးထားတဲ့ လူနှစ်ယောက်က သူ့အကြွေးပြန်ဆပ်ဖို့ သူ့ကို လိုက်ရှာနေရတယ်၊ သူတို့နှစ်ယောက်ကလည်း ရှာမတွေ့ကြဘူး'

မော်တင်က စကားကို ရပ်ထားလိုက်ကာ ကိုရန်ကင်းအား အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်သည်။

'အိန်စွမ်ဟာ ငွေချေးစားတဲ့ လူဆိုတော့ ဘယ်ပြောနိုင်



www.burmeseclassic.com

www.burmeseclassic.com



မလဲ အစ်ကိုကြီး၊ အခုဆိုရင် သူဟာ ရန်ကုန်မြစ်ထဲ ရောက်ချင် ရောက်နေနိုင်တယ်'

'အင်း… မင်းပြောတာလည်း ဖြစ်နိုင်ပါတယ်၊ ကဲ… အိန်စွမ်ကို ထားလိုက်ပါတော့၊ မောင်မောင်နုဆိုတဲ့ ကုလားက ကောကွာ'

ကိုရန်ကင်းက မေးလိုက်ပြန်ရာ မော်တင်က သက်ပြင်း ချလျက် ခေါင်းကို ယမ်းခါလိုက်ပြန်သည်။

'ဒီကုလားကလည်း ပျောက်နေတယ် အစ်ကိုကြီး၊ မနေ့ ညက သူဟာ ပါတီတစ်ခု တက်ခဲ့တယ်၊ ယောကျ်ားတွေချည်း စုအရက်သောက်ကြတဲ့ ပါတီပဲပေါ့လေ၊ မောင်မောင်နုကလည်း တော်တော်မူးသွားတယ်တဲ့၊ မနက် နှစ်နာရီလောက်ကျတော့ သူ အမျိုးသမီးတစ်ယောက် သွားထုတ်ဦးမယ်ဆိုပြီး ပါတီက ထွက် သွားတာ သူ့ကို အခုထက်ထိ ဘယ်သူကမှ ပြန်မတွေ့ကြသေးဘူး အစ်ကိုကြီး'

'ကောင်းရောကွာ…'

'သူ့တိုက်ခန်းကိုလည်း ပြန်ရောက်မလာသေးဘူး၊ ပြီး တော့ ဒီကနေ့ မနက်မှာ သူ့မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားသေး တယ်၊ အဲဒီကိုလည်း ပေါ်မလာခဲ့ဘူး၊ သူ့မိတ်ဆွေအတွက်ကတော့ သူပေါ်မလာတာ မဆန်းလှဘူးတဲ့၊ မောင်မောင်နုဟာ ဒီလိုပဲ ကျကျ နနချိန်းပြီး ပျက်ကွက်တတ်လွန်းလို့တဲ့၊ မောင်မောင်နုဟာ အမျိုးသမီး တစ်ယောက်ယောက်ရှာတွေ့ရင် အဲဒီအမျိုးသမီးနဲ့ တစ်နေရာရာမှာ သုံးလေးရက်လောက်သွားပြီး ချောင်ခိုနေတတ်တဲ့ အကျင့်ရှိတယ် တဲ့'

ကိုရန်ကင်းက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ကာ





လက်တစ်ဖက် ယမ်းခါလိုက်သည်။

'ကဲ… မောင်မောင်နုကို ခဏဘေးဖယ်ထားလိုက်ပါ တော့၊ လီလီညွန့်ကကောကွာ၊ သူ့ယောကျ်ား မစ္စပုံတွေကို သူနဲ့ တွဲတဲ့ ယောကျ်ားတွေကို မြိန်ရေရှက်ရေ ပြောပြတတ်တယ်ဆိုတဲ့ မိန်းမလေးကွာ၊ သူကရောဘာ ပျောက်နေပြန်ပြီလား'

မော်တင်က မျက်နှာရှုံ့ကာ ခေါင်းညိတ်ပြလိုက်လေ သည်။

'ပြောရင် ယုံမှာ မဟုတ်ဘူး အစ်ကိုကြီး။ သူ့ကိုလည်း ဘယ်လိုမှ ခြေရာခံလို့ မရဘူး၊ သူ့ယောကျ်ား ဦးဝင်းမောင်ဦးက ပြောတော့ သူ့ဆီက သူ့မိန်းမထွက်သွားတာ နှစ်ပတ်လောက်တောင် ရှိနေပြီတဲ့၊ အဲသလို ထွက်သွားတာဟာ ပထမဆုံးအကြိမ် မဟုတ် သလို နောက်ဆုံးအကြိမ်လည်း မဟုတ်ဘူးတဲ့၊ အရင်တစ်ခါတုန်း က သူ့မိန်းမ ထွက်သွားတာ နောက်ဆုံးကျတော့ တောင်ကြီးမှာ ကျောင်းသားကလေးတစ်ယောက်နဲ့ အတူရှာတွေ့ရသတဲ့'

'အင်း… အားလုံး တကယ့်စံချည်းပါပဲလား'

'ဟုတ်တယ် အစ်ကိုကြီး၊ သုံးယောက်စလုံးက စံချည်း ပါပဲ၊ ဒါပေမဲ့ ကျွန်တော် နောက်တစ်ခါထပ်ပြီး ကြိုးစားရဦးမှာ ပေါ့၊ ပထမဦးဆုံး အိန်စွမ်ကို ရအောင်ရှာရမယ်'

ကိုရန်ကင်းက ခေါင်းညိတ်လိုက်ကာ သူ့ဆေးတံကို ထုတ်ယူလျက် ဆေးဆုံထဲတွင် ဆေးသိပ်ထည့်နေလိုက်သည်။ ဆေးတံကို မီးညှိမည်ပြုစဉ် အခန်းထဲသို့ ရဲဝန်ထောက် ဦးဘနီ ဝင်လာ၏။

'ဘယ့်နှယ်လဲ ရန်ကင်းနဲ့မော်တင်၊ မင်းတို့နှစ်ယောက် အခုထက်ထိ အိမ်မပြန်ကြသေးဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ကိုရန်ကင်းနှင့် မော်တင်တို့က ဦးခေါင်းများကို ငြိမ်တူ ယမ်းခါပြလိုက်ကြ၏။

'တယ်ကြိုးစားနေပါလားကွ'

'ဒါလောက် ကြိုးစားတာတောင် ဘာမှ အကြောင်းမထူး သေးပါဘူး အန်ကယ်၊ ကျွန်တော်တော့ စိတ်တောင် ပျက်ချင် လာပြီ'

ကိုရန်ကင်းက ဇင်ပန်းသော အသံဖြင့် ပြောလိုက်ကာ သူ့ဆေးတံကို မီးညှိလိုက်သည်။

'ဆိုစမ်းပါဦး၊ မင်းတို့နှစ်ယောက် ညက ဘာတွေလုပ်ခဲ့ ကြသလဲ'

ကိုရန်ကင်းလည်း ဦးဘနီအား မခင်ထွေးအကြောင်းနှင့် အိမ်စွမ်၊ မောင်မောင်နုနှင့် လီလီညွှန့်တို့အား မော်တင် လိုက်ရှာဖွေ၍ မအောင်မြင်ခဲ့သည့် အကြောင်းကို ပြန်လည် ပြောလိုက်၏။

'အေး… မင်းပြောတဲ့အတိုင်း ဆိုရင်တော့ ဘယ်ဆက် စပ်မှု တပ်အပ်တရားခံဖြစ်မလာသေးတာ သေချာနေတာပေါ့။ အင်းလေ… အမှုတစ်ခုဟာ တစ်ခါတလေ ဒီလိုဖြစ်တတ်တာပဲ၊ စိတ်မပျက်ဘဲ ဆက်ကြိုးစားကြဦးပေါ့၊ အခု မင်းတို့ကို အားတက် စရာတစ်ခု ပြောရဦးမယ်'

'အားတက်စရာ ကြားရဖို့ အချိန်တန်နေပါပြီ အန်ကယ်'

မော်တင်က ရွှန်းမှဲ့မဲ့ဖြင့် ဝင်ပြောလိုက်သည်။

'အသတ်ခံရတဲ့ ရဲသန်းဟာ ဘဏ်တိုက်တစ်ခုခုမှာ ငွေ အပ်စာရင်းဖြစ်ဖြစ်၊ ဒါမှမဟုတ် ဆေ့ဖ်တီဒက်ပ်ှိုဇစ်ဘောက်(စ်) ဖြစ်ဖြစ် ရှိချင်ရှိမယ်ဆိုပြီး မင်း စုံစမ်းခိုင်းထားတာ မှတ်မိသေး သလား ရန်ကင်း'



ကိုရန်ကင်းက ခေါင်းညိတ်ပြလိုက်သည်။

'မှတ်မိပါတယ် အစ်ကိုကြီး၊ အခုထက်ထိတော့ အဲဒါနဲ့ ပတ်သက်ပြီး ဘာမှ မသိရသေးပါဘူး'

ဦးဘနီ ပြုံးကာ ခေါင်းခါပြလိုက်သည်။

'အဲဒါ မင်းမှားတာပေါ့၊ ငါသိခဲ့ရပါပြီကွ၊ အခုပဲ အဲဒီ ကိစ္စနဲ့ပတ်သက်လို့ တာဝန်ယူထားရတဲ့ ရဲအုပ်ဘရွှေဆီက ငါ ရီပို့ ရလာတယ်'

'ဟုတ်လား ဆရာ၊ ဘာတဲ့လဲ၊ သူ ရှာတွေ့လာပြီလား'

ကိုရန်ကင်းက စိတ်အား ထက်သန်စွာ မေးလိုက်ရာ ဦးဘနီက ပြုံးလျက် ခေါင်းညိတ်ပြလိုက်၏။

'အေး…တွေ့ပါပြီ၊ မောင်ထော်လေးလမ်းထဲက ကုလား ဘဏ်မှာ ရဲသန်းက ဆေ့ဖ်တီဒက်ပ်ှိုဇစ်ဘောက်စ်တစ်လုံး ငှားထား တာကို ကိုဘရွှေက စုံစမ်းသိခဲ့ရတယ်'

'ဟန်ကျတာပဲ ဆရာ၊ အထဲမှာ စိတ်ဝင်စားစရာ ဘာ တွေ့ရသတဲ့လဲ'

'ဘရွှေအနေနဲ့ ဘယ်ဖွင့်ကြည့်ခွင့် ရမလဲကွာ၊ ရုံးက ဝရမ်းပါမှ ရမှာပေါ့၊ အဲဒါ ငါ အခုစီစဉ်ပေးလိုက်မယ်၊ မင်းနဲ့ မော်တင်က ဝရမ်းယူပြီး ဘဏ်ကို လိုက်သွားကြပေတော့'

ကိုရန်ကင်းနှင့်မော်တင်တို့က စိတ်အားထက်သန်စွာ ခေါင်းညိတ်လိုက်ကြလေ၏။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

တရားသူကြီးထံမှ ဝရမ်းစာကို ကိုရန်ကင်းက ဘဏ်မန်နေဂျာအား ပြလိုက်သည့်အခါတွင် မန်နေဂျာက ၄င်းကိုယ်တိုင် ကိုရန်ကင်းနှင့် မော်တင်တို့အား ဘဏ်တိုက်ထဲရှိ ဆေ့ဖ်တီဒက်ပ်ဟိုဇစ်ဘောက်စ်ခေါ် ပစ္စည်းများသီးသန့်ထည့်သိမ်းထားရန် ငှားရမ်းနိုင်သည့် မီးခံသေတ္တာကလေးများထားရာ သီးသန့်အခန်းဆောင်ထဲသို့ ခေါ်ဆောင်သွားလေသည်။ ထို့နောက် အခန်းငယ်ကလေးတွေ အစီအရီရှိနေသည့် အထဲမှ နံပါတ် (၅)ဟု ကပ်ထားသည့် အခန်းငယ်ကလေးအတွင်းသို့ ဝင်ကာ ကိုရန်ကင်းတို့ ရှေ့တွင်ပင် ၄င်း၌ပါလာသော သော့ဖြင့် မီးအာမခံသေတ္တာကို ဖွင့်ပြလေ၏။

မီးအာမခံသေတ္တာထဲ၌ တွေ့ရသော ပစ္စည်းများကား ကိုရန်ကင်းတို့အတွက် အမှန်ပင် စိတ်ဝင်စားစရာ ဖြစ်နေတော့သည်။ ၄င်းတို့ကား ငွေ (၂၀၀၀)ကျော်နှင့် (၁၆)မီလီမီတာ ရုပ်ရှင်ဖလင်ကားလိပ် ဖြစ်လေ၏။

ကိုရန်ကင်းတို့ထံတွင် မီးခံသေတ္တာကို ဖွင့်ကြည့်ခွင့် ဝရမ်း





စာသာ ပါလာရာ ကိုရန်ကင်းသည် မော်တင့်အား အစောင့်ထားခဲ့ပြီး ရုံးသို့ အမြန်ပြန်လျက် ဖလင်ကားလိပ် သိမ်းခွင့်ရသည့် ဝရမ်းရအောင် ဦးဘနီနှင့် တိုင်ပင်ဆောင်ရွက်ရပြန်သည်။ ကိုရဲသန်းသည် သူငှားထားသော ဆေ့ဖ်တီဒက်ပ်ဟိုဇစ်ဘောက်စ်ထဲ၌ သူ့ဖလင်ကားလိပ်ကို တရိုတသေထည့်၍ သိမ်းဆည်းထားခြင်းမှာ ထိုဖလင်ကားလိပ်သည် ဦးကြောင်ငါး၏ ရုပ်ရှင်ပြာဖလင်ကားလိပ် ဖြစ်၍သာဟု ဦးဘနီကပါ သဘောတူညီလေ၏။

တရားသူကြီးထံမှ ထိုဖလင်ကားလိပ် သိမ်းယူခွင့် အမိန့်စာကို ရပြီး ဘဏ်တိုက်သို့ ပြန်ကာ ဖလင်ကားလိပ်ကို သိမ်းလျက် တစ်ဖန် ရုံးသို့ပြန်ပြီး ပရိုဂျက်တာ ရုပ်ရှင်ပြစက်တစ်ခုကို ရှာဖွေရရှိကာ ရုပ်ရှင်ပြဖို့ အဆင်သင့်ဖြစ်နေသည့်အခါတွင်တော့ နေ့ခင်း (၁)နာရီပင် ကျော်နေပြီဖြစ်လေတော့သည်။

ရုပ်ရှင်ပြရန် ရသော အခန်းမှာ ရုံးအပေါ်ဆုံးထပ်ရှိ စတိုခန်းကလေးတစ်ခန်း ဖြစ်လေသည်။ ပိတ်ကားအဖြစ် ထုံးဖြူသုတ်ထားသော နံရံကိုပင် အသုံးချကြရ၏။ ရုပ်ရှင်ကိုကြည့်ကြသူများကား ကိုရန်ကင်းနှင့် မော်တင်တို့ နှစ်ယောက်ထဲသာ ဖြစ်ကြ၏။

အခန်းထဲတွင် မှောင်ကျသွားသည်နှင့် တစ်ပြိုင်နက် ကိုရန်ကင်းက ရုပ်ရှင်ပြစက် ဖွင့်သည့်ခလုတ်ကို နှိပ်လိုက်တော့သည်။

ထိုရုပ်ရှင်ကားကို သာမန်အလင်းရောင်ဖြင့်သာ ရိုက်ကူးပြီး ရုပ်ရှင်ကင်မရာကိုလည်း တစ်နေရာတည်းတွင်သာ ပုံသေထောင်၍ ရိုက်ကူးထားရခြင်းဖြစ်သည့်တိုင် ရုပ်ရှင်ရိုက်ကူးထားသည်မှာ တော်တော်ပင် အဆင့်အတန်း မြင့်လှသည်ကို တွေ့ရှိကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထက်မှ ပထမဦးဆုံး စုံတွဲကို စ၍ ကြည့်ကြစဉ် မော်တင်က မှတ်ချက်ချလိုက်၏။

'ဘလူးပစ်ချာ ကြည့်ရတာမှာ တစ်ခုကောင်းတာက ရုပ်ရှင်ထဲပါတဲ့ လူတွေဟာ ဘာတွေလုပ်ကြမလဲဆိုတာ တွေးမနေရတာပဲ အစ်ကိုကြီး'

မော်တင်က ပြောပြောဆိုဆို စီးကရက်တစ်လိပ်ကို မီးညှိပြီးမှ စကားဆက်ပြန်၏။

'ဒီစုံတွဲက ဘယ်သူတွေလဲ မသိဘူး'

'ယောက်ျားက ကြည့်ရတာ တရုတ်နဲ့တူတယ်၊ ဒီတော့ အိန္ဒိစွမ်ပဲဖြစ်မှာပဲ'

ကိုရန်ကင်းက နံရံပေါ်မှ လှုပ်ရှားနေသော အရုပ်များကို ကြည့်လျက် ပြန်ဖြေလိုက်၏။

ခေတ္တကြာလျှင် နံရံပေါ်မှ အရုပ်များသည် လှုပ်ရှားမှု ရပ်သွားကြသည်။ ပြီးလျှင် ဖလင်ကားမှာ ဗလာခေတ္တ ဖြစ်သွား၏။ ပြီးမှ ရုတ်တရက် နံရံပေါ်တွင် အရုပ်များပြန်ပေါ်လာပြန်သည်။ ဒီအခါတွင်တော့ မိန်းမစုံတွဲပင် ဖြစ်ကြသည်။ တစ်ယောက်ကို တစ်ယောက် အဝတ်များ ကူချွတ်ပေးနေကြသည်။ ထို့နောက် ဖလင်ကားသည် ခေတ္တမျှ ဗလာဖြစ်သွားပြန်ပြီးမှ တစ်ဖန် အရုပ်များ ပြန်ပေါ်လာကြသည်။ သည်တစ်ခါတွင်တော့ အမျိုးသမီးနှစ်ယောက်စလုံးမှာ အဝတ်ဗလာ ဖြစ်နေကြသည်။

'ဦးကြောင်ငါးက သူ့ဖလင်ကားကို သူ့ဘာသာသူ တည်းဖြတ်ပုံရတယ်ဗျ။ အက်ရှင်မရှိတာတွေဆိုရင် ဖြတ်ထားလိုက်တယ်'

အမျိုးသမီးနှစ်ယောက်၏ 'အက်ရှင်'သည် မိနစ်အနည်း





ငယ်အကြာတွင် ပြီးစီးသွားကာ ဖလင်တွင် ခေတ္တမျှ ဗလာဖြစ်နေပြီးမှ နောက်ထပ်၍ အရုပ်များ လှုပ်ရှားလာကြပြန်သည်။ သည်တစ်ခါတွင်တော့ ခုနက အမျိုးသမီးတစ်ယောက်သည် အခြားယောက်ျားတစ်ယောက်နှင့် တွဲရက်သား ဖြစ်နေ၏။

ထိုအတိုင်းပင် စုံတွဲအမျိုးမျိုး ပြောင်းနေပြီးမှ နောက်ဆုံးတွင် နံရံပေါ်တွင် အမျိုးသမီးကလေးတစ်ယောက်၏ ရုပ်ပုံက ပေါ်လာတော့၏။

အမျိုးသမီးကလေးသည် ကင်မရာကို မျက်နှာတည့်တည့်ပေးလျက် ရပ်နေ၏။ အသက်မှာ (၁၇)နှစ်မျှသာ ရှိဦးမည်ဟု ခန့်မှန်းရ၏။

'အင်း… သူကတော့ ဦးကြောင်ငါးဆီကို မဖိတ်ဘဲရောက်လာတဲ့ ခုနစ်လွှာအခက ကသွားတဲ့ ကောင်မလေးပဲဖြစ်ရမယ်ဗျာ၊ သူ့ကိုယ်သူ ဆလိုမီလို့ နာမည်ပေးသွားတဲ့ ကောင်မလေးလေ'

မော်တင်က ပြောလိုက်ရာ ကိုရန်ကင်းသည် နံရံပေါ်မှ လှုပ်ရှားနေသော အရုပ်ကို စူးစိုက်ကြည့်နေရာက ခေါင်းညိတ်ပြလိုက်သည်။

'အေး… ဦးကြောင်ငါးကို နောက်ဆုံးဘိတ် အရှုံးလုပ်သွားတဲ့ အဖျိုစင်ဆိုတဲ့ ဟာမကလေးလေ'

နံရံပေါ်တွင်ကား အမျိုးသမီးကလေးသည် ကိုယ်ကိုယိမ်းနွဲ့လှုပ်ရှားလျက် ရှိနေသည်။ သူမ၏မျက်နှာသည် အင်မတန်ငယ်ရွယ်နုပျိုလျက် အပြစ်ကင်းစင်လှသည့် အမူအရာကို ဆောင်ထားလျက်ရှိနေ၏။ သို့ကြောင့်ပင်လည်း သူမ၏ လှုပ်ရှားမှုများသည် ပို၍သာ မြင်ရသူအား စိတ်လှုပ်ဆော်လျက် ရှိနေပေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကလေးသည် မြင်ရသူအတွက် စိတ်ထကြွဖွယ်ကောင်းလှသော လှုပ်ရှားမှု အမျိုးမျိုးကို ပြုလုပ်နေရာက သူမ၏ အဝတ်များကို တစ်လွှာချင်း ချွတ်နေ၏။ သည်တစ်ခါတော့ မော်တင်ပင်လျှင် နှုတ်ဆိတ်နေတော့ကာ နံရံပေါ်တွင် လှုပ်ရှားနေသော ရုပ်ပုံကိုသာ ပကတိ အာရုံစူးစိုက်ကြည့်နေသည်။

ကိုရန်ကင်းကလည်း ထို့အတူပင် ရှေ့သို့ ကိုယ်ကိုကိုင်းလျက် ပကတိ စိတ်ဝင်စားစွာ စူးစိုက်ကြည့်ရှုလျက် ရှိနေ၏။ နံရံပေါ်၌ လှုပ်ရှားနေသော အမျိုးသမီးကလေး၏ မျက်နှာကို သူက ပို၍ ဂရုစိုက်လျက် ကြည့်နေသည်။ ထိုမျက်နှာသည် သူ မြင်ဖူးသော မျက်နှာတစ်ခုပင် ဖြစ်သည်ဟု ကိုရန်ကင်းက စိတ်ထဲတွင် အလေးအနက် ထင်မှတ်မိနေ၏။

အမျိုးသမီးကလေး၏ မျက်နှာက ကင်မရာဘက်သို့ တည့်တည့်ကြီး လှည့်လာသည့်အခါတွင်တော့ ကိုရန်ကင်းက သူမ၏ မျက်လုံးများနှင့် ပါးရိုးကျလာပုံကိုကြည့်ပြီး သူမသည် ဘယ်သူဘယ်ဝါဖြစ်သည်ကို ပြန်၍ အမှတ်ရလာမိတော့၏။ ကိုရန်ကင်းက လက်ဖျောက်တစ်ချက် တီးလိုက်သည်။

'ဟုတ်ပြီ၊ သူဟာ အေးအေးမြင့်ပဲ'

မော်တင်က ကိုရန်ကင်းဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

'ဘာပြောတယ် အစ်ကိုကြီး'

ထိုစဉ်မှာပင် ဖလင်ကားက ပြီးပြတ်သွားလေသည်။ မော်တင်က ရုပ်ရှင်ပြစက်၏ ခလုတ်ကို လှမ်းပိတ်လိုက်၏။

'ခုနက ခုနစ်လွှာအက ကသွားတဲ့ ကောင်မလေးဟာ အေးအေးမြင့်ပဲကွ၊ ဖလင်ကားထဲမှာတော့ သူ့ဆံပင်ပုံစံကတစ်မျိုး





ဖြစ်နေတယ်လေ၊ ပြီးတော့လည်း ငါးနှစ်ကြာခဲ့ပြီဆိုတော့ ငါ သူ့ရုပ်ကို မနည်းကြီးဖမ်းယူရတယ်၊ ဒါပေမဲ့ သေချာပါတယ် အေးအေးမြင့်မှ အေးအေးမြင့်ပါ'

မော်တင်က နားမလည်သည့် အမူအရာဖြင့် ကိုရန်ကင်းအား ကြည့်လိုက်သည်။

'နေစမ်းပါဦး အစ်ကိုကြီးရ၊ ဒီအေးအေးမြင့်ဆိုတဲ့ နာမည်ကိုတော့ ကျွန်တော် ကြားဖူးပါတယ်၊ ဒါပေမဲ့ အစ်ကိုကြီး ဘယ်သူ့ကို ပြောနေမှန်း ကျွန်တော် စဉ်းစားလို့မရပါဘူး'

ကိုရန်ကင်းက မော်တင့်အား ပြုံး၍ ကြည့်လိုက်သည်။

'အေး… မင်း ရုတ်တရက်တော့ ဘယ်မှတ်မိမလဲကွာ၊ ရဲသန်းရဲ့ ဇနီးဟောင်း ကြွယ်ကြွယ်ရဲ့တိုက်ခန်းက မင်းဆီကို ငါ ဖုန်းဆက်တုန်းက ဒီအမျိုးသမီးအကြောင်း မင်းကို ငါပြောခဲ့တယ်လေကွာ၊ ငါ စာရေးဆရာ မိုးညွန့်ကို သွားတွေ့တုန်းက မိုးညွန့်နဲ့ အတူ ဒီအမျိုးသမီးကို တွေ့ခဲ့ရတာပဲ၊ အဲဒီအမျိုးသမီးက မိုးညွန့်နဲ့ လက်ထပ်ဖို့ စေ့စပ်ထားတဲ့ သူပဲကွ၊ နောက်ပြီးတော့ မိုးညွန့်ရဲ့ ပြဇာတ်ကို ရုံတင်ပေးတဲ့ ပရိုဂျူဆာပါပဲကွာ'

'သြော်… ဟုတ်ပြီ၊ ဟုတ်ပြီ၊ ရဲသန်းနဲ့ စကားများခဲ့တယ်ဆိုတဲ့ စာရေးဆရာ မိုးညွန့်ကို ပြောတာ မဟုတ်လား'

'အေး… ဟုတ်တယ်ကွ၊ သူ့ပြဇာတ်ထဲမှာ ရဲသန်းကို မထည့်ချင်ဘဲနဲ့ ထည့်ပေးရတဲ့လူပေါ့'

မော်တင်က ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏။

'ဟုတ်ပြီ အစ်ကိုကြီး၊ ရဲသန်း အသတ်ခံရတာဟာ သူတို့အတွက် အကောင်းဆုံးပဲလို့ ပြောခဲ့တဲ့ အမျိုးသမီးဟာ မဟုတ်လား'

'ဟုတ်တယ်လေ၊ ဒါကို မိုးညွန့်ကိုယ်တိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်ခံခဲ့တာပေါ့'

'နေပါဦး၊ အဲဒီ အေးအေးမြင့်ဟာ ပြဇာတ်ပရိုဂျူဆာဆို တော့ ငွေတော်တော် ရှိမှာပေါ့နော်'

ကိုရန်ကင်းက စဉ်းစဉ်းစားစား အမူအရာဖြင့် ခေါင်း ညိတ်လိုက်၏။

'သူမရှိတောင် သူ့အဖေက ရှိမှာပေါ့ကွာ၊ အေး… ငါ မှတ်မိပြီကွာ၊ ဒီပြဇာတ် ရုံဝင်နိုင်ဖို့အတွက် သူ့အဖေ ထုတ်ပေးခဲ့တာ လို့ ငါ့ကို သူပြောခဲ့တာပဲ'

ကိုရန်ကင်းက ပြောပြောဆိုဆို ပရိုဂျက်ပ... ရုပ်ရှင်ပြစက် မှ ဖလင်ကော်ပြားမှ ကော်ပြားကို ပြန်လိပ်သည့် စက်ခလုတ်ကို ဖွင့်လိုက်၏။ ပြီးမှ စကားဆက်လိုက်ပြန်သည်။

'ရဲသန်းကို သူတို့ ဘယ်လောက်မုန်းတယ်ဆိုတာ ကိုမိုး ညွန့်ကရော အေးအေးမြင့်ကကော ခပ်ပြောင်ပြောင်ပဲ ဖွင့်ပြောခဲ့ တာပဲ၊ ဒါနဲ့ ငါက ရဲသန်းကို သူတို့ဒါလောက်တောင် မကျေမနပ် ဖြစ်နေရင်လည်း အစကတည်းက ဘာကြောင့် ငှားသေးသလဲလို့ မေးခဲ့သေးတယ်။ အဲဒီတော့ သူတို့က ဘာမှ တိတိကျကျ ဖြေ မဖြေခဲ့ဘူး။ အစတုန်းက သူတို့မိုက်လို့ ငှားခဲ့မိတာလို့ မိုးညွန့်က ပြောခဲ့တယ်။ ပြီးတော့ စာချုပ်မိနေတဲ့အတွက် ပြန်ဖြုတ်လို့ မရ တော့ဘူးလို့ပဲဆိုတယ်'

မော်တင်က စဉ်းစဉ်းစားစား အမူအရာဖြင့် စီးကရက် အသစ်တစ်လိပ် မီးညှိလိုက်၏။

'ဒီအတိုင်းဆိုရင်တော့ ရဲသန်းဟာ သူတို့နှစ်ယောက် အပေါ်မှာ နိုင်ပေါက်ကြီးတစ်ခုကို ကိုင်ထားနိုင်ခဲ့ဟန် တူပါတယ်'

ပြောပြောဆိုဆို မော်တင်က ရုပ်ရှင်ပြစက်ဆီသို့ မေးငေါ့





ပြလိုက်သည်။

'ဥပမာဆိုရင် ဒီဖလင်ကားလိပ်ပေါ့ဗျာ၊ အင်းလေ… အစ်ကိုကြီးက အဲဒါကို စဉ်းစားမိရောပေါ့ဗျာ'

ကိုရန်ကင်းကလည်း ကျေနပ် အားရသော အမူအရာ ဖြင့် ခေါင်းညိတ်လိုက်၏။

'အေးပေါ့ကွာ၊ ဒါပဲဖြစ်ရမှာပေါ့'

'ရဲသန်းအနေနဲ့ သူတို့နှစ်ယောက်အပေါ်မှာ ဒီလိုနိုင် ပေါက်ကြီး ရထားမှတော့ သူဟာ ပြဇာတ်မင်းသား ဖြစ်ရရုံလောက် နဲ့ ကျေနပ်ပါ့မလား၊ ပြဇာတ်မင်းသား ဖြစ်ရရုံတင်မကဘဲ ဘေး အပိုငွေကလေး ဘာကလေးလည်း လိုချင်ဦးမှာပေါ့'

ကိုရန်ကင်းက ရုပ်ရှင်ပြစက်ကို ရပ်လိုက်ကာ ဖလင်ကား လိပ်ကို ထုတ်ယူပြီး သံဘူးထဲဝယ် ပြန်ထည့်ထားလိုက်သည်။

'ကဲ… မော်တင်၊ တို့ ဒီအေးအေးမြင့်နဲ့ သွားတွေ့ပြီး စကားပြောဖို့ ကောင်းပြီထင်တယ်ကွာ'

'အေးအေးမြင့်နဲ့သာ မကပါဘူး၊ စာရေးဆရာ မိုးညွန့်နဲ့ ပါတွေ့ကြရမယ် အစ်ကိုကြီး'

'အေး… သူပါ အပါအဝင်ပေါ့ကွာ၊ တကယ်လို့ ရဲသန်းဟာ အေးအေးမြင့်ကို ငွေညှစ်နေခဲ့တာဆိုရင် အေးအေးမြင့် ဟာ စာရေးဆရာ မိုးညွန့်ယူမယ့် မိန်းမဆိုတာကိုပါ ထည့်တွက်ရမှာ ပေါ့'

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

အေးအေးမြင့်၏ နေအိမ်ကား ရန်ကုန်မြို့၏ အထက်တန်းစားတွေသာ နေထိုင်ကြသော သီးသန့် ရပ်ကွက်တစ်ခုထဲတွင် ရှိသည့် ခမ်းနား၍ ခေတ်ဆန်လှသော နှစ်ထပ်တိုက်ကြီးတစ်တိုက် ဖြစ်နေသည်ကို ကိုရန်ကင်းနှင့် မော်တင်တို့က တွေ့ရှိကြရလေသည်။

တိုက်ကြီး၏ တံခါးမကြီးမှာလည်း ထူထဲခိုင်ခံ့လှသည်။

'အင်း… အမျိုးသမီးနေတာကတော့ တကယ့်ကို ဂရင်းပါပဲလား အစ်ကိုကြီး'

'ဂရင်း… ဂရင်း… မဂရင်း… မဂရင်း… ခေါင်းလောင်းနှိပ်မလား'

'အစ်ကိုကြီး အမိန့်အတိုင်း ခေါင်းလောင်းတီးလိုက်ပါပြီခင်ဗျာ'

မော်တင်က ပြောပြောဆိုဆို တံခါးပေါင်မှ ပုလဲရောင် ခေါင်းလောင်းဘုကလေးကို လက်ညှိုးတစ်ချောင်းနှင့် အသာထိုးနှိပ်





လိုက်၏။ ခေတ္တကြာလျှင် တံခါးက ပွင့်သွားလေသည်။ အစေခံတစ်ယောက်ယောက်က လာ၍ တံခါးဖွင့်ပေးလိမ့်မည်ဟု ထင်မှတ်နေမိသော ကိုရန်ကင်းက တံခါးဝတွင် အေးအေးမြင့်ကိုယ်တိုင်ကို တွေ့လိုက်ရ၏။

အေးအေးမြင့်သည် နဖူးတွင် ဝဲကျနေသော ဆံစတွေကို လက်တစ်ဖက်ဖြင့် သိမ်းဖယ်ရာက ကိုရန်ကင်းအား ပြုံး၍ကြည့်လိုက်သည်။

'လက်စသတ်တော့ စုံထောက်ရဲမှူးကြီး ဦးရန်ကင်းပါကလား၊ ပြီးတော့ မိတ်ဆွေတစ်ယောက်တောင် ခေါ်လာလိုက်သေးတယ်'

သူမသည် အဝါရောင် ဘလောက်စ် လက်တိုနှင့် ထဘီအနက်ပြောင်ချောကို ဝတ်ဆင်ထားရာ တစ်မျိုးကြည့်ကောင်းနေတော့သည်။

'မအေးအေးမြင့်၊ သူက ကျွန်တော့်တွဲဖက် စုံထောက်ရဲမှူး မော်တင်ပါ'

ကိုရန်ကင်းက မော်တင်အား အေးအေးမြင့်နှင့် မိတ်ဆက်ပေးလိုက်၏။

'ဪ… ဟုတ်လား၊ စုံထောက်ကျော်တွေနဲ့ အခုလို သိရတာ ဂုဏ်ယူစရာပါပဲ၊ အထဲဝင်ကြပါဦးလေ'

အေးအေးမြင့်က ရှည်လျားသော အဝင်ခန်းမကြီးကို ဖြတ်လျက် စုံထောက်နှစ်ယောက်အား ခေါ်သွားပြီး ဂလက်ဝဲဘက်တွင် ရှိသည့် ကျယ်ဝန်းပြီး ခေတ်အဆန်ဆုံး ခင်းကျင်းပြင်ဆင်ထားသည့် ဧည့်ခန်းကြီးထဲသို့ ဝင်လိုက်သည်။ အခန်းထဲတွင်ကား ဖြတ်စ်ပေါက် တစ်ပေါက်အနီးတွင်ရှိ ဆိုဖာရှည်ကြီး တစ်လုံးပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ မိုးညွန့်က အခန့်သားထိုင်လျက် ရှိနေသည်။ ၎င်း၏ ဆားမှ စားပွဲပုကလေးပေါ်တွင်တော့ ပိုက်လေဘယ်ဝီစကီ တစ်ပုလင်း၊ ရေခဲခွက်၊ ဆိုဒါဆိုင်ဖွန်ပုလင်းနှင့် အရက်တစ်ဝက်မျှသာ ရှိသော ဖန်ခွက်တစ်လုံးတို့ ရှိနေကြသည်။

'ကိုမိုး... စုံထောက်ရဲမှူး ရန်ကင်းကို မှတ်မိတယ် မဟုတ်လား၊ သူကတော့ သူ့တွဲဖက် စုံထောက်ရဲမှူး မော်တင်တဲ့'

စာရေးဆရာ မိုးညွန့်က ထိုင်ရာမှ မထဘဲ၊ စုံထောက်နှစ်ယောက်အား ဦးခေါင်းကိုသာ ညိတ်ပြလိုက်သည်။ အေးအေးမြင့်က စုံထောက်နှစ်ယောက်အား ကုလားထိုင်များဆီသို့ လက်တစ်ဖက် ယမ်းပြလိုက်ကာ သူမကိုယ်တိုင်ကတော့ စာရေးဆရာ မိုးညွန့် ဘေးတွင် ဝင်ထိုင်လိုက်၏။

'ရှင်တို့လာကြတာ အလည်သက်သက်တော့ မဟုတ်တန်ကောင်းပါဘူး'

ကိုရန်ကင်းက ခေါင်းညိတ်ပြရာက အရက်ခွက် ကောက်မော့နေသော စာရေးဆရာ မိုးညွန့်အား တစ်ချက်လှမ်းကြည့်လိုက်သည်။

'ဟုတ်တယ်... မအေးအေးမြင့်နဲ့ ပြောစရာတစ်ခု ရှိလို့ပဲ၊ ဒါပေမဲ့ မအေးအေးမြင့် တစ်ယောက်တည်းနဲ့သာ ပြောရင် ပိုကောင်းမယ်ထင်တယ်'

'ဒီမှာ ရဲမှူးကြီး'ဟု စာရေးဆရာ မိုးညွန့်က ဝင်ပြောလိုက်သည်။ 'ခင်ဗျားကို ကျွန်တော် မနေ့က ပြောခဲ့သလိုပါပဲ ကျွန်တော်တို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် ဘာမှ ဖုံးကွယ်စရာ မရှိပါဘူး၊ ပြောစရာရှိတာကို နှစ်ယောက်စလုံး ရှေ့မှာတင် လွတ်လွတ်လပ်လပ် ပြောနိုင်ပါတယ်၊ မဟုတ်ဘူးလား





အေးအေးရယ်'

'အိုး... သိပ်ဟုတ်တာပေါ့'

အေးအေးမြင့်ကလည်း ခင်ပွန်းလောင်းစကားကို ထောက်ခံလိုက်သည်။ ကိုရန်ကင်းကလည်း ပခုံးများကို တွန့်လိုက်ကာ ပြောစရာရှိသည်ကို စ၍ပြောတော့သည်။

'ကျွန်တော်နဲ့ ဟောဒီက ကိုမော်တင်ဟာ တော်တော်ကလေး ထူးခြားတဲ့ ရုပ်ရှင်ကားတစ်ကားကို ကြည့်လာခဲ့ကြရပါတယ်'

'ဟုတ်လား... ဘယ်လိုများ ထူးခြားတာလဲရှင့်'

'ဒီရုပ်ရှင်ကားကို လွှန်ခဲ့တဲ့ ငါးနှစ်လောက်က ရိုက်ခဲ့ကြတာပါပဲ'

'အဲဒါ ဘာထူးခြားသလဲဗျာ'ဟု စာရေးဆရာ မိုးညွန့်က ဝင်မေးလိုက်သည်။

'ထူးခြားတာက အဲဒီရုပ်ရှင်ကားထဲမှာ မအေးအေးမြင့် ကိုယ်တိုင် ပါဝင်ပြီး အသုံးတော် ခံထားတာပါပဲ ကိုမိုးညွန့်'

အေးအေးမြင့်က ဣန္ဒြေမပျက် မျက်ခုံးတစ်ဖက် ပင့်လျက် ကြည့်လိုက်သည်။

'ရှင် ဘာတွေ ပြောနေတာလဲ၊ ကျွန်မတော့ နားမလည်ပါကလားရှင်'

'ခင်ဗျားဟာ တစ်ခါတုန်းက ဆလိုမီဆိုတဲ့ နာမည်ကို ယူခဲ့ဖူးတယ် မဟုတ်လား'

'မဟုတ်ရပါဘူးရှင်၊ ရှင်ပြောမှပဲ ကျွန်မ ဒီနာမည်ကို ကြားဖူးတာပါ'

အေးအေးမြင့်က ဝင်မေးလိုက်သော မော်တင်အား ခပ်



www.burmeseclassic.com

www.burmeseclassic.com



တည်တည်ပင် ပြန်ဖြေလိုက်သည်။

'ဟုတ်ရဲ့လား ခင်ဗျာ… ခင်ဗျား လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက တစ်ညမှာ ဦးကြောင်ငါးရဲ့ အိမ်ကြီးကို အလည်သွားခဲ့တယ်လေ၊ အဲဒီတုန်းက ခင်ဗျားကို ဆလိုမီလို့ပဲ ခေါ်ပါလို့ ခင်ဗျားက ပြောခဲ့တယ် မဟုတ်လား၊ ခင်ဗျားက အဲဒီညတုန်းက ဦးကြောင်ငါးကို ခုနစ်လွှာအက ကပြခဲ့တာကိုး'

'အို… ဦးမော်တင်ကလည်းရှင်၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ ကျွန်မဟာ ဘယ်တုန်းကမှ ဘယ်သူ့အတွက် ကမပြခဲ့ပါဘူး၊ ကျွန်မဟာ ကချေသည်မှ မဟုတ်တာပဲ'

'ဒီလိုဆို ခင်ဗျား ဦးကြောင်ငါးကိုလည်း မသိခဲ့ဖူးဘူးပေါ့'

'ဟင့်အင်း… မသိခဲ့ဖူးပါဘူး'

'ခင်ဗျားတို့ လူချင်းမှားနေကြတာ ဖြစ်ပါလိမ့်မယ်၊ ရဲဘက်မှာ ဒီလိုအမှားတွေ မကြာခဏ ဖြစ်တတ်တာပဲ မဟုတ်လား'

စာရေးဆရာ မိုးညွန့်က ဝင်စွက်လိုက်ပြန်သည်။ ကိုရန်ကင်းက စိတ်မရှည်မိတော့။ ဒီမှာ မအေးအေးမြင့်နဲ့ ကိုမိုးညွန့်၊ ခင်ဗျားတို့က ကျုပ်တို့ကို ဒီလို အကြောင်းရိုက်လို့ ရမယ်ထင်ရင် မှားလိမ့်မယ်နော်၊ အေးအေးမြင့်ဟာ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဦးကြောင်ငါးရိုက်ထားတဲ့ ရုပ်ရှင်ပြဇာတ်ထဲမှာ ဝင်ပါခဲ့တယ်၊ အဲဒီ ရုပ်ရှင်ပြဇာတ်ထဲမှာ ခင်ဗျားဟာ အဝတ်တွေချွတ်ပြီး ခုနစ်လွှာအကကို ကခဲ့တယ်၊ ဦးကြောင်ငါးဆိုတာဟာ မိန်းကလေးနှစ်ယောက်ကို သွေးဆောင်ဖျက်ဆီးမှုနဲ့ ထောင်ငါးနှစ်ကျသွားခဲ့တယ်၊ သူ ထောင်က လွတ်လာတော့ သူရိုက်ထားခဲ့တဲ့ အဲဒီရုပ်ရှင်ပြဇာတ်ကို ကျောက်ဆူး





ကျော်မိုးဆိုတဲ့ လူဆီကို ရောင်းလိုက်တယ်၊ ကျောက်ဆူးကျော်မိုးက ဒီရုပ်ရှင်ပြဇာတ်ကို ကိုရဲသန်းကို ပြခဲ့တယ်၊ နောက် (၁၅)ရက်လောက်ကြာတော့ ကိုရဲသန်းဟာ ကျောက်ဆူးကျော်မိုးဆီကို ရောက်လာပြီး ဒီဖလင်ကားလိပ်ကို ငှားသွားခဲ့တယ်။ နောက် တစ်ပတ်လောက်ကြာတော့ ကျောက်ဆူးကျော်မိုးဆီကနေ သူက ဒီဖလင်ကားလိပ်ကို အပြီးအပိုင် ဝယ်လိုက်တော့တာပဲ'

ကိုရန်ကင်းသည် ပြောနေရင်းက အေးအေးမြင့်နှင့် စာရေးဆရာ မိုးညွန့်တို့အား အကဲခတ်ကြည့်နေခဲ့သော်လည်း ၎င်းတို့နှစ်ယောက်စလုံးမှာ ဘယ်လိုမှ အမူအရာ မပျက်ကြပေ။

'ဒီတော့ ဒီဖလင်ကားနဲ့ ပတ်သက်ပြီး ခင်ဗျားရဲ့ပြဇာတ်မှာ ကိုရဲသန်းကို ခင်ဗျားတို့က နေရာမပေးချင်ဘဲ ပေးခဲ့ရတယ် မဟုတ်လား'

'မဟုတ်ရပါဘူးဗျာ၊ အစတုန်းက သူ့ကို သုံးရမယ်မှတ်ပြီး နေရာပေးခဲ့တာပါ၊ အမှန်တော့ ကျုပ်မိုက်ပြီး သူ့ကို စာချုပ်မိခဲ့တာပေါ့'

'ဟုတ်ပါတယ်၊ ဒီဖလင်ကားအကြောင်း ကျွန်မတို့ ဘာမှ မသိရပါဘူး၊ ကျွန်မနဲ့လည်း ဘယ်လိုမှ မပတ်သက်ပါဘူးရှင်'

'ဒီဖလင်ကားကို ကျွန်တော်တို့ ကြည့်ပြီးပါပြီ၊ မအေးအေးမြင့်'

'အို… လူချင်းတူလို့'

'တော်ပါတော့ အေးအေးရာ၊ မျက်စိမှိတ်ပြီး ဖွတ်ငြင်းနေလို့ ဘာအကြောင်းထူးမှာလဲ'

ထိုအသံသည် လက်ဝဲဘက်ရှိ တခါးပေါက်တစ်ပေါက်မှ ပေါ်လာခြင်းဖြစ်သည်။ ကိုရန်ကင်းက လှမ်းကြည့်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပြောင်ပြောင်နှင့် လူကြီးတစ်ယောက်ကို တွေ့လိုက်ရ၏။

'ဖေဖေ'

အေးအေးမြင့်က ကပျာကယာ ထိုင်ရာမှ ထလိုက်ကာ ထိုလူကြီးဆီသို့ ပြေးသွားလိုက်သည်။ 'ဖေဖေကလည်း ဘာလို့ ထလာရပြန်တာလဲ၊ ဒေါက်တာက အိပ်ရာထဲမှာပဲ လှဲနေရနေမယ် လို့ မှာထားတဲ့ဟာပဲ'

'ဒေါက်တာကို ဘေးချိတ်ထားလိုက်စမ်းပါလေ'

အဘိုးကြီးက ပြောပြောဆိုဆို ကိုရန်ကင်းနှင့် မော်တင် တို့အား လှမ်းကြည့်လိုက်၏။

'ဒီလူတွေ ပြောနေတာတွေကို ငါ အစတည်းက နား ထောင်နေခဲ့တာပဲ'

အဘိုးကြီးသည် အသက်(၆၀)ခန့်ဟု ခန့်မှန်းရကာ အင် မတန်မှ တုတ်ခိုင်လှသော ကိုယ်လုံးကြီးရှိသည်။ ပါးစပ်ထဲတွင် ရွှေသွားတွေ တော်တော်များများ တပ်ဆင်ထားသည်ကိုလည်း ကိုရန်ကင်းက သတိပြုလိုက်မိ၏။

အဘိုးကြီးက အေးအေးမြင့်အား တွန်းဖယ်လိုက်ကာ ရှေ့သို့ ဆက်လျှောက်လာသည်။

'ကဲ… မောင်ရင်တို့က ရဲအရာရှိတွေ မဟုတ်လား၊ တာဝန်ခံက ဘယ်သူလဲ'

'ဒီအမှုမှာ ကျွန်တော်တို့နှစ်ယောက်စလုံး အတူတွဲဖက် တာဝန်ယူရပါတယ် ဦး'

'ကျုပ်က အေးအေးမြင့်ရဲ့ အဖေပဲ၊ နာမည်က ထွန်းမြင့် တဲ့၊ ကဲ… မောင်ရင့်နာမည်ကကော'

'ကျွန်တော့်နာမည်က ရန်ကင်းပါ၊ ကျွန်တော့်တွဲဖက်က



တော့ မော်တင်တဲ့'

ဦးထွန်းမြင့်က ခေါင်းညိတ်လိုက်ကာ ဆိုဖာရှည်ကြီးဆီ သို့ လျှောက်သွားပြီး စာရေးဆရာ မိုးညွန့်ဘေးတွင် လေးလေးကြီး ဝင်ထိုင်လိုက်သည်။ အေးအေးမြင့်ကလည်း ၄င်းဘေးတွင် ဝင်ထိုင် လိုက်ကာ ၄င်းကိုတစ်လှည့်၊ မိုးညွန့်ကိုတစ်လှည့် စိုးရိမ်မကင်း ကြည့်နေလိုက်၏။

'ကျုပ်တစ်သက်မှာ တစ်ခါမှ နေထိုင်မကောင်း မဖြစ်ခဲ့ ဖူးပါဘူး၊ ဒီကိစ္စ ဖြစ်လာမှပဲ ကျုပ် အိပ်ရာထဲ လဲရတာပဲ၊ အိပ်ရာထဲ လဲရတဲ့အထိ ဖြစ်လာတော့ ဒီကိစ္စကို တအုံ့နွေးနွေး မြုံထားလို့ မဖြစ်တော့ဘူးဆိုတာ ကျုပ် သိလာရတယ်။ ဒီတော့ သမီး၊ အဲဒီကိစ္စကို ဖြောင့်ဖြောင့်ပြောလိုက်တာ အကောင်းဆုံးပဲ'

'ဒါပေမဲ့ ဖေဖေ'

'တိတ်တိတ်နေစမ်း အေးအေး'

'မဟုတ်ဘူး အန်ကယ်'

'မင်းပါ တိတ်တိတ်နေ၊ မိုးညွန့်'

ဦးထွန်းမြင့်က သားမက်လောင်းကိုပါ ဟောက်ထည့် ပစ်လိုက်သည်။

'ငါတို့ အားလုံး မိုက်မဲခဲ့တာ ကြာပြီ၊ မောင်ရန်ကင်း ခုနက ပြောတာ မှန်တယ်။ ရဲသန်းကို မိုးညွန့်နဲ့ အေးအေးတို့က ပြဇာတ်ထဲမှာ နေရာပေးရတာဟာ မပေးရင် မဖြစ်လို့တဲ့၊ ဘာဖြစ်လို့ ဖြစ်တာလဲဆိုတော့ ရဲသန်းဟာ အကျပ်ကိုင်ခဲ့လို့ပေါ့၊ သူ့လက်ထဲ မှာက ဟိုဖလင်ကားလိပ်က ရှိနေခဲ့တာကလား၊ အဲဒီဖလင်ကားထဲ မှာ ခုနစ်လှာအက ကခဲ့တာဟာလည်း အေးအေးပါပဲ၊ အေးအေး ဟာ ကျုပ်ရဲ့တစ်ဦးတည်းသော သမီးပဲ၊ ကျုပ်က အလိုလိုက်ထား

www.burmeseclassic.com

www.burmeseclassic.com



တော့ သိပ်ဆိုးတယ်၊ သူ့ကိုယ်သူ ဘာမှတ်သလဲ မသိဘူး၊ စိတ်ထင်ရာ လျှောက်လုပ်တယ်၊ အတင့်ရဲတယ်၊ သူကတော့ သူ့ကိုယ်သူ ဘဝကို အနီးကပ်ဆုံး လေ့လာတာပါလို့ ဆင်ခြေပေးခဲ့တယ်။ သူ ဘဝကို အနီးကပ်လေ့လာတာဟာ ဒီကြောင်ငါးဆိုတဲ့ တဏှာရူးကြီးကို သွားအရူးလုပ်ခဲ့တာလည်းပါသပေါ့'

'အန်ကယ် ဒါတွေ လျှောက်ပြောနေလို့'

'မင်း တိတ်တိတ်နေစမ်း မိုးညွန့်၊ ရဲသန်းက ဒီဖလင်ကို အကြောင်းပြုပြီး သူတို့ပြဇာတ်ထဲကို ပါလာတော့မှပဲ၊ ဒီကောင် အေးအေးကို အကျပ်ကိုင်နေတာကို ကျုပ်သိလာရတော့တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ရဲသန်းလိုကောင်မျိုးကို ပြဇာတ်ထဲထည့်သုံးတာဟာ အကြောင်းထူးတစ်ခုခုတော့ ရှိရမယ်ဆိုတာ ကျုပ်သိတာကိုး၊ ဒါနဲ့ ကျုပ်က အေးအေးကို အတင်းစစ်တော့မှ ဒီကိစ္စက ပေါ်လာတော့တာပဲလေ'

ဦးထွန်းမြင့်က ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်ပြီးမှ စကားဆက်ပြန်သည်။

'ရဲသန်းဆိုတဲ့ ခွေးမသားကလည်း ရှာမှရှား၊ အဲဒီပြဇာတ်ထဲ သူပါလာရင် သူ့ကိုယ်သူ တကယ့် မင်းသားကြီးတစ်ယောက် ဖြစ်လာတော့မယ်လို့ ထင်နေခဲ့တယ်လေ'

'သူလိုချင်တာက ဒါတစ်ခုပဲလား၊ ပြဇာတ်ထဲမှာ ပါရုံပဲလား၊ ငွေကော မတောင်းခဲ့ဘူးလား'

ကိုရန်ကင်းက မေးလိုက်ခြင်းဖြစ်သည်။

'ငွေတော့ မတောင်းခဲ့ပါဘူးလေ၊ ဒါပေမဲ့ နောက်ကျရင် တောင်းလာမှာတော့ သေချာပါတယ်၊ တကယ်လို့ ပြဇာတ်ထဲမှာ သူ မစွံခဲ့ရင် ငွေဖက်လှည့်လာမှာကတော့ သေချာတာပေါ့၊ ဒါပေမဲ့





ပထမဦးဆုံးမှာတော့ သူက ပြဇာတ်ထဲမှာ ဝင်ပါရပြီး နာမည်ကျော်ရဖို့သာ လိုလားခဲ့တယ်လေ'

'သူ နာမည်ကျော်သွားရင် ငွေတွေ လှိမ့်ဝင်မှာပဲလို့ သူက ယုံကြည်ခဲ့တယ်လေ'

စာရေးဆရာမိုးညွန့်က ဝင်ပြောလိုက်ကာ နှုတ်ခမ်းကို မဲ့ပစ်လိုက်သည်။

'အဲဒီ ဖလင်ကားကို ဝယ်တာ ရဲသန်းဟာ ငွေငါးထောင်တောင် ပေးခဲ့ရတယ်၊ အဲဒါ သူ ဘယ်ကရခဲ့သလဲ'

'ကျုပ်တို့ဆီကတော့ သူ ရမသွားပါဘူး၊ ဒါပေမဲ့ အဲဒီဖလင်ထဲမှာ တခြားလူတွေလည်း ပါသေးပြီး သူတို့ဟာက ပိုဆိုးတယ်လို့ အေးအေးက ပြောတယ်၊ ဒီတော့ ရဲသန်းဟာ အဲဒီလူတွေဆီက ရချင်ရင်လည်း ရနိုင်တာပဲ'

'အင်း… ဦးပြောသလိုဖြစ်ချင်လည်း ဖြစ်နိုင်တာပဲ၊ ဦးကို ကျွန်တော် တစ်ခု မေးစရာရှိနေပါသေးတယ်'

'မေးပါ… မေးပါ၊ မောင်ရန်ကင်းကို ကျုပ်ပြောခဲ့တဲ့အတိုင်း ဒီကိစ္စကို ဘာမှ ဖုံးကွယ်မထားချင်တော့ပါဘူး'

'ဦးနဲ့ ပုံပန်းသဏ္ဍာန်ချင်း တူတဲ့ လူတစ်ယောက်ဟာ မကြာခင် တစ်ညက ရဲသန်းရဲ့ တိုက်ခန်းကို လာသွားခဲ့သေးတယ်၊ အဲဒီလူက ကြိမ်လုံးကြီး တစ်ချောင်းလည်း ယူလာသေးတယ်၊ ဒါပေမဲ့ ရဲသန်းကို မတွေ့ရတော့ ကြိမ်းမောင်းပြီး ပြန်သွားခဲ့တယ်တဲ့'

'အား… ဟုတ်ပြီ၊ အဲဒါ ကျုပ်ပါပဲ၊ လှေကားစောင့်ဆိုမိတဲ့ မိန်းမက မောင်ရင့်ကို ပြန်ပြောပြခဲ့တာ ဖြစ်မှာပဲ'

'ဟုတ်တယ်၊ ဒါပေမဲ့ သူပြောခဲ့တုန်းကတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မယုံခဲ့ပါဘူး'

'ကျုပ် အဲဒီညက ရဲသန်းကိုသာ တွေ့ခဲ့ရရင် ခွေးရိုက် နွားရိုက် ရိုက်ပြီးဆုံးမ မလို့ပါပဲ၊ သူလုပ်ခဲ့တာကို အေးအေးဆီက သိခဲ့ရတဲ့ ညကပါပဲ၊ သူ့အတွက် ကံကောင်းချင်တော့ သူ့ကို ကျုပ် မတွေ့ခဲ့ရပါဘူးလေ'

'မနေ့ (၁၁)နာရီခွဲက (၁၂)နာရီအထိ ဦး ဘယ်မှာရှိနေခဲ့ပါသလဲ'

မော်တင်က ဝင်မေးလိုက်ခြင်းဖြစ်သည်။

'ကျုပ် အိပ်ရာထဲမှာပဲပေါ့၊ ကျုပ် ဆရာဝန်ရဲ့ အမိန့်အတိုင်းဆိုရင် အခုလည်း ကျုပ်ဟာ အိပ်ရာထဲမှာပဲ ရှိနေသင့်တာပဲ'

အေးအေးမြင့်က ကိုယ်ကလေးကို ရှေ့သို့ကိုင်းလျက် မော်တင့်အား ကြည့်လိုက်သည်။

'အဲဒီအချိန်မှာ ရဲသန်းက အသတ်ခံခဲ့ရတာလား'

'ဟုတ်တယ်'

အေးအေးမြင့်က အားရကျေနပ်သွားသော အပြုံးကလေး ပြုံးလိုက်သည်။

'အဲဒီအချိန်အတွင်းမှာ ရဲသန်းအသတ်ခံရတယ်ဆိုတာ သေချာတယ်နော်'

'သေချာပါတယ်၊ ဘာဖြစ်လို့ မေးတာလဲ မအေးအေးမြင့်'

'အဲဒီအချိန်အတွင်းမှာ ကျွန်မတို့ သုံးယောက်စလုံးဟာ အိမ်မှာပဲ ရှိနေခဲ့ကြပါတယ် ဦးမော်တင်၊ ဦးရန်ကင်း။ ကျွန်မတို့ သုံးယောက်ထဲတင် မကဘူး၊ ကျွန်မတို့နဲ့အတူ တခြားလူနှစ်ယောက်လည်း ရှိနေပါသေးတယ်၊ ကိုအုန်းလှိုင်နဲ့ မခင်ချစ်ဆိုတဲ့ လင်မယား





ပါပဲ၊ ဒီတော့ ရဲမှူးကြီးတို့ရယ်၊ ရဲသန်းကို ကျွန်မတို့သုံးယောက်အထဲက ဘယ်သူမှ မသတ်နိုင်ကြပါဘူး'

ကိုရန်ကင်းနှင့် မော်တင်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။ အေးအေးမြင့်ကတော့ ဆည်းလည်းသံကလေးဖြင့် ရယ်မောလိုက်သည်။

'သိပ်လည်း စိတ်မပျက်ပါနဲ့လေ၊ ရှင်တို့ လူသတ်တရားခံကို တခြားမှာ လိုက်ရှာကြည့်ကြဦးပေါ့'

'ကျေးဇူးတင်ပါတယ် မအေးအေးမြင့်၊ ဒါနဲ့ ကိုအုန်းလှိုင်နဲ့ မခင်ချစ်တို့ဆိုတာက ဘယ်သူတွေလဲ'

'ကျွန်မတို့ ပြဇာတ်အတွက် အဝတ်အစားတွေ ချုပ်ပေးရတဲ့ ဇနီးမောင်နှံပဲ၊ မနေ့က သူတို့ကိုခေါ်ပြီး အဝတ်အစားတွေ အကြောင်း တိုင်ပင်ခဲ့ကြတာပဲ'

'သူတို့ရဲ့ နေရပ်ကကော' ကိုရန်ကင်းက မှတ်စုစာအုပ်ကို ထုတ်လျက် မေးလိုက်သည်။

'ရန်ကင်းမှာ နေပါတယ်' အေးအေးမြင့်က ရန်ကင်းမြို့ပြည်တော်သာ တိုက်တစ်တိုက်၏ လိပ်စာကို ပြောပြလိုက်သည်။

'သူတို့မှာ တယ်လီဖုန်းရှိသလား'

အေးအေးမြင့်က ခေါင်းခါပြလိုက်သည်။

'ကဲ... ရှင်တို့ သူတို့ကို သွားတွေ့ကြလေ၊ မေမေလည်း အိပ်ရာထဲ ပြန်လှဲနေဖို့ ကောင်းပြီ'

'အိပ်ရာကို ဘေးချိတ်ထားလိုက်စမ်းပါကွာ၊ ငါ့ဖို့ ဝီစကီတစ်ခွက်စပ်ပေးစမ်း၊ ဝီစကီများများထည့်ကွာ၊ ဖွင့်ပြောလိုက်ရတာ စိတ်ကို တော်တော် ပေါ့သွားသဟေ့'

ကိုရန်ကင်းနှင့် မော်တင်တို့ကတော့ အောင်မြင်စွာ ဆုတ်

www.burmeseclassic.com

www.burmeseclassic.com



ခွာခဲ့ကြရပြန်လေ၏။

ရန်ကင်းသို့လိုက်၍ ကိုအုန်းလှိုင်နှင့် မခင်ချစ်တို့ လင်မယားကို မေးမြန်းကြသည်တွင် အေးအေးမြင့် ပြောလိုက်သည်မှာ မှန်ကြောင်း သိကြရလေသည်။

'ကဲ… အစ်ကိုကြီး၊ ဒီအမှုမှာ ဆပ်စပက်တွေ တစ်ယောက်ပြီးတစ်ယောက် ရှင်းသွားလိုက်တာ။ အခုတော့ သုံးယောက်ပဲ ကျန်တော့တယ် အိန်စွမ်ရယ်၊ မောင်မောင်နုရယ်၊ လီလီညွန့်ရယ်လေ'

ကိုအုန်းလှိုင်တို့ လင်မယား၏ တိုက်ခန်းမှ ပြန်ဆင်းလာကြစဉ် မော်တင်က မှတ်ချက်ချလိုက်ခြင်း ဖြစ်သည်။

'အိန်စွမ်ကိုတော့ ငါ သိပ်မထင်မိပါဘူးကွာ'

'ဘာဖြစ်လို့လဲ အစ်ကိုကြီး'

'ရဲသန်းလို လူမျိုးတစ်ယောက်ဟာ အိန်စွမ်ဆီက ငွေချေးလို့ ရပ့ါမလားကွ'

ရုံးသို့ပြန်ရောက်၍ သူတို့ အခန်းထဲသို့ လှမ်းဝင်လိုက်ကြစဉ် သူတို့အား ရဲဝန်ထောက် ဦးဘနီက ဆီး၍ ကြိုဆိုနေ၏။ ကိုရန်ကင်းလည်း အေးအေးမြင့်တို့နှင့် တွေ့ဆုံပြောဆိုခဲ့ရသည့် အကြောင်းအရာတွေကို ဦးဘနီထံသို့ ပြန်၍ အစီရင်ခံလိုက်၏။

'အင်း… မင်းတို့ရဲ့ တရားခံဖြစ်နိုင်သူ စာရင်းထဲက နောက်တစ်ယောက်ကိုလည်း ထပ်ထုတ်ပစ်လိုက်ဦး မောင်ရန်ကင်း'

'ဟုတ်လား ဆရာ၊ ဘယ်သူ့ကိုလဲ'

'မြိတ်သားသောင်းတင်'

ကိုရန်ကင်းနှင့် မော်တင်တို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။ ဦးဘနီက စကားဆက်ပြန်၏။





'ဒီကောင့်ကို ဗိုလ်တထောင် ရဲဌာနက ဖမ်းလိုက်မိပြီ၊ ဖောက်ထွင်းမှုနဲ့ပဲ၊ ညက သူ မင်းနဲ့ အတွေ့မခံဘဲ ထွက်ပြေးသွားတာက ဒီဖောက်ထွင်းမှုတွေအတွက်နဲ့ သူ့ကို လာဖမ်းတာ မှတ်လို့တဲ့'

'ဒါပေမဲ့ ရဲသန်းကို သူသတ်သွားတာလည်း ဖြစ်နိုင်သေးတာပဲ အန်ကယ်'

မော်တင်က မကျေမနပ် ပြောလိုက်ရာ ဦးဘနီက ခေါင်းခါပြလိုက်သည်။

'ရဲသန်း အသတ်ခံရတဲ့ အချိန်မှာ သူက လသာလမ်း ရဲဌာနမှာ ရောက်နေတယ်ကွယ့်၊ သူက ထောင်ထွက်ဆိုတော့ ရဲဌာနကို နေ့တိုင်းသွားလက်မှတ် ထိုးနေရတာကွ၊ မနေ့ (၁၁)နာရီခွဲမှာ သူက ရဲဌာနကို ရောက်နေပြီး၊ (၁၂)နာရီကျော်မှ ပြန်သွားတာ'

ကိုရန်ကင်းက သက်ပြင်းကြီး တစ်ချက် မှုတ်ထုတ်လိုက်၏။

'တစ်ယောက် ရှင်းသွားပြန်တာပေါ့လေ၊ ဒါနဲ့များ ကျွန်တော် ညက သူ့ကို အမောခံပြီး လိုက်ခဲ့ရသေးတယ်'

'ဒီလိုပေါ့ကွာ၊ ပြီးတော့ မင်း ဒေါ်ကြည်ကြည်မြိုင်ဆိုတာကို ဖုန်းဆက်လိုက်ဦး'

'ဒေါ်ကြည်ကြည်မြိုင် ဆိုတာက ဘယ်သူလဲ ဆရာရဲ့'

'ရဲသန်းနေတဲ့ တိုက်ခန်းပိုင်ရှင် အဒေါ်ကြီးဟာလကွာ'

'သူက အိန္ဒိယကို ဘုရားဖူးသွားနေတယ်ဆို'

'အေး… သူ ဒီကနေ့ မနက်ပဲ ပြန်ရောက်လာတယ်ကွ၊ ရဲသန်းရဲ့ တိုက်ခန်းကို ဘာဖြစ်လို ချိတ်ပိတ်ထားရတာလဲလို့ မေးတယ်၊ သူက တော်တော် မကျေမနပ် ဖြစ်နေပုံရတယ်၊ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မင်း ပြန်ဖုန်းဆက်ပါ့မယ်လို့ ငါ ပြောလိုက်တယ်'

ဦးဘနီက သူ့အခန်းသို့ ဝင်သွားလျှင် မော်တင်က အိမ်သာတက်ဦးမည်ဟုဆိုကာ ထွက်သွားသည်။ ကိုရန်ကင်းက လည်း သူ့စားပွဲသို့သွားကာ တယ်လီဖုန်းကို ကောက်ယူလျက် ဦးဘနီပြောသွားသော နံပါတ်အတိုင်း ဆက်လိုက်သည်။ တစ်ဖက် မှ ချက်ချင်းပင် ပြန်ထူးလေသည်။

'ဟလို…'

'ဗဟိုမှုခင်း စစ်ဆေးရေးက စုံထောက်ရဲမှူး ရန်ကင်း စကားပြောနေပါတယ်'

'ဟုတ်ပြီ၊ မောင်ရင်တို့က အခုမှပဲ လူကို အရေးလုပ်ဖော် ရတော့သလား'

တစ်ဖက်မှ ဒေါ်ကြည်ကြည်မြိုင်က ရန့်တွေ့သံဖြင့် ပြန်ဖြေ လိုက်သည်။

'ကျွန်တော်လည်း အခုမှ ရုံးကို ပြန်ရောက်လာပါတယ် ခင်ဗျာ'

'ဘာပဲဖြစ်ဖြစ် ကျုပ်တော့ မောင်ရင့်ကို မစောင့်နိုင်တာ နဲ့ ချိတ်ကိုဖျက်ပြီး ရဲသန်းနေသွားတဲ့ ကျုပ်တိုက်ခန်းကို ဝင်ကြည့် ခဲ့ပြီ၊ တကယ်တော့ ကျုပ်ပိုင်နက် ကျုပ်ပစ္စည်းကို ကျုပ် ဝင်ကြည့် ခွင့်ရှိတာပဲ'

'ရဲဘက်က ချိတ်ပိတ်ထားတာကို ဖျက်ပစ်တာ'

'ဘာပဲဖြစ်ဖြစ် ကျုပ်က ဖျက်ပြီး ဝင်ကြည့်နေပြီ၊ အခု လည်း အဲဒီတိုက်ခန်းထဲကနေ ကျုပ်စကား ပြောနေတာ၊ အစက တည်းက ဘာဖြစ်လို့ မောင်ရင်တို့က ကျုပ်တိုက်ခန်းကို ချိတ်ပိတ် ရတာလဲ'





'လူသတ်မှုတစ်ခုမှာ အမှုဖြစ်ပွားတဲ့ နေရာကို ခဏချိတ် ပိတ်ထားရတာဟာ ထုံးစံပါပဲ'

'ထုံးစံပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဒီတိုက်ဟာ ကျုပ်ပိုင်တဲ့ တိုက်တော့၊ ရဲသန်းပိုင်တာ မဟုတ်ဘူး၊ ရဲသန်းကို ကျုပ် ခဏ သာ နေခွင့်ပေးထားတာ ဒါပဲ'

ဒေါ်ကြည်ကြည်မြိုင်က စကားအဆုံးတွင် တယ်လီဖုန်းကို ဂွပ်ခနဲ ချသွားတော့သည်။ ကိုရန်ကင်းက သူ့ဆေးတံကို ပါးစပ် တွင် ခဲလိုက်ကာ မီးညှိရန် မီးခြစ်လိုက်သည်။ သို့ရာတွင် ခေါင်း ထဲ၌ ဖျပ်ခနဲအတွေးတစ်ခုက ဝင်ရောက်လာသည့်အတွက် ကိုရန် ကင်းသည် ဆေးတံကို မီးမညှိတော့ဘဲ မီးခြစ်ဆံမှ မီးတောက် ကလေးကိုသာ တွေဝေငေးမော ကြည့်နေလိုက်မိ၏။

ဒေါ်ကြည်ကြည်မြိုင်က ရဲသန်း၏ တိုက်ခန်းမှ ဖုန်းဆက် ခြင်းဖြစ်သည်။ သို့ဖြစ်လျှင်…

ကိုရန်ကင်းက တယ်လီဖုန်း လမ်းညွှန်စာအုပ်ကို ဆွဲယူ လိုက်ကာ ရှာဖွေကြည့်လိုက်၏။ ရဲသန်း၏ နာမည်နှင့် တယ်လီဖုန်း နံပါတ် မရှိချေ။ ဒေါ်ကြည်ကြည်မြိုင်၏ တယ်လီဖုန်း နံပါတ်က သာ ရှိနေ၏။ ထိုတယ်လီဖုန်း နံပါတ်မှာလည်း ခုနက သူဆက် သော နံပါတ်ပင် ဖြစ်သည်။ ထိုတယ်လီဖုန်းမှာ ရဲသန်း၏တိုက်ခန်း အပေါ်ထပ်မှ သူမ၏ တိုက်ခန်းထဲတွင်ထားသော တယ်လီဖုန်းသာ လဆင် ဖြစ်ပေသည်။

သို့တစေလည်း ခုနက ဒေါ်ကြည်ကြည်မြိုင်သည် ရဲသန်း ၏ တိုက်ခန်းထဲမှ ဖုန်းဆက်နေသည်ဟု ဆိုခဲ့သည်။ သို့ဖြစ်လျှင် ရဲသန်း၏ တိုက်ခန်းမှ တယ်လီဖုန်းသည် ဒေါ်ကြည်ကြည်မြိုင်၏ တိုက်ခန်းမှ တယ်လီဖုန်း၏ အိပ်စတင်းရှင်းသာလျှင် ဖြစ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းဆက်လျှင် တယ်လီဖုန်း နှစ်ခုစလုံး၌ ခေါင်းလောင်းသံ မြည်ပေမည်။

ကိုရန်ကင်းက တယ်လီဖုန်းကို ကောက်ယူလိုက်ကာ ဒေါ်ကြည်ကြည်မြိုင်၏ နံပါတ်ကို ဆက်လိုက်ပြန်သည်။

'ဟလို…'ဟု တစ်ဖက်မှ ဒေါ်ကြည်ကြည်မြိုင်၏ မာဆတ်သော အသံက ပြန်ထူးလိုက်သည်။

'ရဲမှူး ရန်ကင်းပါခင်ဗျာ၊ ကိုရဲသန်းရဲ့ တိုက်ခန်းက တယ်လီဖုန်းဟာ ဒေါ်ကြည်ကြည်မြိုင် တိုက်ခန်းက တယ်လီဖုန်းရဲ့ အိပ်စတင်းရှင်း ဟုတ်မဟုတ်ဆိုတာ ကျွန်တော် သိပါရစေ၊ အရေးကြီးလို့ပါ'

'ဒါကိုများ ဘာအရေးတကြီး လုပ်မေးနေရတာလဲ'

'အရေးကြီးလို့ မေးတာပေါ့ဗျာ၊ ကျွန်တော် မေးတာကိုသာ ဖြေစမ်းပါ'

'ဟုတ်တယ်လေ၊ အိပ်စတင်းရှင်းပေါ့၊ အဲဒါ ဘာဖြစ်သလဲ'

'ကျေးဇူးတင်ပါတယ်ခင်ဗျာ…'

ကိုရန်ကင်းက တယ်လီဖုန်းကို ပြန်ချပစ်လိုက်တော့၏။

နောက် မိနစ်အနည်းငယ်အကြာတွင် မော်တင်က အခန်းထဲသို့ ပြန်ဝင်လာပြီး သူ့စားပွဲတွင် ဝင်ထိုင်ရာက ကိုရန်ကင်းထံ လှမ်းကြည့်လိုက်သည်။ ကိုရန်ကင်းက အတွေးလွန်နေပုံ ရလေသည်။

'ဘာတွေများ ဒါလောက်တောင် တွေးနေတာလဲ အစ်ကိုကြီး'

'ရဲသန်းရဲ့ မယားဟောင်း ကြွယ်ကြွယ်ဆိုတဲ့ အမျိုးသမီး



အကြောင်းပါ'

'ဘာဖြစ်လို့လဲ အစ်ကိုကြီး၊ ကြွယ်ကြွယ်က သိပ်လှလို့လား'

မော်တင်က ပြုံး၍မေးလိုက်၏။

'မဟုတ်ပါဘူးကွာ'

'နို့… ဘာများတွေးစရာ ရှိသေးလို့လဲ အစ်ကိုကြီးရဲ့၊ ဒီမိန်းမဟာ ရဲသန်းရဲ့ မယားဟောင်းဆိုပေမယ့် သူနဲ့ လုံးဝ အဆက်မသွယ်ဖြစ်ခဲ့တာ ကြာလှပြီပဲ'

'ဒါက သူ့အပြောပဲကွ၊ မနေ့ နေ့လယ်ကပဲ ရဲသန်းရဲ့ တိုက်ခန်းကိုလာပြီး ရဲသန်းကို သေနတ်နဲ့ ပစ်သွားတာဟာ ဒီမိန်းမများ ဖြစ်နေမလား မဆိုနိုင်ဘူးကွ'

ကိုရန်ကင်းက စဉ်းစဉ်းစားစား အမူအရာဖြင့် ပြောလိုက်ခြင်း ဖြစ်ပေသည်။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ကိုရန်ကင်းနှင့် မော်တင်တို့သည် နောက်ခြောက်နာရီကြာမျှ အပြင်းအထန် လိုက်လံစုံစမ်းပြီးကြသည့်နောက်တွင် ကြွယ်ကြွယ်၏ တိုက်ခန်းထဲရှိ ဆိုဖာတစ်လုံးစီတွင် ထိုင်စောင့်လျက် ရှိနေကြလေသည်။ သူတို့သည် နာရီဝက်မျှကြာအောင် စောင့်နေရပြီးမှ လှေကားမှ တက်လာသော ခြေသံများကို ကြားလိုက်ရကာ ကြွယ်ကြွယ်ကိုယ်တိုင် တိုက်တံခါးကို သော့ဖွင့်လျက် ဝင်လာလေသည်။ ကြွယ်ကြွယ်သည် ကိုရန်ကင်းနှင့် မော်တင်တို့ကို တွေ့လိုက်ရလျှင် သူမသည် တံခါးဝ၌ ငြိမ်သက်စွာ ရပ်နေလိုက်သည်။

'ဝင်လာပါ ဒေါ်ကြွယ်ကြွယ်၊ တကယ်တော့ ဒီတိုက်ခန်းဟာ ဒေါ်ကြွယ်ကြွယ်ရဲ့ တိုက်ခန်းပဲ'

ကြွယ်ကြွယ်က ဘယ်လိုမှ ပြန်မဖြေဘဲ ကိုရန်ကင်းကိုသာ နက်မှောင်သော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်ရှုနေလိုက်၏။ သူမသည် သနပ်ခါးရောင် တက်ထရွန် ကိုယ်ကျပ်လက်ရှည်အင်္ကျီနှင့် နက်ပြာရောင်ပိန်း အသားကပ်လုံချည်ကို ဝတ်ထားရာ သူမ၏ အချိုးအဆက် ကျနသော ကိုယ်လုံး ကိုယ်ပေါက်မှာ ပကတိ ရုပ်လုံးပေါ်လျက် ရှိနေ၏။



'ရှင်တို့ ဒီမှာ ဘာလာလုပ်တာလဲလို့ ကျွန်မ မမေးတော့ပါဘူး။ ရှင်တို့ ခုချက်ချင်း ပြန်ထွက်သွားပါလို့သာ ကျွန်မ ပြောပါရစေ'

'ကျွန်တော်တို့ မသွားခင် ခင်ဗျားနဲ့ ပြောစရာကိစ္စလေး ရှိနေပါသေးတယ် ဒေါ်ကြွယ်ကြွယ်၊ ဒီတော့ ခဏထိုင်ပါဦး'

'ရှင်တို့နဲ့ ကျွန်မ နောက်ထပ် ဆက်ဆံစရာဘာအကြောင်းများ ရှိသေးလို့လဲ၊ ကိုရဲသန်းအကြောင်း ရှင်လာပြောပြီး ဆေးရုံကြီး ရင်ခွဲရုံကအလောင်းဟာ သူ့အလောင်းပါလို့ ကျွန်မ သွားသက်သေခံပြီးတဲ့နောက်မှာ ရှင်တို့က ကျွန်မကိုလာပြီး နှောင့်ယှက်စရာအကြောင်း ဘာမှ မရှိတော့ပါဘူး'

'အခြေအနေက ခင်ဗျားကို ကျွန်တော်တို့ ထပ်ပြီး ဆက်သွယ်ဖို့ လိုအပ်လာအောင် ဖန်တီးခဲ့ပါတယ်၊ ဒီတော့ကာ ဒီကိစ္စကို အခုပြောကြရအောင်၊ လာဗျာ… ထိုင်ပါ'

ကြွယ်ကြွယ်သည် ခဏမျှ တုံ့ဆိုင်းနေလိုက်ပြီးနောက်မှ ဆိုဖာရှည်ကြီးဆီသို့ လျှောက်သွားပြီး ထိုင်ချလိုက်သည်။

'ကဲ… ဒေါ်ကြွယ်ကြွယ်၊ ဟောဒါကတော့ ကျွန်တော့်ရဲ့ တွဲဖက်စုံထောက် ကိုမော်တင်ပါပဲ'

ကြွယ်ကြွယ်က မော်တင့်အား ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီးနောက် ကိုရန်ကင်းအား လှည့်ကြည့်လိုက်ပြန်၏။

'နေစမ်းပါဦး၊ ကျွန်မ ထွက်သွားတုန်းက တိုက်ခန်းတံခါးကို သော့ခတ်ထားခဲ့ပါတယ်၊ ရှင်တို့က ဘယ်လိုလုပ်ပြီး အထဲကို ရောက်နေတာလဲ'

'သော့ဆိုတာ ဖွင့်တတ်တဲ့ လူကျတော့ လွယ်ပါတယ်၊ ခင်ဗျားကို အပြင်ဘက်မှာ ထိုင်စောင့်နေရမယ့်အတူတူ အထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဝင်စောင့်နေတာပါပဲ'

'ကဲ… ထားလိုက်ပါတော့လေ၊ ရှင် ကျွန်မကို ပြောချင်တဲ့ကိစ္စက ဘာကိစ္စလဲ'

ကိုရန်ကင်းက ကြွယ်ကြွယ်၏ မျက်နှာလေးကို စေ့စေ့စူးစိုက် ကြည့်လိုက်သည်။

'မနေ့က ကျွန်တော် ခင်မျှားဆီကို လာတွေ့တုန်းက ဒီကနေပြီး ကျွန်တော် ကိုမော်တင့်ဆီ ဖုန်းဆက်ချင်တဲ့အတွက် အဲဒီတုန်းက ကိုမော်တင်ဟာ ကိုရဲသန်းရဲ့ တိုက်ခန်းမှာရှိနေခဲ့ပါတယ်၊ အဲဒီတိုက်ခန်းက ဖုန်းနံပါတ်ကို ကျွန်တော် မေ့နေခဲ့တဲ့အတွက် တယ်လီဖုန်း လမ်းညွှန်စာအုပ်ကို ရှာတော့ မတွေ့ဘူး။ အဲဒီအချိန်မှာ ခင်မျှားဟာ အတွင်းခန်းထဲမှာ ဝင်ပြီး အဝတ်လဲနေပါတယ်၊ ဒါနဲ့ ကျွန်တော်က လှမ်းမေးတဲ့အခါမှာ ခင်မျှားက လမ်းညွှန်စာအုပ် အတွင်းခန်းထဲမှာရှိနေပါတယ်၊ ကိုရဲသန်းရဲ့ ဖုန်းနံပါတ်ကို ခင်မျှားပဲ ရှာပေးပါ့မယ်ဆိုပြီး ခဏအကြာမှာ ဖုန်းနံပါတ်တစ်ခုကို ပြောပြလိုက်ပါတယ်၊ အဲဒီ ဖုန်းနံပါတ်အတိုင်း ကျွန်တော် ဆက်ကြည့်တော့ ရပါတယ်'

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲရှင့်'

'ဆန်းတာက ဒီဖုန်းနံပါတ်ဟာ လမ်းညွှန်စာအုပ်ထဲမှာတော့ ရှိတော့ ရှိနေပါတယ်၊ ဒါပေမဲ့ ကိုရဲသန်းရဲ့ နာမည်နဲ့ မဟုတ်ပါဘူး။ တခြား အမျိုးသမီးတစ်ယောက်ရဲ့ နာမည်နဲ့ ဖြစ်နေပါတယ်။ ဒီတော့ကာ ဒီဖုန်းနံပါတ်ကို ခင်မျှားက ဘယ်လိုသိနေတာလဲ၊ တယ်လီဖုန်း လမ်းညွှန်စာအုပ်ထဲမှာ ရှာတွေ့တာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး'

ကြွယ်ကြွယ်က ဘယ်လိုမှ ပြန်မပြောတော့၊ နှုတ်ခမ်း





ကလေးကို တင်းကျပ်စွာ စေ့လျက် ကိုရန်ကင်းကိုသာ စူးစိုက်စွာ ကြည့်နေလိုက်၏။ ကိုရန်ကင်းက စကားဆက်ပြန်၏။

'ခင်မျှားက ကျွန်တော့်ကို ပြောခဲ့တယ်၊ ခင်မျှားဟာ ရဲသန်းနဲ့ အဆက်အသွယ် လုံးဝ ပြတ်နေတာ ကြာလှပြီတဲ့၊ လေးငါးနှစ်တောင် ရှိပါပြီတဲ့၊ ဒါနဲ့တောင် ခင်မျှားဟာ ရဲသန်းရဲ့ နာမည်နဲ့ မထားတဲ့ ဖုန်းနံပါတ်ကို သိနေတယ်။ ဒီလို သိနေတာဟာလည်း ခင်မျှားဟာ ရဲသန်းနဲ့ တယ်လီဖုန်း စကားပြောခဲ့ဖူးတယ်ဆိုတာ ထင်ရှားနေတော့တာပေါ့'

ကြွယ်ကြွယ်က သက်ပြင်းကလေးတစ်ချက် မသိမသာ ချလိုက်၏။

'ဟုတ်တယ် ဦးရန်ကင်း၊ ကျွန်မဟာ ကိုရဲသန်းရဲ့ တိုက်ခန်းက တယ်လီဖုန်းနံပါတ်ကို သိခဲ့ပါတယ်၊ တစ်နေ့မှာ သူနဲ့လမ်းထဲမှာ ဆုံမိတာနဲ့ သူက ကျွန်မကို အတင်း လက်ဖက်ရည်ခေါ်တိုက်ပြီး သူ့ကို ပြန်အဆက်အသွယ် လုပ်ဖို့ ပြောပါတယ်၊ ဒီတော့ သူ့ရဲ့ ဖုန်းနံပါတ်ကိုလည်း ပေးသွားပါတယ်၊ ဒါကြောင့် ကျွန်မက သိရတာပေါ့'

'ကဲ… ထားလိုက်ပါဦးဗျာ၊ နေကာမျက်မှန်ကော'

'ရှင်… ဘာနေကာမျက်မှန်လဲရှင့်'

'လွန်ခဲ့တဲ့တနင်္ဂနွေနေ့က အင်းယားကန်စောင်းမှာ ခင်မျှားကောက်ရခဲ့တဲ့ နေကာမျက်မှန်လေ၊ ခင်မျှားပဲ ဒီလိုကောက်ရတဲ့အကြောင်းကို လွန်ခဲ့တဲ့ နှစ်နာရီလောက်ကပဲ ကိုလှသောင်းမြင့်က ကျွန်တော်တို့ကို ပြောပြပြီးပါပြီ'

'ခင်မျှားနဲ့ ကိုလှသောင်းမြင့်က အဲဒီနေ့က အင်းယားကန်ကို ပျော်ပွဲစား ထွက်ခဲ့ကြတယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



မော်တင်က ၁င်၍ ပြောလိုက်ခြင်းဖြစ်၏။

'ကိုလှသောင်းမြင့်က ပြောပြတယ်၊ ခင်ဗျားဟာ ခင်ဗျား ကောက်ရတဲ့ နေကာမျက်မှန်ရဲ့ ကိုင်းတွေကို သိပ်ပြီး သဘောကျခဲ့ တယ်တဲ့၊ ဒီနေကာမျက်မှန်ဟာ မခင်ထွေးဆိုတဲ့ အမျိုးသမီးတစ် ယောက် ကျပျောက်ခဲ့တဲ့ မျက်မှန်ပဲ၊ အဲဒီမျက်မှန်က မျက်မှန်အကွဲစ အနံ တစ်ခုကို ကိုရဲသန်းရဲ့ အလောင်းဘေးနားက ကျွန်တော်တို့ ရှာတွေ့ခဲ့ရပါတယ်၊ ဒီမျက်မှန်ကွဲအစဟာလည်း ခင်ဗျား ကောက်ရ တဲ့ မျက်မှန်ကအစဆိုတာကို ကျွန်တော်တို့ရဲ့ စီအိုင်ဒီ ဓာတ်ခွဲပါရဂူ တစ်ဦးက စစ်ဆေးသိရှိခဲ့ရပါတယ်'

ကြွယ်ကြွယ်သည် ရုတ်တရက် နှုတ်ခမ်းများ ခြောက် သွေ့သွားသည့်အလား လျှာလေးဖြင့် ပွတ်သိမ်းနေလိုက်၏။

'အင်း... ခုမှတော့ ဖွင့်ပြောရတော့မှာပေါ့ရှင်၊ အစက တော့ လူသတ်မှုထဲမှာ ကျွန်မနာမည် ပါနေမှာစိုးတဲ့အတွက် မပြော ခဲ့တာပါ'

'ဒီလိုဆိုရင် ခင်ဗျားဟာ ဒီနေကာမျက်မှန်တပ်ပြီး ကိုရဲ သန်းရဲ့ တိုက်ခန်းကို သွားခဲ့တယ်။ ပြီးတော့ အဲဒီမျက်မှန်ကျကွဲ ခဲ့တယ်ဆိုတာကို ခင်ဗျား ဝန်ခံတယ်ပေါ့'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်မဟာ သူ့တိုက်ခန်းကို သူမသေခင်က တစ်ခေါက်ရောက်သွားခဲ့ပါတယ်'

'အဲဒါ ဘယ်နေ့ကလဲ'ဟု မော်တင်က ဝင်မေးလိုက်၏။

'လွန်ခဲ့တဲ့ လေးငါးခြောက်ရက်လောက်ကပါ'

အဲဒါဟာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး မကြွယ်ကြွယ်၊ ပြီးတော့လည်း ကိုရဲသန်း အသတ်မခံရမီလေးတုန်းကပဲ ကိုရဲသန်း ရဲ့ အဖော်တစ်ယောက်ဟာ တိုက်ခန်းတစ်ခန်းလုံးကို ကျကျနန



တံမြက်စည်းလှည်း ရှင်းလင်းခဲ့ပါသေးတယ်၊ အဲဒီတုန်းက ဒီမှန်ကွဲ အစကို မတွေ့ခဲ့ရပါဘူးလို့ အဲဒီအဖော်က သက်သေခံထားပါ တယ်'

'ဒါတင် မကသေးပါဘူး မကြွယ်ကြွယ်၊ နောက်ပြီးတော့ ခင်ဗျားက ရဲသန်းကို ပစ်သတ်ခဲ့တဲ့ သေနတ်ကို ယူနိုင်ခဲ့တဲ့ အခွင့်အရေးကလည်း ရှိခဲ့တယ်ဆိုတာကို ကျွန်တော်တို့ တွေ့ခဲ့ ပါတယ်၊ အဲဒီသေနတ်က လှသောင်းမြင့်ရဲ့ သေနတ် ဖြစ်ပါတယ်၊ ကျွန်တော်တို့ လှသောင်းမြင့်ဆီကို ဒုတိယအကြိမ် သွားမေးတဲ့ အခါမှာ ခင်ဗျားဟာ လှသောင်းမြင့်နဲ့ အင်မတန်မှ ရင်းရင်းနှီးနှီး ဆက်ဆံပေါင်းသင်းခဲ့တယ်ဆိုတာကို သိခဲ့ရပါတယ်၊ ခင်ဗျားဟာ လှသောင်းမြင့်ရဲ့ အိမ်ကို အချိန်မရွေး ဝင်ထွက်သွားလာခဲ့ပါတယ် လှသောင်းမြင့်ဆီမှာ အဲဒီသေနတ်ရှိတယ်ဆိုတာကို သိထားပါ တယ်၊ လှသောင်းမြင့်ဟာ ဒီသေနတ်ကို လွန်ခဲ့တဲ့ ခြောက်လ လောက်က ပျောက်သွားပါတယ်၊ သူကတော့ သူခိုးခိုးခံရတယ် လို့ ထင်ခဲ့ပါတယ်၊ အမှန်ကတော့ ဒီသေနတ်ကို ခင်ဗျားက သူ မသိအောင် ယူထားခဲ့တာပဲ မဟုတ်လား'

ကြွယ်ကြွယ်က မည်သို့မျှ မပြောတော့၊ မျက်နှာကလေး မြူရော်ကာ လက်ကိုင်ပဝါ တစ်ထည်ကို လက်ထဲတွင် ဆုပ်ချေနေ လေ၏။ မော်တင်က ကိုရန်ကင်း၏စကားကို ဝင်ထောက်လိုက်၏။

'ခင်ဗျားဟာ အော်စတင်မီလီ ကားတစ်စီး ပိုင်တယ်ဆို တာကို ကျွန်တော် သိထားရပါတယ်၊ ဒါနဲ့ ကျွန်တော်ဟာ ဒီလူ သတ်သေနတ်ကို ရှာတွေ့တဲ့ နေရာနားမှာ တာဝန်ကျနေတဲ့ ယာဉ်ထိန်းရဲကြပ်ကြီးနဲ့ သွားတွေ့ခဲ့ပါတယ်၊ ဒီတော့ ဒီယာဉ်ထိန်းရဲ ကြပ်ကြီးက ဒီအော်စတင်မီလီကားကို ရဲသန်းအသတ်ခံပြီး မကြာ

www.burmeseclassic.com



ခင်လေးမှာ အပြင်းမောင်းပြေးတာကို မြင်ခဲ့ရပါတယ်တဲ့၊ မြင်ခဲ့ရပုံတင် မကသေးပါဘူးလေ၊ အဲဒီကားကို ရပ်ဖို့တောင် ဝီစီမှုတ်ပြီး တားခဲ့သေးတယ်တဲ့၊ ဘာပြုလို့လဲဆိုတော့ ဒီကားဟာ လမ်းဘေးမှာ ရပ်ထားတဲ့ ကားတစ်စီးကို ဘေးချင်းဝင်တိုက်သွားတယ်လို့ သူ ထင်မိလို့ပဲတဲ့၊ အမှန်ကတော့ သူ ကြားလိုက်ရတဲ့ အသံဟာ ကားနဲ့ ဘေးချင်းဝင်တိုက်မိတဲ့ အသံမဟုတ်ပါဘူး၊ ခင်ဗျားက လူသတ်သေနတ်ကို အဲဒီကားအောက် လွှင့်ပစ်လိုက်တဲ့ အသံပါပဲ၊ ဒါနဲ့ အဲဒီ ရဲကြပ်ကြီးက ကားနံပါတ်ကိုတောင် မှတ်ယူထားလိုက်သေးတယ်'

ဤတွင်မှ ကြွယ်ကြွယ်ထံမှ အသံထွက်လာတော့၏။

'တော်ပါတော့ရှင်··· တော်ပါတော့'

သူမ၏ အသံကလေးသည် တုန်ယင်လျက် ရှိနေ၏။ သူမသည် မျက်စိများကို မှိတ်ထားလိုက်ကာ ကိုယ်ကလေးကို တောင့်တောင့်ကြီးမတ်လျက် ခေတ္တမျှ ငြိမ်သက်စွာထိုင်နေလိုက်၏။

'ကဲ··· မကြွယ်ကြွယ်၊ ကျွန်တော်တို့ ဒါလောက်အထိ သိထားနေမှတော့ ရဲသန်းကို ခင်ဗျား သတ်ခဲ့တယ်ဆိုတာကို ဝန်ခံတော့မှာလားခင်ဗျာ'

ကိုရန်ကင်းက မေးလိုက်တော့မှ ကြွယ်ကြွယ်က မျက်လုံးများကို ပြန်ဖွင့်လိုက်ကာ ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်တော့၏။

'ဟုတ်ပါတယ်၊ ကျွန်မ ဝန်ခံပါတယ်၊ ဒီအကောင်ကို ကျွန်မပဲ ပစ်သတ်ခဲ့တာပါပဲ'

'ဘယ်လိုအကြောင်းကြောင့်ဆိုတာကို ကျွန်တော်တို့ မသိရဘူးလား'

BURMESE CLASSIC



'သူဟာ ကျွန်မကို တောက်လျှောက် ငွေညှစ်လာခဲ့တယ်ရှင့်၊ သူနဲ့ ကျွန်မဟာ ကွာရှင်းပြတ်စဲခဲ့ကြတယ်ဆိုတာ မဟုတ်ပါဘူး၊ တောက်လျှောက်ဆက်ပြီး ပေါင်းသင်းခဲ့ကြပါတယ်၊ ကန့်ထရိုက်တာ ဦးအောင်မင်းနဲ့ ကျွန်မ နောက်ထပ် လက်ဆက်ခဲ့ကြတာလည်း သူ့ရဲ့ ခွင့်ပြုချက်ကြောင့်ပါပဲ၊ ဒါပေမဲ့ အဲဒီနောက်မှာလည်း ကျွန်မဟာ သူနဲ့ တိတ်တိတ်ပုန်း ဆက်ပြီး ပေါင်းသင်းခဲ့ပါတယ်၊ ဒါကို သူက အခွင့်ကောင်းယူပြီး ကျွန်မဆီက ငွေညှစ်တော့တာပါပဲ၊ နောက် ကိုအောင်မင်းက ကျွန်မနဲ့ ကွာရှင်းတဲ့အခါမှာ တရားရုံးတော်က ကျွန်မကို ကိုအောင်မင်းက တစ်လကို မယားစရိတ် တစ်ထောင်ပေးစေလို့ သတ်မှတ်ထားခဲ့ပါတယ်၊ အဲဒီ ရတဲ့ငွေထဲက ကျွန်မ သူ့ကို အမြဲတမ်း တစ်ဝက်ခွဲပေးခဲ့ရတယ်၊ နို့မဟုတ်ရင် သူက ကျွန်မ ကိုအောင်မင်းနဲ့ ပေါင်းသင်းနေခဲ့တုန်းက သူနဲ့ တိတ်တိတ်ပုန်း ဖောက်ပြန်ခဲ့တာတွေကို ကိုအောင်မင်းဆီ သွားပြောမယ်လို့ ခြိမ်းခြောက်ခဲ့ပါတယ်၊ သူ့ဆီမှာ သက်သေခံတွေ ရှိနေတယ်၊ လွန်ခဲ့တဲ့ သုံးပတ်လောက်တုန်းကတော့ သူဟာ ကျွန်မဆီက ငွေငါးထောင် အတင်းလာတောင်းပါတယ်၊ ညစ်ပတ်တဲ့ ဖလင်ကားတစ်လိပ် ဝယ်ချင်လို့တဲ့လေ၊ ဒါနဲ့ ကျွန်မလည်း စုထားတဲ့ ငွေလေးထဲက သူ့ကို ထုတ်ပေးလိုက်ရတော့တာပဲ၊ အဲဒီကစပြီး ကျွန်မဟာ သူ့ကို သတ်ပစ်ဖို့ ဆုံးဖြတ်ခဲ့တော့တာပါပဲရှင်၊ မနေ့ကတော့ သူက ကျွန်မဆီက ငွေတစ်ထောင်ထပ်ပြီး တောင်းပြန်တယ်၊ ဒါနဲ့ ကျွန်မလည်း သူ့ဆီကို လိုက်သွားပြီး ငွေတစ်ထောင်အစား ကျည်တောင့်တွေ ပေးလိုက်တော့တာပါပဲ'

ကြွယ်ကြွယ်သည် စကားကို ရပ်လိုက်ပြီး ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com


ပြုံးလိုက်လေ၏။

'အဆန်းသားပဲရှင်၊ ကျွန်မ ဒါတွေကို ဖွင့်ပြောလိုက်ရတော့လည်း ရင်ထဲမှာသိပ်ကိုပေါ့သွားတာပဲ၊ ကျွန်မဘဝမှာ အပြစ်မကြောက်တော့ပါဘူး၊ ရဲသန်းဟာ ကျွန်မသတ်လိုက်တဲ့ လူတစ်ယောက်ပါပဲ'

ကိုရန်ကင်းက သက်ပြင်းကြီး တစ်ချက် ချလိုက်၏။

'ကျွန်တော်လည်း ခင်ဗျားအတွက် ဝမ်းနည်းမိပါတယ် မကြွယ်ကြွယ်၊ ဒါပေမဲ့ တရားဥပဒေက လူတစ်ယောက်ရဲ့အသက်ကို ဘယ်လိုအကြောင်းနဲ့မဆို သတ်ခွင့်မပြုပါဘူး၊ ဒီတော့ကာ ဝတ္တရားအရ ကျွန်တော် ခင်ဗျားကို ဖမ်းရပါလိမ့်မယ်၊ ကဲ... အခု ခင်ဗျား ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါတော့၊ ခင်ဗျား ခုနက ပေးခဲ့တဲ့ ဖြောင့်ချက်ကို တရားသူကြီးရှေ့မှာ ထပ်ပေးရပါလိမ့်မယ်'

ကြွယ်ကြွယ်သည် မျက်နှာ ပြန်လည်တည်ကြည်သွားပြီး ထိုင်ရာမှ ဖြည်းညင်းစွာ ထရပ်လိုက်၏။

'အခုဟာ တကယ်ဖြစ်နေတာပဲနော်၊ ကျွန်မ အိပ်မက်မက်နေတာ မဟုတ်ပါဘူး၊ ကိုရဲသန်းကို ကျွန်မ သတ်ခဲ့မိတာဟာ ကျွန်မအတွက်တော့ အိပ်မက်ဆိုးကြီးတစ်ခုပါပဲ'

သို့သော်လည်း ကြွယ်ကြွယ်အတွက် အိပ်မက်ဆိုးမဟုတ်ပါပေ။ တကယ် လက်တွေ့ခံစား ရင်ဆိုင်နေရခြင်း ဖြစ်ပေသည်။ အမှန်တော့ သူမကား အရင်းရှင်လောကထဲမှ ဖောက်ပြန်သော အိမ်ထောင်ရေးစနစ်၏ သားကောင်တစ်ယောက်သာ ဖြစ်လေ၏။

မိုးဝေ

BURMESE CLASSIC
www.burmeseclassic.com